Weekly ELEVEN NEWS

No 15 Vol. 7 January 11 Wednesday 2012

# ပြည်ပပို့ကုန်ဈေးကွက်နှင့်အတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများငြိမ်သက်နေ

## ပြည်ပရှိ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများ ပြည်တွင်းရှိ ဖြစ်ပေါ်ပြောင်းလဲမှုအနေအထားများအား စောင့်ကြည့်နေဆဲ စာ ( ၅ ) သို့

# ကန့်သတ်ကုန်များ သွင်းခွင့်ပြုပေး၍ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် သုံးလလိုသည့်အချိန်၌ပင် သွင်းကုန်ပမာဏ သမိုင်းတစ်လျှောက် စံချိန်တင်မြင့်တက်

## မြန်မာနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင်မူ ငွေလဲနှုန်းကာလရှည်ကျဆင်းမှုကြောင့် အခြေခံကုန်ထုတ်လုပ်သူများပင် အထိနာနေ စာ ( ၅ ) သို့



# မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောင်းချမည့် ရခိုင်ကမ်းလွန်ဒေသရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ရခိုင်ပြည်နယ်အတွက် ခွဲဝေသုံးစွဲခွင့်ရရှိ စာ ( ၆ ) သို့



ကျောက်ဖြူမြို့အနီးမှ ရေနံပိုက်လိုင်းများဆက်ရန် ပြင်ဆင်ထားစဉ်



# ၁၉၅၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဝီလျံဟိတ်ချ် လာရောက် ကျန်ရှိနေသည့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ လွှတ်ပေးရန်နှင့် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုများဆက်လက်ပြုလုပ်ရန် တိုက်တွန်း စာ ( ၂ ) သို့

# အင်္ဂလန်နိုင်ငံမှ Standard Chartered ဘဏ်အပါအဝင် ဥရောပနှင့်အမေရိကန်ဘဏ်အချို့ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင် စာ ( ၂ ) သို့



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## စာဖတ်သူများသို့

မိမိတို့ သိရှိရရှိထားသော သတင်းအချက်အလက်များ၊ မိမိတို့ကိုယ်တိုင်တွေ့ကြုံခံစားရသော အခက်အခဲနှင့်နစ်နာမှုများကို အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာများသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ထိုသို့ပေးပို့ရာတွင် အချက်အလက် မှန်ကန်တိကျခိုင်လုံမှုအတွက် ပေးပို့အကြောင်းကြားသူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို ထည့်သွင်းပေးစေလိုပါသည်။ သို့သော် သက်ဆိုင်ရာသတင်းရင်းမြစ်၏အမည်အား ကာယကံရှင်ခွင့်ပြုချက်မရပါက ထည့်သွင်းဖော်ပြမည်မဟုတ်သလို၊ သတင်းရင်းမြစ်နှင့်ပတ်သက်သော လျှို့ဝှက်အပ်သည်များကို မီဒီယာကျင့်ဝတ်အတိုင်းစောင့်ထိန်းပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ လတ်တလောတွင် သတင်းအဖြစ် ဖော်ပြနိုင်ခြင်းမရှိသေးပါကလည်း မှတ်တမ်းများအဖြစ် သိမ်းဆည်းပေးထားမည်ဖြစ်ပါသည်။

*အယ်ဒီတာအဖွဲ့*


ဆက်သွယ်ရန်ဖုန်းနံပါတ် - ၄၀၁၄၁၁၊ ၀၉-၄၃၂၀၂၉၃၇၊ ၀၉-၅၁၁၀၄၇၄၊ ၀၉-၇၃၀၅၂၄၅၅
ဆက်သွယ်ရန် လိပ်စာ - အမှတ် (၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
e-mail: editors@weeklyeleven.com, waiphyofirst11@gmail.com, waiphyo@weeklyeleven.com




| | |
|---|---|
| အယ်ဒီတာချုပ် | ဝေဖြိုး |
| အမှုဆောင်အယ်ဒီတာ | သန်းဇော်ထွန်း |
| သတင်းထောက်ချုပ် | မာန်သူရိန် |
| အကြီးတန်းအယ်ဒီတာ | ဇော်ဇော်အောင်၊ အငယ်ထွေး၊ အောင်စည်ဟိန်း၊ ဟိန်းမင်းလတ်၊ ဖြူနု၊ နေထွန်းနိုင်၊ ကျော်ဇေယျ၊ ဇေဝင်းနောင် |
| အကြီးတန်းသတင်းထောက် | လင်းလင်းခိုင်၊ ရတနာဦး၊ ကျော်ထင်၊ ဝေယံဖြိုးဦး၊ ဝင်းမြင့်ကျော်၊ မင်းသီဟဇော်၊ မေသူကျော်၊ စည်သူအောင်၊ ချမ်းမြေ့သူ |
| မျက်နှာဖုံးဒီဇိုင်း | မြင့်မောင်ကျော် |
| အတွင်းစာမျက်နှာဖွဲ့စည်းမှု | ELEVEN MEDIA GROUP |
| ကြော်ငြာမန်နေဂျာ | သန္တာအောင် |
| မန္တလေးရုံးခွဲ | |
| တာဝန်ခံ | စိုးထက်ခိုင် |
| နေပြည်တော်ပျဉ်းမနားရုံးခွဲ | |
| တာဝန်ခံ | နေရိုင်း |
| ထုတ်ဝေသူ | Eleven Media Group (ယာယီ/၁၀၅၉) |
| ပုံနှိပ်သူ | Eleven Press (ယာယီ/၁၆၃၉) |
| စောင်ရေ၊ တန်ဖိုး | ၁၅၀၀၀၊ ၃၅၀ ကျပ် |
| ဖြန့်ချိရေးနှင့်ဂျာနယ်တိုက် | အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၄၀၀၅၂၇၊ ၄၀၀၅၂၄ |



**မျက်နှာဖုံးသတင်း “၁၉၅၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး. . .”မှ အဆက်**

၁၉၅၅ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်သည့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဝီလျံဟိတ်ချ်သည် ၎င်း၏နှစ်ရက်တာသမိုင်းဝင်ခရီးအဖြစ် မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၅ ရက်နေ့က ရောက်ရှိလာခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်နေပြည်တော်နှင့်ရန်ကုန်တို့တွင် ဇန်နဝါရီလ ၅ ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

နေပြည်တော်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့နှင့်သီးခြားစီတွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ချ်က “ဒီကအစိုးရအနေနဲ့ပြီးခဲ့တဲ့ ခြောက်လအတွင်း ပြုပြင်ပြောင်းလဲရေးတွေလုပ်ဆောင်ခဲ့တာ အရေးကြီးတယ်ဆိုတာကို ကျွန်တော်အလေးအနက်ပြောကြားခဲ့ပါတယ်။ လာမယ့်ရက်သတ္တပတ်များနဲ့လများအတွင်းတိုးတက်မှုများရှိလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ရိုးရိုးသားသားမျှော်လင့်နေပါတယ်။ ဗြိတိန်အစိုးရအနေနဲ့ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများအားလုံးလွှတ်ပေးတာကို မြင်ချင်တယ်ဆိုတာရယ်၊ ဧပြီလမှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲဟာအများယုံကြည်လောက်ဖွယ်ရှိဖို့ရယ်နဲ့ လူသားချင်းစာနာထောက်ပံ့မှုအခွင့်အလမ်းနဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေက တစ်ဆင့်အပါအဝင် တိုင်းရင်းသားဒေသတွေမှာခံစားနေရတာတွေသက်သာတာကိုမြင်ချင်တယ်ဆိုတာကိုမျှော်လင့်နေကြောင်း ကျွန်တော်ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံပြည်သူကြားရှိနေတဲ့ ရင်းနှီးချစ်ကြည်မှုနဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးကို ပြောကြားခဲ့ပါတယ်။ ဗြိတိန်အစိုးရအနေနဲ့ ဒီနိုင်ငံကပြည်သူတွေရှာဖွေနေတဲ့ နိုင်ငံရေးလွတ်လပ်မှုနဲ့လူ့အခွင့်အရေးတွေမှာတိုးတက်မှုတွေရေရှည်တည်တံ့စေမယ့်တိုးတက်မှုတွေဆက်လက်ပြုလုပ်မှုကိုအပြုသဘောဆောင်တဲ့ ပြန်ဆောင်ရွက်သွားဖို့အသင့်ရှိနေတဲ့အကြောင်း ကျွန်တော်ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပါတယ်”ဟု ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ချ်က မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သော်လည်း ဆက်လက်လုပ်ဆောင်ရန်အများကြီးကျန်ရှိနေပါသေးကြောင်း၊ ကျန်ရှိနေသည့် ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများလွှတ်ပေးရေးသည် အရေးကြီးသည်ဟု မိမိတို့မြင်ပါကြောင်း၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများထောင်များတွင်ရှိနေသေးသည့် နိုင်ငံတစ်နိုင်ငံကိုလွှတ်လပ်ပြီး ဒီမိုကရက်တစ်ဖြစ်သည့် နိုင်ငံတစ်နိုင်ငံဟုဆိုရန်မဖြစ်နိုင်ကြောင်းတို့ကိုလည်း ပြောကြားခဲ့ပါသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က “နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးသင့်ပါတယ်။ နိုင်ငံတွင်းဖြစ်နေတဲ့ လူမျိုးစုပဋိပက္ခအားလုံးအဆုံးသတ်ရေးအတွက်အားလုံးကြိုးပမ်းသင့်ပါတယ်။ နောက်ပြီး လွှတ်လပ်ပြီးတရားမျှတတဲ့ကြားဖြတ်ရွေးကောက်ပွဲကိုမြင်ချင်ပါတယ်”ဟု မီဒီယာများသို့ ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ချ်သည် ခရီးစဉ်အတွင်း ကိုမင်းကိုနိုင်ဦးဆောင်သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ အဖွဲ့ဝင်အချို့နှင့်လည်း မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးနေအိမ်တွင် ဇန်နဝါရီလ ၆ ရက်နေ့ မွန်းလွဲပိုင်းကတွေ့ဆုံခဲ့ပြီး ထိုသို့တွေ့ဆုံရာတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလျံဟိတ်ချ်က မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီရရှိရေး လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူအားလုံး လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်းကို ပြောကြားခဲ့ကြောင်း၊ မိမိတို့အဖွဲ့က ဒီမိုကရေစီဖြစ်ထွန်းရေးလုပ်ဆောင်မှုနှင့်အတူ ကချင်အရေးကိစ္စကဲ့သို့ ပြည်တွင်းစစ်ကိစ္စရပ်များကိုလည်းရပ်ရန် လိုအပ်ကြောင်းနှင့်ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများလွှတ်ပေးရန်လိုအပ်ကြောင်းတို့ကိုပြောကြားခဲ့ကြောင်း အဖွဲ့၏ပြောရေးဆိုခွင့်ရကိုမြတ်သူက ပြောကြားခဲ့သည်။

**ဗြိတိန်အစိုးရအနေနဲ့ ဒီနိုင်ငံကပြည်သူတွေရှာဖွေနေတဲ့ နိုင်ငံရေးလွတ်လပ်မှုနဲ့ လူ့အခွင့်အရေးတွေမှာတိုးတက်မှုတွေရေရှည်တည်တံ့စေမယ့်တိုးတက်မှုတွေဆက်လက်ပြုလုပ်မှုကို အပြုသဘောဆောင်တဲ့ ပြန်ဆောင်ရွက်သွားဖို့အသင့်ရှိနေတဲ့အကြောင်း ကျွန်တော်ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပါတယ် . . .**

***သန်းဇော်ထွန်း***

***မျက်နှာဖုံးသတင်း “အင်္ဂလန်နိုင်ငံမှ Standard Chartered ဘဏ်အပါအဝင် ဥရောပနှင့်အမေရိကန်ဘဏ်အချို့. . .”မှ အဆက်***




Standard Chartered ဘဏ်ခွဲတစ်ခုကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင်တွေ့ရစဉ်

အင်္ဂလန်နိုင်ငံမှStandard Char-tered ဘဏ်အပါအဝင် ဥရောပနှင့်အမေရိကန်ဘဏ်အချို့ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန်ပြင်ဆင်နေကြောင်း နိုင်ငံတကာဘဏ်လုပ်ငန်းနှင့်ပြည်တွင်းဘဏ်လုပ်ငန်းအသိုင်းအဝိုင်းထံမှ သတင်းရရှိပါသည်။

“Standard Chartered ဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ ဟိုးအရင်ကတည်းကဘဏ်လုပ်ငန်းဆောင်ရွက်ဖူးပါတယ်။ တကယ်လို့သာ အဲဒီမှာပြန်ပြီးလုပ်ခွင့်ရမယ်ဆိုရင် အလွန်ကို ဝမ်းမြောက်ဝမ်းသာဖြစ်စရာပါ”ဟု Standard Chartered ဘဏ်၏ အာရှဒေသဆိုင်ရာစီအီးအို Mr Jaspal Bindra က ဟောင်ကောင်ဂျာနယ်လစ်များနှင့်တွေ့ဆုံပွဲတွင်ထည့်သွင်းပြောကြားခဲ့ပြီး Bloomberg သတင်းတွင်ဖော်ပြခဲ့ပါသည်။

Mr Jaspal Bindraက မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန်အတွက်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းပေးမှုအပေါ်မူတည်ကြောင်းထည့်သွင်းပြောကြားပါသည်။ “ကျွန်တော်တစ်ဦးတည်းရဲ့အမြင်ကိုပြောရမယ်ဆိုရင် မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ ပိတ်ဆို့မှုက ၂၀၁၂ အတွင်းမှာ ရုပ်သိမ်းပေးမယ်လို့ယူဆပါတယ်”ဟု ၎င်းကဖြည့်စွက်ပြောကြားပါသည်။

Standard Chartered ဘဏ်အနေဖြင့် မြန်မာနှင့်မြောက်ကိုရီးယားနိုင်ငံတို့မှလွဲ၍ အာရှနိုင်ငံများတွင် ဘဏ်လုပ်ငန်းများဆောင်ရွက်နေပြီး အမြတ်ငွေ၏သုံးပုံနှစ်ပုံကိုအာရှဒေသမှရရှိနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပါလီမန်ခေတ်က ဘဏ်ခွဲလာရောက်ဖွင့်လှစ်ခဲ့ဖူးပြီး ယခင်အစိုးရလက်ထက် ၁၉၉၄ ခုနှစ်တွင် ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ခဲ့ဖူးပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်း ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းဘဏ်လုပ်ငန်းကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ထားသောဘဏ်များသည် အာရှအခြေစိုက်ဘဏ်များသာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံစသည့် အမေရိကနှင့်ဥရောပဒေသမှထိပ်ပိုင်းအဆင့်တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံကဲ့သို့စီးပွားရေးအင်အားကြီးနိုင်ငံမှ ထိပ်ပိုင်းအဆင့်တာဝန်ရှိသူများ မြန်မာနိုင်ငံသို့ တရားဝင်ရောက်ရှိခဲ့ခြင်းကြောင့် ပိတ်ဆို့မှုရုပ်သိမ်းပါက မြန်မာနိုင်ငံတွင် လုပ်ငန်းများပြန်လည်ဆောင်ရွက်ရန် စိတ်ဝင်တစားပြင်ဆင်နေကြကြောင်း သတင်းရရှိပါသည်။

နိုင်ငံခြားဘဏ်တစ်ခု၏ ကိုယ်စားလှယ်ရုံးခွဲတာဝန်ခံတစ်ဦးကလည်း “မြန်မာနိုင်ငံမှာဘဏ်လုပ်ငန်းလုပ်ချင်တဲ့နိုင်ငံတကာဘဏ်တွေအများကြီးပါ။ အခုအာရှဘဏ်တွေအပြင် အမေရိကန်၊ ဂျပန်နဲ့ဥရောပတွေပါပြင်ဆင်လာကြတာတွေ့ရတယ်။ ဘဏ်အချင်းချင်းလည်းချိတ်ဆက်ပြီး လှမ်းမေးကြတာရှိတယ်။ ပိတ်ဆို့မှုတွေရုပ်သိမ်းရင်အများကြီးဝင်လာနိုင်တယ်။ ဒီမှာတော့ အခုထိကိုယ်စားလှယ်ရုံးခွဲအထိပဲ နိုင်ငံတကာဘဏ်တွေကိုဖွင့်ခွင့်ပေးထားတော့ဘဏ်ခွဲအဆင့်ဖွင့်လို့ရအောင် စောင့်နေရဆဲအခြေအနေမှာပဲရှိသေးတယ်”ဟု ရှင်းပြပါသည်။

၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းအထိ မြန်မာနိုင်ငံသို့ နိုင်ငံတကာဘဏ် ၃၀ ဝန်းကျင် ကိုယ်စားလှယ်ရုံးလာရောက်ဖွင့်လှစ်ထားကြောင်း၊ အခြားတစ်ဖက်တွင်လည်းတာဝန်ရှိသူများက နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရသော ပြည်တွင်းဘဏ်များနိုင်ငံတကာအဆင့်လည်ပတ်နိုင်မှသာ နိုင်ငံခြားဘဏ်များကို ဘဏ်ခွဲအဖြစ်ဖွင့်လှစ်ခွင့်ပြုမည်ဟု မူဝါဒချမှတ်ထားကြောင်းဘဏ်လုပ်ငန်းအသိုင်းအဝိုင်းထံမှ သိရပါသည်။

မြန်မာနိုင်ငံတွင်ဘဏ်လုပ်ငန်းဆောင်ရွက်မှုအများဆုံးဘဏ်တစ်ခုဖြစ်သော ကမ္ဘောဇဘဏ်မှ ဒုဥက္ကဋ္ဌ ဦးသန်းလွင်က“StandardChartered ဘဏ်ဆိုတာက ကမ္ဘာ့အင်အားကြီးဘဏ်တစ်ခုပါ။ စူပါဘဏ်လို့ခေါ်ရတဲ့ဘဏ်ကြီးပါ။ အရင်ကလည်း မြန်မာပြည်ကို လာဖူးတဲ့ဘဏ်ပါ။ အခုလိုပြန်လာမယ်ဆိုတာဝမ်းသာစရာပါ။ မြန်မာနိုင်ငံကို အကောင်းပြန်မြင်လာတဲ့သဘောလို့ယူဆပါတယ်။ ဒီလို ကမ္ဘာ့အဆင့်ဘဏ်ကြီးတွေပြန်ဝင်လာရင်မြန်မာဘဏ်လုပ်ငန်းဝန်းကျင်ပိုတိုးတက်လာနိုင်သလို တစ်ဖက်ကလည်း မြန်မာဘဏ်တွေရဲ့အရည်အချင်းကိုနိုင်ငံတကာအဆင့်သွားနိုင်အောင်ပိုကြိုးစားဖို့လိုပါတယ်”ဟု သုံးသပ်ပါသည်။

***စည်သူအောင်***

# အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ် မြန်မာနိုင်ငံသို့လာမည်

အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ်သည် မြန်မာနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန် ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ မြောက်ပိုင်းသို့ ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ခရီးစဉ်၏ နောက်ဆက်တွဲဆက်စပ်မှုအနေဖြင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရန်စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင်ပုဂံသို့လည်းသွားရောက်ကာ အသေးစားချေးငွေအစီအစဉ်နှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို လေ့လာကြည့်ရှုမည်ဖြစ်ကြောင်းလည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏သတင်းထုတ်ပြန်ချက်က ဆိုသည်။

အမေရိကန် ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ်သည် မြန်မာအစိုးရ၊ သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းများအပါအဝင်ထိတွေ့ဆက်ဆံရေးမူဝါဒကို အကောင်အထည်ဖော်သည့်အနေဖြင့် မြန်မာနိုင်ငံသို့ မကြာခဏလာရန်စီစဉ်ထားသည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်က ဆိုသည်။

အမေရိကန် ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရစ်မစ်ချယ်သည် မြန်မာနိုင်ငံသို့ ယခင်ကလည်းလာရောက်ခဲ့ဖူးသည်။

# နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်တွေ့ဆုံပြီးနောက် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ဘီလျံနာသူဌေး ဂျော့ဆိုးရော့စ် မြန်မာနိုင်ငံတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ တရားဝင်အခြေစိုက်ထူထောင်ဆောင်ရွက်ရန်သဘောတူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကမ္ဘာ့အချမ်းသာဆုံးစာရင်းဝင် ဘီလျံနာသူဌေးဂျော့ဆိုးရော့စ်သည် မြန်မာနိုင်ငံတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများတရားဝင်အခြေစိုက်ထူထောင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း Open Society Foun-dations ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။




ဘီလျံနာသူဌေးဂျော့ဆိုးရော့စ်နှင့်မိသားစုဝင်များသည် မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့အထိ လာရောက်လည်ပတ်ခဲ့သည်။ ဂျော့ဆိုးရော့စ်သည် ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ သမ္မတအကြံပေးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းကိုယ်စားလှယ်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်က ဆိုသည်။

"ကျွန်တော့်ရဲ့ ဖောင်ဒေးရှင်းကနေပြီး ဒီမိုကရေစီလှုပ်ရှားမှုတွေကို ထောက်ခံအားပေးလာတာ အနှစ် ၂၀ လောက်ရှိပါပြီ။ ဒါပေမယ်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးတာဟာ ဒါပထမဆုံးပါ" ဟု ဂျော့ဆိုးရော့စ်က ပြောကြားခဲ့ပါသည်။

ဂျော့ဆိုးရော့စ်၏ Open Socie-ty Foundations မှ မြန်မာပရောဂျက်သည် ၁၉၉၄ ခုနှစ်ကစတင်ပြီး မြန်မာနိုင်ငံအတွင်း အခြေအနေများကို နိုင်ငံတကာမှသိရှိနားလည်မှုပိုမိုလာရန်နှင့် တိုင်းရင်းသားများ၊ အမျိုးသမီးများနှင့် လူငယ်များအားကူညီထောက်ပံ့ရန်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့်ဂျော့ဆိုးရော့စ်၏ခရီးစဉ်ရလဒ်အရ ဂျော့ဆိုးရော့စ်သည် မြန်မာနိုင်ငံတွင်ပိုမိုပွင့်လင်းသည့် လူ့အဖွဲ့အစည်းသို့ပြောင်းလဲရာတွင် ကူညီရန် မြန်မာနိုင်ငံတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများတရားဝင်အခြေစိုက်ထူထောင်ဆောင်ရွက်ရန်သဘောတူညီခဲ့သည်။

Open Society Founda-tions သည် နိုင်ငံပေါင်း ၇၀ ကျော်တွင် တရားမျှတမှု၊ လူ့အခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်တို့အတွက် ဒေသခံများနှင့်ပူးတွဲဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၂၀၁၂)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီတည်ထောင်ခွင့် တရားဝင်လျှောက်ထားခဲ့ပြီးနောက် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသွားမည့်အကြောင်းကို ဒီဇင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်ကြေညာထားခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စတင်တင်သွင်းနိုင်ပြီး ဇန်နဝါရီလ ၃၁ ရက်နေ့ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်မှာ ဖေဖော်ဝါရီလ ၃ ရက်ဖြစ်ကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ဖေဖော်ဝါရီလ ၆ ရက်မှ ၁၀ ရက်နေ့အထိ စိစစ်သွားမည်ဖြစ်ကြောင်း လည်းထုတ်ပြန်ကြေညာထားခဲ့သည်။ လာမည့်ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာ ရှိနေသည်။

လက်ရှိတွင်မှတ်ပုံတင်ပြီး ဆက်လက်ရပ်တည်နေသည့် နိုင်ငံရေးပါတီ ၃၇ ပါတီရှိပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက်ပါတီတည်ထောင်ခွင့်လျှောက်ထားခဲ့သည့် ပါတီ ၁၀ ခုရှိပြီး ၎င်းတို့မှာ ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ဒီမိုကရက်တစ် မဟာမိတ်ပါတီ၊ ၈၈ ပြည်သူ့အင်အားစုပါတီ၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မြန်မာအမျိုးသားကွန်ကရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်ဒီမိုကရက်တစ်ပါတီ၊ မြို့တိုင်းရင်းသားပါတီတို့ဖြစ်သည်။

# လူကုန်ကူးမှုအခြေအနေများကိုဆန်းစစ်လေ့လာရန် အမေရိကန်သံတမန်တစ်ဦး မြန်မာနိုင်ငံသို့လာမည်

လူကုန်ကူးမှုအခြေအနေများကိုဆန်းစစ်လေ့လာရန် အမေရိကန်သံတမန်တစ်ဦး မြန်မာနိုင်ငံသို့သွားရောက်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူကုန်ကူးမှု စောင့်ကြည့်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ သံအမတ် Luis CdeBaca သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ လာရောက်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူကုန်ကူးမှုအခြေအနေများကို ဆန်းစစ်လေ့လာရန်နှင့် မြန်မာအစိုးရ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်နေမှုများကိုအားဖြည့်နိုင်မည့် အခွင့်အလမ်းများကို စူးစမ်းလေ့လာရန်လာရောက်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်က ဆိုသည်။

ခရီးစဉ်အတွင်း နေပြည်တော်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံမည်ဖြစ်ပြီး ရန်ကုန်တွင် ပြည်တွင်း၊ ပြည်ပ လူမှုကူညီရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့နှင့်လည်း တွေ့ဆုံမည်ဖြစ်ကြောင်းယင်းသတင်းထုတ်ပြန်ချက်က ဆိုသည်။

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏လူကုန်ကူးမှုအစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လေ့ရှိပြီး အဆိုပါအစီရင်ခံစာတွင် လက်ရှိအခြေအနေ၊ မြန်မာနိုင်ငံအတွက် အကြံပြုချက်များ၊ ဥပဒေအရအရေးယူခြင်း၊ ကာကွယ်မှုပေးခြင်း၊ ကြိုတင် ဟန့်တားခြင်း စသည့် ခေါင်းစဉ်များ ခွဲ၍ရေးသားလေ့ရှိသည်ကို တွေ့ရှိရပါသည်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့တို့ တွေ့ဆုံဆွေးနွေး

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နှင့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့တို့သည် ရန်ကုန်မြို့ရှိ ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ ဇန်နဝါရီလ ၆ ရက်နေ့ မွန်းလွဲပိုင်းကတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တစ်နာရီဝန်းကျင်ခန့် ကြာမြင့်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှုပြီးနောက် မီဒီယာများနှင့် တွေ့ဆုံရာတွင် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးခရစ်စတီးယန်းဖရစ်ဘာ့က "ကျွန်တော်နဲ့ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးမှုဟာ အကျိုးရှိတဲ့တွေ့ဆုံဆွေးနွေးမှုတစ်ခုပါ။ မြန်မာနိုင်ငံမှာ ဒီမိုကရက်တစ်အသွင်ကူးပြောင်းရေးနဲ့ပတ်သက်လို့ ဆွေးနွေးခဲ့ကြပါတယ်။ နောက်ပြီး ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများအရေး၊ လူမျိုးစုပဋိပက္ခများအရေး၊ လူ့အခွင့်အရေး၊ ဧပြီလမှာ ကျင်းပမယ့်ကြားဖြတ်ရွေးကောက်ပွဲကိစ္စရပ်တွေကိုလည်းဆွေးနွေးခဲ့ကြပါတယ်။ ဒီမိုကရက်တစ်လုပ်ငန်းစဉ်တွေဟာလည်း အရေးကြီးပုံအကြောင်းကိုလည်းဆွေးနွေးခဲ့ကြပါတယ်။ နောက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတ်ပုံတင်ပြီး တရားဝင်ပါတီဖြစ်လာတာကလည်း မြန်မာနိုင်ငံရဲ့ဒီမိုကရက်တစ်တိုးတက်မှုတွေထဲမှာအရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်လို့ကျွန်တော်ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။


ဒေါ်အောင်ဆန်းစုကြည်နှင့် ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့တို့အား ရန်ကုန်မြို့တွင် ဇန်နဝါရီလ ၆ ရက်နေ့ကတွေ့ရစဉ်

ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီလ ၆ ရက်နေ့မှ ၉ ရက်နေ့အထိ လာရောက်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ရှိ အစိုးရဌာနအကြီးအကဲများ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံရုံး၏ သတင်းထုတ်ပြန်ချက်က ဆိုသည်။

ထို့ပြင် ရှမ်းပြည်နယ်တွင် ဒိန်းမတ်နိုင်ငံအစိုးရ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုသွားမည်ဟုလည်း သိရသည်။

သတင်းစာဆရာတစ်ဦး အဖြစ်လည်း ဆောင်ရွက်ခဲ့ဖူးသည့် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခရစ်စတီးယန်းဖရစ်ဘာ့သည် ဒိန်းမတ်နိုင်ငံဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအဖြစ် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှ စတင်ထမ်းဆောင်နေသူဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး လုပ်ငန်းများတွင် ဒိန်းမတ်နိုင်ငံသည် ပံ့ပိုးခဲ့ပြီး ပညာရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု နယ်ပယ်များအတွက် အလှူရှင်များ၏ စုပေါင်းရန်ပုံငွေတွင် ထည့်သွင်းခြင်းအားဖြင့်လည်းကောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စီမံချက်များ ပြုလုပ်ခြင်းအားဖြင့်လည်းကောင်း ပံ့ပိုးကူညီရာတွင် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၂ သန်းကျော် ရှိသည်ဟု ဆိုသည်။

# ယခုနှစ်ဆန်းပိုင်းအတွင်း ခိုးမှု၊ လူပျောက်မှု၊ မူးယစ်ဆေးဝါးမှုနှင့် မုဒိမ်းမှုများဖြစ်ပွား

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီလပထမအပတ်အတွင်း မြို့နယ်အသီးသီးတွင် ခိုးမှု ဖြစ်စဉ်များ၊ လူပျောက်တိုင်တန်းသည့် ဖြစ်စဉ်များ၊ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ဖြစ်စဉ်များနှင့် မုဒိမ်းမှုဖြစ်စဉ်များ ဆက်တိုက်ဖြစ်ပွားလာကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

ခိုးမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အချို့မှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ကိုဟိန်းကို ၂၃ နှစ်၊ ကုန်ပို့တာဝန်ခံ မြောက်ဥက္ကလာပနေသူသည် ၎င်းအလုပ်လုပ်ကိုင်နေသော ရွှေခြင်္သေ့ရေနံချေးစက်ရုံတာဝန်ရှိသူ၏ တာဝန်ပေးချက်အရ စမ်းချောင်းမြို့နယ် ပြည်လမ်း၊ မြေနီကုန်းရှိ ကမ္ဘောဇဘဏ်သို့ ငွေလွှဲရန်သွားရောက်ခဲ့ပြီး ငွေကျပ် ၂၇၀ သိန်းနှင့်ကျပ် ၁၃၀ သိန်းအသီးသီးထည့်ထားသော မြွေရေခွံအိတ်နှစ်လုံးအား ငွေသွင်းကောင်တာရှေ့သံမံတလင်းပေါ်တွင်ချထားခဲ့ပြီး ငွေလဲချလံသွားရောက်ရေးသွင်းပြန်လာစဉ် ကျပ် ၁၃၀ သိန်းပါအိတ်မှာ ပျောက်ဆုံးနေသဖြင့် စီစီတီဗွီမှတ်တမ်းဖြင့် ကြည့်ရှုရာ ငွေအိတ်အားအသက် ၄၀ နှစ်ခန့်ရှိ ဆံပင်ကုပ်ဝဲ၊ ခပ်ဝဝအမျိုးသမီးတစ်ဦး(စုံစမ်းဆဲ)မှ ခိုးယူသွားသည်ကိုတွေ့ရှိရသဖြင့် အဆိုပါအမျိုးသမီးအပေါ် စုံစမ်းအရေးယူပေးရန် တိုင်တန်းမှုအား စမ်းချောင်းမြို့နယ်ရဲစခန်း(ပ)၅/၂၀၁၂၊ ပုဒ်မ ၃၈၀ ဖြင့်အမှုဖွင့်ပြီး တရားခံအားစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်တွင် ဒေါ်သန်းရီ ၆၁ နှစ် ဒဂုံမြောက်မြို့နယ်နေသူသည် မိသားစုနှင့်အတူ ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်း ရေလယ်စေတီတော်သို့ ရောက်ရှိပြီး ယာဉ်အမှတ် ၈ဂ/၁၇၈၈ လိုက်ထရပ် အဖြူရောင်ယာဉ်အား ရပ်နားရန် နေရာတွင်ရပ်ထားကာ ယာဉ်နောက်ခန်းတွင် ထမင်းစားရန် ပြင်စဉ်နေခဲ့ကာ ၁၅ မိနစ်ခန့်အကြာတွင် ၎င်း၏ဘေးနားတွင်ချထားသော ငွေစက္ကူရောရာ ကျပ် ၁၀သိန်းခန့်ထည့်ထားသည့် အညိုရောင်အကွက် မိန်းမလက်ကိုင်အိတ်မှာ ပျောက်ဆုံးသွားသဖြင့် ခိုးယူသူအပေါ် တရားလိုပြုတိုင်ကြားမှုအား ကျောက်တံတားရဲစခန်း(ပ)၅/၂၀၁၂၊ ပုဒ်မ ၃၇၉ ဖြင့် အမှုဖွင့်ပြီး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိပါသည်။

လူပျောက်တိုင်ကြားမှု ဖြစ်စဉ်များအနက် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ဒေါ်လွင်လွင်ဦး ၄၂ နှစ် ဒဂုံမြောက်မြို့နယ်နေသူ၏ သမီးဖြစ်သူမမြတ်သန်းထွဋ် ၁၉ နှစ်၊ ရက္ခဗေဒ တတိယနှစ် ဒဂုံတက္ကသိုလ်တွင် ပညာသင်ကြားနေသူမှာ ခါးဝတ်ခါးစားဖြင့် နေအိမ်မှကျောင်းသို့ သွားမည်ဟု ပြောဆိုထွက်သွားရာမှ ပြန်မလာပျောက်ဆုံးနေသဖြင့် ကူညီစုံစမ်းရှာဖွေပေးရန် လူပျောက်တိုင်တန်းမှုအား ဒဂုံမြောက်ရဲစခန်း လူပျောက်အမှတ် ၁ /၂၀၁၂ ဖြင့် အမှုဖွင့်ပြီး စုံစမ်းလျက်ရှိကြောင်း သိရသည်။

ထို့အတူ အဆိုပါနေ့၌ပင် ဒေါ်နွဲ့ရီ ၅၀ နှစ် သာကေတမြို့နယ်နေသူ၏သမီးဖြစ်သူမဝေနွယ်ထွန်း ၂၂ နှစ်၊ ကျောင်းဆရာမ၊ အ.လ.က(၄)ရွာသာကြီးသည် ကျောင်းဝတ်စုံဖြင့် ပလတ်တီနမ်ဆွဲကြိုးတစ်ကုံး၊ ပလတ်တီနမ်လက်စွပ်တစ်ကွင်း၊ နာရီတစ်လုံးနှင့် ငွေသုံးကျပ်သောင်း စုစုပေါင်းတန်ဖိုး ၃၅၀၀၀၀ တို့အား ဝတ်ဆင်ထားကာ လက်ဆွဲခြင်းဖြင့် နေအိမ်မှဒဂုံအရှေ့မြို့နယ် ရွာသာကြီး အ.လ.က(၄) ကျောင်းသို့ ထွက်သွားရာမှပြန်မလာ ပျောက်ဆုံးနေသဖြင့် ကူညီစုံစမ်းရှာဖွေပေးရန်တိုင်တန်းမှုအား ဒဂုံအရှေ့ရဲစခန်းလူပျောက်အမှတ်စဉ် ၁/၂၀၁၂ ဖြင့် အမှုဖွင့်ပြီး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုဖြစ်စဉ်များအနက် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့က တာဝန်ရှိသူများသည် သတင်းအရ တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၅ လမ်း၌ စောင့်ဆိုင်းနေစဉ် တိုက်အမှတ် ၁၈၊ လှေကားအနီးသို့ ရောက်ရှိလာသူ ခင်မောင်လင်း ကျောက်တံတားမြို့နယ်နေသူအား ထိန်းသိမ်းရှာဖွေခဲ့ရာ ၎င်း၏ဝဲလက်တွင်ကိုင်ဆောင်ထားသည့် ပလတ်စတစ်လက်ဆွဲခြင်းအတွင်း ငွေပန်းကိုင်တံဆိပ်ဖျာပုံပေါ် ဆန်းမွှေးထည့်ထားသည့် မြွေရေခွံအိတ်အတွင်း WY နှင့် R စာတမ်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၈၂၀၀ ပြား၊ အလေးချိန် ၉ ဒသမ ၈၂ ကီလိုဂရမ်၊ တန်ဖိုး ကျပ်၄၉၁၀၀၀၀၀၀နှင့် ဖုန်းအမှတ် ၀၉ ၅၁၅၅၃၆၇ တို့အား တွေ့ရှိသိမ်းဆည်းခဲ့ပြီး ၎င်း၏စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွဆေးပြားများမှာ မျိုးမြင့်မြတ်(ခ)မျိုးသိန်း၊ ၄၃ နှစ်၊ အလုံမြို့နယ်နေသူနှင့်ခွန်နေမင်း(ခ)နေမင်း အလှပြင်ဆိုင် အလုံမြို့နယ်နေသူထံမှ ရောင်းချပေးရန် ယူဆောင်လာသည့် ဆေးပြားများဖြစ်ကြောင်း၊ ရောင်းရငွေများအား မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းရှိကြုံတိုင်းစားသောက်ဆိုင်၌ စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် ၈က/၉၆၅၅ ကိုရိုလာကရောင်း အဖြူရောင်ယာဉ်နှင့်စိတ်ကြွဆေးပြားများ ရောင်းချရရှိငွေများ လာရောက်ယူဆောင်သူ မျိုးမြင့်မြတ် (ခ)မျိုးသိန်းနှင့် ခွန်နေမင်း(ခ)နေမင်းတို့အား တွေ့ရှိရှာဖွေရာမျိုးမြင့်မြတ်၏ယာဘက်လက်မှလက်ကိုင်ဖုန်း တစ်လုံးနှင့်နေမင်း၏ ဝဲဘက်လက်အတွင်းမှ ဖုန်းနှစ်လုံးနှင့်အတူ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အပေါ်အရေးယူပေးရန် တိုင်တန်းမှုအားတာမွေရဲစခန်းမယ(ပ)၁/၂၀၁၂၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်ပြီး တရားခံများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်ပွားခဲ့သည့် မုဒိမ်းမှုဖြစ်စဉ်အချို့မှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ ည ၁၀ နာရီအချိန် မ.....၊ ၂၈ နှစ်၊ လက်ဖက်ခြောက်ဆိုင် အလုပ်သမား၊ ကြည့်မြင်တိုင်မြို့နယ်နေသူသည် ကြည့်မြင်တိုင်မြို့နယ်၊ လက်ဖက်ခြောက်လုပ်ငန်းမှ နေအိမ်သို့လမ်းလျှောက်ပြန်လာစဉ် အိုးဘိုးရပ်ကွက် ပွဲစားလမ်းထိပ်၊ ကမ္ဘာလုံးသင်္ကန်းတိုက်ရှေ့အရောက်လက်ဖက်ခြောက်လုပ်ငန်းပိုင်ရှင် မျိုးသန့် ၃၂ နှစ်၊ ကြည့်မြင်တိုင်မြို့နယ်နေသူမှ ၈ဂ/..... လိုက်ထရပ်အဖြူရောင်ယာဉ်ဖြင့်လိုက်ပါလာပြီး အိမ်သို့ပို့ပေးမည်ဟုပြောဆိုကာ ကားပေါ်သို့ ခေါ်ခဲ့သဖြင့် လိုက်သွားခဲ့ရာ ပွဲစားလမ်းမှ တစ်ဆင့် ကမ်းနားလမ်းအတိုင်း ကြည့်မြင်တိုင်ညဈေးအနီး လမ်းဘေးမှောင်အရိပ်အရောက်ကားရပ်၍ တွန်းလှဲဖက်နမ်းကာ သားမယားအဖြစ် ပြုကျင့်ခဲ့သူအပေါ် တိုင်ကြားမှုအား ကြည့်မြင်တိုင်မြို့နယ် ရဲစခန်း (ပ) ၁၄/၂၀၁၂၊ ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းလည်း သတင်းရရှိပါသည်။

*ဝင်းမြင့်ကျော်၊ အောင်မျိုးသန့်၊*
*ကျော်ဇင်ဝင်း၊ အောင်မြတ်ကို*

**မြေနီကုန်းရှိ ကမ္ဘောဇဘဏ်သို့ငွေလွှဲရန်သွားရောက်ခဲ့ပြီး ငွေကျပ် ၂၇၀ သိန်းနှင့် ကျပ် ၁၃၀ သိန်းအသီးသီးထည့်ထားသော မြွေရေခွံအိတ်နှစ်လုံးအား ငွေသွင်းကောင်တာရှေ့ သံမံတလင်းပေါ်တွင်ချထားခဲ့ပြီး ငွေလဲချလံ သွားရောက်ရေးသွင်းပြန်လာစဉ် ကျပ် ၁၃၀ သိန်းပါအိတ်မှာ ပျောက် ဆုံးနေသဖြင့် စီစီတီဗွီမှတ်တမ်းဖြင့်ကြည့်ရှုရာ ငွေအိတ်အား အသက် ၄၀ နှစ်ခန့်ရှိ ဆံပင်ကုပ်ဝဲ၊ ခပ်ဝဝအမျိုးသမီးတစ်ဦး ...**

## ဥရောပသမဂ္ဂ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်မည်

မြန်မာနိုင်ငံအပေါ် စီးပွားရေး အရေးယူပိတ်ဆို့မှုများ ပြုလုပ်ထားသည့်ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂကပံ့ပိုးထားသည့် အကူအညီပေးရေး အစီအစဉ်များကို စီမံခန့်ခွဲရန်နှင့် နိုင်ငံရေးအခန်းကဏ္ဍကိုဆောင်ရွက်ရန် ယင်းကဲ့သို့ ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန် မြန်မာတာဝန်ရှိသူများနှင့် သဘောတူညီချက် ရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့တွင် ဖွင့်လှစ်မည့် ကိုယ်စားလှယ်ရုံးခွဲကို ထိုင်းနိုင်ငံရှိ ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့က စီမံခန့်ခွဲမည်ဖြစ်ပြီး ကိုယ်စားလှယ်ရုံးခွဲကို အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ဥရောပသမဂ္ဂ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။




## နိုင်ငံတော်သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်ပေါင်း ၄၂ ခုမှ အကျဉ်းသားစုစုပေါင်း ၆၆၅၆ ဦး လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိ



နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်ပေါင်း ၄၂ ခုနှင့် အလုပ်စခန်း ၁၀၉ ခုမှ အကျဉ်းသားစုစုပေါင်း ၆၆၅၆ ဦးတို့အား လွှတ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

အမိန့်အရ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် အကျဉ်းထောင်အသီးသီးမှ အကျဉ်းကျခံလျက်ရှိသော အကျဉ်းသားများအနက် အကျဉ်းသား ၆၀၈၇ ဦး၊ အကျဉ်းသူ ၅၆၉ ဦး စုစုပေါင်း ၆၆၅၆ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ရရှိခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ပြစ်ဒဏ်ပြောင်းလဲမှုများအဖြစ် သေဒဏ်မှထောင်တစ်သက်သို့ ပြောင်းလဲကျခံသူ အကျဉ်းသား ၃၃ ဦး၊ ထောင်ဒဏ် ၃၀ နှစ်အထက်မှ ထောင်ဒဏ် ၃၀ နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ ၁၁၁၈ ဦး၊ ထောင်ဒဏ် ၂၀ နှစ်အထက်မှ ၃၀ နှစ်အထိ ပြစ်ဒဏ်မှ ထောင်ဒဏ် ၂၀ နှစ်သို့ ပြောင်းလဲသတ်မှတ်ခံရသူ ၂၇၀၂ ဦးနှင့် ထောင်ဒဏ်နှစ် ၂၀ အောက် ပြစ်ဒဏ်မှ ထောင်ဒဏ်၏ လေးပုံ တစ်ပုံအား လျှော့ရက်အဖြစ် ခံစားခွင့်ရရှိသူ စုစုပေါင်း ၃၅၁၁၁ ဦး ရှိကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် သေဒဏ်ပြစ်ဒဏ်များကို ထောင်ဒဏ်တစ်သက်တစ်ကျွန်း၊ ၃၀ နှစ် အထက်ထောင်ဒဏ်များကို ၃၀ နှစ်သို့လည်းကောင်း၊ ၂၀ နှစ်နှင့် ၃၀ နှစ်ကြားကို ၂၀ နှစ်အဖြစ်လည်းကောင်း၊ ၂၀ နှစ်အောက်ထောင်ဒဏ်များကို လေးပုံတစ်ပုံလျှော့ကာ ဇန်နဝါရီလ ၃ ရက်နေ့တွင် စတင်လွှတ်ပေးခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ပထမဆုံး လွတ်ငြိမ်းချမ်းသာခွင့်အဖြစ် ၂၀၁၁ ခုနှစ် မေလ ၁၇ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင် ၄၂ ခုနှင့် အလုပ်စခန်း ၁၀၉ ခုတွင် အကျဉ်းသားဦးရေ ၆၀၀၀၀ ဝန်းကျင်ရှိသည့်အနက် ၁၄၆၀၀ ကျော်အား လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၁ အရ မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင် ၄၂ ခုနှင့် အလုပ်စခန်း ၁၀၉ ခုရှိ အကျဉ်းသားဦးရေ ၄၀၀၀၀ ကျော်အနက် နေသား ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းရှိ အကျဉ်းသား ၆၃၅၉ ဦးအား အောက်တိုဘာလ ၁၂ ရက်နေ့ (သီတင်းကျွတ်လပြည့်နေ့)မှ စတင်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ထားချက်အရ သိရသည်။

# ပဲစိုက်ရာသီ၌ ကြိုပွိုင့်ဝယ်ယူမှု ဈေးကောင်းမရရှိ

ယခုနှစ် ပဲစိုက်ရာသီ၌ ကြိုတင်ငွေပေးဝယ်ယူရာတွင် ဈေးကောင်းမရရှိကြောင်းနှင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၅၀၀၀ လျော့နည်းလျက်ရှိကြောင်း ပဲစိုက်တောင်သူများ၏ပြောကြားချက်အရ သိရှိရသည်။

“ကျွန်တော်တို့ဘက်မှာ ပဲကြိုပွိုင့်လာဝယ်တာနှစ်ပတ်ကျော်လောက်တော့ရှိပြီ။ ဒါပေမယ့် ဝယ်သာဝယ်ကြတာဈေးကောင်းမရပါဘူး။ ၁၆ ပြည်တစ်တင်းကို ကျပ် ၂၀၀၀၀ ပဲရတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ကြိုပွိုင့်စစလာချင်းကျပ် ၂၅၀၀၀ ရတယ်” ဟု ရန်ကုန်တိုင်းဒေသကြီးရှိ ပဲစိုက်တောင်သူတစ်ဦးက ပြောပါသည်။

ပြီးခဲ့သည့်နှစ်၌ ပဲတစ်တင်းလျှင်ကျပ် ၄၂၀၀၀ အထိဈေးကောင်းရခဲ့ကြောင်းနှင့် ယခုနှစ်၌ ကြိုပွိုင့်ဈေးနည်းပါးရခြင်းမှာ ပြည်ပဝယ်ယူမှုများ၊ နိုင်ငံတကာဈေးနှုန်းများနှင့် သက်ဆိုင်နေကြောင်း သိရသည်။

*မျက်နှာဖုံးသတင်း “ပြည်ပပို့ကုန်ဈေးကွက်နှင့်အတူ ပြည်တွင်းစီးပွားရေးလုပ်ငန်းများငြိမ်သက်နေ • • ”မှ အဆက်*

လက်ရှိအခြေအနေသည် ၂၀၁၂ ခုနှစ်၏ ပထမဦးဆုံးလဖြစ်နေပြီး ပွင့်လင်းရာသီဖြစ်သော်လည်း ပြည်ပပို့ကုန်ဈေးကွက်နှင့်အတူပြည်တွင်းစီးပွားရေးလုပ်ငန်းများငြိမ်သက်နေကြောင်းနှင့် ၂၀၁၁ ခုနှစ်တွင်ပြုလုပ်ခဲ့သောစီးပွားရေးဆိုင်ရာအပြောင်းအလဲအချို့ကြောင့် စီးပွားရေးလုပ်ငန်းများပိုမိုကောင်းမွန်လာနိုင်သည်ဟုမျှော်လင့်ခဲ့သော်လည်း လက်ရှိအခြေအနေတွင်မူသိသာသောပြောင်းလဲမှုသိပ်မတွေ့ရကြောင်းနှင့် ပြည်ပလုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်တွင်းရှိ နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုအနေအထားများကိုသာ စောင့်ကြည့်နေဆဲဖြစ်ကြောင်း သတင်းရရှိပါသည်။

“လောလောဆယ်အခြေအနေကတော့အကူးအပြောင်းကာလဆိုပြီး စီးပွားရေးလုပ်ငန်းရှင်တွေက စောင့်ကြည့်နေတာလည်းရှိတယ်။ ရင်းနှီးမြှုပ်နှံမှုဆိုရင်လည်းစောင့်ကြည့်နေတုန်းပဲ။ ပထမတစ်ခုက ဥပဒေမထွက်တာပါ။ ကြားသိရသလောက်တော့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို လာမယ့်ဇန်နဝါရီလမှာကျင်းပမယ့် လွှတ်တော်အစည်းအဝေးတွေမှာ တင်ပြသွားမယ်လို့သိရတယ်။ ဥပဒေမထွက်တော့ မလုပ်နိုင်ကြသေးဘူး။ နောက်တစ်ခုကအရင်ကရှိခဲ့တဲ့ ဗျူရိုကရေစီကလည်းရှိနေတုန်းပဲ။ ဖြစ်နေတာတွေက နိုင်ငံခြားကရင်းနှီးမြှုပ်နှံမှုတွေလာပါလာပါဆိုပေမယ့် procedure မကျတဲ့ကိစ္စတွေလည်း ရှိနေတုန်းပါပဲ။ အခုဆို ရင်းနှီးမြှုပ်နှံမှုအတွက် တရုတ်နဲ့ဟောင်ကောင်ဘက်ကလည်းအခြေအနေကို ကြည့်နေတုန်းပဲ”ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဒုတိယဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက ပြောပြခဲ့သည်။

၂၀၁၁ ခုနှစ်အတွင်း နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ဝင်ရောက်ရန် အားယူနေကြကြောင်း သတင်းများထွက်ပေါ်နေသော်လည်း လတ်တလောကာလတွင်မူ စောင့်ကြည့်နေဆဲသာရှိကြောင်း၊ ယင်းကဲ့သို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လက်ရှိအခြေအနေတွင်စီးပွားရေးပိတ်ဆို့မှုရှိနေဆဲဖြစ်သောကြောင့် နိုင်ငံအများစုအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေထွက်လာသည့်တိုင် အခက်အခဲရှိနေဦးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

“ပထမတစ်ချက်က ဥပဒေမထွက်သေးတော့ ရင်းနှီးမြှုပ်နှံမှုတွေမလာနိုင်ဘူး။ နောက်တစ်ခုက စီးပွားရေးပိတ်ဆို့မှုရှိနေဆဲဖြစ်တဲ့အတွက်

**ယင်းကဲ့သို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် လက်ရှိအခြေအနေတွင် စီးပွားရေးပိတ်ဆို့မှုရှိနေဆဲဖြစ်သောကြောင့် နိုင်ငံအများစုအတွက် ရင်းနှီးမြှုပ်နှံမှုဥပဒေထွက်လာသည့်တိုင် အခက်အခဲရှိနေဦးမည်ဖြစ်ကြောင်း • • •**

LC ဖွင့်တဲ့ကိစ္စအဆင်မပြေနိုင်ဘူး။ လောလောဆယ်ဝင်မယ်ဆိုရင်လည်း စင်ကာပူလောက် တရုတ်နိုင်ငံလောက်ပဲအဆင်ပြေနိုင်မယ်။ ဒါတောင် ကုမ္ပဏီတည်ထောင်ရတဲ့ကိစ္စတွေက အခုထိ အဆင့်ဆင့်တင်နေရသေးတယ်။ တခြားနိုင်ငံတွေမှာလုပ်ငန်းတစ်ခုစဖို့ အွန်လိုင်းကနေ မနက်ပိုင်းစပြီး တင်လိုက်တာနဲ့ ညနေပိုင်းလုပ်ငန်းစလို့ရပြီ။ ပြင်သင့်တာတွေကတော့ အများကြီးပါပဲ”ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောပြခဲ့သည်။

အလားတူပင် တိုးတက်မြင်သာသည့် နိုင်ငံရေးအရပြုပြင်ပြောင်းလဲမှုများမတွေ့ရခြင်းကလည်းရင်းနှီးမြှုပ်နှံသူများအား ယုံကြည်မှုလျော့ကျနေကြောင်း သုံးသပ်ကြသည်။

“နောက်တစ်ခုကနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကက ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ဖို့ပါပဲ။ အခုဆိုရင်ပို့ကုန်တွေလည်းအခြေအနေသိပ်မကောင်းဘူး ။ ပို့ကုန်တက်ခဲ့ရင်တောင် ဈေးမကောင်းတဲ့အတွက် ထုတ်လုပ်သူအတွက်ဘယ်လိုမှတွက်ချေမကိုက်ဘူး။ အခုက ပဲဈေးလည်းမကောင်း၊ ဆန်ဈေးမကောင်းတဲ့အပြင် ဝယ်လိုအားမရှိသေးဘူး။ တောင်သူတွေရဲ့လက်ထဲကပစ္စည်းကတန်ဖိုးမရှိဘူးဖြစ်နေတယ်။ အဲဒီဂယက်က ရှေ့လျှောက်စီးပွားရေးအကျပ်အတည်းတွေ အများကြီးဖြစ်လာနိုင်တယ်။ အခုထိလည်း ဒေါ်လာဈေးကမကောင်း။ အပြောင်းအလဲကိုဖော်ဆောင်မယ်ဆိုရင်လည်း အားလုံးတက်ညီလက်ညီဖော်ဆောင်ကြတာကောင်းပါတယ်။ နောက်တစ်ခုက အခုအချိန်အထိစီးပွားရေးပိတ်ဆို့မှုရှိနေသေးတယ်။ ဒါကလည်းတိုင်းပြည်စီးပွားရေးတိုးတက်ဖို့အတွက်အဓိကအတားအဆီးပဲ။ ဒါကိုဖွင့်ချင်တယ်ဆိုရင် ကိုယ့်ဘက်ကလည်းဖွင့်ပေးနိုင်တဲ့အတိုင်းအတာမျိုးအထိ အပြကောင်းဖို့တော့လိုတယ်။ မဟုတ်ရင်ဟိုမရောက်ဒီမရောက်နဲ့ကြားမှာ ဒုက္ခဖြစ်သွားနိုင်တယ်”ဟု နိုင်ငံစီးပွားရေးလေ့လာသုံးသပ်သူပညာရှင်တစ်ဦးကသုံးသပ်ပြောကြားပါသည်။

“စီးပွားရေးပိတ်ဆို့တယ်ဆိုတဲ့နေရာမှာ အမေရိကန်ရဲ့စီးပွားရေးပိတ်ဆို့အရေးယူမှုနဲ့အီးယူရဲ့အရေးယူမှုကမတူပါဘူး။ ဒါကြောင့် အီးယူရဲ့စီးပွားရေးပိတ်ဆို့မှုကိုရုပ်သိမ်းပေးနိုင်တယ်လို့ သုံးသပ်တာရှိပေမယ့် တကယ်က အမေရိကန် Sanction ပဲအဓိကပါ”ဟု ၎င်းက ဆက်လက်သုံးသပ်ပြောကြားပါသည်။

***အငယ်ထွေး***

■




(၁၁)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲတွင်ပြသထားသော မြန်မာပြည်မှတင်ပို့ထားသောငါးရှဉ့်များ

**မျက်နှာဖုံးသတင်း “ကန့်သတ်ကုန်များသွင်းခွင့်ပြုပေး၍ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန်သုံးလလို • • ”မှ အဆက်**

မြန်မာနိုင်ငံ၏ သွင်းကုန်ပမာဏမှာ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် သမိုင်းတစ်လျှောက်စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ ပို့ကုန်ကဏ္ဍတွင်မူ ငွေလဲနှုန်းကာလရှည်ကျဆင်းမှုကြောင့် အခြေခံစိုက်ပျိုးထုတ်လုပ်သူများပင်အထိနာသည့်အနေအထားရှိနေဆဲဖြစ်ကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များကပြောကြားခဲ့သည်။

သွင်းကုန်တင်သွင်းခဲ့သည့် နှစ်တစ်လျှောက်တွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်က ပမာဏအများဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလျံကျော်ဖိုးတင်သွင်းခဲ့ကြောင်း ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်မူ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် သုံးလကျန်နေသေးသည့် အချိန်၌ပင် ယခင်နှစ်တစ်နှစ်လုံးတင်သွင်းသည့် ပမာဏကို ကျော်တက်ကာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလျံကျော်ဖိုးအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ သွင်းကုန်ပမာဏစံချိန်တင်မြင့်တက်ရသည့်အကြောင်းရင်းမှာ ယခင်ကလက်ဝါးကြီးအုပ်ကန့်သတ်ကုန်များဖြစ်သည့် စက်သုံးဆီ၊ စားအုန်းဆီ၊ ကားနှင့် ယန္တရားများတင်သွင်းခွင့်များခွင့်ပြုပေးထားသည့်အတွက်ကြောင့်ဖြစ်ကြောင်းလည်း သိရသည်။

“မြန်မာနိုင်ငံရဲ့ အခုနှစ် ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ ဘီလျံကျော်ကိုရောက်ရှိနေပါပြီ။ ဒီဇင်ဘာလကုန်အထိပေါ့။ အဓိကကတော့ သွင်းကုန်ပမာဏမြင့်တက်တာလည်းပါပါတယ်။ သွင်းကုန်ပမာဏက အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလျံကျော်၊ ပို့ကုန်ပမာဏက ၆ ဒသမ ၈ ဘီလျံကျော်အထိရှိနေပါပြီ။ သွင်းကုန်က မနှစ်က ကာလတူထက် နှစ်ဆနီးပါးမြင့်တက်သွားတဲ့အနေအထားရှိပါတယ်။ အရင်တုန်းက အနည်းစုပဲသွင်းခဲ့တဲ့ စားအုန်းဆီ၊ စက်သုံးဆီ၊ ကားနဲ့ ယန္တရားတွေကို တင်သွင်းခွင့်ပြုပေးထားတာက သွင်းကုန်မြင့်တက်ရတဲ့အဓိကအချက်ပါ”ဟု နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ပါသည်။

ပို့ကုန်ကဏ္ဍတွင်မူ ကာလရှည်ငွေမာဈေးနှုန်းကျဆင်းခဲ့သည့်ဒဏ်၊ အဆိုပါဒဏ်ကို ကုစားမပေးနိုင်ခဲ့သည့်အတွက်အချက်များကြောင့် ယခုအခါ အခြေခံစိုက်ပျိုးမွေးမြူထုတ်လုပ်သူများပင် အထိနာနေရကြောင်းသိရသည်။

“ကဏ္ဍတိုင်းကို မေးကြည့်ပါ အခြေခံထုတ်လုပ်တဲ့သူတွေ ထိမထိဆိုတာ။ ဒီနေ့အထိ အခြေခံထုတ်လုပ်သူတွေ တည်ငြိမ်မှုမရသေးဘူး။ ကျွန်တော်ကတော့ မွေးမြူရေးနဲ့ပတ်သက်ပြီးပြောချင်တယ်။ ငါးမွေးမြူရေးဆိုပါတော့ မွေးမြူတဲ့သူအားလုံး အရင်းမရှိတော့ဘူး။ ဘဏ်က ငွေချေးတယ်၊ ပြန်မဆပ်နိုင်တဲ့အတွက် ဘဏ်က ယုံကြည်မှုမရှိတော့ဘူး။ လုပ်ငန်းရှင်နဲ့ မွေးမြူရေးသမားကြားမှာ ငွေပေးငွေယူတွေရှုပ်ထွေးပြီး အမှုအခင်းဖြစ်နေပြီ။ အဆိုးဆုံးက လာမယ့်နှစ်မှာ မွေးဖို့အရင်းမရှိတော့တာနဲ့ ထုတ်ပေးမယ့်သူမရှိတော့တဲ့အနေအထားရောက်နေတာ။ ဘာကြောင့်လဲဆိုတော့ ၂၀၀၉ တုန်းက ပြည်ပကပေးတဲ့ငါးဈေးနဲ့ ၂၀၁၁ ပြည်ပပေးတဲ့ငါးဈေးက အတူတူပဲ။ ငွေလဲနှုန်းကျတော့ ကျပ် ၁၀၀၀ ကနေ ၂၀၁၁ တုန်းကဆို ရင် ကျပ် ၆၈၀ အထိကျသွားတယ်။ ကျပ် ၇၀၀ ကျော်မှာ အချိန်အကြာကြီးရှိနေခဲ့တယ်။ အခုမှ ကျပ် ၈၀၀ ဆိုတာပြန်ရောက်တာဘာမှမကြာသေးဘူး။ ဒီတော့ ပြည်တွင်းငါးဈေးက မွေးမြူထုတ်လုပ်စရိတ်တောင်မရတော့ ရှုံးကြတာပေါ့။ ပုစွန်မွေးတဲ့သူလည်းဒီလိုပဲ။ ကြက်မွေးတဲ့သူလည်းဒီလိုပဲ။ ဆိုလိုချင်တာက မြန်မာနိုင်ငံရဲ့ စီးပွားရေးကမတိုးတက်သေးဘူးဆိုတာပဲ။ အခုအခြေအနေကိုမကုစားနိုင်ရင် နောက်နှစ်လည်း ဒီဒဏ်ကိုထပ်ခံရမှာပဲ။ ငါးမမွေးနိုင်ရင် ၂၀၁၂ မှာ ငါးရှားပြီး စားသုံးသူကိုထပ်ထိဦးမှာပဲ။ ဒါဆိုပြည်ပဈေးရောမတက်ဘူးလား မေးမယ်၊ ပြည်ပမှာ မြန်မာနိုင်ငံနဲ့အပြိုင် ငါးမွေးမြူထုတ်လုပ်လာနိုင်တာတွေရှိလာတဲ့အတွက် ပြည်ပဈေးက သိပ်မျှော်လင့်လို့မရဘူး။ အခွန်တွေလျှော့ချပြီး တစ်ဖက်ကကူပေးပါတယ်။ ဒါပေမယ့် ကျတဲ့ငွေဈေးကြောင့် သိပ်မထိရောက်ဘူးဖြစ်သွားတယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းကြိုင်ကပြောကြားခဲ့ပါသည်။

“ဒီနှစ် ပဲဈေးမကောင်းတဲ့အတွက် ပဲစိုက်တဲ့တောင်သူတွေထိတယ်။ အရင်းသာသာပဲရတယ်။ တချို့ရှုံးတယ်။ ပြည်ပဆန်ဈေးကျဆင်းတဲ့အတွက် ပြည်တွင်းစပါးဈေးက စိုက်ပျိုးထုတ်လုပ်စရိတ်ရဲ့အောက်ကိုရောက်ပြီး တောင်သူတွေရှုံးတယ်။ အရင်းပဲရတဲ့သူကများတယ်။ ပြည်ပပဲဈေး၊ ပြည်ပဆန်ဈေးကသာမတက်တာ ပြည်တွင်းငွေလဲနှုန်းက အနိမ့်ဆုံးဈေးနဲ့ကာလရှည်ဖြစ်နေခဲ့တယ်။ အဲဒီဒဏ်ကိုအခြေခံစိုက်ပျိုးထုတ်လုပ်သူတွေပဲခံရတယ်။ စပါးဈေးက အခုဆို အကြမ်းအမျိုးအစားကအမြင့်ဆုံးမှတင်းတစ်ရာကျပ်သုံးသိန်းခွဲကနေ ကျပ်သုံးသိန်းခြောက်သောင်းပဲရှိတယ်။ တစ်ဧကကို စပါးက တင်း ၅၀ ထွက်တာများတယ်။ ဒီတော့ တစ်ဧကစိုက်လို့ပြန်ရတာက ကျပ်တစ်သိန်းရှစ်သောင်းပဲရှိတယ်။ စိုက်စရိတ်က ပုံမှန်ဆို တစ်ဧက ကျပ်နှစ်သိန်းဝန်းကျင်အထိကျသင့်တဲ့ လယ်တောင်ရှိတယ်။ ဒီနှစ်ဆို ရေကြီးလို့ နှစ်ကြိမ်သုံးကြိမ်ပြန်စိုက်ထားရတာများတော့ ပိုရှုံးတာပေါ့”ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

***မာန်သူရိန်၊ ချမ်းမြေ့သူ***

**နှစ်အလိုက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ (အမေရိကန်ဒေါ်လာ၊ သန်း)**

| ဘဏ္ဍာရေးနှစ် | ပို့ကုန်ပမာဏ | သွင်းကုန်ပမာဏ | စုစုပေါင်း |
|---|---|---|---|
| ၂၀၀၀-၂၀၀၁ | ၁၉၆၀.၀၀ | ၂၃၁၉.၀၀ | ၄၂၇၉.၀၀ |
| ၂၀၀၁-၂၀၀၂ | ၂၅၄၄.၀၀ | ၂၇၃၅.၀၀ | ၅၂၇၉.၀၀ |
| ၂၀၀၂-၂၀၀၃ | ၃၀၆၂.၈၄ | ၂၂၉၉.၆၄ | ၅၃၆၂.၄၈ |
| ၂၀၀၃-၂၀၀၄ | ၂၃၅၆.၈၂ | ၂၂၃၉.၉၇ | ၄၅၉၆.၇၉ |
| ၂၀၀၄-၂၀၀၅ | ၂၉၂၇.၈၄ | ၁၉၇၃.၂၈ | ၄၉၀၁.၁၂ |
| ၂၀၀၅-၂၀၀၆ | ၃၅၅၇.၂၁ | ၁၉၈၄.၄၁ | ၅၅၄၁.၆၂ |
| ၂၀၀၆-၂၀၀၇ | ၅၂၃၂.၆၈ | ၂၉၃၆.၇၃ | ၈၁၆၉.၄၁ |
| ၂၀၀၇-၂၀၀၈ | ၆၄၀၁.၇၁ | ၃၃၅၃.၄၂ | ၉၇၅၅.၁၃ |
| ၂၀၀၈-၂၀၀၉ | ၆၇၇၈.၈၅ | ၄၅၄၃.၄၅ | ၁၁၃၂၂.၃၀ |
| ၂၀၀၉-၂၀၁၀ | ၇၅၈၆.၉၄ | ၄၁၈၁.၄၀ | ၁၁၇၆၈.၃၄ |
| ၂၀၁၀-၂၀၁၁ | ၈၈၆၁.၀၁ | ၆၄၁၂.၇၃ | ၁၅၂၇၃.၇၄ |
| ၂၀၁၁-၂၀၁၂(ဒီဇင်ဘာထိ) | ၆၈၀၀ ကျော် | ၆၆၀၀ ကျော် | ၁၃၄၀၀ ကျော် |

# စားသုံးဆီအတွင်း ပင်လယ်ရေရောခြင်းတွင် ဆီမှောင်ခိုသမားများပါဝင်နေ

စားသုံးဆီအတွင်း ပင်လယ်ရေများ ရောနှောခြင်းကြောင့် ဆီအနံ့နံ့ရခြင်းဖြစ်စဉ်တွင် သီလဝါနှင့်ကျောက်တန်းမှ ဆီမှောင်ခိုသမားများ ပါဝင်နေကြောင်း စားသုံးဆီကိုယ်စားလှယ်များ၏ပြောပြချက်အရ သိရှိရသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အချို့၌ ပြည်ပမှဝယ်ယူလာသည့် စားသုံးဆီများ၌ အနံ့နံ့ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ဆီများ သယ်ဆောင်လာစဉ် ဆီများအတွင်းသို့ ပင်လယ်ရေ ရောနှောခြင်းကြောင့်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိသည်။

“ဆီအနံ့ နံတဲ့ဖြစ်စဉ်မှာ သီလဝါနဲ့ ကျောက်တန်းဘက်က ဆီမှောင်ခိုလုပ်တဲ့သူတွေပါတယ်လို့သိရတယ်။ တင်လာတဲ့ဆီတွေကို ထုတ်ပြီး ပင်လယ်ရေတွေ ပြန်ရောထည့်လိုက်ကြတယ်။ အဲဒီတလောတုန်းကကျောက်တန်းဘက်မှာဆို စားသုံးဆီတွေ ဈေးပေါပေါနဲ့ရတယ်။ နောက်ပြီးရန်ကုန်ဘက်ကိုလည်း မှောင်ခိုထုတ်ထားတဲ့ဆီတွေ တင်ရောင်းကြတယ်ပြောတယ်။ အခုတော့ ဆီထုတ်တဲ့သူတွေ ငြိမ်နေတာ တစ်လကျော်လောက်ရှိပြီ”ဟု ဒဂုံမြို့နယ်အတွင်းမှ စားသုံးဆီကိုယ်စားလှယ်တစ်ဦးက ပြောပြခဲ့သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးမှု ဖူလုံရန် လိုအပ်ချက်ကြောင့် ပြည်ပမှ စားသုံးဆီများကို နှစ်စဉ်ဝယ်ယူရလျက်ရှိပြီး လက်ရှိအချိန်တွင် မလေးရှားနိုင်ငံမှစားသုံးဆီများကို အဓိကဝယ်ယူတင်သွင်းလျက်ရှိကြောင်း သိရသည်။

# နယ်စပ်ကုန်သွယ်ရေးအတွက် ငွေလွှဲပြောင်းခြင်းများကို မြန်မာ့စီးပွားရေးဘဏ်(စစ်တွေ)နှင့် ဘင်္ဂလားဒေ့ရှ်မှ ဆိုနာလီဘဏ်တို့ဖြင့် ဆက်သွယ်ဆောင်ရွက်သွားမည်

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ကုန်သွယ်ရေးလုပ်ငန်းအတွက်အရေးပါသောငွေလွှဲပြောင်းခြင်းများကို မြန်မာ့စီးပွားရေးဘဏ်(စစ်တွေ)နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆိုနာလီဘဏ်တို့ ချိတ်ဆက်ကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေနယ်စပ်ကုန်သွယ်ရေးနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင်နယ်စပ်ကုန်သွယ်မှုပမာဏသည်ကျဆင်းခဲ့သည့်အတွက် လာမည့်နှစ်ပိုင်းတွင်လေ။ အခုဆိုရင် စစ်တွေစီးပွားရေးဘဏ်နဲ့တိုက်ရိုက်ဆက်သွယ်လိုက်ပြီဆိုတော့ စစ်တွေနယ်စပ်ကုန်သွယ်ရေးဟာပိုမိုအားကောင်းလာနိုင်တယ်။ လုပ်ကိုင်ရတာလည်းအဆင်ပြေလာနိုင်တယ်။ စစ်တွေနယ်စပ်ကုန်သွယ်ရေးရဲ့ရာထားချက်တွေလည်းကျော်လွန်လာနိုင်တယ်။ စစ်တွေနယ်စပ်ကုန်သွယ်ရေးဟာ FOB စနစ်နဲ့လည်းတိုက်ရိုက်တင်ပို့နိုင်တာကြောင့် အားသာချက်တွေရှိလာမှာတော့ သေချာတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

၂၀၁၁-၂၀၁၂ခုနှစ်စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှကုန်သွယ်မှု

## မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ ကုန်သွယ်မှုလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာတွင် နယ်စပ်ကုန်သွယ်မှုပမာဏသည် ကျဆင်းခဲ့သည့်အတွက် လာမည့်နှစ်ပိုင်းတွင်ကုန်သွယ်မှုပမာဏမြင့်မားလာရေးအတွက် စစ်တွေဘဏ်နှင့်ဆိုနာလီဘဏ်တို့သဘောတူညီမှု တစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့ . . .

ကုန်သွယ်မှုပမာဏမြင့်မားလာရေးအတွက် စစ်တွေဘဏ်နှင့်ဆိုနာလီဘဏ်တို့ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ ယင်းစာချုပ်အရ အမေရိကန်ဒေါ်လာငါးသောင်းနှင့်အထက် ငွေလွှဲလက်မှတ်များကိုအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခင်က ငွေကြေးရှင်းလင်းရာတွင် မောင်တောဘဏ်တစ်ခုတည်းကိုသာ အသုံးပြုခဲ့ရသဖြင့် အဆင်မပြေမှုများရှိခဲ့ကြောင်းလည်း သိရသည်။

"အရင်ကမောင်တောဘဏ်နဲ့ချိတ်ဆက်အသုံးပြုခဲ့ရတာကြောင့် လုပ်ငန်းဆောင်ရွက်ချက်တွေနှေးခဲ့ရတာလည်းရှိတယ်။ ပြီးတော့ငွေလွှဲလက်မှတ်ကလည်းသေးတယ်ပမာဏကို အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၉၅၁ သန်းအထိရာထားဆောင်ရွက်ခဲ့ရာ အောက်တိုဘာလကုန်အထိကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၉ သန်းခန့်ရှိခဲ့ပြီဖြစ်သဖြင့် ၆၄ ဒသမ ၇၉ ရာနှုန်းအထိဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်းသွင်းကုန်ထက် ထုတ်ကုန်များကိုအလေးထားဆောင်ရွက်ရာတွင် ကုန်စည်အသစ်များကိုတင်ပို့နိုင်ရေးမှာအရေးပါကြောင်းနှင့် ကုန်သွယ်မှုတန်ဖိုးမြင့်မားရေးမှာလည်းအဓိကကျသောအကြောင်းအရာများဖြစ်ကြောင်းလည်း သိရှိရပါသည်။

*လှိုင်(စစ်တွေ)*



**မျက်နှာဖုံးသတင်း "မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် . . ."မှ အဆက်**

မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောင်းချမည့် ရခိုင်ကမ်းလွန်ဒေသရှိရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ရခိုင်ပြည်နယ်အတွက် ခွဲဝေသုံးစွဲခွင့်ရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ညှိနှိုင်းစီစဉ်ဆောင်ရွက်ခဲ့ရာ သဘောတူညီမှုအချို့ကိုရရှိခဲ့ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ထိုသို့ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို ရခိုင်ပြည်နယ်ရှိ ပြည်သူများအသုံးပြုနိုင်ရန် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားနိုင်ငံ Daewoo International Corporation ဦးဆောင်သည့်စီမံကိန်းဆိုင်ရာ အစုရှယ်ယာဝင်များနှင့် ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခင်က ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အေ-၁နှင့်အေ-၃တွင် အကောင်အထည်ဖော်လျက်ရှိသောရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှထွက်ရှိလာသည့် ဘဘာဝဓာတ်ငွေ့များကို မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့ကို ဖြတ်သန်းသွယ်တန်းကာ မြန်မာ-တရုတ်နယ်စပ်မူဆယ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ရောင်းချနိုင်ရန် ပြည်ပပို့သဘာဝဓာတ်ငွေ့အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရှိရသည်။

စီမံကိန်းမှထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များအနက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်တွင်းသုံးစွဲရေးအတွက် ရယူသုံးစွဲခွင့်ရှိရာ ကနဦးဆွေးနွေးညှိနှိုင်းမှုအရ မြန်မာနိုင်ငံ၏ စက်ရုံ၊ အလုပ်ရုံများတည်ရှိရာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မကွေးတိုင်းဒေသကြီး ရေနံချောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ဘဲလင်းတို့၌ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်မည့်လိုင်းခွဲများဖြင့် ထုတ်ယူသုံးစွဲသွားရန် သဘောတူညီထားကြောင်း သိရှိရသည်။

"ရွှေစီမံကိန်းကနေ သဘာဝဓာတ်ငွေ့အနည်းငယ်တော့စပြီးထွက်နေပါပြီ။ မြန်မာ-တရုတ်ဓာတ်ငွေ့ပိုက်လိုင်းက မပြီးသေးတဲ့အတွက် ပြည်ပကိုတော့ တင်ပို့တာမရှိသေးပါဘူး။ ဒေသခံအများပြည်သူတွေရဲ့ဆန္ဒတွေအရသက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းမှာ ဆွေးနွေးပြီး သဘောတူညီချက်ရရှိခဲ့တာပဲဖြစ်ပါတယ်"ဟု စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ထပ်မံထွက်ရှိလာမည့် ကမ်းလွန်ဓာတ်ငွေ့မြေစီမံကိန်းသစ်နှစ်ခုမှ သဘာဝဓာတ်ငွေ့များကိုပြည်ပသို့ရောင်းချခြင်းထက် ပြည်တွင်းသုံးစွဲရန်အတွက်သာတိုးမြှင့်ရယူသွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းသုံးအတွက် တစ်နေ့လျှင် ကုဗပေသန်း ၁၆၀ အထိတိုးမြှင့်ရယူဖြန့်ဝေရေးအတွက် ၂၀၁၃ ခုနှစ်တွင်ထွက်ရှိလာမည့်ကမ်းလွန် ဓာတ်ငွေ့မြေစီမံကိန်းသစ်နှစ်ခုမှ သဘာဝဓာတ်ငွေ့များကိုပြည်တွင်း၌သာပိုမိုသုံးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုပြင် ၂၀၁၆ ခုနှစ်တွင် ထပ်မံတိုးမြှင့်ရရှိလာမည့် လုပ်ကွက် M-3 အောင်သိဒ်ဓိစီမံကိန်းမှ ဓာတ်ငွေ့များကို ပြည်တွင်း၌ အဆင်ပြေစွာဖြန့်ဝေနိုင်ရန်အတွက်လည်း လက်ရှိပြည်တွင်းပိုက်လိုင်းစနစ်များကို Master Plan ရေးဆွဲကာပြုပြင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ သဘာဝဓာတ်ငွေ့များကိုပြည်တွင်းသုံးအတွက် ပိုမိုဖြန့်ဝေပေးမည်ဖြစ်ရာ သဘာဝဓာတ်ငွေ့များပို့လွှတ်ရာတွင်အသုံးပြုသည့် ရိုးရိုးသံပိုက်များအစား PE Coated ခေါ် ပလတ်စတစ်ဖုံးသံမဏိပိုက်များ အစားထိုးလဲလှယ်ခြင်း၊ အသစ်ခင်းကျင်းခြင်းတို့ကို နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၁၂၆ သန်းခန့်နှင့် မြန်မာငွေကျပ် ၁၇ ဘီလျံခန့်ကျခံ၍ နှစ်နှစ်အတွင်းပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

*ဝေယံဖြိုးဦး*

# စားကျက်မြေများအား လူနေရပ်ကွက်အဖြစ် အသွင်ပြောင်းဖော်ဆောင်မှုအချို့ရှိကြောင်း သိရ

ကျောက်တန်းမြို့နယ်အတွင်းရှိ ကျွဲနွားစားကျက်မြေအဖြစ်အသုံးပြုနေသော မြေကွက်များအား လူနေကွက်များအဖြစ် အသွင်ပြောင်းဖော်ဆောင်မှုအချို့ရှိနေကြောင်း စုံစမ်းသိရှိရသည်။

"စုစုပေါင်း ၂၅ ပေ၊ ပေ ၅၀ အကွက်ပေါင်း ၃၀၀၀ ကျော်လောက်တော့ရှိမယ်။ အားလုံးက ကျွဲနွားစားကျက်မြေတွေပါပဲ။ ဒါတွေကိုအကွက်ရိုက်ပြီး အုပ်ချုပ်ရေးမှူးကချပေးတာပါ။ အခုနောက်ပိုင်း ဒီဘက်မှာမြေဈေးတွေကတက်နေတော့ အကွက်မချသေးခင်ကတည်းက ဈေးကောင်းပေးနေကြပြီ။ အစကတော့ နေစရာအိမ်မရှိတဲ့သူတွေကိုပေးမယ်ပြောထားပေးမယ့် တကယ်အကွက်လည်းချပေးရော ရွာသားအတော်များများမရလိုက်ဘူး။ နီးစပ်ရာနဲ့ တခြားရွာကအုပ်ချုပ်ရေးမှူးတွေပဲရသွားကြတယ်"ဟု ကျွဲနွားစားကျက်မြေများအား လူနေအိမ်အဖြစ်အကွက်ဖော်မှုပြုလုပ်သည့် ကျောက်တန်းမြို့နယ်၊ မော်ဝန်းချောင်းတစ်ဖက်ကမ်း၊ ဖွဲဘာရွာမှရွာသားတစ်ဦးက ပြောပြခဲ့သည်။

မြန်မာနိုင်ငံတွင် ကျွဲနွားစားကျက်မြေစီမံခန့်ခွဲခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တည်ဆဲဥပဒေများနှင့်အညီဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏အဆင့်ဆင့်တင်ပြချက်များအရ သီးခြားဆောင်ရွက်လျက်ရှိနေပြီး စားကျက်မြေများအား အသွင်ပြောင်းဖော်ဆောင်မှုပြုလုပ်လိုပါက ဌာနသို့ အကြောင်းအကျိုးကိုဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း၊ ဌာနမှအဆိုပါစားကျက်မြေအား စွန့်လွှတ်မှသာ အသွင်ပြောင်းဖော်ဆောင်ခွင့်ကိုရရှိမည်ဖြစ်ကြောင်း သိရသည်။




# တစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်းရှစ်သောင်းငါးထောင်ဝန်းကျင်အထိကျဆင်းနေသည့် အခေါက်ရွှေဈေးနှုန်း ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ကျပ်ခုနစ်သိန်းအထက်သို့ ဈေးနှုန်းပြန်လည်မြင့်တက်

တစ်ကျပ်သားလျှင်ကျပ်ခြောက်သိန်းရှစ်သောင်းငါးထောင်ဝန်းကျင်အထိဈေးနှုန်းကျဆင်းနေသည့်အခေါက်ရွှေဈေးနှုန်းမှာ ဇန်နဝါရီလ ၆ ရက်နေ့မှစတင်၍ကျပ်ခုနစ်သိန်းအထက်သို့ဈေးနှုန်းမြင့်တက်မှုရှိလာကြောင်း ရွှေအရောင်းဈေးကွက်မှ သတင်းရရှိပါသည်။

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ မတိုင်ခင်က ပြည်တွင်းဈေးကွက်၌ အခေါက်ရွှေဈေးနှုန်းမှာတစ်ကျပ်သားလျှင် ကျပ်ခုနစ်သိန်းနှစ်သောင်းကျော်အထိအရောင်းအဝယ်ပြုလုပ်ခဲ့ကြပြီး ၁၂ ရက်နေ့၌ နိုင်ငံတာဈေးကွက်တွင် ရွှေဈေးနှုန်းများစတင်ကျဆင်းလာသဖြင့်ပြည်တွင်းဈေးကွက်တွင်လည်း ဒီဇင်ဘာလ ၁၄ ရက်နေ့မစ၍ ကျပ်ခုနစ်သိန်းအောက်သို့ကျဆင်းခဲ့ကြောင်းသိရသည်။ အဆိုပါ အခေါက်ရွှေဈေးနှုန်းမှာ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တစ်ကျပ်သားလျှင်ကျပ်ခြောက်သိန်းရှစ်သောင်းငါးထောင်ဝန်းကျင်အထိကျဆင်းမှုများဖြစ်ပေါ်ခဲ့ကာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှစတင်ကာ ဈေးနှုန်းတက်ရိပ်ပြလာခဲ့ရာမှ ဇန်နဝါရီ




လ ၆ ရက်နေ့တွင် ကျပ်ခုနစ်သိန်းအထက်သို့ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဈေးကွက်အတွင်းအခေါက်ရွှေ တစ်ကျပ်သားကျပ်ခုနစ်သိန်းအောက်သို့စတင်ကျဆင်းသည့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် နိုင်ငံတကာဈေးကွက်၌ နယူးယောက်ပေါက်ဈေးမှာရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၇၆ ဒသမ ၅၀ ရှိခဲ့ပြီး ရွှေတစ်ကျပ်သားကျပ်ခုနစ်သိန်းအထက်သို့စတင်ပြန်လည်ရောက်ရှိသည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင်မူ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၂၁ ဒသမ ၆၀ ဖြစ်ပေါ်လျက်ရှိသည်။

"ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ ရွှေဈေးနှုန်းကငွေမာဈေးအပေါ်မူတည်သလိုနိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ဈေးနှုန်းအပေါ်လည်းမူတည်ပါတယ်။ တစ်ခါတလေနိုင်ငံတကာဈေးကွက်မှာရွှေဈေးနှုန်းတွေကျနေပေမယ့် ပြည်တွင်းမှာငွေမာလဲလှယ်မှုနှုန်းထားမြင့်နေရင်လည်းရွှေဈေးကထင်သလောက်မကျဘဲဖြစ်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကသုံးသပ်ပါသည်။

## ယခုနှစ်ကွန်တိန်နာဖြင့် ပို့ကုန်တင်ပို့မှုများပြားသည့် ရာသီတွင် သင်္ဘောလိုင်းများ ယခင်နှစ်များကဲ့သို့ သင်္ဘောစင်းရေထပ်မံတိုးမြှင့်ခြင်းမရှိ

ယခုနှစ်ကွန်တိန်နာဖြင့် ပို့ကုန်များတင်ပို့မှု များပြားသည့် ရာသီသို့ ရောက်ရှိနေသော်လည်း သင်္ဘောလိုင်းများ ယခင်နှစ်များကဲ့သို့ သင်္ဘောစင်းရေများထပ်တိုးပြေးဆွဲရန် ပြင်ဆင်မှုမရှိဘဲ နိုင်ငံတကာသွားကုန်တင်သင်္ဘောများဝင်ရောက်ထွက်ခွာမှုသိသိသာသာ လျော့ကျနေကြောင်း ကွန်တိန်နာသင်္ဘောလိုင်းအသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ကွန်တိန်နာသင်္ဘောလိုင်းအဖြစ် လန်းပြီ၊ KMA၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ACL ၊GATI ၊China Shipping ၊ Samudera၊ IAL၊ OEL, TS, RCL စသည့်သင်္ဘောလိုင်းများရှိပြီး ကွန်တိန်နာတင်ပို့မှုများပြားသည့်ပွင့်လင်းရာသီကာလသို့ရောက်တိုင်း သင်္ဘောစင်းရေများထပ်တိုးပြေးဆွဲခြင်းကိုပြုလုပ်ကြ ကြောင်း သိရသည်။

“ပွင့်လင်းရာသီမတိုင်ခင်မှာ လုပ်ငန်းမကောင်းခဲ့ပေမယ့်အောက်တိုဘာ၊ နိုဝင်ဘာရောက်တော့မယ်ဆိုရင်ကိုယ့်ရဲ့လိုင်းမှာသင်္ဘောစင်းရေတိုးတာတို့၊ လုပ်ငန်းမကောင်းတုန်းကနားထားတဲ့သင်္ဘောတွေပြန်ထည့်တာတို့ လုပ်ကြပါတယ်။ အခုနှစ်ကတော့ အဲဒီအချိန်ကတည်းက သင်္ဘောတွေ ပြန်ထည့်တာတို့၊ စင်းရေထပ်တိုးတာတို့လုပ်တဲ့ သင်္ဘောလိုင်းမရှိဘူး”ဟုကွန်တိန်နာသင်္ဘောလိုင်းတစ်ခုမှတာဝန်ရှိသူကဆိုပါသည်။

လက်ရှိတွင်မူ ကွန်တိန်နာဖြင့်ကုန်စည်များတင်ပို့မှုများပြားသည့်ရာသီ(ကွန်တိန်နာရာသီ)သို့ရောက်ရှိနေသော်လည်း သင်္ဘောလိုင်းများ အနေဖြင့် ပို့ကုန်တင်ပို့ရန်အတွက် ပြင်ဆင်မှုထူးထူးခြားခြား ပြုလုပ်ရခြင်းမရှိဟု သိရသည်။ ယခုနှစ် တွင် တင်ပို့မည့်ကုန်ပစ္စည်း ရှားပါးခြင်း၊ ငွေမာဈေးနှုန်း အပြောင်းအလဲဖြစ်ပေါ်ပြီး တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် ကွန်တိန်နာဖြင့် ပို့ကုန်တင်ပို့သည့်ဈေးကွက်မှာ ငြိမ်သက်လျက်ရှိကြောင်း လုပ်ငန်းရှင်အသိုင်းအဝိုင်းမှကြားသိရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံသို့ ကွန်တိန်နာတင်သင်္ဘောများ ဝင်ရောက်မှုထွက်ခွာမှုမှာလည်း ထက်ဝက်ခန့်လျော့ကျသွားကြောင်း သိရသည်။

လက်ရှိအချိန်တွင်လည်း ဆန်ဈေးကွက်ရှိ ဆန်ဈေးနှုန်းများ ကျဆင်းနေပြီး ပြည်ပမှ ဆန်အဝယ်မလိုက်သည့်အတွက် ပြည်တွင်းဆန်ဈေးကွက် ဆက်လက်ရှင်သန်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းမှ တင်ဒါစနစ်ဖြင့် ဆန်အိတ်များ ဝယ်ယူနေကြောင်းလည်း သိရပါသည်။

## ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံများမှ လက်ခစားစနစ် လုပ်ကိုင်ခွင့်ပေးရန် တင်ပြမှုအပေါ် ရှေ့ပြေးစီမံကိန်းတစ်ခုဖြင့် စမ်းသပ်ဆောင်ရွက်ခွင့်ပြု



ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံများတွင် ကုန်ကြမ်းရှားပါးမှုပြဿနာလျော့နည်းစေရန်အတွက်လက်ခစား(CMP) စနစ်လုပ်ကိုင်ခွင့်ရရန်တင်ပြမှုများအပေါ်ရှေ့ပြေးစီမံကိန်းတစ်ခုဖြင့်စမ်းသပ်လုပ်ကိုင်ရန်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနကခွင့်ပြုပေးလိုက်ကြောင်း မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းမှတာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

“လက်ခစားအလုပ်ကို နိုင်ငံအတော်များများမှာလုပ်နေကြပါတယ်။ တရုတ်မှာလည်းအကြီးအကျယ်လုပ်တယ်။အိမ်နီးချင်းထိုင်းနဲ့ဗီယက်နမ်တို့မှာလည်းအကြီးအကျယ်လုပ်တဲ့လုပ်ငန်းဖြစ်တဲ့အတွက် ဒီမှာလည်း လုပ်ဖို့တင်ပြတဲ့အခါမှာ (pilot project) စံနမူနာတစ်ခု လုပ်ပါလို့ ဝန်ကြီးက ခွင့်ပြုပေးတယ်။ ဒါကိုလည်းဝန်ကြီးခွင့်ပြုချက်နဲ့ MIC ကိုတင်ရမှာဖြစ်ပါတယ်။ MIC ကခွင့်ပြုပြီးတာနဲ့ စမ်းသပ်လုပ်ကိုင်ဖို့စိုင်းပြင်းနေပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီစနစ်ကိုအကျွမ်းတဝင်မရှိသေးတဲ့အတွက် လူတိုင်းလူတိုင်းကိုဖွင့်မပေးသေးဘဲနဲ့ နည်းစနစ်တစ်ခုကိုပီပီပြင်ပြင်ရပြီးတဲ့အခါမှသာ အကုန်လုံးကို ဖွင့်ပေးနိုင်မှာဖြစ်တဲ့အတွက်စံနမူနာပရောဂျက် တစ်ခု၊ ရှေ့ပြေးပရောဂျက်တစ်ခုကိုပဲ စမ်းသပ်လုပ်ကိုင်ဖို့စီစဉ်ဆောင်ရွက်နေပါတယ်” ဟု အသင်းမှတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာတိုးနန္ဒာတင်က ရှင်းပြခဲ့သည်။

ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံများမှာ ကုန်ထုတ်လုပ်ရန်အတွက် ရေထွက်ကုန်ကြမ်းရရှိရန် ရာသီအချိန်အခါကာလအကန့်အသတ်ရှိခြင်း၊ သဘာဝရာသီဥတုဖောက်ပြန်မှုကြောင့် ကုန်တက်နည်းလာခြင်းနှင့်ကုန်တက်ချိန်မမှန်ခြင်းတို့ကို ကြုံတွေ့နေရကြောင်းသိရသည်။ ကုန်ရရှိမှုမမှန်ခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် ပုံမှန်ကုန်ရရှိမှုအပေါ်ယုံကြည်မှုအားနည်းလာခြင်း၊ စက်ရုံများကုန်ကြမ်းရရှိမှုမမှန်သည့်အတွက် ထုတ်လုပ်မှုစရိတ်များမြင့်မားလာသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းများအခြားလုပ်ငန်းများသို့ ပြောင်းရွှေ့ခြင်းကြောင့် ဝန်ထမ်းရှားပါးလာခြင်းတို့ကိုပါတွေ့ကြုံနေရကြောင်းသိရသည်။ စက်ရုံများ ပုံမှန်လည်ပတ်နိုင်ရန်၊ ဝင်ငွေပိုရရန်နှင့် နိုင်ငံတကာဈေးကွက်တွင် အခြားနိုင်ငံမှတင်ပို့သူများနည်းတူဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်တွင်းတွင်မရှိသောငါးကုန်ကြမ်းများအားတင်သွင်းပြီး ပြည်တွင်းတွင်ပြုပြင်၍ ပြည်ပဈေးကွက်သို့ကုန်ချောအဖြစ်ပြန်လည်ရောင်းချသည့်လုပ်ငန်းများလုပ်ကိုင်နိုင်ရန်လည်း လိုအပ်ကြောင်းသိရသည်။ ထို့အတူ ကုန်ကြမ်းအစားအဆင့်မြင့်ကုန်ချောထုတ်လုပ်မှုနှင့်တင်ပို့မှုအပေါ်သက်ဆိုင်ရာကပံ့ပိုးကူညီပေးရန်လည်းလိုအပ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့်စက်ရုံပေါင်း ၁၀၀ ကျော်ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင်အများစုတည်ရှိကြောင်း သိရှိရပါသည်။ မင်းသီဟဇော်

## မြန်မာ့လေကြောင်းမှ အသစ်ထပ်မံဝယ်ယူမည့် လေယာဉ်များရောက်ရှိလာပါက ကမ်းလွန်ရေနံ ပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်လုပ်ကိုင်သွားမည်ဟုသိရ

မြန်မာ့လေကြောင်းလိုင်းမှ အသစ်ထပ်မံဝယ်ယူမည့် ခရီးသည် ၁၉ ဦးဆန့် Beech craft 1900D လေယာဉ်များရောက်ရှိလာပါက မြန်မာ့ကမ်းလွန်နှင့်ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။

မြန်မာနိုင်ငံအတွင်းရှိ လေယာဉ်ကွင်းတိုများနှင့်အခြားလေကြောင်းစီးပွားရေးကဏ္ဍများတွင် အသုံးပြုရန် မြန်မာ့လေကြောင်းမှ လေယာဉ်သစ်နှစ်စီး ထပ်မံဝယ်ယူသွားမည်ဖြစ်ပြီး အဆိုပါလေယာဉ်များမှာ ယခုလအတွင်းရောက်ရှိမည်ဖြစ်သည်ဟု သိရသည်။

မြန်မာ့လေကြောင်းသည် ကမ်းလွန်နှင့် ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍတွင် ပါဝင်လုပ်ကိုင်နိုင်ရန် ပထမအဆင့်အနေဖြင့် ဘက်စုံသုံး ခရီးသည်၊ ကုန်ပစ္စည်းတင် လေယာဉ်ငယ်များအား စတင်ဝယ်ယူခဲ့ပြီး နောက်ပိုင်းတွင် ကမ်းလွန်ရေနံလုပ်ငန်းခွင်၏ အဓိကလုပ်ငန်းဖြစ်သောရဟတ်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအားဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်များအားထပ်မံဝယ်ယူသွားမည်ဟုလည်း စုံစမ်းသိရှိရပါသည်။

“မြန်မာ့လေကြောင်းအနေနဲ့ ကမ်းလွန်ရေနံလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်နိုင်ဖို့ Crew တွေကို လုပ်ငန်းအတွေ့အကြုံရှိအောင် ရဟတ်ယာဉ်ကုမ္ပဏီတွေမှာလေ့ကျင့်လုပ်ကိုင်ပြီးသားဖြစ်ပါတယ်။ ဒီလုပ်ငန်းခွင်ကို နိုင်ငံခြားကုမ္ပဏီတွေပဲ လာရောက်လုပ်ကိုင်နေတဲ့ အတွက် နိုင်ငံအနေနဲ့ Royalty ပဲရပါတယ်။ မြန်မာ့လေကြောင်းကသာဝင်ရောက်လုပ်ကိုင်နိုင်မယ်ဆိုရင် ဒီအကျိုးအမြတ်တွေကို နိုင်ငံကရရှိနိုင်မှာဖြစ်ပါတယ်” ဟုဝါရင့်လေယာဉ်မှူးကြီးတစ်ဦးက ပြောကြားခဲ့ပါသည်။

**ယင်းလုပ်ငန်းခွင်၏ အဓိကလုပ်ငန်းဖြစ်သော ရဟတ်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံခြားမှ ရဟတ်ယာဉ်ကုမ္ပဏီများမှ လာရောက်လုပ်ကိုင်...**

၁၉၉၃ ခုနှစ်မှစတင်ခဲ့သော မြန်မာနိုင်ငံကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို နိုင်ငံခြားကုမ္ပဏီများမှ အများဆုံးလုပ်ကိုင်လျက်ရှိရာတွင် ယင်းလုပ်ငန်းခွင်၏ အဓိကလုပ်ငန်းဖြစ်သော ရဟတ်ယာဉ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံခြားမှရဟတ်ယာဉ်ကုမ္ပဏီများမှ လာရောက်လုပ်ကိုင်မှုရှိကြောင်း သိရသည်။

အဓိကလာရောက်လုပ်ကိုင်နေသော ကုမ္ပဏီများမှာ ပြင်သစ်နိုင်ငံမှ Heliunion ၊ ဩစတြေးလျနိုင်ငံမှ Heavy Lift၊ တရုတ်နိုင်ငံမှ China Off Shore Helicopter ကုမ္ပဏီနှင့် နယူးဇီလန်နိုင်ငံ၏ HNZ တို့ဖြစ်ပါသည်။

## ရန်ကုန်-မန္တလေး အမှတ်(၂၉)နှင့် မန္တလေး-ရန်ကုန် အမှတ်(၃၀)ရထားပြေးဆွဲမှုများအား ဖျက်သိမ်းပြီးအမြန်ရထားများ အချိန်ပြောင်းလဲ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားမှ ရန်ကုန်–မန္တလေး အမှတ်(၂၉)အဆန်ရထားနှင့် မန္တလေး–ရန်ကုန် အမှတ်(၃၀)အစုန်ရထားပြေးဆွဲမှုများအားဖျက်သိမ်း၍ အမြန်ရထားများအားအချိန်ပြောင်းလဲပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရှိရပါသည်။

ယင်းကဲ့သို့ ပြေးဆွဲမှုအစီအစဉ်များဖျက်သိမ်းရာတွင် ရန်ကုန်မှ မန္တလေးသို့ ပြေးဆွဲလျက်ရှိသည့် ရန်ကုန်–မန္တလေး အမှတ်(၂၉) အဆန်ရထားပြေးဆွဲမှုအား ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့မှစတင်၍လည်းကောင်း၊ မန္တလေးမှရန်ကုန်သို့ ပြေးဆွဲလျက်ရှိသည့်မန္တလေး–ရန်ကုန် အမှတ်(၃၀)အစုန်ရထားပြေးဆွဲမှုအားဇန်နဝါရီလ ၇ ရက်နေ့မှစတင်၍လည်းကောင်းပြေးဆွဲမှုများအားဖျက်သိမ်းခြင်းဖြစ်ပြီး ယင်းကဲ့သို့ပြေးဆွဲမှုများ ဖျက်သိမ်းရခြင်းမှာ ခရီးသည်လိုက်ပါစီးနင်းမှုနည်းပါးခြင်းကြောင့်ဖြစ်ကြောင်းမြန်မာ့မီးရထားမှတာဝန်ရှိသူတစ်ဦးကပြောပြခဲ့သည်။

ရန်ကုန်–မန္တလေး ပြေးဆွဲနေသည့်အမှတ်(၃)အဆန် အမြန်ရထားနှင့်မန္တလေး–ရန်ကုန် ပြေးဆွဲနေသည့်အမှတ်(၄)အစုန်အမြန် ရထားကိုလည်း၂၀၁၂ ခုနှစ်ဇန်နဝါရီလ ၈ ရက်နေ့မှစတင်၍ယခင်က ည ၇ နာရီထွက်ခွာချိန်အစား ညနေ ၅ သို့ ပြောင်းလဲကြောင်း သိရသည်။







## နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်တွင် နိုင်ငံတော်ဧည့်ဂေဟာ စတင်တည်ဆောက်နေ



နေပြည်တော် ဒက္ခိဏာသီရိမြို့နယ်၌ နိုင်ငံတော်ဧည့်ဂေဟာ စတင်တည်ဆောက်နေကြောင်း သတင်းရရှိသည်။

အဆိုပါနိုင်ငံတော်ဧည့်ဂေဟာကို စတင်တည်ဆောက်ရန်အတွက် ဒီဇင်ဘာလအတွင်းပန္နက်တင်အခမ်းအနားများကျင်းပခဲ့ပြီး ဧည့်ဂေဟာတည်ဆောက်ရန်အတွက် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ဧည့်ဂေဟာ တည်ဆောက်မည့်မြေနေရာသည် သံတမန်ဇုန်နှင့် ရန်ကုန်–မန္တလေးအမြန်လမ်းမှ နေပြည်တော်သို့ ဝင်ရောက်သည့် စီလမ်းမကြီးဘေးတွင် တည်ရှိကြောင်း သိရှိရသည်။

၎င်း နိုင်ငံတော်ဧည့်ဂေဟာကြီးကို ပုဂ္ဂလိကကုမ္ပဏီများဖြစ်သည့် ထူးကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီနှင့် အခြားပုဂ္ဂလိကကုမ္ပဏီများမှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

*နေပြည်တော်ပျဉ်းမနားသတင်းအဖွဲ့*

## ရွှေတိဂုံစေတီတော်သို့ ၂၀၁၁ ခုနှစ်အတွင်း ဧည့်နိုင်ငံခြားသား ၂၂၀၀၀၀ ဝန်းကျင် တက်ရောက်မှုရှိခဲ့

ရွှေတိဂုံစေတီတော်သို့ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း ဧည့်နိုင်ငံခြားသား ၂၂၀၀၀၀ ဝန်းကျင်တက်ရောက်မှုရှိခဲ့ပြီး ခုနစ်နှစ်တာကာလအတွင်း ဧည့်နိုင်ငံခြားသားတက်ရောက်မှု အများဆုံးနှစ်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ရွှေတိဂုံစေတီတော်သို့ ဧည့်နိုင်ငံခြားသားများတက်ရောက်ရာတွင် ထိုင်း၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ စပိန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ ဘရာဇီးလ်အစရှိသော နိုင်ငံပေါင်း ၄၀ ဝန်းကျင်မှ နိုင်ငံသားများတက်ရောက်မှုရှိကြသည်။ ထို့ကြောင့် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရွှေတိဂုံစေတီတော်သို့ ဧည့်နိုင်ငံခြားသားများတက်ရောက်မှု၌ ၂၀၁၁ ခုနှစ်အတွင်းအများဆုံးဖြစ်ခဲ့ကာ ၂၀၀၈ ခုနှစ်၌ အနည်းဆုံးဖြစ်ခဲ့သည်။

"ရွှေတိဂုံစေတီတော်ကို ဧည့်နိုင်ငံခြားသားတက်ရောက်မှုက တစ်နှစ်ကိုတစ်သိန်းကျော်ပုံမှန်ရှိပေမယ့် ၂၀၀၈ ခုနှစ်တုန်းကတော့ ၇၈၃၂၃ ဦးပဲတက်ရောက်မှုရှိခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်အတွင်းမှာတော့ ဧည့်နိုင်ငံခြားသားတက်ရောက်မှုအရေအတွက်က နှစ်သိန်းနှစ်သောင်းဝန်းကျင်ရှိတာကြောင့် ဧည့်နိုင်ငံခြားသားတက်ရောက်မှုက ခုနစ်နှစ်တာကာလအတွင်းအများဆုံးနှစ်ဖြစ်ခဲ့ပါတယ်။ ဒီနှစ်အတွင်းမှာ ရွှေတိဂုံစေတီတော်နှစ် ၂၆၀၀ ပြည့်ပွဲတော်ကျင်းပမှာဖြစ်လို့ ဧည့်နိုင်ငံခြားသားတက်ရောက်မှုပိုမြင့်တက်လာနိုင်မယ်လို့မှန်းထားပါတယ်"ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

ခုနစ်နှစ်တာကာလအတွင်း ရွှေတိဂုံစေတီတော်သို့ဧည့်နိုင်ငံခြားသားများတက်ရောက်ကြရာတွင် ၂၀၀၉ ခုနှစ်အတွင်းတွင် နိုဝင်ဘာလ၌တက်ရောက်မှုအများဆုံးဖြစ်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်းတွင်လည်း နိုဝင်ဘာလ၌ တက်ရောက်မှုအများဆုံးဖြစ်ခဲ့သည်။

## အိန္ဒိယနိုင်ငံတွင် ကွန်ပျူတာနှင့်သတင်းအချက်အလက် နည်းပညာဆိုင်ရာမဟာဘွဲ့တက်ရောက်ရန် ပညာသင်ဆုခေါ်ယူ

အိန္ဒိယနိုင်ငံရှိ တက္ကသိုလ်များတွင် ကွန်ပျူတာနှင့်သတင်းအချက်အလက်နည်းပညာဆိုင်ရာ (IT) မဟာဘွဲ့တက်ရောက်သင်ကြားရန်အတွက် ပညာသင်ဆုခေါ်ယူထားသည်ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

အဆိုပါပညာသင်ဆုခေါ်ယူခြင်းမှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး ပြည်တွင်းမှကျောင်းသားနှစ်ဦးရွေးချယ်၍ ယင်းပညာသင်ဆုအားပေးအပ်သွားမည်ဟု သိရသည်။ လျှောက်ထားလိုသူများသည် အသက် ၃၅ နှစ်ထက်မကြီးသူ၊ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ကွန်ပျူတာနှင့်ဆိုင်သောဘွဲ့ရရှိပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၌ အသင်းဝင်ထားသူဖြစ်ရမည်ဟု သိရသည်။ လျှောက်လွှာပိတ်ရက်မှာ ဇန်နဝါရီလ ၁၀ ရက်နေ့ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ကွန်ပျူတာပညာရှင်အသင်းရုံးများတွင် လျှောက်ထားနိုင်ကြောင်းသိရသည်။

## ပညာရေးစုံညီပွဲတော်များ၌ ကျောင်းသူကျောင်းသားများ၏ သင်ကြားမှု သင်ယူမှု အထောက်အကူပြုစွမ်းရည်ပြပြိုင်ပွဲများပါ ထည့်သွင်းကျင်းပလာ

အခြေခံပညာကျောင်းများအားလုံးတွင် နှစ်စဉ်ပညာသင်နှစ်မကုန်ဆုံးမီကျင်းပလေ့ရှိသော ပညာရေးစုံညီပွဲတော်များ၌ ကျောင်းသူ၊ ကျောင်းသားများ၏စွမ်းရည်ပြပြိုင်ပွဲများအား ထည့်သွင်းကျင်းပမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်လာကြောင်း သိရှိရသည်။



ကျောင်းသားမိဘများပါဆင်နွှဲနေကြသည့် ပညာရေးစုံညီပွဲတော်တစ်ခုမြင်ကွင်း

အခြေခံပညာကျောင်းများ အားလုံး၌ ၁၉၉၈–၉၉ ခုနှစ် ပညာသင်နှစ်မှစတင်၍ နှစ်စဉ်ဇန်နဝါရီလပထမပတ်အတွင်း ပညာရေးစုံညီပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ပြီး ပညာရေးနယ်မြေအလိုက်၊ ကျောင်းမိသားစုအလိုက်ဒေသအခြေအနေ၊ ဌာနဆိုင်ရာများနှင့်မိဘများပူးပေါင်းပါဝင်မှုတို့ဖြင့် ဘက်စုံပညာထူးချွန်ကျောင်းသူ၊ ကျောင်းသားများအား ပညာသင်နှစ်အလိုက်ဆုချီးမြှင့်ခြင်းအစီအစဉ်များပျော်ပွဲရွှင်ပွဲများ၊ ဈေးရောင်းပွဲတော်များနှင့်အတူ အိမ်တွင်းမှုဆိုင်ရာပြိုင်ပွဲများ၊ ဓာတ်ပုံပြပွဲ၊ ပန်းချီပြိုင်ပွဲများ၊ စက်မှုလက်မှုဆိုင်ရာပြိုင်ပွဲများ၊ မြန်မာ့ရိုးရာလက်မှုပညာပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများစသည့် သင်ကြားမှု သင်ယူမှုအထောက်အကူပြုပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပခြင်းများရှိခဲ့သည်။

"စုံညီပွဲတော်တွေ ကျင်းပရခြင်းရဲ့ အကျိုးဆက်အနေနဲ့ကတော့ ဘက်စုံပညာထူးချွန်ပြီးဆုတက်ယူကြတဲ့ ကျောင်းသားကျောင်းသူတွေကို အချင်းချင်းအတုယူအားကျပြီး ကြိုးစားချင်တဲ့ စိတ်ဓာတ်တွေဖြစ်စေဖို့၊ မိဘတွေအနေနဲ့ကလည်း ဒီပွဲမှာသက်ဆိုင်ရာ ဆရာဆရာမတွေနဲ့တွေ့ဆုံပြီး သားသမီးတွေရဲ့ လိုအပ်ချက်တွေကို လွတ်လွတ်လပ်လပ်တွေ့ဆုံဆွေးနွေးနိုင်တဲ့အတွက် မိဘဆရာပူးပေါင်းပြီး ကလေးတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့နဲ့ နောက်တစ်ချက်ကတော့ တစ်နှစ်တာကာလအတွင်း စာတွေချည်းပဲ သင်ကြားနေရတဲ့ ကလေးတွေအနေနဲ့ ဒီပွဲမှာလွတ်လွတ်လပ်လပ်ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်လွတ်ကိုယ်လွတ်ပါဝင်ဆင်နွှဲနိုင်ကြတဲ့အတွက် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာမှာပါ အားသစ်တွေရရှိစေတဲ့အတွက်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျောင်းသား၊ ကျောင်းသူတွေနဲ့အတူ မိဘတွေလည်းပါဝင်ဆင်နွှဲနိုင်စေမယ့် ပျော်ပွဲရွှင်ပွဲကစားနည်းတွေကိုပါ ထည့်သွင်းထားပါတယ်" ဟု ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးစိန်သွေးက ရှင်းပြခဲ့ပါသည်။

ယင်းအပြင် အဆိုပါစုံညီပွဲတော်များ၌ အငြိမ်းစားကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် သက်ကြီးဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့ကြသည်။

## ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်များအား အင်တာနက်မှ ကြိုတင်ဝယ်ယူနိုင်မည့် ဝက်ဘ်ဆိုက်စတင်

ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်များအား အင်တာနက်မှ ကြိုတင်ဝယ်ယူနိုင်မည့် ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလပထမပတ်အတွင်း စတင်ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါသည်။ အဆိုပါဝက်ဘ်ဆိုက်တွင် ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များအား သုံးရက်ကြိုတင်၍ အင်တာနက်မှတစ်ဆင့် ကြိုတင်ဘိုကင်တင်ကာ ဝယ်ယူနိုင်မည်ဖြစ်ပြီး မိမိဝယ်ယူသည့် လေယာဉ်လက်မှတ်များအား အိမ်တိုင်ရာရောက်စနစ်ဖြင့် လိုက်လံပို့ဆောင်ပေးမည်ဟု သိရသည်။

ယင်းဝက်ဘ်ဆိုက်တွင် လေယာဉ်လက်မှတ်ဈေးနှုန်းအသက်သာဆုံးဖြစ်သည့် လေကြောင်းလိုင်းအားရွေးချယ်ပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိနိုင်ငံတကာအဆင့်မီဟိုတယ်များအား နေရာကြိုတင်မှာကြားခြင်းကို ၂၄ နာရီပြုလုပ်နိုင်ခြင်းစသည့် ဝန်ဆောင်မှုများအား ရရှိနိုင်မည်ဖြစ်ပြီး ယင်းဝက်ဆိုက်၏လိပ်စာမှာ www.uniquesiatravel.com ဖြစ်သည်။

စင်ကာပူနိုင်ငံရှိ အကြီးဆုံးပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ကြီး
ParkwayHealth™
Gleneagles Hospital ▪ Mount Elizabeth Hospital ▪ Parkway East Hospital
နှစ်သစ်တွင် မြန်မာပြည်သူ ပြည်သားများ ကျန်းမာ ရွှင်လန်းကြပါစေကြောင်း
ဆုမွန်ကောင်းတောင်းလိုက်ပါသည်။
24 Hour Helpline: Yangon : 09 430 66666
Mandalay : 09 430 66667
www.ppac.sg
ParkwayHealth မြန်မာပြည်ကိုယ်စားလှယ်ရုံး
ParkwayHealth Patient Assistance Centre ( YANGON )
၁၅ ဘီ၊ တော်ဝင်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးရုံးအနီး၊ ဒဂုံမြို့နယ်၊
Email: ppacmyanmar@gmail.com
Tel: 09 430 66663
09 430 66664
09 430 66665
ParkwayHealth Patient Assistance Centre (MANDALAY)
Swan Hotel အမှတ်(၄၄ ဘီ)၊ ၂၆ လမ်း၊ ၆၆ လမ်းနှင့် ၆၈ လမ်းကြား၊
Email: parkway.mdy@gmail.com
Tel: 09 222 8877
09 203 2115
09 680 2118

## ကူးစက်ရောဂါဖြစ်သည့်အချိန်တွင်တိရစ္ဆာန်များကိုသုတ်သင်ရမှုများရှိသဖြင့် မွေးမြူသူများ ဆုံးရှုံးမှုနည်းစေရန်အာမခံစနစ်ထူထောင်ရန်စီစဉ်

တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားသည့်အချိန်တွင် ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်သည့်အနေဖြင့် သတ်မှတ်ဧရိယာအတွင်းမှ တိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းရမှုများရှိသဖြင့် မွေးမြူသူများထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန်အတွက် မွေးမြူရေးအာမခံစနစ်ကိုထူထောင်ရန် စီစဉ်မှုများရှိလာကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့်အချိန်က ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်စေရန် ထိန်းချုပ်ကာကွယ်သည့်အနေဖြင့် ဖြစ်ပွားရာ မြို့နယ်/ရပ်ကွက်ရှိ သတ်မှတ်ဧရိယာအတွင်းမှ တိရစ္ဆာန်များကို သုတ်သင်ရှင်းလင်းမှုများပြုလုပ်ခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ သုတ်သင်ရှင်းလင်းခံရသည့် တိရစ္ဆာန်များအတွက် သင့်တင့်လျောက်ပတ်သော လျော်ကြေးငွေများထောက်ပံ့ပေးနိုင်ရန်နှင့် မွေးမြူရေးအာမခံစနစ်ထူထောင်သွားရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်းလည်းသိရှိရသည်။

"မွေးမြူရေးအာမခံကို မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်ပေးမှာမဟုတ်ပါဘူး။ ဒီမွေးမြူရေးအာမခံစနစ်ထူထောင်နိုင်ဖို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကတာဝန်ရှိသူတွေ မွေးမြူရေးဇုန်ကတာဝန်ရှိသူတွေနဲ့ လက်ရှိမွေးမြူနေသူတွေ ဝိုင်းဝန်းဆွေးနွေးပြီးမှ ဘယ်လိုလုပ်ရမယ်ဆိုတာထွက်လာမှာပါ။ ဒီအလုပ်ရုံဆွေးနွေးပွဲကထွက်လာတဲ့အဖြေကို သက်ဆိုင်ရာကိုတင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မွေးမြူရေးအာမခံစနစ်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့သည်။

"ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တုန်းကလည်းမွေးမြူသူတွေ ရဲ့ဆုံးရှုံးမှုက တော်တော်လေးဆိုးခဲ့တယ်။ ၂၀၁၁ မှာတော့ ဝက်နားရွက်ပြာရောဂါဖြစ်တယ်။ ဝက်ကျတော့သယ်ယူပို့ဆောင်မှုကိုပဲ ထိန်းချုပ်ခဲ့ကြတယ်။ ဝက်ဈေးတွေကျခဲ့လို့ မွေးမြူသူတွေထိခိုက်ခဲ့ပါတယ်။ ဒီလိုမျိုးဆုံးရှုံးမှုတွေဖြစ်လာရင် မွေးမြူသူတွေ ပြန်လည်ထူထောင်နိုင်ဖို့ မွေးမြူရေးဆိုင်ရာ အာမခံစနစ်ထားဖို့ စိတ်ဝင်စားနေကြပါတယ်"ဟုမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

## ၂၀၁၁ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းတွဲပေါင်း ၈၀၀၀ ကျော်ရောင်းချခဲ့ရ



နေပြည်တော်တွင်ပြုလုပ်သည့် ကျောက်မျက်ရတနာပြပွဲကိုတွေ့ရစဉ်။

၂၀၁၁ ခုနှစ် နှစ်လယ်ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာလ ၂၅ ရက်မှဇန်နဝါရီလ ၃ ရက်နေ့အထိ ၁၀ ရက်ကြာကျင်းပ ပြီးစီးသွားပြီဖြစ်ကြောင်းသိရှိရသည်။

မြန်မာနှစ်လယ်ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ကျောက်စိမ်းတွဲများကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်များဖြင့်ရောင်းချခဲ့ရာ ပြပွဲပြီးဆုံးချိန်တွင် ကျောက်စိမ်းတွဲပေါင်း ၈၂၉၀ တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ကျောက်စိမ်းတွဲများကို အများဆုံးဝယ်ယူခဲ့သူမှာ ဟောင်ကောင်မှ လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီးအများစုကို တရုတ်နိုင်ငံမှ ရတနာကုန်သည်များ ကဝယ်ယူသွားခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံရှိ ကျောက်မျက်ရတနာနယ်မြေများမှ ကျောက်မျက်ရတနာထွက်ရှိမှု နှစ်စဉ်လျော့နည်းလာသော်လည်း ကျောက်စိမ်းထုတ်လုပ်ရောင်းချနိုင်မှုမှာ နှစ်စဉ်တိုးတက်လာကြောင်း သိရသည်။

ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကိုအဓိကလုပ်ကိုင်နေသည့်ရတနာနယ်မြေများဖြစ်သည့် မိုးကုတ်၊မိုင်းရှူး၊ဖားကန့်၊လုံးခင်း၊ခန္တီး၊မိုးညှင်း၊နန့်ယားဒေသများမှ ကျောက်မျက်ရတနာများထွက်ရှိမှုမှာ ယခုဆယ်စုနှစ်ကာလအတွင်းလျော့ကျမှုများရှိလာသည်။

ယခုနှစ်တွင်ပြည်တွင်း၌ ကျောက်မျက်ရတနာပြပွဲများကို ငါးပွဲအထိ ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။

*ဝေယံဖြိုးဦး*

## ငလျင်ဖြစ်နိုင်ခြေကို ခန့်မှန်းနိုင်မည့် GPS လေးလုံးကို ယခုလကုန်တွင် ထပ်မံတပ်ဆင်မည်

မြန်မာနိုင်ငံတွင် အဓိကသက်ရှင်ပြတ်ရွေ့ရှင်ကြီးတစ်ခုဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့၏ ရွေ့လျားနေမှုအရ ငလျင်ဖြစ်နိုင်ခြေကို အကြမ်းဖျင်းခန့်မှန်းနိုင်မည့် GPS ငလျင်တိုင်းတာမှုစနစ်ကို စင်ကာပူနိုင်ငံနှင့် ပူးပေါင်းကာ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလကုန်ခန့်တွင် ထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီမှ အတွင်းရေးမှူးဦးစိုးသူရထွန်းက ပြောကြားခဲ့သည်။

ယင်းကဲ့သို့တပ်ဆင်ရာ၌ မန္တလေးမြို့၏ မြောက်ပိုင်း၌ စစ်ကိုင်းပြတ်ရွေ့ကို ကန့်လန့်ဖြတ်ကာ စစ်ကိုင်းပြတ်ရွေ့၏အရှေ့ဘက်တွင် GPS နှစ်လုံးနှင့်အနောက်ဘက်တွင် နှစ်လုံးတပ်ဆင်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ထိုသို့ မြန်မာနိုင်ငံတွင် GPS စနစ်တပ်ဆင်မှုကို စင်ကာပူနိုင်ငံ Nam Yang တက္ကသိုလ်ရှိ Earth Observatory of Singapore(EOS) အဖွဲ့၏ အကူအညီဖြင့်ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ကိုင်းပြတ်ရွေ့ကို ကန့်လန့်ဖြတ်ကာ GPS စက်လေးလုံးကို ကျိုက်ထိုမြို့၊ ဝေါမြို့၊ ပဲခူးမြို့ အနောက်ဘက်နှင့် တိုက်ကြီးမြို့အနီးတွင်တပ်ဆင်ခဲ့ပြီးဖြစ်သည်။

## အခွန်သက်သေခံလက်မှတ်လျှောက်ထားရာ၌ ဘဏ်အာမခံငွေပေးသွင်းရန် မလိုတော့

အခွန်သက်သေခံလက်မှတ်လျှောက်ထားရာ၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစတင်ကာ ဘဏ်အာမခံငွေပေးသွင်းရန် မလိုတော့ကြောင်း ပြည်တွင်းအခွန်ဦးစီးဌာနမှ သိရှိရသည်။

"အရင်တုန်းကတော့ အခွန်သက်သေခံလက်မှတ်လျှောက်ရင် ဘဏ်အာမခံလက်မှတ်ပါ တစ်ပါတည်းပေးသွင်းရတယ်လေ။ အခု ဇန်နဝါရီ ၁ ရက်နေ့ကစပြီး ဘဏ်အာမခံလက်မှတ်ပေးသွင်းဖို့မလိုတော့ပါဘူး"ဟုလည်း ပြည်တွင်းအခွန်ဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အခွန်သက်သေခံလက်မှတ်လျှောက်ထားရာ၌ ပုံစံ(၁၀)အိမ်ထောင်စုစာရင်းမူရင်း၊မိတ္တူခြောက်လအတွင်းရိုက်ထားသောဓာတ်ပုံတစ်ပုံ၊ မှတ်ပုံတင်မူရင်း၊မိတ္တူ၊စလစ်မူရင်း၊ မိတ္တူ၊နိုင်ငံခြားသွားဖူးပါက လက်မှတ်မိတ္တူနှင့် ပုံစံ(အမခ၁၇)/ပတခ(ဝင)၁၀ မူရင်း၊ မိတ္တူတို့ လိုအပ်ကြောင်းလည်း သိရှိရသည်။

## ကချင်ပြည်နယ် ဆော့လုံဒေသ၌ မြန်မာနှာလန်မျောက်မျိုးစိတ်သစ်တစ်မျိုး တွေ့ရှိ



ကချင်ပြည်နယ်ဆော့လုံဒေသ၌ မြန်မာနှာလန်မျောက်မျိုးစိတ်သစ် (sn -nose monkey )တစ်မျိုးကိုတွေ့ရှိခဲ့ကြောင်း နေပြည်တော်ရှိသစ်တောဦးစီးဌာနမှသတင်းရရှိပါသည်။

ယင်းနှာလန်မျောက်မျိုးစိတ်အား ကချင်ပြည်နယ်ဆော့လုံဒေသ ယူနန်ပြည်နယ်နှင့်ဆက်စပ်နေသည့် မြန်မာဘက်အခြမ်းတွင် ၂၀၀၈ ခုနှစ်က တွေ့ရှိခဲ့ပြီး ယခုအခါ သစ်တောဦးစီးဌာန၊ Banca နှင့် Flora Foundation International (FFI) တို့ပူးပေါင်း၍ကာကွယ်ထိန်းသိမ်း မှုများပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

နှာလန်မျောက်မျိုးစိတ်မှာ golden၊ ယူနန်black၊ gray၊ tonkin ဟူ၍ မျိုးစိတ်လေးမျိုးရှိခဲ့ပြီး ယခုတွေ့ရှိခဲ့သည့်မျိုးစိတ်မှာ ယခင်လေးမျိုးနှင့်မတူညီဘဲကွာပြားခြားနားပြီး မြန်မာဘက်အခြမ်းတွင်တွေ့ရှိခြင်းကြောင့် မြန်မာနှာလန်မျောက်ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိရသည်။

ဒေသခံလီစူးလူမျိုးများက ယင်းမျောက်အား meynwoah ဟုခေါ်တွင်ကြကြောင်း သိရသည်။

မြန်မာနှာလန်မျောက်မျိုးစိတ်သစ်တွေ့ရှိမှုနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို လာမည့် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ Summit Parkview Hotel တွင်ပြုလုပ်မည်ဖြစ်ပြီး လာမည့်ဖေဖော်ဝါရီလတွင် နေပြည်တော်၌ သစ်တောဦးစီးဌာန၊ Banca နှင့် Flora Foundation International (FFI) တို့မှ ၎င်းမျောက်မျိုးစိတ်သစ်အား ထိန်းသိမ်းရေးပူးတွဲဆောင်ရွက်ရန် အစီအစဉ်များကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

*နေပြည်တော်သတင်းအဖွဲ့*



# ရန်ကုန်တိုင်းဒေသကြီး ကူးတို့ဆိပ်ရပ်ကွက်တွင် ဖြစ်ပွားခဲ့သော မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးရန် အဖွဲ့ဖွဲ့စည်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ မေတ္တာမွန်ဝင်း၊ မေတ္တာမွန်ဂိုဒေါင်တွင် ဒီဇင်ဘာလ ၂၉ ရက်နေ့ နံနက် ၁ နာရီ မိနစ် ၄၀ အချိန်တွင် မီးလောင်ရာမှတစ်ဆင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ဖြစ်စဉ်အား စုံစမ်းစစ်ဆေးရန်အတွက် ဌာနဆိုင်ရာများစုပေါင်း၍ အဖွဲ့ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါမီးလောင်ပေါက်ကွဲမှုဖြစ်စဉ်တွင် မည့်သည့်အကြောင်းရင်းကြောင့် မီးစတင်လောင်ကျွမ်းခဲ့သည်ကို အတိအကျမသိရှိရသေးဘဲ ရရှိထားသော အချက်အလက်များ မှန်ကန်တိကျမှုရှိစေရန်အတွက် အဖွဲ့ဖွဲ့စည်းစစ်ဆေးခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အမှတ်(၂) ပြည်နယ်တိုင်းဒေသကြီး မီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲမှ ညွှန်ကြားရေးမှူး၊ အဖွဲ့ဝင်များအဖြစ် အမှတ်(၂)ပြည်နယ်နှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးရုံးများကွပ်ကဲမှုဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး၊ မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ တာမွေမြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးဌာနမှူးတို့ပါဝင်ကြောင်း သိရှိရပါသည်။

ယခုအဖွဲ့အစည်းမှ စုံစမ်းစစ်ဆေးမှုများအပြင် တိုင်းဒေသအဆင့် ဗဟိုအဖွဲ့အစည်းတစ်ခုမှလည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း သိရှိရသည်။

"ကျွန်တော်တို့အနေနဲ့လည်း မီးလောင်ပြင်အခြေအနေတွေကို လျှပ်စစ်ကျွမ်းကျင်အင်ဂျင်နီယာတွေနဲ့ စစ်ဆေးမေးမြန်းတဲ့အခါမှာ ကျွန်တော်တို့အပိုင်းက တာဝန်ယူထားတဲ့ ဆားဗစ်ကြိုးတွေအပိုင်းမှာ ချို့ယွင်းမှုမရှိဘဲ လျှပ်စစ်ပစ္စည်းများကို သုံးစွဲတဲ့သူတွေပေါ့ဆလို့ ဖြစ်ပွားနိုင်တဲ့ အပိုင်းတွေကို ဝါယာရှော့လို့ သုံးနှုန်းတာပါ။ ဝါယာရှော့နဲ့ သုံးစွဲတဲ့သူပေါ့ဆလို့ လျှပ်စစ်ပစ္စည်းများ အပူလွန်ကဲပြီးမီးလောင်တာက လုံးဝကွဲပြားပါတယ်။ မီးလောင်မှုဖြစ်တိုင်းမှာ လူတွေက အမှုပေါ့လျော့အောင် အလွယ်တကူဝါယာရှော့ဆိုပြီး သုံးနှုန်းကြတယ်။ တကယ်အနီးပတ်ဝန်းကျင်မှာ မီးလောင်မှုကို စတင်တွေ့ရှိခဲ့တဲ့သူတွေကို မေးမြန်းချက်တွေအရတော့ ဝါယာရှော့လုံးဝမဟုတ်ပါဘူး"ဟုမင်္ဂလာတောင်ညွန့်မြို့နယ်လျှပ်စစ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုးက ပြောကြားခဲ့သည်။

# ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်မရှိဘဲပြည်ပနိုင်ငံများရှိစက်ရုံများတွင် အလုပ်လုပ်ရမည်ဟု ဝန်ဆောင်မှုပေးနေသူများကို အမှုဖွင့်စစ်ဆေးလျက်ရှိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ပြည်ပထွက်ခွာ အတွင်းပိုင်းတစ်နေရာ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်မရှိဘဲပြည်ပနိုင်ငံများရှိ စက်ရုံ၊ အလုပ်ရုံများနှင့်အခြားလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရမည်ဟု အကြောင်းပြချက်ဖြင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားများ တရားမဝင်ပို့ဆောင်နေသူများကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိပါသည်။

ဖြစ်စဉ်မှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် တာဝန်ရှိအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဝင်း၊ အောင်စစ်သည်ကားဂိတ်ခရီးသည်တင်ယာဉ်လိုင်း၊ ရန်ကုန်မှ ကော့ကရိတ်သို့ သွားမည့် ယာဉ်အမှတ် ၄ ခ/ ၇၈၇၂ ဖြင့် လိုက်ပါစီးနင်းမည့် ကိုဦး(၂၇) နှစ်၊ မကွေးတိုင်းဒေသကြီးနေသူပါ ၁၀ ဦးအား စစ်ဆေးရာ ကိုဦးသည် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကိုကြည်လှိုင် ၃၉ နှစ်၊ တောင်သူပါကျားခြောက်ဦး၊ မ သုံးဦးထံမှတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ ကျပ်စီရယူပြီး ထိုင်းနိုင်ငံ၊ မဟာချိုင်ရှိငါးပုစွန်လုပ်ငန်းစက်ရုံ၌ အလုပ်သွင်းပေးရန် ခေါ်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကိုဦးအပေါ်အရေးယူရန်အတွက် တိုင်တန်းမှုအား မင်္ဂလာဒုံရဲစခန်း(ပ) ၇၃၂/၂၀၁၁၊ ပုဒ်မ-ပြည်ပ-၂၆ဖြင့် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ လှိုင်သာယာစက်မှုဇုန် (၄)ရှိ SY(SHWE YIM) အအေးခန်းစက်ရုံမှမန်နေဂျာ ဒေါ်စိုးစိုးမိုး(၄၄) နှစ်သည် ၎င်းစက်ရုံမှ အလုပ်သမားဖြစ်သည့် သန့်ဇင်ဦးပါ ၁၁ ဦးအား ၂၀၁၁ခုနှစ်မတ်လတွင်လည်းကောင်း၊ ချိုလင်း၊ အောင်ကိုဦး၊ မောင်မောင်ထွန်းပါ ကိုးဦးတို့အား ၂၀၁၁ခုနှစ်ဇူလိုင်လ တွင်လည်းကောင်း၊ ၎င်းတို့၏လက်ရှိအအေးခန်းစက်ရုံမှလစာဝင်ငွေထက် ပိုမိုများပြားသည့်လစာဝင်ငွေရရှိကြောင်း အကြောင်းပြချက်ဖြင့် ခြောက်လ စာချုပ်ချုပ်ဆို၍ စက်ရုံအစီအစဉ်ဖြင့် တရုတ်နိုင်ငံ ကျန်းဖုန်းမြို့အနီး အုတ်စက်ရုံသို့ စေလွှတ်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ထို့သို့ပို့ဆောင်စဉ် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရယူထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စက်ရုံမန်နေဂျာဖြစ်သူ ဒေါ်စိုးစိုးမိုးနှင့်ဒါရိုက်တာဦးထန်ချိန်ချီတို့နှစ်ဦးကို လှိုင်သာယာရဲစခန်း(ပ)၁၉၂၃/၂၀၁၁၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးပုဒ်မ-၂၆ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရပါသည်။

အလားတူ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာနှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း သန့်ဇင်အောင် (၃၁)နှစ် ကျောက်ပန်းတောင်းမြို့နယ်နေသူနှင့်မြင့်ကျော်၊ ဖြိုးသူ၊ မင်းသူ၊ ဝင်းနိုင်စိုးငါးဦးတို့အား မောင်မောင်လမ်း(၃၀)၊(၈)ရပ်ကွက်ပန်းဘဲတန်းမြို့နယ်နေသူမှ မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်နိုင်ရေးဆောင်ပေးမည်ဟု ပြောဆိုကာ တစ်ဦးလျှင် ငွေကျပ်ကိုးသိန်းဖြင့် စုစုပေါင်း ၄၅ သိန်းရယူပြီး မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သော်လည်း အလုပ်အကိုင်ရှာဖွေစီစဉ်မပေးဘဲ မလေးရှားနိုင်ငံရှိ တိုက်ခန်းတစ်ခုတွင် တစ်လခန့်ထားရှိပြီး ဒုက္ခမျိုးစုံခံရကာ မြန်မာနိုင်ငံသို့ မိမိအစီအစဉ်ဖြင့် ပြန်လာခဲ့ရသောကြောင့် မောင်မောင်အပေါ်အရေးယူပေးရန် တိုင်တန်းမှုအားပန်းဘဲတန်းရဲစခန်း(ပ)၄၂၆/၂၀၁၁၊ပြည်ပအလုပ်အကိုင်အက်ပုဒ်မ ၂၆ ဖြင့် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အမှုဖွင့်ပြီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

*ဝင်းမြင့်ကျော်၊*
*အောင်မျိုးသန့်*

# လျှပ်စစ်ဆိုင်ကယ်လိုင်စင်အားဝယ်ယူသည့် ပြေစာနှင့် အကောက်ခွန်ဆောင်ပြီး ပြေစာတင်ပြပါက တရားဝင်စီးနင်းခွင့်လိုင်စင် ထုတ်ပေးမည်

လျှပ်စစ်ဆိုင်ကယ်အား ဝယ်ယူသည့်ပြေစာနှင့်အကောက်ခွန်ဆောင်ပြီး ပြေစာတင်ပြနိုင်ပါက တရားဝင်စီးနင်းခွင့်လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လျှပ်စစ်ဆိုင်ကယ်များကို စီးနင်းခွင့်ပြုရာတွင် စည်ပင်သာယာနယ်နိမိတ်ပြင်ပ၌ စီးနင်းရန်ခွင့်ပြုထားပြီး စီးနင်းခွင့်ရှိသည့်နယ်မြေများတွင် တရားဝင်လိုင်စင်ထုတ်ပေးကာ သန်လျင်နှင့်မြောက်ပိုင်းခရိုင်တို့အတွက် အင်းစိန်ကညနရုံးတွင် လိုင်စင်ထုတ်ပေးကြောင်းသိရသည်။

ထို့ကြောင့်လျှပ်စစ်ဆိုင်ကယ်စီးနင်းခွင့်ရှိသူသည် "က" လိုင်စင်ရရှိမည်ဖြစ်ပြီး လျှပ်စစ်စက်ဘီးအတွက်လိုင်စင်ထုတ်ပေးနိုင်မှုကိုမူ ညွှန်ကြားချက်မရှိသေးကြောင်း သိရသည်။

ယင်းအတွက် လျှပ်စစ်ဆိုင်ကယ်လိုင်စင်လုပ်နိုင်ရန် ပြည်တွင်းစက်မှုဇုန်ထုတ်အား ဝယ်ယူခဲ့ပါက ဝယ်ယူသည့်ပြေစာတင်ပြရမည်ဖြစ်ပြီး ပြည်ပမှတင်သွင်းလာသည့်ယာဉ်ဖြစ်ပါက အကောက်ခွန်ဆောင်ပြီးပြေစာကိုတင်ပြမှသာ လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

# ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုအနေအထား မြန်ဆန်သည့်အတွက်လယ်ယာလုပ်ငန်းခွင်အပေါ် သက်ရောက်နိုင်ခြေကို တောင်သူများ စိတ်ဝင်စားမှုမြင့်တက်

မြန်မာနိုင်ငံသည် ယခုနှစ်များအတွင်း ရာသီဥတုဖြစ်ပေါ်ပြောင်းလဲမှုမြန်ဆန်နေသည့်အတွက် ယင်းရာသီဥတုပြောင်းလဲမှုကြောင့် လယ်ယာလုပ်ငန်းခွင်အပေါ် သက်ရောက်နိုင်ခြေရှိမှုကို တောင်သူများ စိတ်ဝင်စားမှုမြင့်တက်လာကြောင်း သတင်းရရှိပါသည်။၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ရာသီဥတုထူးခြားပြောင်းလဲမှုများ သိသိသာသာတွေ့ကြုံလာရကာ သက်ရောက်မှုကို အကြုံတွေ့ရဆုံးနယ်ပယ်မှာ စိုက်ပျိုးရေးနယ်ပယ်ဖြစ်ပြီး တောင်သူများဘက်တွင် နှစ်စဉ်လို ဆုံးရှုံးမှုများ၊ ရင်းထားသလောက် ပြန်မရမှုများ စသည်တို့ကို ရင်ဆိုင်လာရသည်။

"လယ်သမားတွေက ရာသီဥတုပြောင်းလဲမှုကို ကိုယ်တိုင်ကြုံတွေ့နေရသူတွေဖြစ်တော့ ပိုပြီး စိတ်ဝင်စားလာတယ်။ နယ်မြို့တွေမှာ လယ်သမားတွေအတွက် ဟောပြောပွဲတွေ လူမှုရေးအသင်းအဖွဲ့တွေက စီစဉ်ပေးကြတယ်။ တောင်သူတွေက ၂၀၁၂ မှာလည်း ဘယ်လို ကြုံရမလဲပေါ့။ စိတ်ဝင်စားနေကြတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း မကြာခင်ထုတ်ပြန်သွားပေးဖို့ ရှိပါတယ်" ဟု Myannar Climate Change Watch မှ ဒေါက်တာ ထွန်းလွင်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲခြင်းများသည် ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် ပိုမိုသိသာစွာ ကြုံတွေ့လာရပြီး ၂၀၀၉ ခုနှစ်တွင် မိုးခေါင်ခြင်း၊ အပူပြင်းခြင်း၊ မြစ်များ ရေနည်းပါးခြင်းတို့ကို ကြုံတွေ့ခဲ့ရသည်။

၂၀၁၁ ခုနှစ် မတ်လ ဒုတိယပတ်အတွင်း ရာသီဥတုအပြောင်းအလဲတစ်ရပ်အနေဖြင့် မိုးရွာသွန်းမှုများ ဒေသအသီးသီးတွင် ဖြစ်ပေါ်ခဲ့ကာ နေ့အပူချိန်များ ကျဆင်းခဲ့သည်။ ၂၀၁၁ ခုနှစ် မေလအတွင်း၌လည်း ပုံမှန်ထက်ပိုသော မိုးကြိုမိုးရွာသွန်းမှုများကြောင့် ဒေသအချို့တွင် လယ်ယာမြေများ ရေနစ်မြုပ်မှု၊ ရိတ်သိမ်းပြီး စပါးများ ပျက်စီးမှုတို့ကို တောင်သူများ ရင်ဆိုင်ခဲ့ရသည်။

မြန်မာနိုင်ငံ၌ ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်ပါက အဓိကသက်ရောက်သည့်နယ်ပယ်သည် စိုက်ပျိုးရေး၊ ကျန်းမာရေးတို့ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းသည် မိုးများလွန်းခြင်း၊ မိုးခေါင်ခြင်းစသည့် အစွန်းရောက်အခြေအနေများပေါ်တွင် ရင်ဆိုင်လုပ်ကိုင်လာရသည်။

# (၆၄) ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၁၆ ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပ

၂၀၁၂ ခုနှစ် (၆၄) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်ဖလား (၁၆) ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၀ ရက်နေ့အထိ ရန်ကုန်မြို့ မင်းဓမ္မကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



ပြပွဲတွင် ပန်းအလှဆင်ပြိုင်ပွဲ၊ သစ်သီးအလှပုံဖော်ပြိုင်ပွဲ၊ ပန်းအလှပင်ပြိုင်ပွဲ၊ အရွက်လှ(IN DOOR) ပြိုင်ပွဲ၊ ရွက်လှ (CROTON)ပြိုင်ပွဲ၊ သစ်သီးဝလံပြိုင်ပွဲ၊ ပြည်တွင်းသစ်ခွပြိုင်ပွဲ၊ ပြည်ပသစ်ခွ(ဗင်ဒါ)ပြိုင်ပွဲ၊ ပြည်ပသစ်ခွ (ကက်တလီယာ) ပြိုင်ပွဲ၊ ပြည်ပသစ်ခွ (ဒမ်ဒရိုဘီယမ်) ပြိုင်ပွဲ၊ နှင်းဆီပင်အမျိုးမျိုး၊ ရှားစောင်းပင် ပြိုင်ပွဲ၊ရာသီပန်းပင်ပြိုင်ပွဲ၊ သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊ ဟင်းသီးဟင်းရွက်ပြိုင်ပွဲ၊ အသီးပါအပင်(ရာသီ)ပြိုင်ပွဲ၊ အသီးပါအပင် (နှစ်ရှည်) ပြိုင်ပွဲ၊ သဇင်ပန်းပင်ပြိုင်ပွဲ၊ ပိန်းပန်းပင်ပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစား ၁၉ မျိုးထည့်သွင်းခဲ့ပြီး ပြိုင်ပွဲဝင်ဦးရေ ၇၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးအမျိုးအစားတစ်ခုချင်းအလိုက်ပထမ၊ဒုတိယ၊တတိယနှင့်နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ဟင်းသီးဟင်းရွက် သစ် သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုး နည်းပညာများ ဖလှယ်နိုင်စေရန်၊ သစ်သီးဝလံပန်းမန်မျိုးကောင်းမျိုးသန့်များပြန့်ပွားလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ ၁၆ ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲတွင် အရောင်းပြခန်း ပေါင်း ၅၀၇ ခန်းပါဝင်ပြသပြီး ပန်းဧကရီအလှပြိုင်ပွဲ၊သီချင်းဆိုပြိုင်ပွဲများဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

# အမေရိကန် စစ်အင်အားလျှော့ချရေးအစီအစဉ် အိုဘားမားထုတ်ပြန်

အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ကြီးမားသည့် စစ်မြေပြင်များမှ အမေရိကန်တပ်များရုပ်သိမ်းလျက်ရှိစဉ် တရုတ်၏ အင်အားကြီးမားလာမှုကို တန်ပြန်ရေး အာရုံစိုက်သည့်အနေဖြင့် အမေရိကန်စစ်တပ်၏ ပမာဏလျှော့ချရေးမဟာဗျူဟာတစ်ခုအား သမ္မတအိုဘားမားက ဇန်နဝါရီလ ၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်

၎င်းအစီအစဉ်တွင် အီရန်နှင့် တရုတ်တို့၏ လေတပ်နှင့် ရေတပ်တို့မှ ဖြစ်လာနိုင်ဖွယ်ရှိသည့် စိန်ခေါ်မှုများအတွက်မူ ပြင်ဆင်ထားမည်ဟုဆိုသည်။ သို့သော်လည်း အီရတ်နှင့် အာဖဂန်ရှိ အကြမ်းဖက်နှိမ်နင်းမှု စစ်ဆင်ရေးများကဲ့သို့ စစ်ဆင်ရေးမျိုး အနာဂတ်တွင် ရှိလာနိုင်မှု ရှိမရှိနှင့်ပတ်သက်၍ အလေးအနက်ပြောကြားခဲ့ခြင်းမရှိပေ။

ယခု ကာကွယ်ရေးမဟာဗျူဟာ ပြန်လည်သုံးသပ်မှုသည် ခြိုးခြံချွေတာရသည့် ကာလတစ်ခု၌ အမေရိကန်စစ်တပ်အတွက် ချဉ်းကပ်မှုတစ်ခုကို စီစဉ်ခင်းကျင်းခြင်းဖြစ်သည်။ အိုဘားမား၏ အစိုးရအဖွဲ့သည် လာမည့် ၁၀ နှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်လျှော့ချသည့်အနေဖြင့် ဒေါ်လာ ၄၈၇ ဘီလျံသာ အသုံးပြုရန် ပြင်ဆင်ထားသည်။ ကာကွယ်ရေးအသုံးစရိတ်လျှော့ချမှုသည် အကန့်အသတ်ရှိမည်ဖြစ်ပြီး အမေရိကန်၏ စစ်အင်အားသာလွန်မှုကိုမူ အထိအခိုက်ခံမည်မဟုတ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

"ကျွန်တော်တို့စစ်တပ်ဟာ ပိုပြီးတော့ သေးငယ်လာပါလိမ့်မယ်။ ဒါပေမယ့် ကမ္ဘာကြီးအနေနဲ့ သိထားရမှာကတော့ အမေရိကန်ဟာ ကျွန်တော်တို့ရဲ့ စစ်ရေးသာလွန်မှုကိုထိန်းသိမ်းထားမှာဖြစ်ပါတယ်"ဟု အိုဘားမားကသတင်းထောက်များကို ပြောကြားခဲ့သည်။ မဟာဗျူဟာအသစ်သည် အာရှကို ပိုမိုအာရုံစိုက်မည်ဖြစ်ပြီး အာရှတွင် တရုတ်၏စစ်အင်အားကြီးမားလာမှုနှင့်ပတ်သက်၍ အမေရိကန်တပ်မှူးများက စိုးရိမ်လျက်ရှိသည်ဟု အိုဘားမားက ပြောကြားခဲ့သည်။

"အာရှပစိဖိတ်ဒေသမှာ ကျွန်တော်တို့ရဲ့ တည်ရှိမှုကို ခိုင်မာအောင်ပြုလုပ်သွားမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ဘတ်ဂျက်လျှော့ချမှုတွေဟာ ဒီဒေသရဲ့ တည်ငြိမ်မှုကို ထိခိုက်ခံမှာမဟုတ်ပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်ကာကွယ်ရေးဝန်ကြီးလီယွန်ပန်နက်တာကလည်း ယခုမဟာဗျူဟာအရ အရှေ့အလယ်ပိုင်းဒေသတွင် အားကောင်းသည့် စစ်ရေးတည်ရှိမှုဆက်လက်တည်ရှိနေမည်ဖြစ်သကဲ့သို့ အာရှတွင်လည်း အမေရိကန်စစ်တပ်၏ ကဏ္ဍကို ချဲ့ထွင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ စာမျက်နှာ ၈ မျက်နှာပါ မဟာဗျူဟာအစီအစဉ်အရ အမေရိကန်စစ်တပ်သည် အီရန်၏ အဖျက်ပေါ်လစီများကို တန်ပြန်ရန်နှင့် ပင်လယ်ကွေ့ဒေသလုံခြုံရေးအတွက် အရှေ့အလယ်ပိုင်းရှိ မဟာမိတ်များနှင့် ပူးတွဲဆောင်ရွက်သွားမည်ဟုဆိုသည်။

*Ref: AFP*

## ကမ္ဘာတစ်ဝန်းရှိအမေရိကန်စစ်သည်အင်အား




# မလေးရှားက စင်ကာပူသို့ လျှပ်စစ်ဓာတ်အားရောင်းချဖွယ်ရှိ

မလေးရှားနိုင်ငံက စင်ကာပူနိုင်ငံသို့ လျှပ်စစ်ဓာတ်အားရောင်းချရေးအတွက် နှစ်နိုင်ငံဝန်ကြီးချုပ်များ ကဆွေးနွေးခဲ့ကြကြောင်းသိရသည်။

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့်ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားဝန်ကြီးချုပ်နာဂျစ်ရာဇတ်က ယခုကဲ့သို့ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အားရောင်းချရေးအားအကောင်အထည်ဖော်ဖြစ်ပါက ပုဂ္ဂလိကကဏ္ဍမှဆောင်ရွက်သွားမည်ဖြစ်ကြောင်း နာဂျစ်ကပြောကြားခဲ့သည်။

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းကလည်း မိမိတို့နိုင်ငံအနေဖြင့် မလေးရှားနိုင်ငံမှလျှပ်စစ်ဓာတ်အားဝယ်ယူရေးအတွက်ကာလသတ်ချက်မှန်ကန်ပြီး မိမိတို့အနေဖြင့် ငြင်းဆန်ရန် မဖြစ်နိုင်လောက်အောင် ဈေးနှုန်းသင့်တော်ပါက ဓာတ်အားဝယ်ယူမှုများကိုပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကိုလည်း လေ့လာတွက်ချက်ရန်လိုအပ်ကြောင်း လီရှန်လွန်းက ဆက်လက်ပြောကြားခဲ့သည်။

*Ref:AFP*

# နီပေါသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှု စံချိန်တင်

နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှုသည် ၂၀၁၁ ခုနှစ်တွင် စံချိန်သစ်တင်ခဲ့ပြီး အိမ်နီးချင်းတရုတ်နှင့် အိန္ဒိယတို့မှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ခဲ့ခြင်းက အဓိကဖြစ်ခဲ့ကြောင်း ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကိန်းဂဏန်းများက ဆိုသည်။

၂၀၀၆ ခုနှစ်တွင် ပြည်တွင်းစစ်အဆုံးသတ်ခဲ့ပြီးနောက် နီပေါသို့ ကမ္ဘာလှည့်ခရီးသွားခ လာရောက်မှု သိသိသာသာ ကျဆင်းခဲ့သည်။ ယခင်ကနီပေါသည် ကမ္ဘာလှည့်ခရီးသွားများ နှစ်ခြိုက်သည့် နေရာတစ်ခုဖြစ်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှ ဒေါ်လာ တစ်ဘီလျံကျော်ရရှိခဲ့သည်။ ဂျီဒီပီ၏ ခုနစ်ရာခိုင်နှုန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွား ၇၃၆၅၆၇ လာရောက်ခဲ့ပြီး ယမန်နှစ်ကထက် ၂၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားခဲ့သည်။ *Ref:AFP*

# အမေရိကန်ဘီလျံနာဝါရင်းဘက်ဖက် သီချင်းဆိုထားသော ဗီဒီယိုကို တရုတ်နှစ်ကူးတွင် ထုတ်လွှင့်မည်

အမေရိကန်ဘီလျံနာဝါရင်းဘက်ဖက် သီချင်းဆိုမှုကို ရိုက်ကူးထားသော ဗီဒီယိုကို တရုတ်နှစ်ကူးတွင် အွန်လိုင်းမှတစ်ဆင့်ဖြန့်ချိသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်ဆင်ဟွာ သတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ယင်းဗီဒီယိုတွင် ဘက်ဖက်သည်ဂစ်တာတီးကာသီချင်းဆိုထားပြီး မည်သည့်သီချင်းဖြစ်မှန်းကိုမူ မသိရသေးပေ။"ဘက်ဖက်ဟာ ရင်းနှီးမြှုပ်နှံမှုမှာ တော်တယ်လို့ပဲ ကျွန်တော်တို့အားလုံးသိထားကြတယ်။ ဒါပေမဲ့ သူသီချင်းဆိုကောင်းတယ်ဆိုတာသိတဲ့လူနည်းတယ်"ဟု တရုတ်ရုပ်သံကွန်ရက်မှထုတ်လုပ်မှုပိုင်းဆိုင်ရာ အမှုဆောင်ဝမ်ဖင်ကျူက ပြောကြားခဲ့ပြောကြားခဲ့သည်။ ဘက်ဖက်သည် စီးပွားရေးလုပ်ကိုင်မှုတွင် ထက်မြက်ရုံသာမက အနုပညာအရည်အသွေးရှိကြောင်းကို ပြသသည့် အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ၎င်း၏အာမခံကုမ္ပဏီ Geico အတွက် ကြော်ငြာရိုက်ကူးရာတွင် Guns N' Roses စတား Axl Rose ပုံစံဖြင့် ဖျော်ဖြေခဲ့ဖူးသည်။

*Ref: CNN*

# စင်ကာပူထက် ခြောက်ဆပိုကြီးသော တရုတ်အရှေ့ပိုင်းရှိ အကြီးဆုံးရေကန် အရွယ်ကျုံ့လာ

ရေအပြည့်ရှိသောအခြေအနေတွင် စင်ကာပူနိုင်ငံအရွယ်အစားထက် ခြောက်ဆပိုကြီးသော တရုတ်နိုင်ငံအရှေ့ပိုင်းကျန်ရှီးပြည်နယ်ရှိ Poyang ကန်မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ မိုးခေါင်မှုများကြောင့် ကန်အရွယ်အစားမှာ နှစ်များစွာအတွင်း ကန်အရွယ်အစား အသေးဆုံးအခြေအနေသို့ ရောက်ရှိလာကြောင်း နိုင်ငံပိုင်မီဒီယာနှင့် တာဝန်ရှိသူများက ဒီဇင်ဘာလ ၅ ရက်တွင် ပြောကြားခဲ့သည်။

Poyang ကန်ထဲသို့ Gan မြစ်မှ ရေများစီးဝင်ပြီးမိုးခေါင်မှုများကြောင့် ယင်းမြစ်တွင် ရေစံချိန်တင်လျော့ကျခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ယင်းကန်၏အရွယ်အစားမှာ ၁၉၅၁ ခုနှစ်နောက်ပိုင်းနှစ်များအတွင်း နှစ်စဉ် ၃၄၄ စတုရန်းကီလိုမီတာရှိခဲ့ရာမှ ယခုနှစ်၊ ဇန်နဝါရီလတွင် ယင်းအရွယ်အစား၏ထက်ဝက်နီးပါး ၁၈၃ စတုရန်းကီလိုမီတာသာရှိတော့ကြောင်း ရေအားလျှပ်စစ်ဆိုင်ရာဗျူရိုမှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အကယ်၍ ကန်ထဲတွင် ရေအပြည့်ရှိပါက အရွယ်အစားမှာ ၄၅၀၀ စတုရန်းကီလိုမီတာရှိပြီး မိုးခေါင်မှုများကြောင့် ကန်ထဲတွင်ရေများလျော့နည်းသဖြင့် ငါးဖမ်းလှေ ၁၀၀၀၀ ခန့်မှာသောင်တင်ခဲ့ကြောင်းသိရသည်။ ထို့ပြင် ယင်းဒေသတစ်ဝိုက် ပတ်ဝန်းကျင်နှင့်ငါးဖမ်းသမားတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို ထိခိုက်စေခဲ့သည်။

ယင်းကန်ကိုအမှီပြု၍ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများမှာ ယခင်နှစ်များတွင် နှစ်စဉ်ပျမ်းမျှဝင်ငွေယွမ် ၄၀၀၀ ခန့်ရရှိနေရာမှ ၂၀၁၁ ခုနှစ်တွင် ယွမ် ၁၀၀၀ ခန့်သာရရှိတော့ကြောင်း ဆင်ဟွာက ဖော်ပြခဲ့သည်။ ကန်ခြောက်ခန်းမှုကြောင့် ငါးများလျော့နည်းလာသဖြင့် ငါးများကိုရှာဖွေစားသုံးသော ရွှေ့ပြောင်းငှက် ငါးသိန်းခန့်မှာ ၎င်းတို့၏ စားကျက်ပျောက်ဆုံးမည့်အရေးကြုံနေရကြောင်း ဆင်ဟွာက ဖော်ပြခဲ့သည်။ ယင်းပြဿနာကိုဖြေရှင်းနိုင်ရေးအတွက် ကန်ထဲသို့ ငါးသားပေါက်အကောင် ၁၆၅ သန်းခန့် ထည့်သွင်းရန်တာဝန်ရှိသူများက စီစဉ်နေကြောင်း သိရသည်။

*Ref: AFP*



ပိုယန်ကန်ကြီးခြောက်ခမ်းနေမှုမြင်ကွင်း

# တရုတ်အတိုက်အခံအနုပညာရှင် အိုက်ဝေဝေအခွန်အမှုကို တရုတ်အာဏာပိုင်များကပြန်လည်သုံးသပ်မည်

နိုင်ငံရေးလှုပ်ရှားသူအနုပညာရှင်အိုက် ဝေဝေ တည်ထောင်ထားပြီး ၎င်း၏အမျိုးသမီး၏အမည်နှင့်မှတ်ပုံတင်ထားသည့် Fake Cultural Development Ltd ကုမ္ပဏီအပေါ် ချမှတ်ထားသည့် ဒဏ်ငွေဒေါ်လာ ၂ ဒသမ ၄ သန်းကို ပြန်လည်သုံးသပ်သွားရန် တရုတ်အာဏာပိုင်များက ဇန်နဝါရီလ ၅ ရက်နေ့တွင် သဘောတူညီလိုက်ကြောင်းသိရသည်။

ကုမ္ပဏီရှေ့နေဖြစ်သူက "အာဏာပိုင်တွေ အနေနဲ့ အခုဒဏ်ငွေကို ပြန်လည်သုံးသပ်ဖို့ နှစ်လအချိန်ရပါတယ်။ သူတို့ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ရင် ကျွန်တော်တို့အနေနဲ့ တရားရုံးကို ဦးတိုက်လျှောက်ထားလို့ရပါတယ်"ဟုပြောကြားခဲ့သည်။

အိုက်ဝေဝေ၏ နိုင်ငံရေးလှုပ်ရှားမှုများသည် တရုတ်အစိုးရအတွက် စိတ်အနှောက်အယှက်များစွာ ဖြစ်စေခဲ့သောကြောင့် ၂၀၁၁ ခုနှစ် အတွင်းက ထောင်ဒဏ် ၈၁ ရက်ကျခံခဲ့ရသည်။ တရုတ်နိုင်ငံအတွင်း အာရပ်နွေဦးပုံစံအစိုးရဆန့်ကျင်မှုများ ပြုလုပ်ရန် အွန်လိုင်းမှတစ်ဆင့်ဆော်ဩခဲ့ကြသောအတိုက်အခံများနှင့်ရှေ့နေများကို ရဲများက တားမြစ်မှုများ ပြုလုပ်ခဲ့သည်။

ယင်းကဲ့သို့ဖြစ်ပွားပြီး မကြာမီ နိုဝင်ဘာလအတွင်း ပေကျင်းအခွန်အဖွဲ့က အိုက်ဝေဝေ၏ကုမ္ပဏီအနေဖြင့် အခွန်ကြွေးကျန်အပါအဝင်ဒဏ်ငွေစုစုပေါင်း ဒေါ်လာ ၂ ဒသမ ၄ သန်းကို ၁၅ ရက်အတွင်းပေးဆောင်ရန် သို့မဟုတ် ဒေါ်လာ တစ်သန်း အာမခံတင်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အိုင်ဝေဝေအနေဖြင့် အဆိုပါအမှုကို တရားဆိုင်ရန်လိုအပ်သည့် အာမခံငွေကို ၎င်း၏မိတ်ဆွေများနှင့် ပရိသတ်များက စုပေါင်းကူညီခဲ့ကြသည်။ ၎င်း၏ရှေ့နေများကလည်း အမှုကို ပြန်လည်သုံးသပ်ရန်တောင်းဆိုလွှာ ၉၀၀၀ ကို စုဆောင်းနိုင်ခဲ့သည်။

*Ref: AFP*

# အချိန်ရောဖြစ်စဉ်ပါဖုံးကွယ်နိုင်သည့် ကိုယ်ပျောက်ကိရိယာ သိပ္ပံပညာရှင်များဖန်တီး တစ်စက္ကန့်၏ ၄၀ ထရီလျံပုံလျှင်တစ်ပုံ အခိုက်အတန့်သာဖုံးကွယ်နိုင်သေးသောကြောင့်ထပ်မံလေ့လာရန်လို



ဖြစ်စဉ်တစ်ခုလုံးကိုသာမက ယင်းဖြစ်ပေါ်ခဲ့သည့် အချိန်ကိုပါ ပျောက်ကွယ်သွားစေရန်ဖုံးကွယ်နိုင်သော ကိုယ်ပျောက်စက်တစ်မျိုးကို သိပ္ပံပညာရှင်များက ဖန်တီးခဲ့ကြောင်း သိရသည်။

သို့ရာတွင် တစ်စက္ကန့်၏ ထရီလျံ ၄၀ ပုံလျှင်တစ်ပုံမျှသာ ပျောက်နေစေရန် ဖုံးကွယ်နိုင်သေးသည်ဟုသိရသည်။ အလင်းရောင်တန်းကွဲပြားသော အပိုင်းများအနက် တချို့ကို အရှိန်မြှင့်ပြီး တချို့ကို နှေးစေသည့်နည်းဖြင့် ယင်းသို့ဖြစ်စဉ်တစ်ခုလုံးသာမက ဖြစ်ခဲ့သည့်အချိန်ကိုပါ ပျောက်နေစေရန် ဖန်တီးခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် ယင်းအခိုက်အတန့်အတွင်း ပျောက်သွားသည်ဆိုသောကိစ္စကိုပါ သာမန်မျက်စိဖြင့် သိလိုက်မည်မဟုတ်ပေ။ ဆိုလိုသည်မှာ ရှေ့မှဖျတ်ခနဲပျောက်သွားခြင်းမဟုတ်ဘဲ ယင်းကာလ မရှိခဲ့သကဲ့သို့ ဖြစ်သွားခြင်းဖြစ်သည်။

သို့ရာတွင် ဒသမကိန်းဂဏန်းဖြင့် ပြပါက ၀ ဒသမ ၀၀၀၀၁၂ စက္ကန့်မျှသာ ပျောက်သွားခြင်းဖြစ်သောကြောင့် ဖြစ်စဉ်ဖျောက်ဖျက်သောကိစ္စများတွင် သုံးနိုင်မည်မဟုတ်သေးပေ။ သို့ရာတွင် သတင်းအချက်အလက်ကိုလုံခြုံစွာပေးပို့ရေးအတွက်မှု ယင်းနည်းလမ်းကို အဆင့်မြှင့်ခြင်းဖြင့် သုံးလာနိုင်စရာရှိနေသည်။ယခုနည်းပညာကို နယူးယောက်ရှိ ရှိချက်စတာတက္ကသိုလ်မှ ပါမောက္ခ ရောဘတ်ဘော့တ်နှင့် ဒေါက်တာ ကျီမင်းရှီတို့က ဖန်တီးခဲ့ခြင်းဖြစ်သည်။

ယခင်က ကိုယ်ပျောက်စေရန် ဖန်တီးသည့်နည်းပညာမှာ ကာကွယ်ထားသည့်အရာနားတွင် အလင်းကို ကွေးသွားစေပြီး ပျောက်နေသကဲ့သို့ ဖြစ်စေသည့်နည်းပညာဖြစ်သည်။ ယင်းနည်းပညာသည်လည်း အလွန်တိုတောင်းသည့်အချိန်အတွက်သာ သုံးနိုင်သေးသည်။

*Ref: Daily Mail*




# အိန္ဒိယတွင် ကမ္ဘာ့စျေးအချိုဆုံး သင်ပုန်းကွန်ပျူတာမှာယူမှု ၁ ဒသမ ၄ သန်းရရှိထား

ကမ္ဘာ့စျေးအချိုဆုံးသင်ပုန်းကွန်ပျူတာကို လွန်ခဲ့သည့် နှစ်ပတ်က အွန်လိုင်းမှရောင်းချခဲ့ရာမှာယူမှု ၁ ဒသမ ၄ သန်းရှိခဲ့ကြောင်း သိရသည်။ Aakash ဟုအမည်ပေးထားသည့် ၄၁ ဒေါ်လာတန် တက်ဘလက်ကို ဒီဇင် ဘာ ၁၄ ရက်နေ့က စတင်ရောင်းချခဲ့သည်။ အိန္ဒိယတွင် ပညာရေးအတွက် လူသန်းပေါင်းများစွာက ငွေကြေးအထောက်အပံ့လိုအပ်နေသည်။ အိန္ဒိယအစိုးရက စျေးအချိုဆုံးသင်ပုန်းကွန်ပျူတာကို ထုတ်လုပ်ရန် ဗြိတိန်ကုမ္ပဏီ Datawind ကို အလုပ်အပ်ခဲ့သည်။ Apple ကုမ္ပဏီ၏အိုင်ပတ်က ဒေါ်လာ ၆၀၀ ခန့်ဖြင့် ရောင်းချနေချိန်တွင် အစွန်းထွက်တန်ဖိုးခန့်သာရှိသော အိန္ဒိယ၏သင်ပုန်းကွန်ပျူတာအတွက် စျေးကွက်တုံ့ပြန်မှုက အံ့အား သင့်ဖွယ်ရာဖြစ်ကြောင်း Datawind ၏ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ Datawind သည် ယခုအခါ အဆင့်မြှင့်တင်ထားသည့် Ubislate 7 အမျိုးအစားအတွက် အမှာစာများရရှိထားသည်။ ကုမ္ပဏီအနေဖြင့် ထုတ်လုပ်မှုကိုမြှင့်တင်ရန်အတွက် ၂၀၁၂ ခုနှစ် စက်ရုံသစ် သုံးရုံတည်ဆောက်သွားမည်ဖြစ်သည်။ ဧပြီလခန့်တွင် စက်ရုံတစ်ရုံလျှင် တစ်လသင်ပုန်းကွန်ပျူတာလုံးရေ ၇၅၀၀၀ ခန့် ထုတ်လုပ်ရန်စီစဉ်ထားကြောင်း Datawind ကုမ္ပဏီက ပြောကြားခဲ့သည်။ Aakash သင်ပုန်းကွန်ပျူတာသည် ၇ လက်မအရွယ်အစားရှိပြီး ကြိုးမဲ့စနစ်ဖြင့် အင်တာနက်ကြည့်ရှုနိုင်ကာ ဘတ္ထရီမှာ မိနစ် ၁၈၀ ခန့်အထိ အသုံးပြုနိုင်မည်ဖြစ်သည်။

*Ref: AFP*



# ရေဆွဲ၊ ရေလောင်းစရာမလိုသည့် ဇီဝအိမ်သာ အိန္ဒိယတွင်သုံးစွဲမည်

ဟိမဝန္တာရေခဲပြင်ပေါ်တွင် စောင့်ကြပ်ရသော အိန္ဒိယစစ်သားများအတွက် ဖန်တီးထားခဲ့သော ရေဆွဲ၊ ရေလောင်းစရာမလိုသည့် ဇီဝအိမ်သာကို ကုမ္ပဏီများနှင့်ဆင်းရဲသော ပြည်နယ်များသို့ ဖြန့်ဝေပေးကာ နိုင်ငံတစ်လွှားတွင် သုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

ဇီဝအိမ်သာသည် အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ဒီအာရ်ဒီအို) မှ တီထွင်ထားသည့် နည်းပညာ ၂၀၀ ကျော်အနက်မှ တစ်ခုဖြစ်ပြီး အိန္ဒိယပြည်ထောင်စုကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုအသင်းမှတစ်ဆင့် ဖြန့်ချိသွားမည်ဖြစ် သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာအတွင်းက နှစ်ဖက်ရရှိခဲ့သော သဘောတူညီချက်အရ ဒီအာရ်ဒီအိုမှ နည်းပညာပစ္စည်း ၁၀ မျိုးခန့်ကို အများပြည်သူသုံးရန် ဖြန့်ဖြူးသွားမည်ဖြစ်သည်။

အထူးပြုလုပ်ထားသော ကန်အတွင်းတွင် လူ့အညစ်အကြေးများနှင့် ကိုယ်တိုင်ပွားနိုင်သော ဘက်တီးရီးယားတစ်မျိုးကို ရောနှောစေခြင်းဖြင့် မီသိန်းဓာတ်ငွေ့နှင့် ရေကို ဖြစ်ပေါ်စေသည့်နည်းပညာသုံးသော အိမ်သာဖြစ်သည်။

အပူချိန် အနုတ် ၅၀ ဒီဂရီအထိ အေးခဲသော ပိုင်ဆိုင်မှုအငြင်းပွား ကက်ရှ်မီးယားဒေသရှိ ပေ ၂၀၈၀၀၀ မြင့်သော ရေခဲပြင်များရှိသည့် ဆီယာချန်အရပ်တွင် တပ်စွဲရသော အိန္ဒိယစစ်သားများအတွက် ယင်းအိမ်သာကို တီထွင်ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ယခင်က တပ်စွဲထားသောစစ်သားများမှ စွန့်ထုတ်သော အညစ်အကြေးများမှာ ရေခဲပြင်များအရည်ပျော်ချိန်တွင် ရေနှင့်အတူမျောပါပြီး မြစ်ရေကိုညစ်ညမ်းစေခြင်းကြောင့် ယင်းအိမ်သာကို တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

တောင်ပေါ်တွင်သုံးသည့် အိမ်သာတွင်မူ အန္တာတိကတိုက်တွင် တွေ့ရသော ဘက်တီးရီးယားမျိုးကို သုံးခဲ့ပြီး ယခုအသုံးပြုရာတွင်မူ အပူပိုင်းလွင်ပြင်များတွင် တွေ့ရသော ဘက်တီးရီးယားတစ်မျိုးကို သုံးမည်ဖြစ်သည်။

*Ref: AFP*



# ဗီယက်နမ်အမျိုးသားတစ်ဦး၏ အလေးချိန် ၁၉၈ ပေါင်ရှိ အသားပိုအား အောင်မြင်စွာဖယ်ရှားနိုင်ခဲ့

ဗီယက်နမ်အမျိုးသား တစ်ဦး၏ညာဖက်ခြေထောက်တွင် ဖြစ်ပေါ်နေသော ကျန်ခန္ဓာကိုယ်တစ်ခုလုံးအလေးချိန်ထက်ပိုများနေသည့် ၉၀ ကီလိုဂရမ်(၁၉၈ ပေါင်) အလေးချိန်ရှိ အသားပိုအား ဟိုချီမင်းစီးတီးရှိ ပြင်သစ်–ဗီယက်နမ်ဆေးရုံ၌ ဇန်နဝါရီလ ၅ ရက်နေ့တွင် အောင်မြင်စွာခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့သည်။



ဗီယက်နမ်အမျိုးသားငုယင်ဒွီဟိုင်သည်မျိုးရိုးဗီဇအစီအစဉ်မကျသည့်ရှားပါးဖြစ်စဉ်တစ်ခုကို ခံစားခဲ့ရသောကြောင့် အသက် လေးနှစ်သားအရွယ်ကပင် ယင်းအသားပိုဖြစ်မှုနှင့်အတူရှင်သန်ကြီးပြင်းလာခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအသားပိုကြောင့်အသက် ၁၇ နှစ်အရွယ်တွင် ခြေထောက်အစိတ်အပိုင်းတချို့ကို ဖယ်ရှားပစ်ခဲ့သော်လည်းအသားပိုမှာ ပျောက်မသွားဘဲ ဆက်လက်ကြီးထွားခဲ့သောကြောင့် ဟိုင်မှာလမ်းလျှောက်ခြင်းနှင့်အိပ်စက်ရာတွင် အခက်အခဲများစွာဖြစ်ပေါ်ခဲ့ရသည်။ ယင်းအသားပိုမှာဗီယက်နမ်နိုင်ငံ၏မှတ်တမ်းများတွင် အကြီးဆုံးဖြစ်ခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက ဖော်ပြခဲ့ကြပြီး ကင်ဆာရောဂါဖြစ်ပွားမှုကြောင့် ဖြစ်ရခြင်းမဟုတ်ကြောင်းလည်းသိရသည်။

ယင်းခွဲစိတ်မှုမှာအောင်မြင်ရန် ၅၀ ရာခိုင်နှုန်းသာရှိခဲ့ပြီး ဆရာဝန်များက ၁၀ နာရီကြာအချိန်ယူ၍ခက်ခဲခဲခွဲစိတ်ဖယ်ရှားခဲ့ရခြင်း ဖြစ်ကြောင်း ဆေးရုံမှပြောကြားခဲ့သည်။

ယင်းခွဲစိတ်မှုကို ၂၀၀၄ ခုနှစ်က ရိုမေးနီးယားအမျိုးသမီးတစ်ဦး၏ ၈၀ ကီလိုဂရမ်လေးသောအသားပိုကို အောင်မြင်စွာခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့သည့် အမေရိကန်လူမျိုးဒေါက်တာ မက်ကေးမက်ကင်နွန်က ဦးဆောင်ခွဲစိတ်ပေးခဲ့ခြင်းဖြစ်ပြီး အခမဲ့ခွဲစိတ်ပေးခဲ့ခြင်းဖြစ်သည်။

*Ref: AFP*







# ဖိလစ်ပိုင်တောင်ပိုင်းတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၂၈ ဦး ရှိလာပြီး ၃၅ ဦးထက်မနည်းပျောက်ဆုံးနေ



မြေပြိုသည့်နေရာတွင် ရှင်ကျန်ရစ်သူများကို ရှာဖွေကယ်ဆယ်ရန် ကြိုးပမ်းနေသည့် ဆွေမျိုးသားချင်းများနှင့် ကယ်ဆယ်ရေးသမားများ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ရွှေတူးဖော်ရေးလုပ်ကိုင်ရာဒေသတစ်ခုတွင် ဇန်နဝါရီလ ၅ ရက်နေ့က မြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူဦးရေမှာ ၂၈ ဦးအထိရှိလာခဲ့ ပြီး ၃၅ ဦး ပျောက်ဆုံးနေသေးသောကြောင့် သေဆုံးသူအရေအတွက်မှာ မြင့်တက်လာနိုင်သည်ဟုသိရသည်။

စာရင်းပျောက်နေသော ၃၅ ဦးဆိုသည်မှာလည်း သက်ဆိုင်သူတို့၏ဆွေမျိုးများထံမှ ရရှိထားသောစာရင်းသာဖြစ်ပြီး ထို့ထက်လည်းပိုများနိုင်သည်ဟုသိရသည်။

မင်ဒါနာအိုကျွန်း၊ ပန်တူကန်မြို့အနီးရှိ ဝေးလံခေါင်ဖျားသောတောင်ကြောတစ်လျှောက်ရှိ ရွှေတူးဖော်သည့် မိသားစု ၁၀၀ ခန့်ရှိရာအရပ်တွင် မြေပြိုမှုဖြစ်ခဲ့ခြင်းဖြစ်သည်။

မင်ဒါနာအို အရှေ့တောင်ပိုင်းကမ်းရိုးတန်းသို့ မုန်တိုင်းငယ်တစ်ခုဝင်ရောက်တိုက်ခတ်ခဲ့အပြီးတွင် မြေပြိုမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ပန်တူကန်မြို့တော်ဝန် ဆယ်လ်ဆိုဆာရီနက်စ်က မိုးသည်းထန်စွာရွာသွန်းအပြီးဖြစ်ပေါ်ခဲ့သော မြေပြိုမှုကြောင့် တူးဖော်ရေးဥမင်ငယ်များနှင့်သစ်လုံးအိမ်ငယ်များနစ်မြုပ်သွားခဲ့ရာ မည်မျှပြန်ရှာတွေ့မည်ဆိုသည်ကိုပင် သိနိုင်စရာမရှိကြောင်း ပြောကြားခဲ့သည်။

"(ဘယ်လောက်ပျောက်နေသလဲဆိုတာ) ကျွန်တော်တို့ အမှန်တကယ်မသိနိုင်ဘူး။ ဒီမှာက လာလိုက်သွားလိုက်ပဲ။ ခေါင်းဆောင်တဲ့သူတွေတောင် ဘယ်သူလာတယ်၊ ဘယ်သူသွားတယ်ဆိုတာမသိကြဘူး" ဟုဆာရီနက်စ်ကပြောကြားခဲ့သည်။

ပန်တူကန်နှင့်အနီးရှိ မွန်ကာယိုမြို့တို့မှာ ရွှေတူးသူများကို ဆွဲဆောင်နိုင်သည့်နေရာဖြစ်ပြီး စည်းမျဉ်းစည်းကမ်းနှင့်အညီ တူးဖော်မှုများ မလုပ်နိုင်သောကြောင့် တောင်စောင်းတစ်လျှောက် မြေပြိုမှုများဖြစ်လေ့ရှိသည်။

ပြီးခဲ့သည့်နှစ် ဧပြီလ ၂၂ ရက်နေ့ကလည်း ယခုဖြစ်ပွားသည့်နေရာအနီးတွင်ပင် မြေပြိုမှုဖြစ်ပွားခဲ့ဖူးပြီး လူ ၂၂ ဦးသေဆုံးခဲ့သည်။ အာဏာပိုင်များက ပန်တူကန်မှ ရွှေတူးဖော်သူအားလုံးကိုဖယ်ရှားရန် ညွှန်ကြားခဲ့သော်လည်း မြင့်မားသည့် ရွှေဈေး၏ဆွဲဆောင်မှုကြောင့် စွန့်ခွာခဲ့ရသူများအပြင် နောက်လူများပါထပ်ပေါင်းရောက်ရှိကာ တူးဖော်မြဲ တူးဖော်နေကြခြင်းဖြစ်သည်။*Ref: AFP*

# အိန္ဒိယနိုင်ငံရှိ ကျားများကို လက်နက်ကိုင် ကွန်မန်ဒိုများက ကာကွယ်စောင့်ရှောက်သွားမည်

အိန္ဒိယနိုင်ငံရှိ ကျားများကို ဖမ်းယူခြင်းနှင့်သတ်ဖြတ်ခြင်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတောင်ပိုင်းရှိ တောများထဲတွင် လက်နက်ကိုင်ကွန်မန်ဒိုတပ်များကို တပ်ဖြန့်ထားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ဇန်နဝါရီ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ကာနာတာကာနှင့် တမီးလ်နာဒူးလ်ပြည်နယ်နယ်စပ်ရှိ ကျားထိန်းသိမ်းရေး အဓိကနေရာနှစ်ခုဖြစ်သည့် Bandipur နှင့် Nagarhole အမျိုးသားဥယျာဉ်တွင်အဖွဲ့ဝင် ၅၄ ဦးပါဝင်သည့် ကျားကာကွယ်စောင့်ရှောက်ရေးအထူးတပ်ဖွဲ့သည် ကင်းလှည့်သွားမည်ဖြစ်သည်။

သစ်တောဝန်ထမ်းများပါဝင်သည့် ကျားကာကွယ်စောင့်ရှောက်ရေးအထူးအဖွဲ့ကိုသေနတ်ပစ်လေ့ကျင့်မှုများအပါအဝင် နည်းပညာများစွာဖြင့် တောတွင်းတွင် သုံးလကြာလေ့ကျင့်သင်ကြားပေးနေပြီဖြစ်သည်။

ပြည်နယ်အတွင်းရှိ အခြားကျားထိန်းသိမ်းရေးနေရာများတွင်လည်း အထူးတပ်ဖွဲ့များကို တပ်ဖြန့်ထားရှိသွားမည်ဖြစ်ကြောင်း၊ အထူးတပ်ဖွဲ့များကို ရပ်ပိုင်းဆိုင်ရာ လေ့ကျင့်မှု၊ လက်နက်ကိုင်တိုက်ခိုက်မှုနှင့် မြေပုံဖတ်နည်းများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်သစ်တောထိန်းသိမ်းရေး အရာရှိချုပ်B.K Singhကပြောကြားခဲ့သည်။

လွတ်လပ်ရေးရချိန် ၁၉၄၇ ခုနှစ်တွင် အိန္ဒိယ၌ကျားကောင်ရေ ၄၀၀၀၀ ခန့်ရှိရာမှ ကျဆင်း လာခဲ့ရာ ၂၀၀၆ ခုနှစ်တွင် ၁၄၁၁ ကောင်သာရှိတော့သည်။

*Ref: AFP*

# ပြည်ပနိုင်ငံများသို့ အင်ဒိုနီးရှားအိမ်အကူများစေလွှတ်မှုကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းမည်

အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သားများ ပါဝင်ပတ်သက်သည့် လူသတ်မှု၊ အနိုင်ကျင့်ခံရမှုများနှင့် ကွပ်မျက်ခံရမှုများစွာဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံမှအိမ်အကူများကို ပြည်ပသို့စေလွှတ်မှုကို ၂၀၁၇ ခုနှစ်တွင် ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအလုပ်သမားနှင့် ရွှေ့ပြောင်းလုပ်သားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အိမ်အကူများစေလွှတ်မှုကို ရပ်ဆိုင်းမည့်စီမံကိန်းသည် အလုပ်သမားဝန်ကြီးဌာန၏ လမ်းပြမြေပုံအစိတ်အပိုင်းဖြစ်ကြောင်း အလုပ်သမားဝန်ကြီး Muhaimin Iskandar က ဇန်နဝါရီ ၄ ရက်နေ့တွင် ပြောကြားခဲ့သည်။ "အကောင်အထည်ဖော်ဆောင်မှုကို ခိုင်ခိုင်မာမာဆောင်ရွက်သွားမှာပါ။ နှစ်စဉ် အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သား ၆၅၀၀၀၀ ကို ပြည်ပနိုင်ငံတွေကို ပို့ပေးခဲ့ရတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

*Ref: AFP*

# ထိုင်ဝမ်သမ္မတဟောင်းချန်ရွှေဗျန်း ကွယ်လွန်သူယောက္ခမကို တစ်နာရီဂါရဝပြုခွင့်ရပြီး ထောက်ခံသူများကိုမိန့်ခွန်းပြောကြား



ခြစားမှုများကြောင့် ထောင်ဒဏ် ၁၇ နှစ်ခွဲ ကျခံနေရသော တိုင်ပေသမ္မတဟောင်းချန်ရွှေဗျန်းသည် ကွယ်လွန်သူယောက္ခမကို ဇန်နဝါရီလ ၆ ရက်တွင် ဂါရဝပြုခွင့်ရခဲ့ကြောင်းသိရသည်။ ထိုင်ဝမ်ရွေးကောက်ပွဲများ နီးကပ်လာချိန်တွင် ထောင်ပြင်ပသို့ ယာယီထွက်ခွင့်ရသောသမ္မတဟောင်းသည်ယောက္ခမ၏ဈာပနၶ မိနစ် ၂၀ ကြာ မိန့်ခွန်းပြောခဲ့သည်ဟု သိရသည်။

ချန်၏ယောက္ခမသည် ပြီးခဲ့သော သီတင်းပတ်က ကွယ်လွန်ခဲ့ရာ ဇန်နဝါရီလ ၁၀ ရက်တွင်ပြုလုပ်မည့် နာရေးသို့တက်ရောက်ရန် ချန်က ခွင့်တောင်းခဲ့သော်လည်း ထိုင်ဝမ်ထောင်က ပယ်ချခဲ့သည်။ ယင်းအစား ချန်သည် တိုင်နန်မြို့တွင် ပြုလုပ်မည့် ယောက္ခမအတွက် ဆုတောင်းသည့် အခမ်းအနားသို့ လက်ထိပ်၊ ခြေကျင်းများ ဝတ်ဆင်စရာမလိုဘဲ တက်ရောက်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အထိ သမ္မတလုပ်ခဲ့သောချန်သည် အဓိကအတိုက်အခံ Democratic Progressive Par ပါတီ ခေါင်းဆောင်အမျိုးသမီးကျန်အင်းဝမ်ကို ထောက်ခံထားသူဖြစ်သည်။ ချန်ကိုယ်တိုင်သည်လည်း တရုတ်မလိုလားသည့် DPP ပါတီခေါင်းဆောင်ဘဝမှသမ္မတဖြစ်လာသူဖြစ်သည်။

ဆုတောင်းပွဲကျင်းပရာ ထိုင်ဝမ်တောင်ပိုင်းရှိ တိုင်နန်မြို့မှာ DPP အင်အားကောင်းရာနေရာလည်း ဖြစ်သောကြောင့် ချန်ကို ထောက်ခံသူ ၃၀၀ ခန့်ပါ တက်ရောက်ခဲ့ကြသည်။ ချန်နှင့်မိသားစုများသည် အမေရိကန်ဒေါ်လာသန်းနှင့်ချီငွေကြေးခဝါချမှု၊ နိုင်ငံရေးအလှူငွေနှင့် ရန်ပုံငွေများကို ပြည်ပသို့ခိုးထုတ်မှု၊ အစိုးရစာချုပ်များတွင် အကျိုးအမြတ်ယူမှု စွဲချက်များဖြင့် စွပ်စွဲခံခဲ့ရသည်။

*Ref: AFP*

■

# တရုတ်ရုပ်မြင်သံကြားများတွင် ဖျော်ဖြေရေးအစီအစဉ် သုံးပုံနှစ်ပုံခန့် လျှော့ချသွားရန် စီစဉ်နေ

တရုတ်နိုင်ငံ၏ရုပ်သံထုတ်လွှင့်မှုများတွင် ဖျော်ဖြေရေးအစီအစဉ်များကို သိသိသာသာလျှော့ချသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်သံက ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်သည်။ သမ္မတဟူကျင်တောင်က အနောက်တိုင်းယဉ်ကျေးမှုများ တင်သွင်းနေသည့်အန္တရာယ်ရှိနေကြောင်း သတိပေးခဲ့ပြီးနောက် တရုတ်ရုပ်မြင်သံကြားများတွင် အနောက်တိုင်းရုပ်သံထုတ်လွှင့်မှုပုံစံများ အပေါ်အခြေခံထားသော ထုတ်လွှင့်မှုများကို လျှော့ချရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

အနောက်တိုင်းပုံသဏ္ဍာန် သွေးသစ်ရှာပုံတော်ပြိုင်ပွဲများ၊ ချိန်းတွေ့အစီအစဉ်ပြပွဲများသည် မကြာသေးခင်နှစ်များအတွင်း တရုတ်တွင်ခေတ်စားလာရာ အာဏာပိုင်များအကြားစိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

အောက်တိုဘာလတွင် တရုတ်ရုပ်သံထုတ်လွှင့်မှုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ထုတ်ပြန်ခဲ့သည့်ညွှန်ကြားချက်အရ အပတ်စဉ်ဖျော်ဖြေရေးထုတ်လွှင့်မှုများကို ၁၂၆ ကြိမ်ကို ၃၈ ကြိမ်သို့ လျှော့ချခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁ ရက်နေ့မှစ၍ ညနေတိုင်းတွင် သတင်းအစီအစဉ်ကို ၂ နာရီ အနည်းဆုံးထုတ်လွှင့်ရမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များ အလွန်အကျွံပြသခြင်းကို ရပ်တန့်ရန်ညွှန်ကြားချက်ထုတ်ပြန်ထားသည်ဟုသိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင်ရုပ်သံကြည့်ရှုသူ အများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၁ ဒသမ ၃ ဘီလျံ၏ ၉၅ ရာခိုင်နှုန်းခန့်မှာ ရုပ်သံကြည့်ရှုနိုင်ကြသည်။

*Ref:AFP*

# တရုတ်မြို့ကြီးများတွင် အနိမ့်ဆုံးလုပ်ခများမြှင့်တင်ပေး

အလုပ်သမားမတည်ငြိမ်မှုများ လုပ်သားအင်အားရှားပါးမှုများကို ဖြေရှင်းရန် ကြိုးပမ်းသည့်အနေဖြင့် တရုတ်အဓိကမြို့ကြီးများတွင် အနိမ့်ဆုံးလုပ်ခများကို မြှင့်တင်ပေးနေကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောကြားခဲ့သည်။

ဟောင်ကောင်နှင့် နယ်စပ်ရှိ ရှန်ဇန်မြို့တွင် အနိမ့်ဆုံးလုပ်ခကို ဖေဖော်ဝါရီလမှစ၍ ၁၄ ရာခိုင်နှုန်းနီးပါးတိုးမြှင့်ကာ ၂၃၈ ဒေါ်လာအထိ မြှင့်တင်ပေးမည်ဟု ရှန်ဇန်အုပ်ချုပ်ရေးအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပေကျင်းမြို့တော်တွင်လည်း အနိမ့်ဆုံးလုပ်ခများကို ၉ ရာခိုင်နှုန်းနီးပါးထိ တိုးမြှင့်ပေးကာ ၁၂၆၀ ယွမ်ထိ မြှင့်တင်ပေးမည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ အနောက်တောင်ဘက် စီချွမ်ပြည်နယ်တွင်လည်း အနိမ့်ဆုံးလုပ်ခကို ၂၃ ရာခိုင်နှုန်းမြှင့်တင်ပေးမည်ဟု ဆင်ဟွာကဖော်ပြခဲ့သည်။

တရုတ်အလုပ် သမားဈေးကွက်သည် ပြီးခဲ့သည့်သုံးနှစ်မှ ငါးနှစ်အတွင်း အပြောင်းအလဲကြီး များဖြစ်နေခဲ့ပြီး အလုပ်သမား များရှားပါးနေပြီဖြစ်ကြောင်း ဟောင် ကောင်ရှိစတန်းဒက်ချာတာဘဏ်၊ တရုတ်ရေးရာသုတေသနဌာန အကြီးအကဲစတီဖင်ဂရင်းက ပြောကြား ခဲ့သည်။ရှန်ဇန်သည် တရုတ် တွင် အနိမ့်ဆုံးလုပ်ခနှုန်းယှဉ်ပါက အမြင့်ဆုံးပြည်နယ် ဖြစ်ပြီး တရုတ် နှစ်သစ်ကူးပြီးနောက်မွေးရပ်ပြန်သော အလုပ်သမားများပြန်မလာကြ တော့သောကြောင့်အလုပ်သမား ရှား ပါးမှုနှင့် ကြုံရလေ့ရှိသည်။ *Ref:AFP*



ဇန်နဝါရီလ ၆ ရက်နေ့က တရုတ်အရှေ့ပိုင်း အန်ဟွေပြည်နယ်အရှေ့ပိုင်းရှိ ဘူတာရုံတစ်ခုတွင် တရုတ်နှစ်ကူးအမီအိမ်ပြန်ကြသူများ

# တူရကီစစ်ဦးစီးချုပ်ဟောင်းအား အာဏာသိမ်းရန်ကြံစည်မှုဖြင့် ထိန်းသိမ်း

တူရကီစစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးအီကာဘာ့စ်ဘက်ဂျ်အား အာဏာသိမ်းရန်ကြံစည်မှုဖြင့် ဇန်နဝါရီလ ၆ ရက်နေ့တွင် ထောင်တွင်း၌ ရမန်ဖြင့်စတင်ထိန်းသိမ်းခဲ့ကြောင်းသိရသည်။

အာဂျီနီကွန် ကွန်ရက်ဟုခေါ်သော အာဏာသိမ်းရန်ကြံစည်မှုကြီးနှင့်ပတ်သက်ပြီး ထိန်းသိမ်းခံရသူများထဲတွင် ဘာ့စ်ဘက်ဂျ်သည် ရာထူးအကြီးဆုံးဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်ကမှ စစ်ဘက်က အနားယူခဲ့သည့် ဗိုလ်ချုပ်ကြီးဘာ့စ်ဘက်ဂျ်ကမူ စွပ်စွဲချက်များကို ပယ်ချထားသည်။ သံသယရှိသူ ၄၀၀ ကျော်မှာ ၂၀၀၃ ခုနှစ်က ကြံစည်ခဲ့သည်ဆိုသော ဝန်ကြီးချုပ်ရီစက်တာယစ်အာဒိုဂန်အစိုးရကို ဖြုတ်ချရန်ကြံစည်သည့် ကွန်ရက်တွင်ပါဝင်မှုဖြင့် ထိန်းသိမ်းခံထားရပြီးဖြစ်သည်။

အာဂျီနီကွန် အဖွဲ့အစည်းသည် စစ်ဘက်နှင့် လောကီသီးသန့်အမျိုးသားရေးဝါဒီများက အစ္စလာမ္မစ်ဆန်လာသော အစိုးရကိုဖြုတ်ချရန် ကြံစည်မှုတစ်ရပ်ဟု စွပ်စွဲခံရသည်။ ထိန်းသိမ်းခံထားရပြီးဖြစ်သည့် စစ်ဘက်အရာရှိများက ၎င်းတို့သည် အထက်မှအဆင့်ဆင့်ညွှန်ကြားချက်ဖြင့်လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

နေတိုးတပ်ဖွဲ့တွင် အမေရိကန်ပြီးလျှင် စစ်အင်အားအကြီးဆုံး ဖြစ်သည့် တူရကီစစ်တပ်သည် နိုင်ငံ၏ လောကီသီးသန့်အခြေပြုဖွဲ့စည်းပုံအခြေခံဥပဒေကိုစောင့်ရှောက်သည့် အဖွဲ့အစည်းအဖြစ် ကာလရှည်ရပ်တည်ခဲ့ပြီး ၁၉၆၀ နှင့် ၁၉၈၀ ကြားတွင် သုံးကြိမ်အာဏာသိမ်းခဲ့သည်။

အာဒိုဂန်၏အာဏာရအေကေပါတီနှင့်စစ်ဘက်အကြားတွင်တင်းမာမှုရှိခဲ့သည်မှာကာလကြာမြင့်ခဲ့ပြီဖြစ်ပြီးနှစ်ဖက်စလုံးကတစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ် စွဲမှုများရှိခဲ့သည်။

ဝေဖန်သူများကမူ ယခုစုံစမ်းစစ်ဆေးမှုသည် အစ္စလာမ္မစ်အခြေပြုအေကေပါတီကို ကန့်ကွက်သူများအားအမြစ်ဖြုတ်ရန် ရည်ရွယ်သည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း ဝေဖန်ထားသည်။

အေကေပါတီသည် ၁၉၉၆–၉၇ က အစိုးရကို ဦးဆောင်နိုင်ခဲ့ပြီး စစ်တပ်ဦးဆောင်သည့် ကန့်ကွက်မှုဖြင့်ပြုတ်ကျခဲ့သော လူမှုဖူလုံရေးပါတီကိုဆက်ခံသည့်ပါတီဖြစ်သည်။

ဗိုလ်ချုပ်ကြီးဘာ့စ်ဘက်ဂျ်ကို မြို့တော်အစ္စတန်ဘူလ်ရှိ ဆီလ်ဗ်ရီထောင်သို့ ဆေးစစ်ဆေးမှုအပြီးတွင် ပို့ဆောင်ခဲ့သည်။ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် စစ်ဦးစီးချုပ်ဟောင်းတစ်ဦးကို ရုံးတင်စစ်ဆေးခြင်းဖြစ်သည်။ အာမခံဖြင့်ပြန်လွှတ်ပေးရန် တောင်းဆိုမှုများရှိခဲ့သော်လည်း တရားရုံးကပယ်ချခဲ့သည်။ ယခုအမှုကိုကန့်ကွက်သူများထဲတွင် နာမည်ကျော်ဂျာနယ်လစ်များပါ ပါဝင်သည်ဟုသိရသည်။ *Ref: BBC*



ထိန်းသိမ်းခံရသည့် စစ်ဦးစီးချုပ်ဟောင်းအီကာဘာ့စ်ဘာဂျ်ကို ဝန်ကြီးချုပ်အာဒိုဂန်နှင့်အတူ ၂၀၁၀ ပြည့်နှစ် ရာထူးလက်ကိုင်ရှိစဉ်ကာလက အတူတွေ့ရစဉ်

**အာဂျီနီကွန် ကွန်ရက်**

- ဇွန် ၂၀၀၇ ၊ ဖောက်ခွဲရေးပစ္စည်းများ ဖမ်းဆီးရမိ၊စစ်သားဟောင်းများ ထိန်းသိမ်းခံရ
- ဇူလိုင် ၂၀၀၈၊ နိုင်ငံရေးမငြိမ်သက်စေရန်ကြံစည်မှုနှင့် အာဏာသိမ်းရန် ကြံစည်မှုဖြင့် ဗိုလ်ချုပ်ကြီးဟောင်းများနှင့်ထင်ရှားသောဂျာနယ်လစ်တစ်ဦးအပါအဝင် လူ ၂၀ အဖမ်းခံရ
- ဇူလိုင် ၂၀၀၈၊ အာဏာရအေကေပါတီမှာ ပိတ်ပင်ခံရမည့်အရေးမှ ကပ်ပြီးလွတ်မြောက်
- အောက်တိုဘာ ၂၀၀၈၊ အာဂျီနီကွန် အမည်ရအာဏာသိမ်းရန်ကြံစည်မှုဖြင့် ၈၆ ဦးကို ရုံးတင်
- ဇူလိုင် ၂၀၀၉၊ ဒုတိယအကြိမ်စစ်ဆေးမှုတွင် ၅၆ ဦးထပ်မံထိန်းသိမ်းခံရ
- နိုဝင်ဘာ ၂၀၀၉၊ တာရက်ဖ်သတင်းစာက လောင်အိမ်အမည်ရအာဏာသိမ်းရန် ကြံစည်မှုအကြောင်း ဖွင့်ချ၊ ထိန်းသိမ်းမှုများစတင်
- ဇန်နဝါရီ ၂၀၁၀၊ တာရက်ဖ်သတင်းစာက "တူကြီး" အာဏာသိမ်းရန်ကြံစည်မှုကိုဖွင့်ချ၊ အမြောက်အမြားထိန်းသိမ်းခံရ
- ဖေဖော်ဝါရီ ၂၀၁၀၊ "တူကြီး" "အစီအစဉ်နှင့်ပတ်သက်ပြီး စစ်ဘက်အရာရှိ ၄၀ ကျော် ထိန်းသိမ်းခံရ
- ဇွန် ၂၀၁၀၊ "လောင်အိမ်"အစီအစဉ်နှင့်ပတ်သက်ပြီး ရေတပ်အရာရှိ ၃၃ ဦးထိန်းသိမ်းခံရ
- ဇူလိုင် ၂၀၁၁၊ စစ်ဘက်အရာရှိများဖမ်းဆီးခံရမှုကို ကန့်ကွက်သည့်အနေဖြင့် ကြည်း၊ ရေ၊ လေ စစ်ဦးစီးချုပ်များနုတ်ထွက်၊
- နိုဝင်ဘာ ၂၀၁၁၊ ဂျာနယ်လစ် ၁၃ ဦးကို အာဂျီနီကွန် ကွန်ရက်တွင်ပါဝင်မှုဖြင့် ထိန်းသိမ်းရုံးတင်

# အာဂျင်တီးနားသမ္မတ သိုင်းရွိုက်ကင်ဆာရောဂါ ခွဲစိတ်ကုသမှုခံယူ

အာဂျင်တီးနားသမ္မတသည် သိုင်းရွိုက်ကင်ဆာရောဂါအတွက် ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် တစ်ရက်အကြာ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်းသမ္မတရုံးကထုတ်ပြန်သည်။

ဗျူနိုအေရိစ်မြို့ပြင် ၃၅ မိုင်အကွာရှိပီလာမြို့မှအော်စထရယ်ဆေးရုံတွင်သမ္မတခရစ္စတီးနားကာ့ချ်နာကို သုံးနာရီခွဲကြာ ခွဲစိတ်မှုပြုလုပ်ခဲ့ ခြင်းဖြစ်သည်။ အသက် ၅၈ နှစ်ရှိပြီဖြစ်သောကာ့ချ်နာသည် သူ၏သိုင်းရွိုက်အကြိတ်ကို ဒီဇင်ဘာလ ၂၂ ရက်နေ့ ပုံမှန်ဆေးစစ်မှုတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သမ္မတဒုတိယသက်တမ်း စတင်ထမ်းဆောင်ကာစ ၁၂ ရက်အကြာတွင်ဖြစ်သည်။

သူ၏ ကင်ဆာသည် သွေးဖြူအဖုငယ်များဆီ သို့မဟုတ်သိုင်းရွိုက်ဂလင်းပြင်ပသို့ ပျံ့နှံ့ခြင်းမရှိသေးကြောင်း သိရသည်။

အသက် ၅၈ နှစ်အရွယ်ရှိ သမ္မတကာ့ချ်နာသည်လွန်ခဲ့သည့်လကမဲ ၅၄ ရာခိုင်နှုန်းကျော်ဖြင့် ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ ကာ့ချ်နာသည် ၂၀၀၇ ခုနှစ်က သမ္မတဖြစ်လာခဲ့ပြီး ၎င်း၏ခင်ပွန်း နက်စတာကာ့ချ်နာသည်လည်း ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ သမ္မတဖြစ်ခဲ့သည်။ နက်စတာကာ့ချ်နာသည် ၂၀၁၀ ပြည့်နှစ်က ကွယ်လွန်ခဲ့သည်။ *Ref: AFP*



# တာလီဘန်-အမေရိကန် ဆွေးနွေးမှုကို အာဖဂန်အစိုးရ သဘောတူ

တာလီဘန်နှင့် အမေရိကန်နိုင်ငံအကြား ဆွေးနွေးမှုနှင့်ကာတာတွင် တာလီဘန်ရုံးတစ်ခု ဖွင့်လှစ်မှုကို သဘောတူညီကြောင်း အာဖဂန်နစ္စတန်အစိုးရအဖွဲ့က ဇန်နဝါရီလ ၄ ရက်နေ့တွင် ထုတ်ပြန်ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန် အပြင်ဘက်တွင် ကာတာ၌ပထမဆုံးဖွင့်လှစ်မည့် တာလီဘန်ကိုယ်စားလှယ်ရုံးအပါအဝင်အရေးပါသည့်ရပ်တည်ချက်များအတွက် ကနဦးသဘောတူညီချက်တစ်ခုရရှိခဲ့ကြောင်း တာလီဘန်များက ဇန်နဝါရီ ၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာမှုသည် တာလီဘန်နှင့်အမေရိကန်ကျောထောက်နောက်ခံပြုသည့် သမ္မတဟာမစ်ကာဇိုင်းအစိုးရအဖွဲ့ကြား သွေးထွက်သံယိုစစ်ပွဲကို အဆုံးသတ်မည့်ဆွေးနွေးပွဲအတွက် ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။

"အမေရိကန်နဲ့တာလီဘန်ကြားမှာ စေ့စပ်ဆွေးနွေးမှုနှင့်အတူ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီးစစ်ပွဲနဲ့ အပြစ်မဲ့ပြည်သူတွေသေဆုံးမှုကို ကယ်တင်နိုင်မှာဖြစ်တယ်"ဟု အာဖဂန်အစိုးရအဖွဲ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စေ့စပ်ဆွေးနွေးခြင်းသည် ငြိမ်းချမ်းရေးရရှိမှု၊ စစ်ပွဲနှင့်အကြမ်းဖက်မှုများကိုအဆုံးသတ်စေမည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်ဟု အစိုးရအဖွဲ့က သုံးသပ်ဆင်ခြင်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြခဲ့သည်။

နိုင်ငံကို ကာကွယ်ရန်နှင့်နှင့် ပြည်ပနိုင်ငံများ၏ ယိုးမယ်ဖွဲ့မှုနှင့် အာဖဂန်တွင် စစ်ပွဲဆက်လက်ဖြစ်စေလိုသည့်သူများရန်မှ ကယ်တင်ရန်ရယ်ရွယ်သည့် တာလီဘန်–အမေရိကန်စေ့စပ်ဆွေးနွေးခြင်းကို လက်ခံကြောင်း အာဖဂန်နစ္စတန်အစိုးရ၏ ကြေညာချက်တွင် ထုတ်ပြန်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြင်ပတွင် တာလီဘန်ရုံးတစ်ခု ဖွင့်လှစ်မှုသည် အာဖဂန်မြေမှ နိုင်ငံခြားတပ်ဖွဲ့ဝင်များ မဆုတ်ခွာသရွေ့စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်မည်မဟုတ်ဆိုသည့် ယခင်က ငြင်းဆိုမှုကို ပြန်လည် အလေးထားမှုတစ်ခုဖြစ်သည်ဟု လေ့လာသုံးသပ်သည့် ပညာရှင်များက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။ *Ref:AFP*

# အမေရိကန်နှင့်အစ္စရေးဒုံးကျည် ကာကွယ်ရေးစနစ် ပူးတွဲလေ့ကျင့်မည်

အမေရိကန်နှင့်အစ္စရေးတို့ ပူးပေါင်း၍ ဒုံးကျည်ကာကွယ်ရေးစနစ် လေ့ကျင့်မှုတစ်ခုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဇန်နဝါရီလ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ နျူအစီအစဉ်နှင့်ပတ်သက်၍ တင်းမာမှုများ မြင့်တက်နေသော်လည်း Austere Challenge 12 ဟု အမည်ပေးထားသည့် အဆိုပါစစ်ရေးလေ့ကျင့်မှုကိုပြုလုပ်ရန် ယခင်ကပင် စီစဉ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အမေရိကန်ဥရောပစစ်ဌာနချုပ်နဲ့ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့တွေ ပူးပေါင်းပြီး အစ္စရေးနိုင်ငံမှာ ပုံမှန်စစ်ရေးလေ့ကျင့်မှုတွေပြုလုပ်ပါတယ်။ မဟာဗျူဟာမြောက်ပူးပေါင်းလုပ်ဆောင်မှုရဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့ ဒီစစ်ရေးလေ့ကျင့်မှုတွေကို ကာကွယ်ရေးစနစ်နဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်လို့ရနိုင်အောင်လို့ ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု အစ္စရေးစစ်တပ်၏ ကြေညာချက်တွင်ဖော်ပြထားသည်။ ပြုလုပ်မည့် ကာလကို ထည့်သွင်းရေးသားမထားကြောင်းသိရသည်။ အဆိုပါစစ်ရေး လေ့ကျင့်မှုကို နွေဦးရာသီတွင်ပြုလုပ်ဖွယ်ရှိပြီး နှစ်နိုင်ငံခြား ယခင်စစ်ရေး လေ့ကျင့်မှုများထက်များစွာ ကြီးကျယ်နိုင်ကြောင်း အစ္စရေးမီဒီယာများက ပြောကြားထားကြသည်။ *Ref:AFP*

# တောင်ဆူဒန်ရှိ ပြည်နယ်တစ်ခုကို အရေးပေါ်အကူအညီလိုသောဒေသအဖြစ် ကြေညာ

တောင်ဆူဒန်နိုင်ငံရှိ ဂျုံလေး Jonglei ပြည်နယ်ကို အရေးပေါ်အကူအညီပေးရန်လိုအပ်သောဒေသအဖြစ် ပြည်နယ်ဝန်ကြီးများကောင်စီက ကြေညာခဲ့ပြီး နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များအနေဖြင့် အကူအညီများအလျင်အမြန်ပေးရန် တောင်းဆိုခဲ့သည်။

သမ္မတ Salva Kiir Mayardit ဦးဆောင်သော ကောင်စီအစည်းအဝေးအပြီးတွင် ဇန်နဝါရီ ၄ ရက်က ယင်းကဲ့သို့ကြေညာခဲ့ကြောင်း သိရသည်။ ယင်းကောင်စီအနေဖြင့် ပြည်နယ်လုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားပြီးဖြစ်ပြီး ပဋိပက္ခဖြစ်နေသော Lou Nuer မျိုးနွယ်စုနှင့် Murle မျိုးနွယ်စုတို့အကြား ပြန်လည်ရင်ကြားစေ့ရေးလုပ်ဆောင်ပေးရန် အကြီးတန်းတာဝန်ရှိသူများအဆင့်ပါဝင်သောကော်မတီတစ်ရပ်ဖွဲ့စည်းပေးခဲ့ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဘားနာဘာမာရီရယ်ဘင်ဂျမင်က ပြောကြားခဲ့သည်။

ယင်းအတွက်ကြောင့် ကုလသမဂ္ဂအပါအဝင် အကူအညီပေးရေးအဖွဲ့များအနေဖြင့် ယင်းမျိုးနွယ်စုနှစ်ခုနှင့် အခြားဒေသများရှိ အကူအညီလိုနေသူများကို အကူအညီများပေးရန် ယင်းကောင်စီက တိုက်တွန်းလိုကြောင်း ပြောကြားခဲ့သည်။



ယင်းမျိုးနွယ်စုနှစ်စုက ပြန်ပေးဆွဲထားသော အမျိုးသမီးများနှင့် ကလေးများကိုပြန်လွှတ်ပေးပြီး ပြန်လည်ပေါင်းစည်းခွင့်ပေးရန် ကောင်စီအဖွဲ့ဝင်ဝန်ကြီးများက တိုက်တွန်းခဲ့သည်။

Lou Nuer မျိုးနွယ်စုအနေဖြင့် Murle ပိုင်နက်ကို ဖယ်ရှားပေးမှသာ အစိုးရက အကူအညီများပေးပို့နိုင်မည်ဖြစ်ကြောင်း မာရီရယ်က ပြောကြားခဲ့ကြောင်း လွတ်လပ်သော တောင်ဆူဒန်သတင်းအေဂျင်စီက ဇန်နဝါရီလ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ပြန်ပေးဆွဲခံထားရသူများပြန်လွတ်နိုင်ရန်အတွက် Uror နှင့် Pibor ကောင်စီရှိ ကော်မရှင်နာများအနေဖြင့် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ်က တိုက်တွန်းခဲ့သည်။ *Ref: CNN*

## အာရပ်အဖွဲ့ချုပ်စောင့်ကြည့်စစ်ဆေးသူများသည် ဆီးရီးယားအစိုးရ၏လိမ်လည်မှုခံရကြောင်း နိုင်ငံရေးလှုပ်ရှားသူများပြောကြား



နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ထိန်းသိမ်းခံရပြီးနောက် ပြန်လွတ်လာသူ အနည်းငယ်အား ဆီးရီးယားနိုင်ငံပိုင်ရုပ်သံက ရိုက်ကူးထုတ်လွှင့်ထားသည့်ပုံ

ဆီးရီးယားတွင် ၁၀ လခန့်ကြာမြင့်လာသော လူထုလှုပ်ရှားမှုအပေါ် အစိုးရက အင်အားသုံးနှိမ်နင်းမှု ရပ်တန့်ရေးသဘောတူညီချက်ကို သမ္မတဘာရှားအယ်လ်အာဆတ်အစိုးရက လိုက်နာခြင်းရှိမရှိ စောင့်ကြည့်စစ်ဆေးရန် အာရပ်အဖွဲ့ချုပ်မှ စောင့်ကြည့်စစ်ဆေးသူများက ပြီးခဲ့သောသီတင်းပတ်တွင်သွားရောက်ခဲ့သည်။

သို့သော် အာရပ်အဖွဲ့ချုပ်စောင့်ကြည့်စစ်ဆေးသူများသည် ဆန္ဒပြသူများ အကြမ်းဖက်နှိမ်နင်းခံရသောဒေသများသို့ သွားရောက်ကြည့်ရှုခွင့်မရှိခြင်း၊ ဆီးရီးယားအစိုးရက လိုက်ပြသောနေရာများကိုသာလိုက်ကြည့်ခွင့်ရပြီး အလိမ်ခံရခြင်း၊ စစ်အကျဉ်းထောင်များတွင် ဖမ်းထားသူများကို ဝှက်ထားခြင်းတို့ရှိကြောင်း အစိုးရဆန့်ကျင်သောနိုင်ငံရေးလှုပ်ရှားသူများက ပြောကြားခဲ့သည်။ ကာတာဝန်ကြီးချုပ်ရှိတ်ခ်ဟာမက်ဒ်ဘင်ဂျက်ဆင်မ်အယ်လ်တာနီကလည်း အာရပ်အဖွဲ့ချုပ် စောင့်ကြည့်သူများသည် အမှားအယွင်းများလုပ်ခဲ့ကြောင်း ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်နှင့် တွေ့ဆုံပြီးနောက် ဇန်နဝါရီလ ၅ ရက်တွင် ဝေဖန်ခဲ့သည်။

ယင်းစောင့်ကြည့်အဖွဲ့၏ ကနဦးတွေ့ရှိချက်များနှင့်ပတ်သက်၍ အီဂျစ်တွင် ဇန်နဝါရီ ၈ ရက်၌ ဆွေးနွေးမည်ဖြစ်သည်။ သို့သော် မည်သည့်ရလဒ်ထွက်ပေါ်သည်ဖြစ်စေ ယင်းစောင့်ကြည့်အဖွဲ့ကို ရုပ်သိမ်းသွားမည်မဟုတ်ကြောင်း အာရပ်အဖွဲ့ချုပ်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

အာရပ်အဖွဲ့ချုပ်သဘောတူညီချက်ကို သဘောတူကြောင်းပြသချင်သော ဆီးရီးယားအစိုးရက ထိန်းသိမ်းထားသူ ၅၅၂ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ နိုဝင်ဘာလနောက်ပိုင်း အကျဉ်းသား ၄၀၀၀ ခန့်လွှတ်ပေးပြီဟု နိုင်ငံပိုင်သတင်းဌာနက ထုတ်ပြန်သည်။ အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် နာဘီလ်အီလာရာဘီက အကျဉ်းသား ၃၅၀၀ ခန့်လွတ်လာအောင် အဖွဲ့ချုပ်က လုပ်ဆောင်နိုင်ခဲ့ကြောင်းထုတ်ပြန်ထားသော်လည်း ထိန်းသိမ်းခံရသူအမြောက်အမြားရှိနေဆဲဖြစ်သည်ဟု ဝေဖန်မှုများရှိနေသည်။

*Ref: Reuters*

## ပါရာဂွေးတွင် ခွာနာလျှာနာရောဂါဖြစ်ပွား

ပါရာဂွေးနိုင်ငံရှိ မြောက်ပိုင်းပြည်နယ်တစ်ခုတွင် ခွာနာလျှာနာရောဂါဖြစ်ပွားနေကြောင်း နိုင်ငံ၏အဓိကနွားတင်သွင်းသည့် လုပ်ငန်းတစ်ခုက ဇန်နဝါရီ ၃ ရက်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

"ကျွဲနွားတိရစ္ဆာန်တွေမှာ ခွာနာလျှာနာရောဂါပိုးအပြင်းအထန်ကူးစက်နေတယ်လို့ စစ်ဆေးတွေ့ရှိခဲ့တယ်။ ရောဂါပိုးတွေ့ရှိတဲ့အကြောင်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ တိရစ္ဆာန်ကျန်းမာရေးဌာနကို အစီရင်ခံစာတင်ပြခဲ့ပါတယ်"ဟုကျန်းမာရေးလုပ်ငန်းမှ ဥက္ကဋ္ဌ Daniel Rojas က ပြောကြားခဲ့သည်။ Asuncion မြို့ မြောက်ဘက် မိုင် ၂၀၀ အကွာ၊ Sanpedro ပိုင်နက်ရှိ မွေးမြူရေးခြံတစ်ခုမှကျွဲနွားကောင်ရေ၁၅၀ ကျော်ကို သုတ်သင်ခဲ့သည်။

ပါရာဂွေးနိုင်ငံသည် ကမ္ဘာ့ထိပ်တန်း အမဲသားထုတ်လုပ်သည့် နိုင်ငံများမှတစ်နိုင်ငံဖြစ်သည်။ *Ref: AFP*

## အစ္စရေးဝန်ကြီးချုပ်ဟောင်း ခြစားမှုဖြင့် စွဲချက်တင်ခံရ

အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုမာ့တ်သည် အခြားသူများစွာနှင့်အတူ အဆောက်အအုံကြီးတစ်ခုဆောက်လုပ်ရာတွင် လာဘ်ယူမှုဖြင့် ဇန်နဝါရီလ ၅ ရက်နေ့က စွဲချက်တင်ခံခဲ့ရကြောင်း တရားရေးသတင်းရပ်ကွက်များက ပြောကြားခဲ့သည်။

စွပ်စွဲချက်များမှာ ဂျေရုဆလင်မြို့တော်ဝန်အဖြစ် အိုမာ့တ်တာဝန်ထမ်းဆောင်စဉ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဆက်စပ်မှုမရှိသည့် စွဲချက်သုံးခုဖြင့် တရားခွင်ရောက်နေပြီဖြစ်သည့် အိုမာ့တ်အပေါ်သို့ ဝန်ထုပ်ဝန်ပိုးပိုတိုးလာခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များက မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ်ဂျေရုဆလင်တွင် Holyland လူနေအိမ်ရာတိုက်ခန်းတွဲများ ဆောက်လုပ်ရေးအတွက် ချောမွေ့စေရန် အိုမာ့တ်သည် လာဘ်ငွေများ လက်ခံခဲ့သည်ဟု စွပ်စွဲခံထားရသည်။

"အိုလ်မတ်နဲ့အခြားသူများကို စွဲချက်တစ်ခုတင်ထားကြောင်း"တရားရုံးများအုပ်ချုပ်ရေးအဖွဲ့မှပြောခွင့်ရ အမျိုးသမီးတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

စွဲချက်တင် ခံထားရသူများတွင် ဝန်ကြီးချုပ်ဟောင်း အိုမာ့တ်၊ ၎င်း၏လက်ထောက်ဟောင်းရှူလာဇာကင်၊ အိုလ်မာ့တ်၏ မြို့တော်ဝန်နေရာကို ဆက်ခံခဲ့သူယူရီလူပိုလီယန်စကီးတို့နှင့်အတူ မြို့တော်စည်ပင်အရာရှိကြီးများ၊ ထင်ရှားသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အဆောက်အအုံဆောက်လုပ်သူများ ပါဝင်သည်။

လွန်ခဲ့သည့် မတ်လကတည်းက တရားရေးဝန်ကြီးဌာနသည် အိုမာ့တ်အပါအဝင် လူ ၁၈ ဦးအား လာဘ်ယူမှုဖြင့် တရားစွဲရန် အစ္စရေးအစိုးရရှေ့နေများက ပြင်ဆင်နေကြောင်း ကြေညာခဲ့သည်။ ယခုစွတ်စွဲလွှနှန်းအရ ဒေါ်လာ ၃၉၀၀၀၀ ခန့်ကို လာဘ်ယူမှုတွင် အိုမာ့တ်သည် အဓိကမသင်္ကာသူအဖြစ် ၂၀၁၀ ပြည့်နှစ် ဧပြီလကတည်းကပင် အစိုးရရှေ့နေများက တရားဝင်ပြောကြားခဲ့သည်။ *Ref: AFP*



## မူဘာရက်အား သေဒဏ်ချမှတ်ရန် အီဂျစ်အစိုးရရှေ့နေတိုက်တွန်း

ပြုတ်ကျခဲ့သည့် အီဂျစ်သမ္မတဟောင်း မူဘာရက်သည် အစိုးရဆန့်ကျင်ဆန္ဒပြသူများကို ပစ်သတ်ရန် အမိန့်ပေးခဲ့သည့်အတွက် ၎င်းအား သေဒဏ်ချမှတ်ရန် အစိုးရရှေ့နေတစ်ဦးက ဇန်နဝါရီလ ၅ ရက်နေ့က ပြုလုပ်ခဲ့သည့် တရားခွင်စစ်ဆေးမှုတွင် တိုက်တွန်းခဲ့သည်။

"ကြိုတင်ကြံစည်တဲ့ သတ်ဖြတ်မှုအတွက် တရားဥပဒေအရသေဒဏ်ပေးလို့ ရပါတယ်"ဟု မူဘာရက်အား စစ်ဆေးသည့် တရားခွင်တွင် အစိုးရရှေ့နေမှုစတာဖာခါတာက ပြောကြားခဲ့သည်။ ထို့ပြင် အစိုးရရှေ့နေချုပ်မှုစတာဖာဆူလေမန်ကလည်း သမ္မတနိုင်ငံ၏ သမ္မတသည် ပြည်သူတို့အား အကာအကွယ်ပေးရန် တာဝန်ရှိပြီး ပြဿနာမှာ ဆန္ဒပြသူများကို သတ်ဖြတ်ရန် အမိန့်ပေးခဲ့ခြင်းရှိမရှိဆိုသည့် မေးခွန်းတစ်ခုတည်းမဟုတ်ကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း မူဘာရက်သည် အကြမ်းဖက်တိုက်ခိုက်နေမှုကိုရပ်တန့်ရန်အဘယ်ကြောင့် မစွက်ဖက်ခဲ့သည်ကိုမူ သိရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ အခြေအနေဆိုးရွားနေမှုအား မူဘာရက်ကို အသိပေးခဲ့ခြင်းမရှိဆိုသည့်ပြောကြားချက်များအား ဆူလေမန်က ပယ်ချခဲ့သည်။

"ဇန်နဝါရီလ ၂၅ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုတွေကို သမ္မတဖြစ်တဲ့သူက ဘာ့ကြောင့် မသိနိုင်ခဲ့ပါသလဲ"ဟု ဆူလေမန်က ဆက်လက်ပြောကြားခဲ့သည်။ ထို့ပြင် အခြေအနေဆိုးရွားနေမှုအား မူဘာရက်ကို အသိပေးခဲ့ခြင်းမရှိဆိုသည့် ပြောကြားချက်များအား ဆူလေမန်က ပယ်ချခဲ့သည်။ ထိုစဉ်က ပြည်ထဲရေးဝန်ကြီးအက်ဒလီသည်လည်း မူဘာရက်ထံမှ ညွှန်ကြားချက်မရဘဲ ဆန္ဒပြသူများကို ပစ်ခတ်ရန် အမိန့်ပေးနိုင်မည်မဟုတ်ဟုလည်း ၎င်းက စောဒကတက်ခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနသည် အမှုစစ်ဆေးမှုအား နှောင့်ယှက်နေသည်ဟုလည်း ဆူလေမန်က စွပ်စွဲခဲ့သည်။

ပြည်ထဲရေးဝန်ကြီးအနေဖြင့် ပစ်ခတ်ရန် အမိန့်ပေးနိုင်သည့် အာဏာမရှိကြောင်းနိုင်ငံရေးခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးတိုင်ပင်မှုမရှိဘဲ ယင်းကဲ့သို့ ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်မည်မဟုတ်ဟူ၍လည်း အက်ဒလီက အစစ်ခံခဲ့သည်။ သတ်ဖြတ်ရန်မူဘာရက်က အမိန့်ပေးခဲ့မှုနှင့်ပတ်သက်၍ ၎င်းတွင်ခိုင်မာသည့် အထောက်အထားများရှိကြောင်း ဇန်နဝါရီ ၄ ရက်နေ့က ကြားနာမှုတွင် ဆူလေမန်က ပြောကြားခဲ့သည်။ *Ref: AFP*



## တူရကီက အမေရိကန်လုပ် အက်ဖ်-၃၅ တိုက်လေယာဉ်များဝယ်ယူ

တူရကီက အမေရိကန်လုပ် အက်ဖ်-၃၅ တိုက်လေယာဉ်များဝယ်ယူရမည်ဖြစ်ပြီး ပထမသုတ်နှစ်စင်းကို ဝယ်ယူသွားမည်ဟု တူရကီကာကွယ်ရေးဝန်ကြီးဌာနကာကွယ်ရေးပစ္စည်းဖြည့်ဆည်းရေးအေဂျင်စီက ဇန်နဝါရီ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

မျိုးဆက်သစ်တိုက်လေယာဉ်များလိုအပ်နေသည့် တူရကီလေတပ်အတွက် လေယာဉ် ၁၀၀ စီးခန့်ဝယ်ယူရန် တူရကီက စီစဉ်ထားသည်။ သို့သော်လည်း ကုန်ကျစရိတ်များမြင့်တက်နေမှုကြောင့် လေယာဉ်များဝယ်ယူဖြည့်တင်းရေးမှာ နှောင့်နှေးနေသည်။

အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာန၏ လက်နက်စီမံကိန်းများထဲတွင် ကုန်ကျစရိတ်အများဆုံး စီမံကိန်းဖြစ်သည့်အက်ဖ်-၃၅တိုက်လေယာဉ်ကို လော့ဟိမာတင်ကုမ္ပဏီကထုတ်လုပ်ပေးသည်။

လေယာဉ်တစ်စီးလျှင် ဒေါ်လာသန်း၁၀၀ ကျော်ခန့်တန်ဖိုးရှိနေပြီး စီမံကိန်းကုန် ကျစရိတ်မှာ ဒေါ်လာ ၃၈၅ ဘီလျံ ခန့်ထိမြင့်တက်ခဲ့သည်။ သို့သော်လည်း ဂျပန်က ဒေါ်လာ ၄ ဒသမ ၇ ဘီလျံခန့်တန်ဖိုးရှိသည့် အက်ဖ်-၃၅ လေယာဉ် ၄၅ စီးဝယ်ယူရေးသဘောတူညီချက်ကို ဒီဇင်ဘာလက ကြေညာခဲ့သည်။

ပင်တဂွန် သည် အက်ဖ် -၁၆ တိုက်လေယာဉ်များနေရာတွင် အစားထိုးမည့် အက်ဖ် -၃၅ အေ၊ အက်ဖ်-၁၈ တိုက်လေယာဉ်များ နေရာတွင် အစားထိုးမည့် အက်ဖ် -၃၅ စီနှင့် အမေရိကန်မရိန်းတပ်များ သုံးစွဲသည့် ဟာရီယာလေယာဉ်ကို အစားထိုးမည့် အက်-၃၅ ဘီ လေယာဉ် သုံးမျိုး ထုတ်လုပ်ရန် စီစဉ်ထားသည်။

*Ref: AFP*



# မက္ကဆီကိုတွင် ကမ္ဘာ့အမြင့်ဆုံးတံတား ဖွင့်လှစ်



မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီလ ၆ ရက်နေ့က ကမ္ဘာ့အမြင့်ဆုံးတံတား ဘာလူအာတီကို ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အမြင့်ပေ ၁၃၂၂ ပေ ရှိသော ဘာလူအာတီတံတားသည် ဆီရာမာဒရီတောင်များကြားရှိ နက်ရှိုင်းသောချောက်ကမ်းပါးကိုဖြတ်ကာ ဖောက်လုပ်ထားခြင်းဖြစ်သည်။

ယင်းမှာ မက္ကဆီကို၏ ပစိဖိတ်ကမ်းရိုးတန်း မာဇက်လန်မှ ကုန်းတွင်းပိုင်း ဒူရန်ဂိုသို့ အမြန်လမ်းမဖောက်လုပ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းပြုစုရေးအဖွဲ့မှအရာရှိများသည် မက္ကဆီကိုသမ္မတဖီလစ်ပီကယ်လ်ဒါရွန်ထံသို့ အသိအမှတ်ပြု လက်မှတ်ပေးအပ်ခဲ့ပြီးဖြစ်သည်ဟုသိရသည်။

ခရီးသွားလာမှုများကို ယခုနှစ်နှောင်းပိုင်းတွင်မှစတင်ခွင့်ပြုပေးမည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ဒေသတွင်းကူးသန်းရောင်းဝယ်ရေးကိုပါတိုးတက်စေရန် မျှော်လင့်ထားသည်။

မာဇက်လန်–ဒူရန်ဂိုအမြန်လမ်းမသည် မိစ္ဆာကျောရိုးလမ်းဟု ထင်ရှားသော တောင်များကိုပတ်ပြီး ဖောက်လုပ်ထားသည့် ခရီးကြမ်းသော လမ်းကြောင်းနေရာတွင်အစားထိုးမည်ဖြစ်သည်။ ယင်းအတွက် ဘာလူအာတီတံတားသာမက မီတာ ၃၀၀ ထက်မြင့်သော တံတားခြောက်စင်းနှင့် ဥမင် ၆၀ ကို ဖောက်လုပ်ခဲ့သည်။ တံတားအလယ်တိုင်အောက်ခြေမှာ အီဖယ်မျှော်စင်တစ်ခုလုံး လွတ်နိုင်လောက်အောက် မြင့်မားပြီးကြိုးတံတားများထဲတွင် အမြင့်ဆုံးအဖြစ်ပြင်သစ်မှ မီလော်ဗီယာဒက်တံတားကို ကျော်လွန်သွားပြီဖြစ်သည်။ *Ref: BBC*

| ကမ္ဘာ့အမြင့်ဆုံးတံတားများ | | |
|---|---|---|
| ၁။ | ဘာလူအာတီ | မက္ကဆီကို |
| ၂။ | မီလော်ဗီယာဒက် | ပြင်သစ် |
| ၃။ | ရက်စ်ကီးကျွန်းသွားတံတား | ရုရှား |
| ၄။ | ဆူတောင်းတံတား | တရုတ် |
| ၅။ | အကာရှီ-ကာအီကျိုတံတား | ဂျပန် |
| ၆။ | စတုန်းကက်တာတံတား | ဟောင်ကောင် |
| ၇။ | ဂရိတ်ဘဲ့လ်အရှေ့တံတား | ဒိန်းမတ် |
| ၈။ | ဂိုးဒင်းဂိတ်တံတား | အမေရိကန် |
| ၉။ | ဖောရက်စ်ပေး | အမေရိကန် |
| ၁၀။ | တာတာရာတံတား | ဂျပန် |

# အီရန်ကသာ ဟော်မုဇ်ရေလက်ကြားကို ပိတ်လိုက်ပါက ရေနံဈေးထိုးတက်သွားနိုင်

ကမ္ဘာ့ရေနံ ကူးသန်းရောင်းဝယ်မှု၏ ငါးပုံတစ်ပုံမျှဖြတ်သန်းသယ်ယူနေသော ဟော်မုဇ်ရေလက်ကြားကိုပိတ်ပစ်မည်ဆိုပါက သက်ရောက်မှုသည်ချက်ချင်းရှိလာနိုင်ပြီး ရေနံဈေးနှုန်းများ ၅၀ ရာခိုင်နှုန်းနှင့်အထက်ရုတ်ချည်းထိုးတက်သွားနိုင်ကြောင်းစွမ်းအင်ရေးရာ လေ့လာသုံးသပ်သူများက နယူးယောက်တိုင်းမ်သတင်းစာသို့ ပြောကြားခဲ့သည်။

မိုင်းခွဲခြင်း၊ လေကြောင်းမှ ဖျက်စီးခြင်းစသည့် နည်းဗျူဟာများကိုသုံးစွဲရန် အီရန်တွင်လုံလောက်သောစစ်စွမ်းရည်ရှိနေသည်။ သို့ရာတွင် ဥရောပသမဂ္ဂက အီရန်မှရေနံတင်သွင်းမှုပိတ်ပင်ခြင်းအပါအဝင် အနောက်နိုင်ငံများနှင့်တင်းမာမှုများရှိနေသော်လည်း အီရန်အနေဖြင့် ယင်းသို့သောရန်လိုသည့်အပြုအမူမျိုးပြုလုပ်ရန်ဖြစ်နိုင်ခြေမရှိကြောင်း အရှေ့အလယ်ပိုင်းနိုင်ငံရေးကျွမ်းကျင်သူများက သုံးသပ်သည်။

အမေရိကန်အစိုးရအရာရှိများက ဘာရိန်းအနီးတွင်အခြေစိုက်ထားသော အမေရိကန်အမှတ်(၅)ရေတပ်မတော်သည် ရေလက်ကြားကို ကာကွယ်ရန်အသင့်ရှိနေပြီး လိုအပ်ပါက စစ်ရေးအရအီရန်ကိုအရေးယူရန်ပါအသင့်ရှိကြောင်း ထုတ်ပြန်ထားသည်။

အီရန်၏ယိုင်နဲ့နေသော စီးပွားရေးသည် နေ့စဉ်ရေလက်ကြားမှဖြတ်ပြီးတင်ပို့သော ရေနံစိမ်း နှစ်သန်းခန့်မှရသော ဝင်ငွေကို မှီခိုနေရသည်။ ယင်းသို့ပိတ်ဆို့မှုကြောင့် အီရန်၏ ရေနံအဓိကဖောက်သည် တရုတ်ကိုပါ ထိခိုက်လာနိုင်သည်။ တရုတ်သည် အီရန်ရေနံတွင်းများတွင်အကြီးအကျယ်ရင်းနှီးမြှုပ်နှံထားပြီး ချူလက်နက်ထုတ်လုပ်ရန်စီစဉ်နေသည်ဟု ယူဆခံရသော အီရန်အပေါ်အနောက်နိုင်ငံများက အရေးယူပိတ်ဆို့မှုကိုဆန့်ကျင်ထားသည်။

ယင်းသို့ လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင်မှုဖြစ်နိုင်ခြေနည်းပါးနေသော်လည်း တစ်ဖက်ဖက်ကသာအလွန်အမင်းတုံ့ပြန်ပါက စစ်ဖြစ်လာနိုင်ခြေကိုမူ သတိထားရမည်ဟု ဘာကလေရင်းနှီးမြှုပ်နှံမှုမှ ပထဝီနိုင်ငံရေးမဟာဗျူဟာဆိုင်ရာ ပညာရှင်ဟာလီမာခရော့ဖ်ကသုံးသပ်သည်။

အကျဉ်းဆုံးနေရာတွင် ၂၁ မိုင်သာကျယ်သော ရေလက်ကြားကိုပိတ်ပစ်နိုင်ကြောင်း အီရန်အရာရှိအမြောက်အမြားက မကြာသေးမီကာလအတွင်း ခြိမ်းခြောက်ထားသည်။ အီရန်၏ ချူအစီအစဉ်ကိုကန့်ကွက်သည့်အနေဖြင့်အမေရိကန်ကအရေးယူပိတ်ဆို့ခဲ့သောကြောင့် အီရန်အတွက် ရေနံ ရောင်းချမှုခက်ခဲစေခဲ့ကာ ဥရောပသမဂ္ဂကလည်း အီရန်မှရေနံတင်ပို့မှု ကို ရပ်ဆိုင်းရန်စီစဉ်နေသည်။ *Ref: NYTimes*




# အီရန်ရေတပ်က လာမည့်လတွင် ဟော်မုဇ်ရေလက်ကြား၌ စစ်ရေးလေ့ကျင့်မှုထပ်လုပ်မည်

အီရန်တော်လှန်ရေးအစောင့်တပ်သည် မဟာဗျူဟာမြောက်ဟော်မုဇ်ရေလက်ကြားတွင် ဖေဖော်ဝါရီလ၌ ရေတပ်စစ်ရေးလေ့ကျင့်မှုထပ်မံပြုလုပ်မည်ဖြစ်ကြောင်း Fars သတင်းဌာနက ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့ရေနံတင်သင်္ဘောများ တတိယအများဆုံးသွားလာသောလမ်းကြောင်းဖြစ်သည့် ယင်းရေလက်ကြားအနီး ၁၀ ရက်ကြာ ရေတပ်စစ်ရေးလေ့ကျင့်မှုအပြီး နှစ်ရက်အကြာ ဇန်နဝါရီ ၅ ရက်နေ့တွင် ယင်းကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

တီဟီရန်အစိုးရတာဝန်ရှိသူအချို့က ဟော်မုဇ်ရေလက်ကြားကိုပိတ်ပစ်မည် ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် အီရန်ရေတပ်၏ စစ်ရေးလေ့ကျင့်မှုများကို နိုင်ငံကာကစောင့်ကြည့်နေသည်။

ထပ်မံပြုလုပ်မည့်ရေတပ်စစ်ရေးလေ့ကျင့်မှုမှာ နှစ်စဉ်ပြုလုပ်နေကျ The Great Prophet အမည်ရစစ်ရေးလေ့ကျင့်မှု ခုနစ်ကြိမ်မြောက်ဖြစ်ကြောင်း တော်လှန်ရေးအစောင့်တပ်ရေတပ်ဗိုလ်မှူးကြီးအလီဖာဒက်ဗီက ပြောကြားခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းစစ်ရေးလေ့ကျင့်မှုမှာ ယခင်စစ်ရေးလေ့ကျင့်မှုများနှင့် ခြားနားမည်ဟု ပြောကြားခဲ့သော်လည်း အတိအကျထုတ်ဖော်မပြောခဲ့ပေ။

အီရန်တော်လှန်ရေးအစောင့်တပ်မှာ အင်အားအကြီးဆုံးအီရန်စစ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ပုံမှန်စစ်တပ်ကဲ့သို့ ကြည်း၊ ရေ၊ လေတပ်များရှိကာ ဒုံးကျည်စီမံကိန်းများကိုတာဝန်ယူထားသည်။ အီရန်သည် စစ်ရေးလေ့ကျင့်မှုများကို မကြာခဏပြုလုပ်လေ့ရှိပြီး စစ်ရေးအင်အားနှင့်ကာကွယ်ရေးစွမ်းရည်ကို ပြသရန်ရည်ရွယ်ကြောင်း သိရသည်။

အမေရိကန်သည် အီရန်အပေါ် မကြာသေးမီက ပိတ်ဆို့အရေးယူမှုထပ်မံချမှတ်ခဲ့ပြီးအီရန်ချူအဆောက်အဦများကို စစ်ရေးဖြင့်တိုက်ခိုက်မည့်နည်းလမ်းကိုလည်းပယ်ချထားခြင်းမရှိဘဲ လိုအပ်ပါကအသုံးပြုဖွယ်ရှိနေသည်။

*Ref:AP*










# နပိုလီယံ၊ မိုနာလီဇာ၊ အီဖယ်လ် ပြီးတော့ . . .(၄)

ဝေဖြိုး၊ မြတ်ထွင့်

**ရောမမြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ပီဇာမျှော်စင်၊ ကိုလော့စီယန်၊ ဗာတီကန်နန်းတော်အစရှိတာတွေရဲ့ ရုပ်ပုံတွေ၊ ရုပ်တုတွေကို အမှတ်တရအဖြစ်ဝယ်ယူခဲ့ပေမယ့် အားလုံးမှာ Made in China ဆိုတဲ့ စာနဲ့မလွတ်ခဲ့တာကြောင့် ကိုယ့်အိမ်နီးချင်းနိုင်ငံမှာလုပ်တဲ့ အရုပ်တွေကို ဥရောပကနေတကူးတကပြန်သယ်ရတဲ့အဖြစ်ကို . . .**

***ယခင်ရေးတစ်ပတ်မှအဆက်***

**အီဖယ်လ်မျှော်စင်ပေါ်က အလံတော်**

ကျွန်တော်တို့ အီဖယ်လ်မျှော်စင်နားကို ရောက်ချိန်မှာ ည ၈ နာရီဝန်းကျင်လောက်ရှိပါပြီ။ ညမှောင်လေ အအေးပိုလာလေလို့ ဆိုရမှာပါ။ ဒါပေမယ့် အီဖယ်လ်မျှော်စင်ပေါ် တက်ခွင့်လက်မှတ်ဝယ်ဖို့ ဖွဲကောင်းကောင်းနဲ့ တန်းစီစောင့်နေတဲ့ လူအုပ်က လူ ၁၀၀ ကျော်ဝန်းကျင်လောက်ရှိပါတယ်။ အများစုက ကျွန်တော်တို့အာရှသားတွေပါ။ တရုတ်၊ ကိုရီးယား၊ ဂျပန် ခရီးသွားတွေနဲ့အတူ ကျွန်တော်တို့နှစ်ယောက်လည်း လက်မှတ်ရဖို့ ၁၅ မိနစ်လောက်စောင့်လိုက်ရပါတယ်။

အီဖယ်လ်မျှော်စင်ကို ၁၈၈၇ ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့တာဖြစ်ပြီး နှစ်နှစ်အကြာ ၁၈၈၉ ခုနှစ် မတ်လကုန်မှာ ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ ၁၉၃၀ ဝန်းကျင်ကာလလောက်အထိတော့ အီဖယ်လ်ဟာ ကမ္ဘာပေါ်မှာ အမြင့်ဆုံးမျှော်စင်တစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ သောမက်စ်အက်ဒီဆင်လို ကမ္ဘာကျော် ပုဂ္ဂိုလ်လာရောက်ခဲ့သလို ဟစ်တလာလည်း စိန့်မြစ်ဘေးက အီဖယ်လ်မျှော်စင်နောက်ခံနဲ့ အမှတ်တရဓာတ်ပုံတွေရိုက်ခဲ့တာကို မှတ်တမ်းတွေမှာ တွေ့ရပါတယ်။ မျှော်စင်ရဲ့ အောက်ခြေမှာ အီဖယ်လ်မျှော်စင်ကို စတင်မွေးဖွားခဲ့သူ Gustave Eiffel ရဲ့ ရုပ်တုကို အထိမ်းအမှတ်အဖြစ်ထားတာကိုလည်း တွေ့ရပါတယ်။ အီဖယ်လ်မျှော်စင်ဟာ အမြင့် ၃၂၄ မီတာ(ပေ ၁၀၀၀ ကျော်)ရှိပါတယ်။ အမြင့် ၈၁ ထပ်ရှိတဲ့ အဆောက်အအုံနဲ့ ညီမျှတယ်လို့ သိရပါတယ်။

ဒီလိုနဲ့ ပေ ၁၀၆၃ မြင့်တဲ့ မျှော်စင်ပေါ်ကို တစ်ယောက် ၂၁ ယူရိုပေးပြီး တက်ရောက်ခဲ့ပါတယ်။ ထိပ်ဆုံးအမြင့်ကို ရောက်လေ လေတိုက်ခံရလေဆိုသလိုပါပဲ။ တော်တော်လည်း အေးပါတယ်။ လေတိုက်လည်း ကြမ်းပါတယ်။ အောက်ဘက်မှာတော့ မီးရောင်စုံနဲ့ ပဲရစ်မြို့ရှုခင်းက အားလုံးကို စွဲဆောင်မှုအပြည့်နဲ့ ငေးမောကြည့်စရာပါ။ မျှော်စင်ပေါ်မှာ မထင်မှတ်ဘဲ တွေ့လိုက်ရတာက ကျွန်တော်တို့ရဲ့အလံတော်ပါ။ ယခင်နိုင်ငံတော်အလံဖြစ်ပါတယ်။ Rangoun(Birmanie) လို့ ရေးထားပြီး ၈၉၉၈ ကီလိုမီတာလို့လည်း ရေးထားပါတယ်။ ကျွန်တော်တို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အလံတွေနဲ့ အဲဒီနိုင်ငံတွေရဲ့ မြို့ကြီးနာမည်တွေကို ကီလိုမီတာအကွာအဝေးနဲ့ဖော်ပြထားတာပါ။ မျှော်စင်ပေါ်ကိုတက်တဲ့ခရီးသွားတွေအားလုံးကို စိတ်ဝင်တစားမှတ်တမ်းဓာတ်ပုံရိုက်ကြပါတယ်။ ဘာပဲဖြစ်ဖြစ်ခရီးသွားတွေကို စွဲဆောင်မှုကတော့ မှတ်သားစရာပါပဲ။

**ရောမရောက်ရင် ရောမလို ကျင့်ရမယ်တဲ့ . . .**

ပဲရစ်မြို့ရဲ့နာမည်ကျော် အထင်ကရနေရာတွေဖြစ်တဲ့ လု(ဗ်)ပြတိုက်၊ ရှောင်အယ်လီဆေလမ်းမ၊ အီဖယ်လ်မျှော်စင်တွေကို နေ့တစ်နေ့ရဲ့ လေးပုံတစ်ပုံအချိန်လောက်အတွင်းအပြေးအလွှားလည်ပတ်ခဲ့အပြီးမှာတော့ ကျွန်တော်တို့ရဲ့ပဲရစ်ခရီးစဉ်ကပြီးဆုံးပါပြီ။RSF(နယ်စည်းမခြားသတင်းထောက်များအဖွဲ့)ရဲ့ တာဝန်ရှိပုဂ္ဂိုလ်တချို့နဲ့ပြင်သစ်နိုင်ငံမှာရောက်ရှိနေထိုင်နေကြတဲ့ မြန်မာလူမျိုးတွေက ကျွန်တော်တို့ပဲရစ်မြို့မှာ(၃)ရက်တည်းနေတာအတော်နည်းတဲ့အကြောင်းနဲ့ ဖြစ်နိုင်ရင်နောက်ထပ်ရက်တိုးနေထိုင်ဖို့ တိုက်တွန်းခဲ့ကြပါတယ်။

ကျွန်တော်တို့ကလည်း ကိုယ့်အစီအစဉ်နဲ့ကိုယ်ဆိုတော့ သူတို့ရဲ့ တောင်းဆိုတိုက်တွန်းမှုတွေကို အားနာနာနဲ့ငြင်းပယ်ခဲ့ရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မှာ ယူခဲ့တဲ့ ရှန်ဂန်ဗီဇာ(Schengan Visa) က ဥရောပတိုက်မှာရှိတဲ့ EU နိုင်ငံ(၂၆)နိုင်ငံကို တံခါးမရှိ၊ ဓားမရှိ ဆိုသလို အလွယ်တကူလှည့်လည်လည်ပတ်လို့ရတာကြောင့် ကျွန်တော်တို့ ပြင်သစ်ကနေ အီတလီကိုဆက်သွားဖို့စီစဉ်ထားပြီးဖြစ်လို့ပါ။ ပြင်သစ်ကိုရောက်ရောက်ချင်းကတည်းက အီတလီကိုဆက်ကူးဖို့ လေယာဉ်လက်မှတ်တွေနဲ့ ဟိုတယ် Reservation တွေကြိုလုပ်ထားတာကြောင့် ပြင်သစ်မှာဆက်နေဖို့ တိုက်တွန်းသူတွေကို နားလည်အောင်ရှင်းပြပြီး အီတလီကို ဆက်သွားဖို့ ပြင်ဆင်ရပါတယ်။

နောက်တစ်နေ့(ဒီဇင်ဘာလ ၉ ရက်)နံနက်လေယာဉ်နဲ့ကျွန်တော်တို့ အီတလီနိုင်ငံ၊ ရောမမြို့ကို ရောက်ရှိခဲ့ပါတယ်။ ရောမမြို့အဝင်လေဆိပ်မှာ Immigration ဖြတ်စရာမလိုသလို၊ ခရီးစဉ်တစ်လျှောက် ဘာအခက်အခဲမှမရှိတာကြောင့် နိုင်ငံတစ်နိုင်ငံကနေ တစ်နိုင်ငံကိုကူးတာနဲ့မတူဘဲ နိုင်ငံတစ်ခုတည်းက မြို့နှစ်မြို့ကို ခရီးသွားရတာနဲ့ တူနေပါတယ်။ အီတလီမှာ ပြင်သစ်လိုပဲ မိမိတို့နိုင်ငံရဲ့ ငွေကြေးဖြစ်တဲ့ ပီဆိုကိုမသုံးတော့ဘဲ ယူရိုငွေကိုသာသုံးတာကြောင့် ငွေလဲလှယ်ဖို့ အလုပ်မရှုပ်သလို၊ ပြင်သစ်မှာဝယ်ယူလာခဲ့တဲ့ မိုဘိုင်းဖုန်းကလည်း အလွယ်တကူဆက်သုံးနိုင်တာကြောင့် EU နိုင်ငံတွေရဲ့ သွေးစည်းညီညွတ်မှုကို သဘောကျမိပါတယ်။ EU နိုင်ငံတွေအတွင်း တစ်နိုင်ငံကနေ တစ်နိုင်ငံကိုသွားလာရာမှာ ကား၊ ရထားအစရှိတာတွေနဲ့ လွတ်လွတ်လပ်လပ်သွားလာခွင့်ရှိတာကိုကြည့်ပြီး ကျွန်တော်တို့လည်း သူတို့လိုသာ ကုန်းလမ်းခရီးကနေဒေသတွင်းနိုင်ငံတွေကို လွတ်လွတ်လပ်လပ်သွားလာခွင့်ရရင် ကုန်ကျစရိတ်တွေ အခုထက်အများကြီးသက်သာလိမ့်မယ်လို့ တွေးမိပါတယ်။

ရောမမြို့ကိုရောက်ရောက်ချင်းတစ်ရက်ကတော့ဘယ်မှထွက်မလည်ပတ်ဖြစ်ဘဲ ရန်ကုန်မြို့ကို သတင်းဆောင်းပါးရေးပို့ရတာနဲ့ အချိန်ကုန်သွားခဲ့ပါတယ်။ ညပိုင်းရောက်မှ ဟိုတယ်နားအနီးတစ်ဝိုက်လှည့်ပတ်ကြည့်ရှုရာမှာ အာရှသားတွေ အမြောက်အမြားထိုးဖောက်ဝင်ရောက်နေတဲ့ရောမမြို့ရဲ့ မြို့ပြစီးပွားရေးကို တွေ့ရှိခဲ့ရပါတယ်။

ရောမမြို့ရဲ့ နေရာအတော်များများမှာ တရုတ်လူမျိုးတွေဖွင့်လှစ်ထားတဲ့ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေကို တွေ့ရသလို၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေရောင်းချနေတဲ့ စားသောက်ဆိုင်တွေကိုလည်း တွေ့ခဲ့ရပါတယ်။ အထိမ်းအမှတ်ပစ္စည်းဝယ်ချင်ရင် တရုတ်လူမျိုးတွေရဲ့ဆိုင်မှာ ဝယ်ယူရမှာဖြစ်ပြီး ဆက်သွယ်ရေးအတွက်တော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေဖွင့်လှစ်ထားတဲ့ အင်တာနက်နဲ့ ဖုန်းဆက်သွယ်ရေးဆိုင်ကို အသုံးပြုရမှာ ဖြစ်ပါတယ်။ ရောမမြို့ရဲ့ အထင်ကရနေရာတွေဖြစ်တဲ့ ပီဇာမျှော်စင်၊ ကိုလော့စီယန်၊ ဗာတီကန်နန်းတော် အစရှိတာတွေရဲ့ရုပ်ပုံတွေ၊ ရုပ်တုတွေကို အမှတ်တရအဖြစ်ဝယ်ယူခဲ့ပေမယ့် အားလုံးမှာ Made in China ဆိုတဲ့ စာနဲ့မလွတ်ခဲ့တာကြောင့် ကိုယ့်အိမ်နီးချင်းနိုင်ငံမှာလုပ်တဲ့ အရုပ်တွေကို ဥရောပကနေတကူးတကပြန်သယ်ရတဲ့အဖြစ်ကို ပြန်ပြောကြပြီး နှစ်ယောက်သားရယ်မောဖြစ်ခဲ့ကြပါတယ်။ ဘာပဲဖြစ်ဖြစ် ရောမကို ရောက်ရင် ရောမလိုပဲ ကျင့်ရမယ်တဲ့ . . . ။

*ဆက်လက်ဖော်ပြပါမည်။*



*အီဖယ်လ်မျှော်စင်ပေါ်က သက်ဆိုင်ရာနိုင်ငံအလံများ၊ မြို့ကြီးများ၏အမည်နှင့် အကွာအဝေးကို ပြသထားစဉ်*



# ချိုးကူသံလေးကြားရဖို့

လူထုစိန်ဝင်း



**တိုင်းပြည်ရဲ့ အရွယ်ကောင်းလေးတွေသိန်းပေါင်းများစွာက အခုအခါပြည်ပနိုင်ငံတွေမှာရောက်ရှိနေကြတယ်။ ဖိနှိပ်မှု၊ သွေးစုပ်မှု၊ အနိုင်ကျင့်မှုတွေလည်း အမျိုးမျိုးခံနေကြရတယ်။ မိဘကျေးဇူးဆပ်ဖို့နဲ့ မိသားစုလုပ်ကျွေးဖို့အတွက် မနည်းကြီးသည်းခံပြီး ရုန်းကန်လှုပ်ရှားနေရတယ်။ သူတို့တစ်တွေမြန်နိုင်သမျှ အမြန်ဆုံးပြန်လာနိုင်ဖို့က အရေးကြီးဆုံးဖြစ်တယ်။ ဒီမိုကရေစီမြန်မြန်ရပြီး စီးပွားရေးတွေဖွံ့ဖြိုးတိုးတက်လာမှ သူတို့ပြန်လာနိုင်ကြမှာ ...**

နိုင်ငံခြားရောက်နေတာနှစ်ပေါင်းနှစ်ဆယ်ကျော်ရှိနေပြီဖြစ်တဲ့ ကျောင်းသားဟောင်းတစ်ယောက်ကဖုန်းဆက်ပြီးနှစ်သစ်ကူးနှုတ်ဆက်စကားပြောပါတယ်။ ခုတလောနိုင်ငံခြားရောက် မြန်မာတွေအများဆုံးမေးတဲ့ "တော်တော်ပြောင်းနေပြီလား" ဆိုတဲ့ မေးခွန်းကိုပဲ မေးပါတယ်။

### သတင်းသမားတွေနေရာပေးခံရ

ဒီမေးခွန်းကလွယ်လွယ်ဖြေလို့ရတာမျိုးမဟုတ်ဘူး။ ပြောင်းတာတွေရှိသလို မပြောင်းတာတွေလည်း အများကြီးရှိနေတာဆိုတော့ လိပ်ပတ်လည်အောင်ပြောဖို့ခက်တယ်။ အဲဒါကြောင့် သူမေးသလို တစ်ခွန်းထဲနဲ့ပြီးအောင် "ပြောင်းတော့ပြောင်းတယ်။ ဒါပေမဲ့ မပြောင်းဘူး" လို့ဖြေလိုက်တယ်။ ပြီးမှအသေးစိတ်သိချင်ရင် ခုတလောရေးနေတဲ့ ဂျာနယ်ဆောင်းပါးတွေကို အွန်လိုင်းကဖတ်ကြည့်ပေတော့လို့ပြောရတယ်။ ထိပ်ဆုံးပိုင်းတွေမှာတော့ပြောင်းနေကြတာပဲ။ ဒီမိုကရေစီဆိုတဲ့စကားနှုတ်ဖျားမှာသီးနေကြတယ်။ နှစ်ပေါင်းငါးဆယ်လုံးလုံး လူရာသွင်းမခံရတဲ့ သတင်းသမားတွေကိုနေရာပေးပြီး အင်တာဗျူးလုပ်ကြတယ်။ ဂျာနယ်တွေထဲမှာအရင်ကနာမည်လေးတောင်ထည့်ရေးခွင့်မရတဲ့ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓာတ်ပုံတွေ၊ မျက်နှာဖုံးက ဖောဖောသီသီကြီးဖော်ပြကြတယ်။ အရင်က NLD ရုံးရှေ့က လမ်းတောင်ဖြတ်မလျှောက်ရဲတဲ့သူတွေ ခုတော့ရုံးထဲကိုချောင်းပေါက်မတတ်ဝင်ထွက်နေကြတယ်။

### အကြွေးဝန်ထုပ်ကြီး

ပြောင်းတာတွေကအောက်ခြေကိုမရောက်တော့ တိုင်းသူပြည်သားများရဲ့ဘဝတွေကတော့ ဘာမှထူးခြားမလာဘူး။ တောင်ပေါ်ဒေသတွေမှာ သေနတ်သံတွေမစဲသေးသလို သားကိုမျှော်ရတဲ့ မိခင်တွေလည်း လည်ပင်းကိုးတောင်ရှည်ဖြစ်နေရဆဲပဲ။ ဒီကြားထဲမှာ ဈေးကွက်စီးပွားရေးကို လက်ညှိုးထိုးပြီး ဟိုကဈေးတက်၊ ဒီကဈေးတက်ဆိုတော့ ပိုပြီးပင်ပန်းကြရတယ်။ တောသူတောင်သားတွေက ပိုပြီးခံရတယ်။ မြို့မှာကတစ်ခုမဟုတ်တစ်ခုကြံဖန်ရှာဖွေစားသောက်လို့ရတယ်။ ယုတ်စွအဆုံး ပလတ်စတစ်လိုက်ကောက်ရင်တောင်ရသေးတယ်။ တောမှာကျတော့ လယ်ယာအလုပ်ကလွဲပြီး တခြားဘာမှလုပ်စားစရာမရှိဘူး။ သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံတွေပျက်ရပြီဆိုရင်ကျောပေါ်က အကြွေးဝန်ထုပ်ကြီး ကြီးသထက်ကြီးလာတော့တာပဲ။

### ခွက်တစ်ဆယ်အနည်းဆုံး

မြို့ပေါ်ဆင်းရဲသားတွေရဲ့ကျောပေါ်က ဝန်ထုပ်ဝန်ပိုးကြီးနှစ်ပိသာခွဲလောက်လေးတယ်ဆိုရင် တောသူတောင်သားတွေရဲ့ကျောပေါ်မှာဖိစီးနေတဲ့ဝန်ထုပ်ဝန်ပိုးကြီးက ခွက်တစ်ဆယ်တော့အနည်းဆုံးရှိလိမ့်မယ်။ ဒီဖိစီးမှုကြီးက အရင့်အရင်အစိုးရအဆက်ဆက်မှာရှိခဲ့တဲ့အတိုင်း ဘာမှပြောင်းလဲမသွားဘူး။ အပေါ်မှာကြည့်လိုက်ရင်တော့ပြောင်းနေပေမယ့် အောက်ခြေမှာတော့ ဘာမှမပြောင်းလဲဘူး။ အဲဒါကြောင့် ပြောင်းတော့ပြောင်းတယ်။ ဒါပေမဲ့ မပြောင်းဘူးလို့ဖြေလိုက်တာ။ နောက်ဆုံးဖုန်းချခါနီးမှာ "ပြောင်းရင်ပြန်လာမှာမို့လား" လို့ မေးလိုက်တော့ သူဖြေလိုက်ပုံက "လုပ်ခွင့်သာရင်တော့ပြန်လာဖို့ စဉ်းစားမှာပါ။ ရေရှည်သက်တော့ ပြန်မတွေ့နိုင်ကြတော့ဘူးလို့ အောက်မေ့ထားတဲ့လုပ်ဖော်ကိုင်ဖက်တွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ ဆွေမျိုးသားချင်းတွေနဲ့ တပည့်ဟောင်းတွေကို ပြန်တွေ့နိုင်ဦးမှာအတွက်လည်း ကြည့်ရသေးတယ်လေ" တဲ့။

### စောင့်ကြည့်ချင်ကြသေး

နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်က ပြည်ပရောက်နေသူတွေလည်း ပြန်လာနိုင်အောင်ဆောင်ရွက်ပေးသွားမယ်လို့ မိန့်ခွန်းပြောခါစက အတော်လေးဝမ်းသာမိတယ်။ ဒီတစ်ပါလားဆိုပြီး ပျော်သွားတယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ ဘယ်သူမှပြန်မလာကြသေးဘူး။ အခွင့်အလမ်းကောင်း၊ လုပ်ကွက်ကောင်းရှိမလားလို့လာပြီး လေ့လာစူးစမ်းသူတချို့တလေပဲတွေ့ရတယ်။ အများစုကတော့ အကဲခတ်စောင့်ကြည့်ချင်ကြသေးတယ်။

### တစ်နေ့တော့ပြန်လာမယ်

ဟုတ်တာပေါ့။ ရေကြည်ရာမြက်နုရာကိုရောက်နေပြီးမှ သဲကန္တာရထဲကိုဘယ်သူကပြန်သွားချင်မှာလဲ။ စောင့်ကြည့်ဦးမယ်ဆိုသူတွေကို အပြစ်မမြင်ပါဘူး။ တစ်နေ့နေ့မှာတော့ သူတို့ပြန်လာမှာပါ။ ဘယ်လောက်တားတားပြန်မလာဘဲ သူတို့မနေနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့သူတို့ဟာ မြန်မာတွေဖြစ်နေကြလို့ပဲ။ သူများနိုင်ငံတွေဘယ်လောက်ချမ်းသာတယ်ပြောပြော မြန်မာပြည်လောက်တော့ နေချင့်စဖွယ်မရှိနိုင်ဘူး။ မြန်မာနိုင်ငံကဥတုသပ္ပာယမျှတတယ်။ အပူလွန်ကဲလို့လူတွေသေတယ်ဆိုတာမျိုးမရှိသလို အေးလွန်းလို့သေတယ်ဆိုတာမျိုးလည်းမရှိဘူး။ မိုးခေါင်လွန်းလို့အငတ်ဘေးကျရောက်တယ်ဆိုတာမျိုးမရှိသလို မိုးများလွန်းလို့လူတွေထောင်သောင်းချီသေရတယ်ဆိုတာမျိုးလည်းမရှိဘူး။

### ရတနာသိုက်ကြီး

အပူပိုင်းဒေသဖြစ်ပေမယ့် အအေးပိုင်းဒေသက ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ စပျစ်သီးစတဲ့သစ်သီးဝလံတွေလည်းလမ်းဘေးမှာ ပုံတိုက်ပြီးရောင်းရလောက်အောင်ပေါပေါများများထွက်တယ်။ ဝတ်ဖို့အတွက် ဝါချည်၊ ပိုးချည်တွေလည်းထွက်တယ်။ နေစရာအတွက်သစ်ဝါးတွေလည်းပေါတယ်။ မြေကြီးကလည်း ဘယ်နေရာတူးတူးရေနံထွက်တဲ့နေရာကထွက်၊ ရွှေထွက်တဲ့နေရာကထွက်၊ ပတ္တမြားတို့၊ ကျောက်စိမ်းတို့ထွက်တဲ့နေရာကထွက်မို့တစ်နိုင်ငံလုံးရတနာသိုက်ကြီးလိုဖြစ်နေတယ်။ လူတွေကြောင့်သာခုလို ဆင်းရဲတွင်းနက်နေရတာ။

### မြန်မာတွေရဲ့ အပြုံး

ဒါတွေအားလုံးထက်ပိုပြီး မြန်မာပြည်ကိုစွဲမက်ကြတဲ့အကြောင်းကတော့ မြန်မာတွေရဲ့ နွေးထွေးတဲ့မေတ္တာတရားနဲ့ မြန်မာတွေရဲ့အပြုံးဖြစ်တယ်။ မြန်မာတွေက ရန်သူကိုတောင်ဒုက္ခရောက်နေတာတွေ့ရင် ဒါမှမဟုတ် နိမ့်ကျသွားရင်အခွင့်သာပြီဆိုပြီး အနိုင်ယူလေ့မရှိဘူး။ အင်္ဂလိပ်တွေနဲ့အိန္ဒိယသားတွေထွက်ပြေးကြတော့ အစာငတ်ရေငတ်ဖြစ်လာသူကိုကျွေးမွေးစောင့်ရှောက်ကြတယ်။ ဂျပန်တွေအသက်လုပြီးထွက်ပြေးကြရတော့လည်းတစ်ယောက်တည်းသင်းကွဲထွက်ပြေးလာသူတွေကို အသက်ဘေးကကယ်ဆယ်ပြီးဝှက်ပေးထားခဲ့ကြတယ်။ စစ်ကြီးပြီးဆုံးသွားတာတောင် ဂျပန်ပြည်ကိုမပြန်တော့ဘဲ အသက်ကယ်ထားတဲ့ရွာမှာပဲ အသက်ထက်ဆုံးနေသွားခဲ့သူတွေရှိတယ်။

### ရေကုသိုလ်

မြန်မာတွေကလူဆင်းရဲပေမယ့် စေတနာမဆင်းရဲဘူး။ ကျောင်းသားဘဝမန္တလေးက ရန်ကုန်ကိုရထားနဲ့လာတော့ ရထားရပ်တဲ့ဘူတာတိုင်းမှာ ရေအိုးလေးတွေရွက်ပြီး 'ရေကုသိုလ်၊ ရေကုသိုလ်' နဲ့ တစာစာအော်ရင်းသောက်ရေလိုက်ပေးသူတွေလေးငါးဦးထက်မနည်းအမြဲတွေ့ရတယ်။ တချို့ကအသက်ကြီးကြီးအမျိုးသမီးတွေ၊ တချို့ကအသက်ငယ်ငယ် ကလေးမလေးတွေ။ ခုခေတ်လိုရေရောင်းတာတွေမပေါ်သေးဘူး။ စေတနာသက်သက်နဲ့လိုက်ကုသိုလ်ပြုကြတာဖြစ်တယ်။ ရပ်ထဲရွာထဲမှာလည်းတစ်အိမ်ကဟင်းကောင်းကျွေးကောင်းချက်ရင်ဘေးအိမ်က လူကြီးသူမများအတွက်ဆိုပြီးစားဦးစားဖျားပို့လေ့ရှိတယ်။ အိမ်နီးချင်းတွေဟာ တစ်အိမ်နဲ့တစ်အိမ်ကူးလူးနေကြတာပဲ။ အလှူမင်္ဂလာဆောင်လိုကိစ္စများဆိုတစ်ရပ်ကွက်လုံးဝိုင်းကူကြတယ်။ ဘာသိဘာသာနေလေ့မရှိဘူး။ အင်မတန်ပျော်စရာကောင်းတာ။

*စာမျက်နှာ (၂၄) သို့*

## ကချင်ပြည်နယ်အတွင်း ကျောက်စိမ်း၊ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကွက်သစ်ချထားပေးခြင်းကို ဆက်လက်ရပ်ဆိုင်း

ကချင်ပြည်နယ်အတွင်းကျောက်စိမ်း၊ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများအား အသစ်ချထားပေးခြင်းကို ဆက်လက်ရပ်ဆိုင်းထားကြောင်း လုပ်ငန်းရှင်အချို့ထံမှ သတင်းရရှိပါသည်။

ကချင်ပြည်နယ်သည် ကျောက်စိမ်း၊ ရွှေ စသည့် သယံဇာတများ များပြားစွာ ထွက်ရှိရာဒေသဖြစ်ပြီး ကျောက်စိမ်းတူးဖော်ခြင်းကို လုံးခင်း–ဖားကန့်ဒေသ၊ ရွှေတူးဖော်ခြင်းကို ပူတာအိုမြို့နယ်၊ တနိုင်းမြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် မန်စီ၊ ရွှေကူမြို့နယ်များ၊ မြစ်ကြီးနားမြို့နယ်ရှိ မြစ်ဆုံဒေသ စသည်တို့၌ လုပ်ကိုင်လျက်ရှိကြသည်ဟု သိရသည်။

"လုပ်ငန်းသစ်ချထားပေးတာကို ၂၀၁၁ တုန်းကတည်းက ရပ်ထားတာပါ။ နယ်မြေအခြေအနေကြောင့်လို့ သိရတယ်။ အခုနှစ်မှာလည်း ရပ်ဆိုင်းထားတုန်းပါပဲ။ အသစ်ထပ်မချပေးသေးပါဘူး"ဟု ကချင်ပြည်နယ်တွင် ရွှေတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်နေသူတစ်ဦးက ပြောပြသည်။

ကျောက်စိမ်း၊ ရွှေ သတ္တုတူးဖော်ရေးလုပ်ငန်းများအတွက် လုပ်ကွက်သစ်များ ချထားပေးခြင်းကို ရပ်ဆိုင်းထားပြီး ယခင်ချထားပေးခဲ့သော လုပ်ကွက်များကိုသာ ဆက်လက်လုပ်ကိုင်နေကြသည်ဟု သိရှိရသည်။

နယ်မြေအနေအထား မငြိမ်သက်မှုများကြောင့် ၂၀၁၁ ခုနှစ်အတွင်း ကျောက်စိမ်း၊ ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများတွင် စားသောက်ကုန် ရရှိရန်ခက်ခဲမှုများ၊ လုပ်သားရရှိရန် ခက်ခဲမှုများကိုလည်း ကြုံတွေ့ခဲ့ရကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ကျောက်မျက်ရတနာလုပ်ကွက်များကို ဖော်ထုတ်လုပ်ကွက် ၁၅၂၆၆ ကွက်၊ သတ်မှတ်လုပ်ကွက် ၅၀၃၀၊ လစ်လပ်လုပ်ကွက် ၁၇၂၇ ကွက်၊ အကျိုးတူလုပ်ကွက် ၂၂၁ ကွက် စုစုပေါင်း ၂၂၂၄၄ ကွက်ချမှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာလုပ်ကွက်များကို ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် လုပ်ကိုင်လျက်ရှိသည်။ ကချင်ပြည်နယ်၌ လုပ်ကွက် အများဆုံးတည်ရှိနေကာ လုံးခင်း–ဖားကန့် နယ်မြေတွင် ကျောက်စိမ်းလုပ်ကွက်ပေါင်း ၇၅၃၅ ကွက်တည်ရှိနေသည်။



ရွှေတူးဖော်ရေးလုပ်ငန်းများလုပ်ကိုင်ရာ မြစ်ဆုံဒေသတစ်နေရာကို ၂၀၁၁ ခုနှစ်အတွင်းက တွေ့ရစဉ်

*စာမျက်နှာ (၂၃)မှအဆက်*

**ကန်သမ္မတရဲ့ မှတ်ချက်**



ဒါကြောင့် အမေရိကန်နိုင်ငံရဲ့ ၃၁ ဆက်မြောက် သမ္မတဖြစ်ခဲ့တဲ့ ဟားဘတ်ဟူးဗား(Herbert Hoover 1874-1964)က 'မြန်မာလူမျိုးများဟာအာရှတိုက်တစ်ခုလုံးမှာ တကယ့်အစစ်အမှန်ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိတဲ့တစ်ခုတည်းသော လူမျိုးဖြစ်တယ်' (The Burmese are the only genuinely happy people in all of Asia)လို့ ပြောခဲ့တာဖြစ်တယ်။ ဟူးဗားက နိုင်ငံရေးနယ်ထဲမရောက်ခင် နမ္မတူဘော်တွင်းမှာ သတ္တုတွင်းအင်ဂျင်နီယာအဖြစ်လာရောက်လုပ်ကိုင်ခဲ့ဖူးတယ်။

---

ပျော်စရာအလွန်ကောင်းတဲ့ ဒေသမှာလူဖြစ်လာကြရတဲ့အတွက် မြန်မာလူမျိုးတိုင်းရဲ့ဇာတ်ခုံမှာအပျော်တွေစိမ့်ဝင်နေတယ်။ သူတို့ရဲ့မျက်နှာတွေမှာ အတိုင်းသားဖော်ပြနေတယ်။ မြန်မာပြည်ကိုပထမဆုံးအကြိမ်ရောက်ဖူးတဲ့နိုင်ငံခြားသားတိုင်းမယုံနိုင်လောက်အောင်ကိုတအံ့တသြဖြစ်ကြတယ်။ ဒါလောက်ဒုက္ခသုက္ခတွေကြားကပြုံးနေနိုင်တာကို သူတို့မစဉ်းစားတတ်ကြဘူး။ ဇာတ်ပုံကိုသာမြင်ရရင်'ဆင်'ပြီးရိုက်ထားတာလို့ထင်မှာသေချာတယ်။ လူကိုယ်တိုင်မြင်ရလို့သာယုံသွားကြရတာ။ မြန်မာလူမျိုးကလည်းအံ့ဩမယ်ဆိုအံ့ဩထိုက်တယ်။ မှတ်ကရောဟဲ့ဆိုပြီး ကိုကိုးကျွန်းပို့ပစ်လိုက်တာတောင် ကျွန်းပေါ်မှာဇာတ်ကဖြစ်အောင်ကခဲ့သူတွေဖြစ်တယ်။ သင်္ကြန်ကျတော့လည်း တီးမှုတ်ကခုန်တာတွေသာမက ဘောလုံးပွဲတွေ၊ ဘောလီဘောပြိုင်ပွဲတွေအပြင် ရခိုင်ရိုးရာ 'ကျင်' ကိုင်ပွဲတွေတောင် လုပ်လိုက်ကြသေးတယ်။

---

ပျော်စရာတိုင်းပြည်က ပျော်စရာလူမျိုးတွေကြားမှာနေရတာလောက် ဘယ်နေရာမှ ပျော်စရာကောင်းမှာမဟုတ်ဘူး။ အကြောင်းကြောင်းနဲ့ နိုင်ငံခြားတိုင်းပြည်အသီးသီးမှာရောက်ရှိနေကြတဲ့ မြန်မာတွေအများစုဟာ တစ်နေ့နေ့မှာ အသေအချာကိုပြန်လာကြမှာပါ။ မပြန်ချင်ပါဘူးဆိုသူက အနည်းစုဖြစ်ပါလိမ့်မယ်။ 'လုပ်ခွင့်သာရင်တော့ပြန်လာဖို့စဉ်းစားမှာပါ' ဆိုသူမျိုးကတော့ပြန်ဖြစ်ချင်မှပြန်ဖြစ်မှာပေါ့။ အဲဒီလူမျိုးတွေပြန်မလာလို့လည်းတိုင်းပြည်အတွက်ဘာမှဆုံးရှုံးမသွားပါဘူး။ သူတို့အတွက်ရေကန်အသင့်ကြာအသင့်ဖြစ်အောင်ဖန်တီးပေးဖို့ ဒီကလူတွေရုန်းကန်လှုပ်ရှားနေကြတာမှမဟုတ်တာ။သူတို့လို လူမျိုးတွေကပြန်လာလည်းအခွင့်အရေးရဖို့လောက်သာချောင်းနေကြမှာဖြစ်တယ်။ဘာတစ်ခုမှလက်ကြောတင်းအောင်လုပ်မယ့်သူတွေမဟုတ်ဘူး။

---

နှစ်ပေါင်းငါးဆယ်လောက်နောက်ကျကျန်ရစ်ခဲ့တဲ့နိုင်ငံကို ပြန်ပြီးထူမတ်ပေးဖို့အတွက်လက်ကြောတင်းအောင်လုပ်မယ့်လူတွေ အများကြီးလိုတယ်။ တိုင်းပြည်ရဲ့အရွယ်ကောင်းလေးတွေသိန်းပေါင်းများစွာကအခုအခါပြည်ပနိုင်ငံတွေမှာရောက်ရှိနေကြတယ်။ ဖိနှိပ်မှု၊ သွေးစုပ်မှု၊ အနိုင်ကျင့်မှုတွေလည်း အမျိုးမျိုးခံနေကြရတယ်။ မိဘကျေးဇူးဆပ်ဖို့နဲ့ မိသားစုလုပ်ကျွေးဖို့အတွက် မနည်းကြီးသည်းခံပြီး ရုန်းကန်လှုပ်ရှားနေရတယ်။ သူတို့တစ်တွေမြန်နိုင်သမျှအမြန်ဆုံးပြန်လာနိုင်ဖို့ကအရေးကြီးဆုံးဖြစ်တယ်။ ဒီမိုကရေစီမြန်မြန်ရပြီး စီးပွားရေးတွေဖွံ့ဖြိုးတိုးတက်လာမှ သူတို့ပြန်လာနိုင်ကြမှာ။ တောင်တန်းပြာကြီးတွေပေါ်မှာ သေနတ်သံတွေလုံးဝချုပ်ငြိမ်းပြီး ချိုးကူသံလေးကြားရဖို့လည်း အရေးကြီးပါတယ်။

SATIRE



## ၂၀၁၁ ခုနှစ်အတွင်း သုံးစွဲရန်နှင့် စားသုံးရန်မသင့်သော ဆေးဝါး၊ အစားအသောက်များနှင့် အလှကုန်ပစ္စည်းစုစုပေါင်း ၃၄ မျိုး ထုတ်ပြန်ကြေညာ

၂၀၁၁ ခုနှစ်အတွင်း သုံးစွဲရန်နှင့် စားသုံးရန်မသင့်သော ဆေးဝါး၊ အစားအသောက်များနှင့် အလှကုန်ပစ္စည်း ၃၄ မျိုး ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဇန်နဝါရီလ ၇ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းမရှိသောတိုင်းရင်းဆေးဝါး ကိုးမျိုးကိုလည်းကောင်း၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းမရှိသောတိုင်းရင်းဆေးဝါးခုနစ်မျိုးကိုလည်းကောင်း၊ မတ်လ ၁၃ ရက်နေ့တွင်အနောက်တိုင်းဆေးဝါးရောနှောပြီးမှတ်ပုံတင်ထားခြင်းမရှိသည့်သုံးစွဲရန်မသင့်သောတိုင်းရင်းဆေးဝါး ၁၂ မျိုးကို ထုတ်ပြန်ကြေညာခဲ့သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်ဈေးကွက်အတွင်းရောင်းချလျက်ရှိသည့်အစားအသောက်များကိုဈေးများမှဝယ်ယူဓာတ်ခွဲစစ်ဆေးခဲ့ရာဈေးကွက်အတွင်းရောင်းချလျက်ရှိသော မုန့်လေးမျိုးတွင် သုံးစွဲခွင့်မပြုသည့် ဆိုးဆေးများပါဝင်နေ၍ စားသုံးရန်မသင့်ကြောင်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ဇူလိုင် ၂၉ ရက်နေ့တွင် အများပြည်သူ သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းနှစ်မျိုးကိုထုတ်ပြန်ကြေညာခဲ့ပြီး Oral B မှ ခံတွင်းသန့်စင်ဆေးရည် ၃ မျိုး၌ စံနှုန်းနှင့်မညီသောအဏုဇီဝပိုးမွှားများ ပါဝင်နေမှုကို တွေ့ရှိရ၍ဆက်လက်အသုံးမပြုရန် ထုတ်ပြန်ထားသည်။


## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး) ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံးသည် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့ကိုရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း . . .

- *ဦးသန်းဇော် + ဒေါ်သီတာ*
  *ဟိန်းဆက်(သဘော်ဆေးနှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)*
- *သားဗိုလ်မှူးတင်ဝင်းထွန်း + မဇာခြည်စုလှိုင်*
- *သားဗိုလ်ကြီးဇော်ဇော်နိုင် + မဆုမြတ်လေးဆွေ*



## မန္တလေး လဖုန်းအထိမ်းအမှတ် ကျောင်းသားများ (၁၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

မန္တလေးမြို့ လဖုန်းအထိမ်းအမှတ်ကျောင်း၌ (၁၉၆၄)ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)(စနေနေ့) ညနေ(၄)နာရီတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၂×၈၃ လမ်းကြား ဖူကျင်ကွမ်ရင် ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ငယ်ပေါင်း သူငယ်ချင်းများအနေဖြင့် ကြည်နူးပျော်ရွှင်ပီတိဖြစ်ဖွယ်ရာ အာစရိယ ပူဇော်ပွဲအခမ်းအနားနှင့် မိတ်ဆုံညစာစားပွဲသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့ လူထုဦးစိန်ဝင်း(သတင်းစာဆရာကြီး) ဖုန်း-၀၁ ၃၇၅၁၇၇၊ ဦးမောင်မောင်ဆွေ(ချည်မျှင်) ဖုန်း ၀၁-၅၆၄၁၇၃၊ ဦးစိန်ဝင်း (ခ) ချစ်ချစ်(MD ကုဋေအောင်ဟိုတယ်) ဖုန်း - ၀၉-၅၀၇၇၉၂၉၊ ဦးခင်မောင်ဝင်း(MD ရေဝတီကုမ္ပဏီ) ဖုန်း-၀၁-၅၄၈၅၀၃၊ ဦးမျိုးညွန့်(အောင်မိုင်ကုမ္ပဏီ) ဖုန်း ၀၉-၇၃၂၁၃၅၃၂၊ ဦးချွန်စန်း (High Tech) ဖုန်း ၀၉-၇၃၁၄၁၁၉၃ နှင့် မန္တလေးမြို့ ဦးချစ်ဆွေ (ဥက္ကဋ္ဌ) ဖုန်း ၀၉-၂၀၃၅၀၈၅၊ ဦးနေဝင်း (သစ်ထုတ်ရေး) ဖုန်း ၀၉-၂၀၀၂၉၇၇၊ ဦးဝင်းမြင့် (ကြေးသွန်း) ဖုန်း ၀၉-၂၀၀၅၂၉၅၊ ဦးတော်မီ(အောင် ကုဋေဟိန်းထီဆိုင်) ဖုန်း ၀၉-၈၁၀၀၉၅၂၀၊ ဦးခင်မောင်သန်း (ကျားပုံနှိပ်တိုက်) ၀၂-၆၀၉၈၅၊ ဦးလှမြင့် ဖုန်း ၀၂-၃၁၂၃၈၊ ဦးဝင်းမောင် ဖုန်း ၀၉-၂၀၀၄၇၉၈၊ ဦးသက်ညွန့် (CP) ဖုန်း ၀၉-၂၀၀၁၂၁၈၊ ဦးတင်မောင်ညွန့် (ခတ်တန်း) ဖုန်း ၀၉-၂၀၀၂၉၇၃၊ ဦးမြင့်ဟန်(ဂိုး) ဖုန်း ၀၂-၇၄၃၂၁၊ ဦးဇော်ဝင်း (ကွမ်း) ဖုန်း ၀၉-၆၅၀၄၅၀၆၊ Dr.တုရင် ဖုန်း ၀၉-၂၀၁၇၄၂၂၊ ဦးခင်မောင်ချို (ဟန်သစ်ကွန်ပျူတာ) ဖုန်း ၀၉-၈၁၀၁၄၉၀၄၊ ဦးနေဝင်း(နီတာ) ဖုန်း ၀၉-၈၁၀၁၆၉၈၄ တို့ထံဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

**အားလုံး(All inclusive)**

အားလုံးဆိုတဲ့စကားလုံးနဲ့ဒီဆောင်းပါးကိုစတင်ပါရစေ။ အားလုံးဆိုတာကိုဒီနေရာမှာ သက်ရှိတွေ (လူ တိရစ္ဆာန်၊ သစ်ပင်အားလုံး)သက်မဲ့တွေ(မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ရေ၊ မြေ စကြာဝဠာအဆုံးအားလုံး)၊ သက်ရှိသက်မဲ့မဟုတ်တဲ့ (ဆင်ခြင်တုံတရားနဲ့သိနားလည်ထားရမယ့်အရာတွေ ဘာသာတရား၊ ယဉ်ကျေးမှု၊ အမှန်တရား၊ မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ တရားဥပဒေ၊ နိုင်ငံတော်၊ ပြည်သူ၊ လူ့အခွင့်အရေးအားလုံး) တို့ကို ခြုံငုံဆိုလိုတာပါ။ ဖော်ပြပါအားလုံးဟာ တစ်စုံတစ်ခုမှ တန်ဖိုးမဲ့နေတာမရှိပါ။ သူ့သက်ဆိုင်ရာတန်ဖိုးနဲ့သူတန်ဖိုးရှိနေကြပါတယ်။

တန်ဖိုးဆိုတာ အားလုံးမှာ ထိုက်သင့်သလိုရှိကြပါတယ်။ အသုံးဝင်မှုတန်ဖိုး(useful value)၊ အသုံးတည့်မှုတန်ဖိုး(utility value)၊ အသုံးချမှုတန်ဖိုး(applicable value)၊ ကိုယ်ပိုင်တန်ဖိုး(face value)၊ နေရာလိုက်တန်ဖိုး(place value)စသည်ဖြင့် သူ့တန်ဖိုးနဲ့သူရှိနေကြတာပါ။ အားလုံးဟာ ဖော်ပြပါတန်ဖိုးတစ်ခုခုနဲ့ ပတ်သက်နေကြတာချည်းပါပဲ။တန်ဖိုးထားတတ်ခြင်း၊တန်ဖိုးသိတတ်ခြင်း၊ တန်ဖိုးကိုနားလည်ခြင်းတို့ဟာ လူတစ်ဦးနဲ့တစ်ဦးအမြင်မတူကွဲပြားနိုင်သော်လည်း ပကတိတန်ဖိုးရှိမှုက တသမတ်တည်းရှိနေမှာပါ။ ရေရဲ့တန်ဖိုးဟာရေသန့်ရောင်းသူသတ်မှတ်တန်ဖိုးနဲ့မီးသွေးရောင်းသူသတ်မှတ်တန်ဖိုးဟာမတူနိုင်ပါဘူး။ဒါပေမယ့်ရေဟာသူတို့နှစ်ဦးစလုံးအတွက်မရှိမဖြစ်ပါ။

သာမန်အားဖြင့် လူတွေက လောကမှာ လူသာတန်ဖိုးအရှိဆုံးလို့ယူဆထားကြပါတယ်။ လူတွေအတွက် လိုအပ်တဲ့အစားစာကို သစ်ပင်သီးနှံတွေထံက၊ ကြက်ငှက်သားငါးတိရစ္ဆာန်တွေထံက မွေးမြူဖမ်းယူသတ်ဖြတ်စားသောက်ကြပါတယ်။ ဒါကလည်း လူတွေအတွက်မလွဲမသွေလုပ်ဆောင်ကြရတဲ့သဘာဝပါ။ ဒါပေမယ့်လူတွေက သဘာဝလွန်လောဘသားတွေဖြစ်နေပြန်ပါတယ်။ စားရုံသောက်ရုံနဲ့မကျေနပ်နိုင်သေးပါဘူး။

သဘာဝသယံဇာတကို အပြိုင်အဆိုင်ရယူဖို့ကြိုးစားကြတယ်။သစ်တောတွေကိုအပြိုင်အဆိုင်ခုတ်ယူကြတယ်။ ရေနံတွေအပြိုင်အဆိုင်တူးယူကြတယ်။ အပြိုင်အဆိုင်တွေဟာပြင်းထန်ပေါက်ကွဲလာပါတော့တယ်။ ဒီလိုနဲ့စစ်ပွဲတွေ၊ နယ်မြေလုပ်ပွဲတွေ၊ ပစ္စည်းလုပ်ပွဲတွေ၊ အာဏာလုပ်ပွဲတွေနဲ့ လုပ္ပဲပေါင်းစုံနဲ့ လောကကိုအကျည်းတန်စေပါတယ်။ လူလူချင်းလုကြတာအရေမကြီးပါဘူး။



# အားလုံးကို တန်ဖိုးထားပါ

မောင်တင်ဦး (မြောင်းမြ)

လူပြုသမျှ နုရတဲ့တိရစ္ဆာန်တွေ၊ သစ်ပင်တွေ၊ သစ်တောတွေ၊ မြစ်ချောင်းအင်းအိုင်တွေ၊ မြေကြီးတွေ၊ မြေအောက်ကရွှေငွေကျောက်သံပတ္တမြားတွေ၊ ရေနံတွေကို ထင်တိုင်းကျဲ စိတ်ရှိတိုင်းလုပ်ချင်တာလုပ်နေတာ ကောင်းမကောင်းလူတွေစဉ်းစားသင့်ပါတယ်။ အစက သဘာဝဟာ လူပြုသမျှငုံ့ခံမယ်လို့ထင်ခဲ့ကြပေမယ့်ခုတော့သဘာဝကြီးလည်းသည်းမခံသာလွန်းလို့နာလွန်းလို့ တုံ့ပြန်တာပါ။

သဘာဝရဲ့တုံ့ပြန်မှုကလူတွေရဲ့တုံ့ပြန်မှုထက်ပိုကြီးပါတယ်။ သဘာဝမှာနယ်နိမိတ်မရှိပါဘူ။ သဘာဝမှာ လူမျိုးမရှိပါဘူး။ လူတွေလိုအဆင့်အတန်းမခွဲခြားပါဘူး။ ဘင်္ဂလားဒေ့ရှ်မှာတိုက်တဲ့မုန်းတိုင်းကရခိုင်ပြည်ကိုလည်းအလွတ်မပေးပါဘူး။ ဧရာဝတီမှာတိုက်တဲ့နာဂစ်မုန်တိုင်းကရန်ကုန်တိုင်းကိုလည်းဆက်တိုက်တာပါပဲ။ ဒါကြောင့် သဘာဝရဲ့တန်ဖိုးကို သိကြရမှာက လူတစ်ဦးတည်း၊ လူတစ်စုတည်း၊ အဖွဲ့အစည်းတစ်ဖွဲ့တည်း၊ တစ်နိုင်ငံတည်းမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး။ လူတိုင်းလူတိုင်းမှာ တာဝန်ရှိပါတယ်။

အစွယ်လိုသူမိဖုရား၊ အသွားစေခိုင်းသူမင်းဧကရာဇ်တို့က ဘေးမသီရန်မခကြဘဲကံကွက်ကြားရှာပြီးတစ်ဦးတည်းသော အသတ်ခံရမယ့်မုဆိုးသောနုတ္တရလိုပါပဲ ခုလည်းသစ်ပင်ခုတ်သစ်တောပြုန်းတီးအောင်လုပ်သူကတစ်ယောက်၊ မြစ်ချောင်းတွေကမောက်ကမဖြစ်လုပ်သူကတစ်ယောက်၊ မြေကြီးထဲကသယံဇာတတွေတူးဖော်သူကတစ်ယောက် အဲဒီထဲမှာ ကံကွက်ကြားရှာပြီးဘာမသိညာမသိမုန်တိုင်းမိသေရသူကထောင်ပေါင်းများစွာ၊ ကိုယ့်ဇာတိမြေကနှင်ထုတ်ခံရလို့ အိုးမဲ့အိမ်မဲ့ဖြစ်ရသူကရာပေါင်းများစွာ၊ လယ်မြေဆုံးရှုံးဘဝဆုံးရသူကများစွာများစွာ။

တန်ဖိုးအရှိဆုံးလူကသစ်ပင်တွေကိုလည်းတန်ဖိုးမထားပါဘူး။ မြစ်ချောင်းတွေကိုလည်းတန်ဖိုးမထားပါဘူး။သယံဇာတတွေကိုလည်း တန်ဖိုးမထားပါဘူး။လူအချင်းချင်းလည်း တန်ဖိုးမထားပါဘူး။ သည်လိုတန်ဖိုးမထားလို့ကိုယ်လိုလူတွေသေကြေရပါလားလို့သတိပြုဆင်ခြင်သင့်ပါတယ်။

**တကယ်တော့ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတာ ရှေးယခင်ကတည်းက ပြောဆိုသုံးစွဲနေတဲ့ စကားပါ။ မိမိလုပ်တဲ့အလုပ်ကို တန်ဖိုးထားစေချင်လို့ စေတနာပြစကားပါ။ အလုပ်ကို တန်ဖိုးထားတယ်ဆိုတာ အပြောလွယ်သလောက် လက်တွေ့လုပ်ပြဖို့ နည်းနည်းခက်ပါတယ် . . .**

အားလုံးကို တန်ဖိုးထားဖို့ဆိုတာ ခဏလေး၊ ကျွန်တော်တို့လူအချင်းချင်းရောတန်ဖိုးထားကြပါရဲ့လား။

တကယ်ဆို ကျွန်တော်တို့လူတွေဟာ ကျွန်တော်တို့အချင်းချင်း လေးလေးစားစား တန်ဖိုးထားကြရမှာပါ။ ယခင်ဆောင်းပါးမှာတင်ပြခဲ့သလို ဈေးသည်ကိုလည်းတန်ဖိုးထား။ ဂိတ်စောင့်ကိုလည်း တန်ဖိုးထား။ ဆရာဝန်ကိုလည်း တန်ဖိုးထား။ ကျောင်းဆရာကိုလည်း တန်ဖိုးထား။ သူ့တန်ဖိုးနဲ့ သူရှိနေတာကို အသိအမှတ်ပြုတန်ဖိုးထားရမှာပါ။

ကျွန်တော်တို့ပတ်ဝန်းကျင်မှာ တန်ဖိုးထားမှုလွဲချော်နေတာတွေတွေ့ရပါတယ်။ ငယ်စဉ်ကလေးဘဝတည်းက နားထဲမှာစွဲနေအောင်တန်ဖိုးဖြတ်နေကြတဲ့အပြောအဆိုတွေ၊ ဆုံးမသွန်သင်မှုတွေဟာကြီးပြင်းလာတဲ့အခါ အဲဒီအစွဲကြောင့် ကျွန်တော်တို့ကိုယ်တိုင်တန်ဖိုးဖြတ်လွဲမှားလာခဲ့ပါတယ်။

ငယ်ငယ်တုန်းက သူစိမ်းတစ်ယောက်က လမ်းမှာတွေ့နှုတ်ဆက်ရာက အမှတ်တမဲ့မေးတတ်ကြတဲ့ စကားတွေကိုလေ့လာကြည့်ပါ။

“သားလေးကြီးရင်ဘာလုပ်မလဲ”

ကလေးကရုတ်တရက်ဘာဖြေရမှန်းမသိပါဘူး။ ဒီတော့သူ့အမေကိုမော့ကြည့်လိုက်ပါတယ်။ ဒီတော့အမေက “ဖြေလိုက်လေသားရဲ့။ သားက ဆရာဝန်ကြီးလုပ်မှာပါလို့” ဒီတော့မှ ကလေးက “သားသားကဆရာဝန်ကြီးလုပ်မှာ” ဒါမှမဟုတ် “သားသားက အင်ဂျင်နီယာကြီးလုပ်မှာ” ဒါမှမဟုတ် “သားသားက စစ်ဗိုလ်ကြီးလုပ်မှာ”

ဘယ်သူကဖြစ်ဖြစ် သားကြီးလာရင်ဘာလုပ်မလဲမေးတိုင်းမေးတိုင်းကလေးတွေခမျာ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ စစ်ဗိုလ်ကြီးကလွဲပြီးအခြားမဖြေတတ်ကြပါဘူး။ ဒီလိုနဲ့ကလေးတွေဟာ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ စစ်ဗိုလ်ကြီးတွေဖြစ်မှ လူရာဝင်မှာ တန်ဖိုးရှိမှာလို့စွဲသွားကြပါတယ်။ အခြားအလုပ်အကိုင်တွေကို အထင်မကြီးတော့ပါဘူး။ ဈေးသည်တို့၊ ဆိုက်ကားသမားတို့၊ မီးသတ်ဝန်ထမ်းတို့၊ ရုံးစာရေးတို့လို အလုပ်တွေကို တန်ဖိုးမထားကြတော့ပါဘူး။

တကယ်ဆိုမိမိလက်ရှိလုပ်နေတဲ့ အလုပ်ကလည်း သမာဓိဖြစ်နေရင် မိမိကလေးကိုလည်း လက်ရှိအလုပ်အကြောင်းနားလည်အောင်စိတ်ဝင်စားအောင်တန်ဖိုးထားအောင်ပြောပြသင့်ပါတယ်။

ဒါပေမယ့် ကလေးတိုင်းသူတို့မိဘတွေသင်ပေးသလိုဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ စစ်ဗိုလ်ကြီးတွေဖြစ်မလာကြပါဘူး။ အချို့က ဆယ်တန်းတဘုန်းဘုန်းကျပြီးဆိုက်ကားနင်းသူကနင်းချေရပါပြီ။ သူ့ဘဝမှာဆိုက်ကားနင်းရမယ်လို့သူ့အမေကလည်းမသင်ပါဘူး။ သူကိုယ်တိုင်လည်းမထင်ပါဘူး။ မဖြစ်လို့တာဆိုက်ကားနင်းနေရတာဆိုက်ကားသမားဘဝကို သူလုံးဝတန်ဖိုးမထားပါဘူး။

ဒီတော့ အချိန်တန်ဆိုက်ကားထွက်နင်းတယ်။ ပြန်လာတယ်။အိပ်တယ်။ စားတယ်။ဆိုက်ကားနင်းတဲ့အလုပ်အပေါ်မှာတန်ဖိုးမထားပါဘူး။ စိတ်မဝင်စားပါဘူး။ဒီတော့အလုပ်ကိုဘယ်လိုတိုးတက်အောင်လုပ်မယ်ဆိုတဲ့စိတ်ကူးကောင်းတွေပေါ်မလာပါဘူး။ ခရီးသည်လာရင်သွားလိုရာနင်းပို့မယ်။အားနေရင်ကျားထိုးမယ်။ ခေါင်းပန်းလှန်မယ်။နှစ်လုံး၊သုံးလုံးတွက်မယ်။ ဘောလုံးပွဲလောင်းမယ်။ ဆိုက်ကားကို‘သ’နေတဲ့ဆိုက်ကားသမား၊တိုးတက်ရာတိုးတက်ကြောင်းစဉ်းစားနေတဲ့ဆိုက်ကားသမားအင်္ကျီအဝတ်အစားသပ်သပ်ရပ်ရပ်ဝတ်ထားတဲ့ဆိုက်ကားသမား၊ လူပုံသပ်သပ်ရပ်ရပ်နေတဲ့ဆိုက်ကားသမားအတော်ကို ရှားပါးလှပါတယ်။

အဲဒါသူတို့ဘဝကို တန်ဖိုးမထားလို့ဖြစ်ပါတယ်။ သူတို့ဟာ လောကအတွက် အသုံးဝင်အသုံးတည့်တန်ဖိုးရှိတဲ့လူအဖြစ်သူတို့ဘာသာမသတ်မှတ်ကြပါဘူး။အဲဒါငယ်စဉ်ကတည်းက ဦးချိုးခံထားရလို့ ဖြစ်ပါတယ်။

ဆိုက်ကားသမားကိုဥပမာပေးလို့ ဆိုက်ကားသမားလူတန်းစားတစ်မျိုးတည်းကိုဆိုလိုတာမဟုတ်ပါဘူး။ ငါးရောင်းတဲ့လူ၊ ကန်စွန်းရွက်ရောင်းတဲ့လူ၊ ဖိနပ်ချုပ်တဲ့လူ၊ ထီးချုပ်တဲ့လူ၊ ကားမောင်းတဲ့ဒရိုင်ဘာအစရှိတဲ့အလုပ်အမျိုးမျိုးလုပ်ပြီးအသက်မွေးဝမ်းကျောင်းပြုနေတဲ့လူအမျိုးမျိုးကိုဆိုလိုပါတယ်။

လူဆိုတာထမင်းစားဖို့အတွက် သမာအာဇီဝအလုပ်တစ်ခုခုကို မလွဲမသွေလုပ်ကြရပါတယ်။ တချို့က လုပ်ချင်တဲ့အလုပ်ကိုလုပ်ခွင့်ရကြပါတယ်။ တချို့ကဝါသနာပါတဲ့အလုပ်ကိုရှာလုပ်ကြတယ်။များသောအားဖြင့် ကိုယ်လုပ်ချင်တဲ့အလုပ်ကိုလုပ်ခွင့်မရကြဘဲပိုက်ဆံရပြီးရော အလုပ်ကိုပဲလုပ်နေရတဲ့လူတွေများပါတယ်။ သူတို့တွေဟာသူတို့အလုပ်ကိုတန်ဖိုးမထားတတ်ကြပါဘူး။ပြီးစလွယ်လုပ်တတ်ကြပါတယ်။ ဒီလိုနဲ့သူတို့တိုးတက်ကြီးပွားလာတဲ့လူနည်းပါတယ်။

တကယ်တော့အလုပ်ဟူသမျှဂုဏ်ရှိစွဆိုတာ ရှေးယခင်ကတည်းကပြောဆိုသုံးစွဲနေတဲ့စကားပါ။မိမိလုပ်တဲ့အလုပ်ကိုတန်ဖိုးထားစေချင်လို့စေတနာပြစကားပါ။ အလုပ်ကိုတန်ဖိုးထားတယ်ဆိုတာ အပြောလွယ်သလောက် လက်တွေ့လုပ်ပြဖို့ နည်းနည်းခက်ပါတယ်။

ဒါပေမယ့် လက်တွေ့ကျပြီးလွယ်တာကစလုပ်ကြည့်ရအောင်ပါ။ မိမိယခုလုပ်နေရတဲ့အလုပ်ဟာတန်ဖိုးရှိတဲ့အလုပ်အဖြစ်ရှုမြင်ပါ။ထီးပြင်သူဆိုကြပါစို့။ သင့်မှာအတတ်ပညာတစ်ခုတတ်မြောက်ထားတယ်ဆိုတာရဲရဲဝံ့ဝံ့ယုံကြည်လိုက်ပါ။သင့်လိုမပြင်တတ်လို့ သင့်ဆီလာပြင်နေရတာဟာ သင့်အတတ်ပညာကိုအသိအမှတ်ပြုလို့ပေါ့။ (တိုးတိုးလေးအကြံပေးချင်တာက သင်တကယ်ထီးပြင်တတ်အောင်လုပ်ထားနော်။)

လူအတော်များများကလမ်းဘေးဈေးသည်၊ဆိုက်ကားသမား၊ဒရိုင်ဘာ၊ယာဉ်နောက်လိုက်(စပယ်ယာ)စတဲ့လူတွေကို အထင်သေးကြတယ်လို့ အဲဒီလမ်းဘေးဈေးသည်၊ဆိုက်ကားသမား၊ဒရိုင်ဘာ၊ယာဉ်နောက်လိုက်(စပယ်ယာ)တွေကသူတို့ဘာသာထင်နေကြပါတယ်။ အမှန်ကသူတို့ကိုစစချင်းဘယ်သူကမှအထင်မသေးကြပါဘူး။ တကယ်အထင်သေးနေကြတာကသူတို့ကိုသူတို့ပါပဲ။

ငါလမ်းဘေးဈေးသည်ပဲ ဘယ်သူကမှငါ့ကိုဂရုစိုက်ကြမှာမဟုတ်ဘူးဆိုတဲ့စိတ်နဲ့မျက်နှာသနပ်ခါးမလိမ်း၊ ခေါင်းကိုဖြစ်ကတတ်ဆန်းစုစည်း၊ အဝတ်အစားကိုမသပ်မရပ်ဝတ်၊ ဒီလိုနဲ့ဈေးထဲကိုလာကြပါတယ်။ အဲဒီဈေးသည်ကို ဘယ်သူကလေးစားမလဲ။ ဘယ်သူကအလေးထားမလဲ။ ဈေးဗန်းခင်းရာမှာလည်းအမှိုက်ပုံသာသာချခင်းထားပြန်တော့ဈေးဝယ်သူရဲ့စိတ်ကအထင်သေးနေမှာသေချာပါတယ်။

ဘတ်စကားပေါ်ကမြင်ကွင်းတစ်ခုပါ။ မိုးတွင်းတစ်ခုပါ။ ဘတ်စကားပေါ်မှာလူတွေထုံးစံအတိုင်းပြည့်ကြပ်နေပါတယ်။ လူတစ်ယောက်ကားပေါ်တိုးဝှေ့တတ်လာပါယ်။ သူလူတွေကြားထဲတိုးဝင်လိုက်ပါတယ်။ သူ့နံဘေးကလူတွေအားလုံးကို မိုးရေတွေစိုသွားပါတယ်။ သူကတော့ မိုးမစိုပါဘူး။ သူကမိုးကာဝတ်ထားလို့ပါပဲ။ သူကတော့ သူ့ကိုယ်သူတန်ဖိုးထားလွန်းလွန်းပြန်ရော။

ကိုယ့်တစ်ကိုယ်ရည်ကောင်းစားရေးအတွက် အခြားလူတွေကိုအကျိုးယုတ်စေတာဟာ လူလူချင်းတန်ဖိုးမထားကြလို့ပဲဖြစ်ပါတယ်။

ထို့အတူ လူတန်းစားတစ်ရပ်က မိမိတို့ကောင်းစားရေးသာဆောင်ရွက်နေပြီး အခြားလူတွေကို ဝန်ထုပ်ဝန်ပိုးဖြစ်နေစေတာဟာ မိုးကာခြုံပြီးလူတွေကြားလျှောက်သွားနေတာနဲ့တူလှပါတယ်။ မိမိဟာအားလုံးအတွက်တန်ဖိုးရှိသလို၊ အားလုံးဟာလည်း မိမိအတွက်တန်ဖိုးရှိပါတယ်။ အားလုံးကို တန်ဖိုးထားပါတယ်။




### ပါလီမန်ခေတ် မှတ်တမ်းများ

# ရွေးကောက်ပွဲအပြီး အစိုးရသစ်တက်စကာလ ထင်ရှားသောဖြစ်ရပ်များ

တင်နိုင်တိုး


ရန်ကုန်မြို့ရောက် အမေရိကန်သမ္မတရုစဘဲ့ကတော်


အမေရိကန်သမ္မတကတော်အား လက်ခံတွေ့ဆုံခဲ့သူ မဟာသီရိသုဓမ္မဒေါ်ခင်ကြည်

လွတ်လပ်ရေးရရှိပြီးကာလ ပထမဆုံးရွေးကောက်ပွဲအပြီး ၁၆ မတ် ၁၉၅၂တွင်ပထမဆုံးရွေးချယ်ခံ အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုပါသည်။ မတ်လ၁၇ရက်နေ့ နံနက်၁၁နာရီ အချိန်တွင် နိုင်ငံအသီးသီးမှ သံတမန်များက သမ္မတသစ်ဒေါက်တာဘဦးအား သွားရောက်နှုတ်ဆက်ခဲ့ကြသည်။ အစိုးရသစ်တက်စကာလ ထင်ရှားသောဖြစ်ရပ်များကို အောက်ပါအတိုင်းတွေ့ရှိရသည်။

## ငွေကြေးစနစ်ပြောင်းလဲရေး

၁၇ မတ် ၁၉၅၂ တွင် နိုင်ငံတော်ငွေကြေးစနစ်ကို ဆယ်လီစနစ်ဖြစ်သော တစ်ကျပ်လျှင် ပြား ၁၀၀ အဖြစ်ပြောင်းလဲရန်လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံမှာ ၁၉၄၆ ခုနှစ် ငွေစက္ကူနှင့် ဒင်္ဂါးဥပဒေအရ လန်ဒန်အခြေစိုက်မြန်မာပြည်ငွေကြေးအဖွဲ့က ဆောင်ရွက်နေဆဲဖြစ်ပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံဘဏ်ဥပဒေက ပြဋ္ဌာန်းထားသည့် ဗဟိုဘဏ်၏ သာမန်အာဏာကို သုံးစွဲနေရဆဲဖြစ်သည်။ သို့ဖြစ်၍ ကျပ်ပဲပိုင်စနစ်မှ ကျပ်ပြားစနစ်သို့ ပြောင်းလဲရန် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဤသည်ကိုပင် အမတ်ဦးချစ်လှိုင်က ပြည်သူများနှင့်တကွ ကုန်သည်များ၏ သဘောတူညီချက်ရယူရန်လိုအပ်ကြောင်း တင်ပြခဲ့ရာထောက်ခံမည့်သူမရှိသဖြင့် ဘဏ္ဍာရေးဝန်ကြီး၏ အဆိုကို အတည်ပြုခဲ့သည်။

## ချင်းရေးရာဝန်ကြီးမခန့်ရသေး

အစိုးရအဖွဲ့သစ်မှ ဝန်ကြီးများ ၁၆ မတ် ၁၉၅၂ တွင် နိုင်ငံတော်သမ္မတသစ်ရှေ့၌ ကျမ်းသစ္စာကျိန်ဆိုကြစဉ် ချင်းရေးရာဝန်ကြီးပါမလာသေးပေ။ ချင်းရေးရာကောင်စီဥက္ကဋ္ဌအဖြစ် မကြာမီက ရွေးချယ်ခံခဲ့ရသူ မစ္စတာဇဟဲလီးယန်းအား ဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းရန်ဖြစ်သော်လည်း ဝန်ကြီးချုပ်ဦးနုက ဥပဒေတွင်ပါရှိသည့်အတိုင်း ယုံကြည်သူကိုသာ ခန့်အပ်မည်ဖြစ်ကြောင်း ဆိုပါသည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်သဘောတူညီသော ဦးရှိန်ထန်းအား ရွေးချယ်ရန်ပြင်ဆင်နေစဉ် မစ္စတာဇဟဲလီးယန်းက ကန့်ကွက်ခဲ့သည်။ သူက ချင်းကောင်စီဥက္ကဋ္ဌအဖြစ် မဲအများဆုံးရရှိခဲ့သူဖြစ်၍ မဖယ်ပေးနိုင်ကြောင်း ဆိုပါသည်။

## တရားဝန်ကြီးချုပ် ခန့်အပ်ရေး

နိုင်ငံတော်တရားဝန်ကြီးချုပ်ရာထူးကို ဝတ်လုံတော်ရ သတိုးသီရိသုဓမ္မဦးသိမ်းမောင်အား ခန့်အပ်ရန် ၂၀ မတ် ၁၉၅၂ ပါလီမန်ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ပူးတွဲညီလာခံက သဘောတူညီခဲ့ရာ တရားဌာနဝန်ကြီးဦးခင်မောင်လတ်က သဘောတူညီကြောင်း အဆိုတင်သွင်းခဲ့သည်။ သို့သော် ယင်းအဆိုကို မော်လမြိုင်အမတ် ဦးချစ်လှိုင်က မတ်တပ်ရပ်ကန့်ကွက်ခဲ့သည်။ သို့ဖြစ်၍ အဆိုအားသဘောတူမတူကို လွှတ်တော်တွင်း အသံဖြင့်ဆုံးဖြတ်ရာ ဦးချစ်လှိုင်တစ်ဦးသာ သဘောမတူကြောင်း အသံပေါ်ထွက်လာခဲ့သည်။ သို့ဖြစ်၍ ဦးသိမ်းမောင်အား တရားဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

## အမေရိကန်သမ္မတကတော်

၂၄ မတ် ၁၉၅၂ တွင် အသက် ၆၈ နှစ်ရှိပြီဖြစ်သော အမေရိကန်သမ္မတကြီး ဖလင်ကလင်ရုစဘဲ့ကတော်အယ်လီနာရုစဘဲ့သည် အိန္ဒိယမှ ဘန်ကောက်သို့အသွား ရန်ကုန်မြို့သို့ ခေတ္တဝင်ရောက်ခဲ့သည်။ မင်္ဂလာဒုံလေဆိပ်၌ တစ်နာရီကြာရပ်နားခဲ့ရာတွင် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်က ကြိုဆိုနှုတ်ဆက်ကာ ယွန်းအုပ်ကလေးတစ်ခုလက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်။

အယ်လီနာသည် အိန္ဒိယသို့ အလည်အပတ်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ဘန်ကောက်မှတစ်ဆင့်ဂျကာတာ၊ မနီလာတို့သို့ ဝင်ရောက်ကာ အမေရိကန်သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ အမေရိကန်သမ္မတကတော်သည် ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်နှင့် တွေ့ဆုံစဉ် မြန်မာပြည်၌ ကြာရှည်နေခွင့်မရသည့်အတွက် ဝမ်းနည်းပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

## ပါတီသစ်

၃၀မတ်၁၉၅၂တွင် မကြာမီက ရန်ကုန်မြို့၌ ကျင်းပပြီးစီးခဲ့သည့် အလင်းရောက်ပြည်သူ့ရဲဘော်အဖွဲ့ညီလာခံမှ အလင်းရောက်ပြည်သူ့ရဲဘော်အဖွဲ့ကိုဖျက်သိမ်းကာ ပြည်သူ့ညီညွတ်ရေးပါတီဗမာပြည်ကို ဖွဲ့စည်းခဲ့သည်။ ယင်းပါတီ၏ဥက္ကဋ္ဌ ဗိုလ်လရောင်နှင့် ဗိုလ်ထွန်းစိန်၊ ဦးသိန်းဖေမြင့်တို့က သတင်းထောက်များနှင့်တွေ့ဆုံကာ ရှင်းလင်းပြောကြားခဲ့ရာ၌ ပါတီသစ်သည် အလုပ်သမား၊ တောင်သူလယ်သမား၊ အရင်းရှင်ပေါက်စများနှင့် တိုင်းရင်းသားအရင်းရှင်စသည့် လူတန်းစားလေးရပ်ပါဝင်ပြီး နယ်ချဲ့အရင်းရှင်စနစ်၊ ပဒေသရာဇ်မြေရှင်ကြီးစနစ်၊ နယ်ချဲ့လက်ပါးစေစီးပွားရေးစနစ်များကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ပါရှိခဲ့သည်။

## မတရားရွေးကောက်ပွဲကွန်ဖရင့်

၁ ဧပြီ ၁၉၅၂ နံနက် ၉ နာရီတွင် ပြည်လုံးကျွတ်မတရားရွေးကောက်ပွဲကွန်ဖရင့်ကို ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ယာယီသဘာပတိဒေါက်တာဘမော်၊ ယာယီအကျိုးဆောင်သခင်ချစ်မောင်တို့က ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေးသို့ သခင်ကိုယ်တော်မှိုင်း၊ ဒေါက်တာဘမော်၊ ဦးဘစော၊ ဦးအောင်သန်း၊ ဗိုလ်ရန်နိုင်၊ သခင်လွင်၊ ဦးဘငြိမ်း၊ ဦးရွှေဖြူ၊ သခင်ချစ်မောင်၊ ဒေါ်ခင်ချစ်တို့တက်ရောက်ခဲ့ကြရာ သခင်ကိုယ်တော်မှိုင်းက ယခင်ရွေးကောက်ပွဲ၏ မတရားပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

သဘာပတိဒေါက်တာဘမော်က ဤကွန်ဖရင့်နှင့်ချိန်၍ပုဒ်မ ၁၄၄ ထုတ်ကာ ခြောက်လှန့်ခဲ့သော်လည်း အားငယ်စရာမရှိပါ။ ဦးနုဗေဒင်မှားနေပြီဖြစ်ပြီးခေတ်သည်လည်းပြောင်းလဲနေပြီဖြစ်ရာ မိမိတို့ချီတက်မည့် လမ်းခရီးတစ်လျှောက်၌ တစ်ဗိုလ်တက်တစ်ဗိုလ်ကျချီတက်သွားမည်ဟု ပြောကြားခဲ့သည်။ ထို့နောက်ကွန်ဖရင့်၏ရည်ရွယ်ချက်နှင့်စည်းမျဉ်းဥပဒေများကို အတည်ပြုခဲ့ကြသည်။

## လူငယ်အဖွဲ့နှစ်ဖွဲ့သဘောထားကွဲလွဲ

ဗလစခေါ် ဗဟိုလူငယ်အစည်းအရုံးနှင့် ပြည်ထောင်စုလူငယ်အဖွဲ့များသည် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပြီးမှ သဘောထားကွဲလွဲမှုများပေါ်ပေါက်ကာ ၅ ဧပြီ ၁၉၅၂ တွင် သီးခြားခွဲထွက်သွားကြကြောင်း ဆိုပါသည်။ ဗလစဥက္ကဋ္ဌမှာ သခင်ဗဂျမ်းဖြစ်ပြီး ပြည်ထောင်စုလူငယ်ဥက္ကဋ္ဌမှာ ဝန်ကြီးဦးကျော်မြင့်ဖြစ်သည်။

## ပြန်ကြားရေးဝန်ကြီး၏ ထုတ်ပြန်ချက်

၁၀ ဧပြီ ၁၉၅၂ နေ့လည် ၁ နာရီအချိန်တွင် ပြန်ကြားရေးဝန်ကြီးဦးထွန်းဝင်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပရာ၌ သောင်းကျန်းသူများအား အပြုတ်တိုက်သွားမည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခဲ့သည်။ ဝန်ကြီးက ဖဆပလအစိုးရကိုယ်စားပြောကြားရာတွင် သောင်းကျန်းသူများသည် တပ်မတော်မှ စစ်ဆင်နေစဉ် အရှုံးကြီးရှုံးနေသဖြင့် အစိုးရနှင့်စေ့စပ်မည့် ဟန်ပြုနေခြင်းသာဖြစ်ကြောင်း၊ တောတွင်းရောက်ရှိနေသူများ လက်နက်ချလိုလျှင် လွတ်ငြိမ်းချမ်းသာခွင့်ပြုမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

## ဆန်တင်ပို့ရောင်းချခြင်းကိစ္စ

၁၁ ဧပြီ ၁၉၅၂ တွင် ကမ္ဘာ့ကုလသမဂ္ဂ အစားအစာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)ဥက္ကဋ္ဌနောရစ်အီးဒွတ်က အရှေ့တောင်အာရှရှိ နိုင်ငံများအတွက် ဆန်တင်ပို့ရောင်းချခြင်းကို မြန်မာနှင့် ယိုးဒယားနှစ်နိုင်ငံကသာ အဓိက လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။ အကယ်၍ ယင်းနှစ်နိုင်ငံသာကွန်မြူနစ်တို့လက်အောက်သို့ ကျရောက်သွားလျှင် အရှေ့တောင်အာရှနိုင်ငံများတွင် ငတ်မွတ်ခေါင်းပါးသည့် ဘေးနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟုဆိုပါသည်။ ၎င်းက မြန်မာနှင့်ယိုးဒယားနှစ်နိုင်ငံမှ တင်ပို့ရောင်းချသည့် ဆန်တန်ချိန်မှာ ၂၆၅၀၀၀၀ ရှိကြောင်း ဆို၏။

## ဂျပန်-မြန်မာစစ်ပြီးဆုံးခြင်း

ဂျပန်နိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် လက်နက်ချရေးစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီးအား ရပ်စဲခဲ့သည်။ မြန်မာနိုင်ငံတရားဥပဒေအရ ၁၉၄၆ ခုနှစ်စစ်ပြီးဆုံးခြင်း(အဓိပ္ပာယ်ဖော်ပြချက်) အက်ဥပဒေ(၁၉၄၆ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ်၁၂) အရ ၁၃ ဖေဖော်ဝါရီ ၁၉၄၇ ကို ဂျပန်နှင့် စစ်ပြီးဆုံးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ တရားဥပဒေအရ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ရွေးကောက်ပွဲဖြင့်တက်လာသောအစိုးရလက်ထက်တွင် ဂျပန်-မြန်မာစစ်ဖြစ်လျက်ရှိသည့် အခြေအနေကို ရပ်စဲရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ၁ မေ ၁၉၅၂ တွင် ထုတ်ပြန်ကြေညာခဲ့သည်။

## ငြိမ်းချမ်းရေးကွန်ဂရက်အစည်းအဝေး

၁၃ မေ ၁၉၅၂ နံနက် ၈ နာရီတွင် ငြိမ်းချမ်းရေးကွန်ဂရက်အစည်းအဝေးကို ကန်တော်မင်ပန်းခြံ (ယခုကန်တော်မင်္ဂလာပန်းခြံ)၌ ကျင်းပခဲ့ရာသဘာပတိအဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ အတွင်းရေးမှူးအဖြစ် ဦးအောင်ငြိမ်းတို့က ဆောင်ရွက်ခဲ့သည်။ ယင်းအစည်းအဝေးသို့ ဒေါက်တာဘမော်၊ ဗိုလ်ရန်နိုင်၊ ဦးထွန်းအောင်ကျော်၊ သခင်လှကျွေးစသူတို့တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ကမ္ဘာ့ကြီးငြိမ်းချမ်းမှတိုင်းပြည်အသီးသီးငြိမ်းချမ်းရေးရမည်ဖြစ်ကြောင်း၊ ဗမာပြည်သည် ဘာသာရေးကို လေးစားသောနိုင်ငံဖြစ်ရာ ဥပုသ်အမြဲစောင့်နေသူကို ဓားပြတိုက်လျှင် လွယ်ကူသကဲ့သို့ ဘေးအန္တရာယ်များဝိုင်းနေသောဗမာပြည်တွင် ပုတီးစိတ်နေသော မောင်နုအား အင်္ဂလိပ်၊ အမေရိကန်တို့ ဖမ်းသွားမည်ကို စိုးရိမ်ရကြောင်းစသည်ဖြင့် ရယ်သွမ်းသွေးကာ ပြောကြားခဲ့သည်။ ထို့နောက် အိန္ဒိယနှင့် ပရော့ဂ်မြို့များမှ ရောက်ရှိလာသော သဝဏ်လွှာများကို ဦးဘငြိမ်းက ဖတ်ကြားကာဆုံးဖြတ်ချက်များချကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

## *ကျမ်းကိုး*

၁။ မြန်မာ့ရက်စဉ်သမိုင်း (ဒုတိယတွဲ) သမိုင်းသုတေသနဦးစီးဌာန
၂။ သတင်းစာပါသတင်းမှတ်တမ်းများ (၁၉၅၂ မတ်၊ ဧပြီ၊ မေ မြန်မာ့အလင်း၊ ဗမာ့ခေတ်သတင်းစာများ)



## မင်္ဂလာတောင်ညွန့်မြို့နယ်ကူးတို့ဆိပ်ရပ်ကွက်အတွင်းမီးလောင်ပေါက်ကွဲမှုဖြစ်စဉ်အတွက်လှူဒါန်းထားသော ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၄၀၀၀ ကျော်တို့ကို အိမ်ထောင်စုအလိုက် ခွဲဝေပေးသွားမည်



မင်္ဂလာတောင်ညွန့်မြို့နယ်ကူးတို့ဆိပ်ရပ်ကွက်အတွင်း မီးလောင်ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ကယ်ဆယ်ရေးစခန်းများသို့လှူဒါန်းထားသောပစ္စည်းများနှင့် အလှူငွေသိန်း ၄၀၀၀ ကျော်တို့ကို အိမ်ထောင်စုလိုက် အချိုးကျ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အရှေ့ပိုင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဖြစ်သူဦးလှိုင်စိုးသန်းက "ကယ်ဆယ်ရေးစခန်းတွေကို အလှူရှင်တွေအားလုံးက လာရောက်လှူဒါန်းထားတဲ့အလှူငွေက ဒီဇင်ဘာလ ၂၉ ရက်နေ့ကနေ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ စုစုပေါင်းကျပ်သိန်း ၄၁၉၄၂၅၆၁၁ ရှိခဲ့ပါတယ်။ ဒါ့အပြင် စားသောက်ကုန်ပစ္စည်းတွေနဲ့ တခြားအိမ်သုံးဆောင်ပစ္စည်းတွေအများကြီးကို အိမ်ထောင်စုစာရင်း အရေအတွက်လိုက် ခွဲဝေပေးသွားပါမယ်။ အခုအချိန်အထိလည်း အိုးမဲ့အိမ်မဲ့ဖြစ်သွားတဲ့ အိမ်ထောင်စုတွေကို အဆင်ပြေအောင် ပံ့ပိုးပေးထားပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

သက်ဆိုင်ရာတာဝန်ရှိသူများမှ ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်သူများအပြင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ဂိုဒေါင်များ၌ ယာယီနေထိုင်သူအိမ်ထောင်စု ၁၂ စုကိုလည်း အခြားအိမ်ထောင်စုများနှင့် တန်းတူ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပျက်စီးဆုံးရှုံးသွားသည့်နေအိမ်များကို အရှေ့ပိုင်းခရိုင်နှင့်အနောက်ပိုင်းခရိုင်တို့မှ အိမ်အလုံးရေ ၃၀ စီနှင့်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့မှ အိမ်အလုံးရေ ၁၅ လုံးစီ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်းများသို့ အလှူရှင်များမှ လာရောက်လှူဒါန်းထားသော အလှူငွေစာရင်းမှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျပ်သိန်း ၇၆၀၃၅၈၅၀၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျပ်သိန်း ၇၈၅၇၆၃၆၁၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကျပ်သိန်း ၁၉၈၄၂၂၅၀၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျပ်သိန်း ၁၈၉၂၉၈၂၅၀၊ ဇန်နဝါရီလ ၂ ရက်နေ့တွင်ကျပ်သိန်း ၂၀၇၄၇၇၀၀၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျပ်သိန်း ၁၇၅၆၅၃၀၀ နှင့် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျပ်သိန်း ၁၇၃၅၉၉၀၀ စုစုပေါင်းကျပ်သိန်း ၄၁၉၄၂၅၆၁၁ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ ကယ်ဆယ်ရေးစခန်းများသို့လာရောက်လှူဒါန်းထားသောပစ္စည်းများ၏တန်ဖိုးမှာ အဆိုပါရက်များအတွင်း ကျပ်သိန်း ၁၉၅၃၁၀၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ထားသောစာရင်းဇယားများအရ သိရသည်။

*ဝင်းမြင့်ကျော်၊*
*ကျော်ဇင်ဝင်း*

## ဒေါပုံမြို့နယ်ရှိ နေအိမ်တစ်အိမ်တွင် ကွန်ကရစ်ကြမ်းခင်းအပူလွန်ကဲမှုဖြစ်ပွား

ဒေါပုံမြို့နယ် ဇေယျာသီရိ(၃) လမ်းအတွင်းရှိ နေအိမ်တစ်အိမ်တွင် ဇန်နဝါရီလ ၂ ရက်နေ့က နေအိမ်ကွန်ကရစ်ကြမ်းခင်းရုတ်တရက်အပူလွန်ကဲလာမှုဖြစ်ပွားခဲ့သည်။

"မနက် ၁၀ နာရီလောက်မှာ အိမ်မှာအလုပ်လုပ်တဲ့ကောင်မလေးက ရေသောက်မလို့သွားရင်း ရေဘူးနားက တိုင်ခြေမှာပူနေတာ သိရတာပါ။ နှစ်ပေ ပတ်လည်လောက်ပဲ ကွက်ပြီး ပူနေတာ။ လျှပ်စစ်မီးပူ အပူချိန်လောက်ရှိတယ်။ ကျွန်မတို့လည်းလန့်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အကြောင်းကြားပါတယ်။ အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာကို ဆက်လက်အကြောင်းကြားလို့ မီးသတ်နဲ့ လျှပ်စစ်ဌာနက တာဝန်ရှိသူတွေရောက်လာကြတယ်။ နေ့လည် ၁၁ နာရီလောက်မှာ လျှပ်စစ်ဌာနက မီးဖြတ်လိုက်ပေမယ့်ဆက်ပူနေတုန်းပဲ။ ဒါနဲ့ဆက်စောင့်ကြည့်နေပြီး ညနေ ၅ နာရီကျော်လောက်အထိ အပူကမကျတော့မီးသတ်က တာဝန်ရှိသူတွေက ကွန်ကရစ်ကြမ်းခင်းကို ခွဲပြီး တွင်းတူးကြည့်တော့ အငွေ့တွေထွက်လာပါတယ်။ လေးပေလောက်အထိ တူးတော့ ရေထွက်လာတယ်။ ရေကတော့မပူပါဘူး။ည ၁၁ နာရီလောက်ကျတော့အပူချိန်မကျန်တော့ပါဘူး" ဟု အိမ်ရှင်ဖြစ်သူက ဆိုပါသည်။

လက်ရှိတွင် အဆိုပါကြမ်းခင်းအပူလွန်ကဲမှုဖြစ်ပွားခဲ့သည့်အိမ်တွင် နဂိုအတိုင်းပြန်လည်ကောင်းမွန်သွားပြီဖြစ်ကြောင်း သိရ သည်။



အပူလွန်ကဲမှုဖြစ်ပွားခဲ့သည့်နေရာကို ဇန်နဝါရီလ ၄ ရက်နေ့က တွေ့ရစဉ်

## ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိကမ်းနားအိမ်များကို အဆိုပါရပ်ကွက်အတွင်းရှိ လယ်ကွက်များအတွင်းပြောင်းရွှေ့နေရာချထားပေး



ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကမ်းပါးပြိုမှုအန္တရာယ်နှင့်နီးစပ်သော ကမ်းနားအိမ်များကို အဆိုပါရပ်ကွက်အတွင်းရှိ လယ်ကွက်များအတွင်းသို့ ပြောင်းရွှေ့နေရာချထားပေးထားကြောင်း သိရသည်။

အဆိုပါ ပြောင်းရွှေ့မှုကို ပထမအသုတ်အနေဖြင့် ကမ်းပါးပြိုမှု အန္တရာယ်နှင့် ပိုမိုနီးစပ်သောအိမ်များကို ၂၀၁၁ခုနှစ်ဩဂုတ်လအတွင်း၌လည်းကောင်း၊ ကမ်းနားနှင့်အနည်းငယ်ကွာဝေးသည့်အိမ်များကိုဒုတိယအသုတ်အနေဖြင့် အောက်တိုဘာလ အတွင်း၌လည်းကောင်း ပြောင်းရွှေ့စေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့အိမ်က ကမ်းနားနဲ့နီးတဲ့ နေရာမှာဆိုတော့ နေရာ ဖယ်ပေးရတယ်။ ပြောင်းရွှေ့ပေးရတဲ့နေရာ အစားပြန်ပေးတဲ့နေရာကို လှိုင်သာယာ-တွံတေးဖွံ့ဖြိုးရေး လမ်းမကြီးဘေးက လယ်ကွင်းတွေထဲမှာ ပေ ၂၀ ပေ ၄၀ ကွက်သစ်ရိုက်ပြီး မဲစနစ်နဲ့ပေးတာပါ။ မြေကွက်ပဲပေးပြီး အိမ်ကိုတော့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဆောက်ရတယ်။ အခုမှ စပြောင်းနေတဲ့သူတွေလည်း ရှိပါတယ်။ လက်ရှိအချိန်အထိတော့ မီး မရသေးပေမယ့် မီးတိုင်တွေတော့ ချနေပါပြီ။ အခုပြန်ပေးတဲ့ ကွက်သစ်နေရာတွေကိုလည်းမနေချင်တဲ့သူတွေကရောင်းဝယ်နေကြတော့ ဈေးတွေ မြင့်နေတယ်"ဟု ကြည့်မြင်တိုင် တစ်ဖက်ကမ်း ဦးမြရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ဆိုပါသည်။

"မိုးတွင်းမှာ ကမ်းပြိုမှုတွေ၊ ရေကြီးမှုတွေဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုနဲ့ လူသေဆုံးမှုတွေကြောင့် အခုလိုပြောင်းရွှေ့ခိုင်းတာပါ။ သူတို့အတွက်နေရာလည်း ပြန်ပေးပါတယ်။ ကမ်းနားနဲ့ကပ်နေတဲ့ ဦးမြ၊ ဆိပ်ကြီး၊ ငါးစင်၊ အလတ်ချောင်း စတဲ့ရွာတွေက အိမ်ခြေ ၂၀၀ ကျော် ပြောင်းပေးရမှာပါ"ဟု ဦးမြ၊ ဆိပ်ကြီး၊ ငါးစင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဌေးက ပြောပြပါသည်။

ယခင်က လှိုင်သာယာ-တွံတေးဖွံ့ဖြိုးရေးလမ်းမကြီးဘေးရှိ လယ်ကွက်များ၏ဈေးနှုန်းသည် ကျပ်သိန်းဆယ်ဂဏန်းအောက်ဝန်းကျင်သာရှိပြီးလက်ရှိအဆိုပါကွက်သစ်နေရာများတွင် ပေ ၂၀ ပေ ၄၀ တစ်ကွက်လျှင် ကျပ်သိန်းလေးဆယ်မှ ငါးဆယ် ဝန်းကျင်အထိပေါက်ဈေးရှိကြောင်းသိရသည်။ *ငြိမ်းဇော်လင်း၊အိသဉ္ဇာကျော်*

## ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သော တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းထောင့်ရှိ အများသုံးသန့်စင်ခန်းကို လိုအပ်သည့်ပြုပြင်မှုများပြုလုပ်၍ ပြန်လည်ဖွင့်လှစ်မည်

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းထောင့်ရှိ တက္ကသိုလ်ရိပ်သာဝန်းနှင့်တစ်ဆက်တည်းရှိသော ပန်းခြံငယ်အတွင်း ဖွင့်လှစ်ထားသည့် အများသုံးသန့်စင်ခန်းကို လိုအပ်သည့် စစ်ဆေးပြုပြင်မှုများ ပြုလုပ်၍ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ သန့်စင်ခန်းတွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက် ၁၁ နာရီ ၅ မိနစ်အချိန်ခန့်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဝန်ထမ်းတစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကာ ဝန်ထမ်းတစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

"တက္ကသိုလ်ရိပ်သာလမ်းနဲ့ ပြည်လမ်းထောင့်က ဗုံးပေါက်ကွဲမှုဖြစ်ခဲ့တဲ့ သန့်စင်ခန်းကို လိုအပ်တဲ့ စစ်ဆေးပြင်ဆင်မှုတွေပြုလုပ်ပြီး ပြန်လည်တည်ဆောက်ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

အဆိုပါသန့်စင်ခန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပြီး သန့်စင်ခန်းကို ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။


### ကမ္ဘောဇဘဏ်အား ကျေးဇူးတင်ရှိပါကြောင်း

ကမာရွတ်မြို့နယ်တွင် နေထိုင်သူ ကျွန်မ ဒေါ်မိုးမိုးအေး၏ ကမ္ဘောဇဘဏ် ငွေစုစာအုပ်ကို သူငယ်ချင်းဖြစ်သူ မအိအိဖြူမှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ခိုးယူသွားခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေးဘဏ်ခွဲ၌ On Line System ဖြင့် ငွေကျပ် ၅၅ သိန်းကို ထုတ်ယူသွားခဲ့ပါသည်။ ထိုသို့ လိမ်လည်ထုတ်ယူသွားကြောင်းကို သိရှိနိုင်ရန်အတွက် ကမ္ဘောဇဘဏ်၊ မင်္ဂလာဈေးဘဏ်ခွဲမှ လက်ထောက်မန်နေဂျာ၏ ကူညီပေးမှုကြောင့် CCTV လုံခြုံရေးကင်မရာမှတဆင့် ဖမ်းယူထားသော ပုံရိပ်များကို ကြည့်ရှုခွင့်ရခဲ့ပြီး တရားခံကို ဖော်ထုတ် နိုင်ခဲ့ပါသည်။

ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများက တရားခံ မအိအိဖြူကို ၎င်းတို့မှတ်မိကြသည့်အလျောက် အမှုမှန်ပေါ်ပေါက်အောင် ဖော်ထုတ်သက်သေထွက်ဆိုပေးကြသည့်အတွက်လည်းကောင်း၊ အစစအရာရာ တရားရုံးတော်၌ မှန်မှန်ကန်ကန် သက်သေထွက်ဆိုပေးကြသည့်အတွက်လည်းကောင်း ကျွန်မ ငွေစုသူ (Customer) တစ်ဦးအနေဖြင့် ကမ္ဘောဇဘဏ် ဥက္ကဋ္ဌနှင့် ကမ္ဘောဇဘဏ်မန်နေဂျာများ၊ ဝန်ထမ်းများနှင့်တကွ အစစအရာရာ ကူညီပေးခဲ့ကြသော ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ဒေါ်မိုးမိုးအေး

## ဆန်အဟောင်းဈေးသက်သာခြင်းကြောင့် ဆန်သစ်ဝင်ရောက်နိုင်ခြင်း မရှိသေး



မန္တလေးဆန်ဈေးကွက်တွင်ဆန်အဟောင်းဈေးသက်သာခြင်းကြောင့် ဆန်အသစ်မှာဝင်ရောက်နိုင်ခြင်းမရှိသေးကြောင်းမန္တလေးတိုင်းဒေသကြီး ဆန်စပါးလုပ်ငန်းရှင်အသင်းမှ စုံစမ်းသိရှိရသည်။

"အခု ဆန်သစ်တွေပေါ်နေပြီ။ ဒါပေမယ့် မန္တလေးဆန်ဈေးကွက်မှာ ဆန်အဟောင်းလက်ကျန်တွေများနေပြီးဈေးကလည်းအသစ်ထက် သက်သာတော့ ဆန်သစ်တွေမဝင်နိုင်သေးပါဘူး။ အသစ်ကတစ်အိတ်ကို ၁၆၅၀၀ ကျပ်နဲ့ ၁၇၀၀၀ ကျပ်ဈေးရှိပေမယ့်အဟောင်းကတော့ ၁၄၀၀၀ ကျပ်နဲ့၁၅၀၀၀ကျပ်ကြားမှာပဲရှိတယ်" ဟု အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဆန်ကြမ်းသစ်တွေမဝင်နိုင်သေးပေမယ့် ပေါ်ဆန်းကတော့ အဝင်များတယ်။ ရန်ကုန်နဲ့ ရွှေဘိုဘက်က ဝင်တာများတယ်။ ပြီးတော့ရောင်းအားလည်းကောင်းတယ်။ ဆန်ကြမ်းအိတ်ရေနှစ်ရာလောက်ကို မနည်းရောင်းနေရတဲ့အချိန်မှာ သူကအိတ်ရေတစ်ထောင်လောက်ရောင်းရတယ်" ဟုဆန်ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ဇန်နဝါရီလပထမပတ်အတွင်း မန္တလေးဆန်ဈေးကွက်ရှိဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းအဟောင်းတစ်အိတ်လျှင် ၃၄၀၀၀ ကျပ်မှ ၃၅၀၀၀ ကျပ်၊ အသစ် ၂၇၅၀၀ ကျပ်မှ ၂၈၅၀၀ ကျပ်၊ ရန်ကုန်ပေါ်ဆန်းထိပ်စ ၂၆၅၀၀ ကျပ်မှ ၂၇၀၀၀ကျပ်၊ အလတ်စ ၂၅၀၀၀ ကျပ်မှ ၂၆၀၀၀ ကျပ်၊ ရန်ကုန်ဧယာ အဟောင်း ၁၈၀၀၀ ကျပ်ဝန်းကျင်၊ ဧယာအသစ် ၁၆၀၀၀ ကျပ်မှ ၁၆၅၀၀ ကျပ်၊ ရွှေဧယာအဟောင်း ၁၆၀၀၀ ကျပ်၊ ရွှေဘိုမနော်အဟောင်း ၂၄၀၀၀ ကျပ်၊ မဂျမ်းတောအဟောင်း ၂၈၀၀၀ ကျပ်၊ သုခအဟောင်း ၁၄၀၀၀ ကျပ်ဝန်းကျင်တို့ဖြစ်ကြောင်း သိရှိသည်။

## ဆရာတော်ရွှေကိုင်းသား နှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားပြုလုပ်

ဆရာတော်ရွှေကိုင်းသားနှစ်တစ်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီလ ၅ ရက်နေ့က စစ်ကိုင်းတောင်ရိုး၊အနုရုဒ္ဓါချောင်၌ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတောင်ရိုး၊ အနုရုဒ္ဓါချောင်တွင် သီတင်းသုံးနေထိုင်ကာ မြန်မာစာပေလောကအတွက်အရေးပါလှသော သမိုင်းဆိုင်ရာမှတ်တမ်းများ၊ သုတေသနစာတမ်းများ၊ အတ္ထုပ္ပတ္တိများ၊ ခရီးသွားမှတ်တမ်းများ၊ မြန်မာ့ယဉ်ကျေးမှုအနုပညာဆိုင်ရာစာပေများ၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ စသည်ဖြင့်စာအုပ်၊စာတမ်း၊ဆောင်းပါးနှင့်မှတ်တမ်းများစွာ ပြုစုရေးသားခဲ့သောသုတေသီစာရေးဆရာရွှေကိုင်းသား(ဆရာတော် ဦးသောဘိတ) နှစ်တစ်ရာပြည့် အခမ်းအနားတွင် မောင်သစ်လွင်(လူထု)၊ ကိုလေး (အင်းဝဂုဏ်ရည်)၊ စိုးနိုင်(မန်းတက္ကသိုလ်) နှင့်မျိုးသူရ(စစ်ကိုင်း)တို့ကဆရာတော်၏စာပေနှင့်ဘဝမှတ်တမ်းများကို ဟောပြောခဲ့ကြသည်။

ဆရာတော်ရွှေကိုင်းသားကို ၁၉၁၂ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် စစ်ကိုင်းမြို့၊ တကောင်းရပ်၌ အဖ မြန်မာဆေးဆရာကြီး ဦးအုန်း၊ အမိ ဒေါ်မြတို့မှ မွေးဖွားခဲ့သည်။ ၁၉၃၂ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ထုတ် သူရိယမဂ္ဂဇင်းတွင် လှိုင်ခင်အေးကလောင်အမည်ဖြင့် မင်းရှင်စောအတ္ထုပ္ပတ္တိကို စတင်ရေးသားခဲ့ပြီး စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ရတနာပုံလှိုင်ခင်အေး၊ ရွှေကိုင်းသား၊ ရတနာပုံဘိုးမှတ်စု၊ မှတ်စုမောင်၊ စစ်ကိုင်းဘိုးရာဇာ၊မန္တလေးသား စသည့်ကလောင်များဖြင့် မြန်မာစာပေလောကအတွက်အရေးပါလှသော စာပေများစွာကို ပြုစုရေးသားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်ပဒေသာဆုကို ဆင်ယင်ထုံးဖွဲ့မှုကျမ်းစာအုပ်ဖြင့် ရရှိခဲ့သည်။ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရဟန်းဘောင်သို့ဝင်ခဲ့ပြီး ၁၉၈၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့(သက်တော် ၇၆ နှစ်၊ဝါတော် ၄၆ ဝါ)တွင် ပျံလွန်တော်မူခဲ့သည်။

မင်းသန့်



ဆရာမောင်သစ်လွင်(လူထု)က ဆရာတော်နှင့်ပတ်သက်၍ ဟောပြောနေစဉ်

## ၂၀၁၁ ခုနှစ်အတွင်း မန္တလေးခရိုင်၊ ခုနစ်မြို့နယ်၌ မီးလောင်ကျွမ်းမှု(၈၃)ကြိမ်ရှိခဲ့

မန္တလေးတိုင်းဒေသကြီး၊မန္တလေးခရိုင်၊ ခုနစ်မြို့နယ်၌ ၂၀၁၁ ခုနှစ်အတွင်းမီးလောင်ကျွမ်းမှုအရေအတွက်စုစုပေါင်း (၈၃)ကြိမ်ရှိခဲ့ပြီး ယခင်နှစ်မီးလောင်ကျွမ်းမှုထက်(၁၅)ကြိမ်လျော့နည်းခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏မီးလောင်မှု နှစ်ချုပ်စာရင်းအရသိရှိရသည်။ ၂၀၁၁ ခုနှစ်အတွင်းပေါ့ဆမီး ၅၈ ကြိမ်၊ လျှပ်စစ်ကြောင့် ၈ ကြိမ်၊ မီးဖိုမီးမှ ၆ ကြိမ်၊ရှို့မီး ၂ ကြိမ်နှင့်အလိုအလျောက်လောင်ကျွမ်းမှု ၉ ကြိမ်ဖြင့် စုစုပေါင်း ၈၃ ကြိမ်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကာလတူနှိုင်းယှဉ်ပါက ၂၀၁၁ ခုနှစ်အတွင်းမီးလောင်မှုမှာ ၂၀၁၀ ပြည့်နှစ်ထက်အကြိမ်ရေလျော့နည်းခဲ့သော်လည်း ဆုံးရှုံးမှုတန်ဖိုးနှစ်ဆခန့်မြင့်တက်လာကြောင်း သိရသည်။၂

၂၀၁၁ ခုနှစ်၊ မန္တလေးခရိုင် ခုနစ်မြို့နယ်အတွင်းမီးလောင်ကျွမ်းမှုများတွင်ချမ်းအေးသာစံ၌အများဆုံးဖြစ်ပွားခဲ့ပြီး ပုသိမ်ကြီးမြို့နယ်မှာ မီးလောင်ကျွမ်းဖြစ်ပွားမှု မရှိကြောင်း၊ မီးလောင်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိသူများသာရှိခဲ့ပြီး လူအသေအပျောက်မရှိခဲ့ကြောင်း သိရသည်။



## မန္တလေးမြို့ပဲဈေးကွက် ၂၀၁၂ နှစ်ဆန်းပိုင်းအတွင်း ပဲဈေးနှုန်းများ တက်လာ

မန္တလေးမြို့ပဲဈေးကွက်၂၀၁၂ နှစ်ဆန်းပိုင်းအတွင်း ပဲဈေးနှုန်းများ တက်လာကြောင်း မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရှိရသည်။

"အခုနှစ်ဆန်းပိုင်းမှာ ပဲဈေးကွက်က အနည်းငယ်ကောင်းလာပေမယ့်အရင်နှစ်ဆန်းပိုင်းဈေးလောက် မရောက်သေးဘူး။ ပဲစင်းငုံအနီ (အသစ်)မှာရန်ကုန်လိုင်းသမားများနဲ့လှောင်သမားအများစုအနည်းငယ် အဝယ်လိုက်လို့ဈေးတက်လာတာပါ။ ပဲစင်းငုံအနီ(အသစ်)၂၀၁၁ နှစ်ဆန်းပိုင်းမှာကျပ် ၆၀၀၀၀ ဝန်းကျင်ရှိပြီး ယခုနှစ်ဆန်းပိုင်းမှာတော့ကျပ် ၄၀၀၀၀၊ ၄၂၀၀၀ ရှိတယ်"ဟု မန္တလေးမြို့ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်းမှ အသင်းသားတစ်ဦးက ရှင်းပြသည်။

"အခုနှစ်ဆန်းပိုင်းမှာ နယ်တွေကနေ ပဲတွေဝင်လာတယ်။ ပဲတွေဝင်လာပေမယ့် Export လိုင်းနဲ့ လှောင်သမားတွေဝယ်လိုအားနည်းနေသေးတယ်။ ဝယ်လိုအားများလာရင်တော့ ဈေးနှုန်းတွေလည်းမြင့်တက်လာမယ့်သဘောရှိပေမယ့် မနှစ်ကဈေးနှုန်းလောက်ထိ ရောက်ဖို့ မခန့်မှန်းနိုင်ဘူး။ ၂၀၁၁ခုနှစ်က ရန်ကုန်လိုင်းသမားများနဲ့ Export လိုင်းသမားအများစုတွေ ပဲမျိုးစုံထွက်တဲ့နယ်တွေကို ကိုယ်တိုင်ဆင်းပြီး သွားရောက်ဝယ်ယူခဲ့ကြတယ်"ဟု ဆက်လက်ရှင်းပြသည်။

၂၀၁၁ ခုနှစ်ပဲအသစ်ပေါ်ချိန်တွင် မတ်ပဲ(အသစ်)ကျပ် ၆၈၀၀၀၊ ပဲကြီးကျပ် ၇၀၀၀၀၊ နိုင်လွန်ပဲကျပ် ၅၀၀၀၀၊ ပြောင်းဖူး ၁၅၀၀၀ ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်ပဲအသစ်ပေါ်ချိန်တွင် မတ်ပဲ(အသစ်)ကျပ် ၄၀၀၀၀၊ ပဲကြီးကျပ် ၄၀၀၀၀၊ နိုင်လွန်ပဲကျပ် ၃၀၀၀၀၊ပြောင်းဖူးကျပ်၁၇၀၀၀ ဈေးရှိကြောင်း သိရှိရသည်။




## မန္တလေးဈေးကွက်သို့ တရုတ်ပန်းသီးများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ



မန္တလေးသစ်သီးဈေးကွက်သို့ တရုတ်နိုင်ငံမှထွက်ရှိသော ပန်းသီးများမှုဆယ်ဈေးကွက်မှတစ်ဆင့် အလုံးအရင်းဖြင့်ဝင်ရောက်လျက်ရှိရာ ယခုရာသီ၌ တရုတ်ပန်းသီးများဖြစ်သည့် ချင်ဂွမ်မျိုးနှင့် တောကြွပ်မျိုး ပန်းသီးများဝင်ရောက်လျက်ရှိသည်ဟု ဈေးကွက်မှ စုံစမ်းသိရှိရသည်။

နိုဝင်ဘာလဆန်းပိုင်းခန့်မှ စတင်၍တရုတ်ပန်းသီးများ အဆက်မပြတ်ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာလအတွင်း၌ ပန်းသီးဈေးကွက်လှိုင်ခဲ့ပြီး ရာသီသိမ်းချိန်ဖြစ်သည့် ယခုဇန်နဝါရီလတွင် အဝင်အနည်းငယ်လျော့သွားသော်လည်းနောက်ဆုံးအသီးအဖြစ် ဈေးကွက်ကောင်းမွန်လျက်ရှိသည်ဟုဆိုကြသည်။

"တရုတ်ကလာတဲ့ချင်ဂွမ်မျိုးကတစ်အိတ်ကိုအလုံး ၈၀ ခန့်ပါတဲ့အိတ်တွေနဲ့ဝင်ရောက်ပြီး တောကြွပ်မျိုးကတော့ အလုံးလိုက်ပဲ ဝင်ရောက်တတ်တယ်။ ဒီကိုရောက်မှပဲ ဂျပ်ဖာတွေနဲ့ထည့်ပြီး ပွဲရုံတွေကတစ်ဆင့် ပြန်ဖြန့်ကြတယ်။ တစ်ဖာကိုအလုံး ၁၈၀ လောက်ပါတယ်။ ကားတွေတန်လျှော့တင်ရတာရယ်၊ ဂျူတီခတွေရယ်ကြောင့် သယ်ယူပို့ဆောင်စရိတ်နဲ့ ကုန်အဝင်ကိုမျှပြီးလုပ်နေရလို့ ဈေးကွက်ကောင်းပေမယ့် အကျိုးအမြတ်က အရင်နှစ်တွေလောက်မရှိပါဘူး"ဟု ပန်းသီးဒိုင်ပိုင်ရှင်တစ်ဦးက ပြောကြားပါသည်။

မန္တလေးဈေးကွက်သို့ တရုတ်ပန်းသီးများဝင်ရောက်မှုအနေဖြင့် တိုက်ရိုက်မှာယူတင်သွင်းမှုများရှိနေသကဲ့သို့ပင်လက်ကားဖြန့်ချိသော ဒိုင်အနေဖြင့်တစ်ခုတည်းရှိပြီး ဒိုင်မှတစ်ဆင့်သစ်သီးပွဲရုံများက နယ်ဝယ်လက်များသို့လက်လီ၊လက်ကားဖြန့်ချိပေးလျက်ရှိကြောင်း၊ ယခုနှစ် ဒိုင်ပေါက်ဈေးမှာချင်ဂွမ်နှင့် တောကြွပ်မျိုးပန်းသီးအကြွပ်တစ်ဖာလျှင် ကျပ် ၁၃၀၀၀ ခန့်၊ ချင်ဂွမ်အပွမျိုးမှာတစ်ဖာလျှင်ကျပ် ၅၀၀၀ နှုန်းခန့်ဈေးရှိနေကာဇန်နဝါရီလကုန်ပိုင်းခန့်အထိ ဈေးကွက်ရှိနေမည်ဟုလည်း သိရှိရသည်။

ဇော်ဌေးလွင်

**အသားအရေပြဿနာတွေကိုလည်း ကူညီပေးနိုင်ပါတယ်**

ကျွန်မကကြက်တောင်ရိုက်အားကစားမှာ တိုင်းလက်ရွေးစင်တစ်ဦးဖြစ်ပါတယ်။ ကြက်တောင်ကွင်းကို နေပူလေပူခံပြီး နေ့စဉ်ဆိုင်ကယ်နဲ့သွားရသည့်အခါ အညာနေဆိုတော့လည်း ကျွန်မမျက်နှာမှာ နေလောင်ကွက်၊တင်းတိပ်နဲ့ မှဲ့ခြောက်များထွက်ပေါ်လာပြီး အသားအရေကအဆီပြန်တဲ့ အသားအရေအမျိုးအစားဖြစ်သည့်အတွက် လေ့ကျင့်ချိန်မှာချွေးထွက်တော့ မျက်နှာမှာ အဆီတွေနဲ့ရောပြီး ကပ်စီးစီးနဲ့အရမ်းကို အနေရခက်ပါတယ်။ သင်တန်းကအစ်မတစ်ယောက်က ရွှေပြည်နန်းကထုတ်တဲ့ သံပုရာသနပ်ခါးလေးစမ်းသုံးကြည့်ပါလားဆိုတော့ စတိုးဆိုင်မှာဝင်ဝယ်ပြီး ညအိပ်ရာဝင်ခါနီးတိုင်းလူးခဲ့တာ တစ်လလောက်မှာ ကျွန်မမျက်နှာကနေလောင်ကွက်နဲ့ အမည်းစက်တွေအနည်းငယ်လျော့ပါးလာတယ်။ (၄၅)ရက်ပြည့်ပြီးနောက်ပိုင်းမှာ အံ့သြစရာကောင်းလောက်အောင် ကျွန်မမျက်နှာလေးက သိသိသာသာဖြူဝင်းချောမွတ်သွားပြီး အဆီပြန်ခြင်းကင်းတဲ့ မျက်နှာလေးနဲ့တခြားသင်တန်းသူတွေတောင် ငေးယူရလောက်တဲ့ မျက်နှာလေးကို အခုကျွန်မရရှိသွားခဲ့ပါပြီ။ အရင်လိုစိတ်မညစ်ရတော့ပဲ စိတ်လက်ပေါ့ပါးစွာနဲ့ လေ့ကျင့်မှုတွေလည်းတိုးတက်ခဲ့တဲ့အတွက် ရွှေပြည်နန်းကို အရမ်းကြီးကျေးဇူးတင်မိပါတယ်။ နုပျိုလှပနေတဲ့မျက်နှာလေးကို ကျွန်မလိုပဲပိုင်ဆိုင်နိုင်ကြမှာပါလို့ ကျွန်မရဲ့လက်တွေ့ကိုယ်တွေ့ဖြစ်ရပ်လေးကို ပြောပြပြီးတခြားသူတွေ့ရဲ့ အသားအရေပြဿနာတွေကိုလည်း ရွှေပြည်နန်းကကူညီပေးနိုင်ပါတယ် ဆိုတဲ့အကြောင်းလေး တိုက်တွန်းပြောပြပေးပါရစေရှင့်။

**မစန္ဒကူး၊ စက်မှု့ကွက်သစ်(၁)ရပ်ကွက်၊ ဝမ်းတွင်းမြို့၊ မြတ်ကောင်းကင်စားသောက်ဆိုင်။**

**ထပ်ဆင့်ထောက်ခံအပ်ပါသည်**

မစန္ဒာကူး၏ ပေးစာတွင်ဖော်ပြထားသော နေပူလေဒဏ်ကြောင့် မျက်နှာပေါ်မှာနေလောင်ကွက်၊တင်းတိပ်၊ မှဲ့ခြောက်များ ထွက်ပေါ်လာပြီး မျက်နှာမှာအဆီတွေနှင့် ရောပြီးကပ်စီးစီးဖြစ်၍ အနေရခက်နေခြင်းအတွက် ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါးကို ညအိပ်ရာဝင်ခါနီးတိုင်း လိမ်းခဲ့သောအခါ(၄၅)ရက်ပြည့်ပြီး နောက်ပိုင်းမှာ အံ့သြစရာကောင်းလောက်အောင် မျက်နှာလေးကသိသိသာသာ ဖြူဝင်းချောမွတ်သွားပြီး တခြားသင်တန်းသူတွေကတောင် ငေးယူရလောက်တဲ့ မျက်နှာလေးကို ရရှိသွားခဲ့သည် ဆိုသည်မှာ မှန်ကန်သောဖြစ်ရပ်ဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

**ဦးစိန်ထွန်း (မြို့နယ်ဦးစီးအခွန်ဌာနမှူး) ၊ အမှတ်(၂)ရပ်ကွက်၊ ဝမ်းတွင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**

**မှတ်ချက်။** စာမျက်နှာအခက်အခဲများကြောင့် ရွေးချယ်ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ ဖော်ပြခံရသော ပေးစာများအား (မူရင်းအတိုင်းအစအဆုံး)အများပြည်သူများဖတ်ရှုနိုင်စေရန်ညောင်ဦးမြို့ရှိ **ရွှေပြည်နန်းသနပ်ခါးပြတိုက်**တွင် ပြသထားပါသဖြင့် မည်သူမဆို လာရောက်ဖတ်ရှုနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

**(ရွှေပြည်နန်း သနပ်ခါးကို ထုတ်လုပ်ရာ၌ သဘာဝကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံပုရာ(Vitamin-C)၊ မြန်မာ့သနပ်ခါးနှင့် အသားအရေကို ဖြူစင်ဝင်းမွတ်စေနိုင်သော AHA (Alpha Hydroxy Acid) တို့နှင့် နိုင်ငံတကာအဆင့်မီ တီထွင်ထုတ်လုပ်ထားပါသည်။ တစ်ညတွင် တစ်ကြိမ်လိမ်းပေးခြင်းဖြင့် အသားအရေကို သဘာဝအတိုင်း သိသာစွာ ဖြူစင်ဝင်းပလာနိုင်စေပါသည်။ စွဲမြဲစွာ လိမ်းသွားပါက အသားညိုစေခြင်းကို လုံးဝကာကွယ်ပေးထားပြီး အသားအရေကို ထာဝစဉ် ဖြူစင်ဝင်းပစေမည့် အစွမ်းသတ္တိများကြောင့် မစန္ဒကူးပြောသကဲ့သို့ နေလောင်ကွက်များကင်းစင်ပြီး တခြားသင်တန်းသူတွေတောင် ငေးယူရလောက်တဲ့ မျက်နှာလေးကို ပိုင်ဆိုင်ခဲ့ရခြင်းဖြစ်ပါသည်။)**

**ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာ လက်မှတ်များ**

URS ISO 9001:2008 UKAS 043-A
Certificate No. 42599
နိုင်ငံတကာအရည်အသွေးစီမံခန့်ခွဲမှုလက်မှတ် (အင်္ဂလန်)

2008 Global Excellence Awards, 2009 People's Choice Awards

BFAD Philippines
အစားအသောက်နှင့် ဆေးဝါးဗျူရို(ဖိလစ်ပိုင်)

Halal Myanmar
Halal Certificate
ဟာလာ လက်မှတ်

FDA (Thailand)
အစားအသောက်နှင့် ဆေးဝါးအဖွဲ့ (ထိုင်း)

Union of Myanmar
Ministry of Health
Department of Health
Food & Drug Administration
FDA (Myanmar)
အစားအသောက်နှင့် ဆေးဝါးစီမံခန့်ခွဲမှုအဖွဲ့ (မြန်မာ)

**မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု**

**ရုံးချုပ်**
အမှတ် ၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ၀၁-၅၁၀၃၉၄၊ ၅၀၅၃၆၇၊ ၅၃၂၃၁၄၊ ၅၀၄၄၇၈၊ ၇၀၅၁၇၄ ၊ ဖက်စ်- ၉၅-၁-၅၁၃၅၃၆
E-mail:thanakha@myanmar.com.mm, Website:www.shwepyinann.com

**ရွှေပြည်နန်းသနပ်ခါးပြတိုက်**
FIT လမ်းနှင့် ပုဂံ-ညောင်ဦးလမ်းမကြီးထောင့်၊ တိုက်ကုန်းရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း။ ဖုန်းနံပါတ် - ၀၆၁- ၆၀၁၇၉၊ ၀၆၁- ၆၁၀၈၈

# တစ်ပတ်အတွင်း ရန်ကုန်ဈေးနှုန်းများ

ဖော်ပြပါဈေးနှုန်းများသည် ဇန်နဝါရီလ 7 ရက်နေ့တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ၅% မှ ၁၀% အထိ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## မီးဖိုဆောင်သုံး ကုန်စည်များဈေးနှုန်း (ကျပ်)

### ဆန်မျိုးစုံဈေးနှုန်းများ

| | | |
|---|---|---|
| ရွှေဘိုပေါ်ဆန်းမွှေး | ၁ ပြည် | ၁၅၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးရှယ်) | ၁ ပြည် | ၁၄၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ထူးထူးရှယ်) | ၁ ပြည် | ၁၅၀၀ |
| မိုးဇီယာ(ရှယ်) | ၁ ပြည် | ၈၅၀ |
| ဒေးဒရဲပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၀၀၀ |
| ဘေးကြား(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| ဘေးကြား(သစ်) | ၁ ပြည် | ၈၀၀ |
| ပေါ်ဆန်းမွှေး(လတ်) | ၁ ပြည် | ၈၀၀ |
| တောင်ပျံ့(ထူးထူးရှယ်) | ၁ ပြည် | ၁၃၀၀ |
| တောင်ပျံ့(သစ်) | ၁ ပြည် | ၁၀၀၀ |
| ဘိုကလေးပေါ်ဆန်းမွှေး(ရှယ်) | ၁ ပြည် | ၁၁၅၀ |
| ပေါ်ကျွဲ(ရိုးရိုး) | ၁ ပြည် | ၈၀၀ |
| ဒေးဒရဲတောင်ပျံ့(သစ်) | ၁ ပြည် | ၁၁၀၀ |
| တောင်ပျံ့ကြီး(ရိုးရိုး) | ၁ ပြည် | ၁၀၀၀ |
| တောင်ပျံ့(ရှယ်) | ၁ ပြည် | ၁၂၀၀ |
| မနောသုခအသစ်(ရှယ်) | ၁ ပြည် | ၆၀၀ |
| ဧည့်မထ(ထူးထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ကျွန်းရွှေဝါ(ရှယ်) | ၁ ပြည် | ၇၀၀ |
| ရွှေဝါထွန်း(ရှယ်) | ၁ ပြည် | ၈၀၀ |
| ရွှေဝါထွန်း(လတ်) | ၁ ပြည် | ၇၅၀ |
| ရာကျော်(ရှယ်) | ၁ ပြည် | ၆၅၀ |
| ငစိန် | ၁ ပြည် | ၆၅၀ |
| ဆင်းသွယ်လတ် | ၁ ပြည် | ၉၀၀ |
| နွေဇီယာ(ထူးရှယ်) | ၁ ပြည် | ၇၅၀ |
| ရောမွှေး | ၁ ပြည် | ၁၂၀၀ |
| ရွှေဝါထွန်း(အသစ်) | ၁ ပြည် | ၆၀၀ |
| ရာကျော်(ရိုးရိုး) | ၁ ပြည် | ၆၅၀ |
| ဘေးကြား | ၁ ပြည် | ၁၀၀၀ |
| ဖျာပုံပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၂၀၀ |
| ပုသိမ်ပေါ်ဆန်းမွှေး(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရိုးရိုး) | ၁ ပြည် | ၁၁၀၀ |
| ကောက်ညှင်းဆန်(ရှယ်) | ၁ ပြည် | ၁၅၀၀ |

### မီးဖိုဆောင်သုံးကုန်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| ကြက်သွန်နီ(အမြင့်ဈေး) | ၁ ပိဿာ | ၁၀၀၀ |
| ကြက်သွန်နီ(အနိမ့်ဈေး) | ၁ ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ-ဗမာ(အမြင့်ဈေး) | ၁ ပိဿာ | ၃၀၀၀ |
| ကြက်သွန်ဖြူ-ဗမာ(အနိမ့်ဈေး) | ၁ ပိဿာ | ၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | ၁ ပိဿာ | ၂၀၀၀ |
| အာလူး(အမြင့်ဈေး) | ၁ ပိဿာ | ၉၀၀ |
| အာလူး(အနိမ့်ဈေး) | ၁ ပိဿာ | ၇၀၀ |
| ချင်း | ၁၀ ကျပ်သား | ၁၅၀ |
| ကုလားပဲ | ၁၀ ကျပ်သား | ၁၅၀ |
| ပဲနီလေး | ၁၀ ကျပ်သား | ၃၅၀ |
| အသားတု | ၁၀ ကျပ်သား | ၂၅၀ |
| ငရုတ်သီးအရောင်တင်မှုန့် | ၁၀ ကျပ်သား | ၃၀၀-၇၀၀ |
| ငရုတ်ပုခြောက် | ၁၀ ကျပ်သား | ၆၀၀-၇၀၀ |
| အိုင်အိုဒင်းဆား(၅၀ကျပ်သား) | ၁ ထုပ် | ၁၅၀-၂၀၀ |
| မန်ကျည်းသီးမှည့် | ၁၀ ကျပ်သား | ၄၀၀-၅၀၀ |

## စားသုံးဆီဈေးနှုန်းများ (ကျပ်)

| | | |
|---|---|---|
| မြေပဲဆီသန့် | ၁ ပိဿာ | ၄၀၀၀ |
| မြေပဲဆီ(ရိုးရိုး) | ၁ ပိဿာ | ၃၀၀၀-၃၂၀၀ |
| ပဲပိစပ်ဆီ | ၁ ပိဿာ | ၃၅၀၀ |
| အကြော်ခံဆီ | ၁ ပိဿာ | ၁၉၀၀ |

## နိုင်ငံတကာကုန်စည်ဈေးများ

| နိုင်ငံတကာကုန်စည်ဈေးနှုန်းများ (အမေရိကန်ဒေါ်လာ) | ၁၀-၁၂-၂၀၁၁ | ၇-၁-၂၀၁၁ |
|---|---|---|
| ရေနံစိမ်း(တစ်စည်) | ၉၉.၄၀ | ၁၀၁.၉၃ |
| ရွှေ(အောင်စ) | ၁၅၆၇.၈၇ | ၁၆၁၆.၉၈ |
| ငွေ(အောင်စ) | ၂၈.၀၀ | ၂၈.၇၀ |
| ဓာတ်ငွေ့(mmbtu) | ၃.၀၀ | ၃.၀၈ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂.၆၅ | ၂.၇၆ |
| ဂျုံ(ပေါင် ၆၀ အိတ်) | ၇.၀၃ | ၆.၈၀ |

| အာရှဈေးကွက် ဆန်ဈေးနှုန်း (တစ်တန်၊ အမေရိကန်ဒေါ်လာ) | ထိုင်း | ဗီယက်နမ် |
|---|---|---|
| ၁၀၀%ဆန်ဖြူ | ၅၈၃ | - |
| ၅%ဆန်ကျိုးပါ | ၅၆၇ | ၄၆၅ |
| ၁၀%ဆန်ကျိုးပါ | - | - |
| ၁၅%ဆန်ကျိုးပါ | - | - |
| ၂၅%ဆန်ကျိုးပါ | ၅၅၈ | ၄၃၀ |
| ပေါင်းဆန် | ၅၇၃ | - |

## ရန်ကုန်ရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဈေးနှုန်းများ (ကျပ်၊ ဇန်နဝါရီလ ၇ ရက်နေ့ဈေးများ)

| ဆိုင်အမည် | အရေအတွက် | ဓာတ်ဆီ | ဒီဇယ် | အောက်တိန်း |
|---|---|---|---|---|
| Petro K | တစ်ဂါလန် | - | ၃၄၈၇ | ၃၆၄၅ |
| မက်(စ်)မြန်မာ | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၅၀ |
| ST Oil | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| KZH | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| NEW DAY | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၅၀ |
| 2000 | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| မြဝတီ | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |
| သူရိယစွမ်းအင် | တစ်ဂါလန် | ၃၃၅၀ | ၃၅၀၀ | ၃၆၀၀ |

## ရွှေဈေးနှုန်းများ(ကျပ်)

| | | |
|---|---|---|
| ၁၅ပဲရည် | တစ်ကျပ်သား | ၆၆၀၀၀၀ |
| အခေါက် | တစ်ကျပ်သား | ၇၀၃၀၀၀ |

## ပဲမျိုးစုံ FOB ဈေးနှုန်းများ(တစ်တန်၊ အမေရိကန်ဒေါ်လာ)

| | | | | | |
|---|---|---|---|---|---|
| မတ်ပဲ | FAQ | ၅၉၀-၆၁၀ | ပဲစင်းငုံ | အသစ်အနီ | ၅၈၀-၆၀၀ |
| မတ်ပဲ | SQ | ၆၄၀-၆၆၀ | ပဲစင်းငုံ | အသစ်ဖြူနီ | ၄၈၀-၅၀၀ |
| မတ်ပဲ | အခွံချွတ်အလုံး | ၈၄၅-၈၇၅ | ပဲစဉ်းငုံ | အသစ်အဖြူ | ၄၈၀-၅၀၀ |
| မတ်ပဲ | အခွံပါအလုံး | ၇၄၀-၇၆၅ | ပဲစဉ်းငုံ | အဟောင်းအနီ | ၅၇၀-၅၉၀ |
| မတ်ပဲ | အခွံချွတ်အခြမ်း | ၈၄၅-၈၇၅ | ကုလားပဲဖြူလုံးကြီး | အခွံချွတ်အခြမ်း | ၁၀၁၅-၁၀၄၀ |
| ပဲတီစိမ်း(အညာ) | FAQ | ၆၇၀-၆၉၀ | မြေထောက်ပဲ | FAQ | ၇၃၀-၇၅၀ |
| ပဲတီစိမ်း(ပခုက္ကူ) | FAQ | ၆၉၀-၇၁၀ | မြေထောက်ပဲ | အခွံချွတ်အခြမ်း | ၉၁၅-၉၄၀ |
| ပဲတီစိမ်း | ရွှေဝါအသေး | ၇၂၀-၇၄၀ | ပဲထောပတ် | အခွံပါအခြမ်း | ၇၇၀-၇၉၀ |
| ပဲတီစိမ်း | ရွှေဝါအကြီး | ၇၇၀-၇၉၀ | ပဲထောပတ် | အခွံချွတ်အခြမ်း | ၉၁၅-၉၄၀ |
| ပဲတီစိမ်း(အခွံပါလုံးသေးခြမ်း) | အညာ | ၈၄၀-၈၆၅ | ပဲထောပတ် | FAQ | ၇၃၀-၇၅၀ |
| ပဲတီစိမ်း(အခွံပါလုံးသေးခြမ်း) | ပခုက္ကူ | ၈၆၅-၈၉၀ | ပဲလွန်းဖြူ | FAQ | ၇၉၀-၈၁၀ |
| ပဲတီစိမ်း(အခွံချွတ်အလုံးသေးခြမ်း) | အညာ | ၈၉၅-၉၂၀ | စားတော်ပဲ | အသေး | ၁၃၆၀-၁၃၈၀ |

## ဘုရင့်နောင်ကုန်စည်ဒိုင်ရှိကုန်ဈေးနှုန်းများ(ကျပ်)

| | | | | | |
|---|---|---|---|---|---|
| **ကြက်သွန်နီ** | | | **ငရုတ်ပွ** | | |
| ဆိတ်ဖြူ(သစ်)ရှယ် | တစ်ပိဿာ | ၄၅၀ | စိမ်းစား(မြစ်) | တစ်ပိဿာ | ၅၀၀၀-၅၈၀၀ |
| ဆိတ်ဖြူ(လတ်ချော) | တစ်ပိဿာ | ၁၅၀ | ဆင်ဖြူကျွန်း | တစ်ပိဿာ | ၄၈၀၀-၅၀၀၀ |
| မြင်းခြံ(ရှယ်) | တစ်ပိဿာ | ၅၅၀-၅၆၀ | **ငရုတ်ရှည်** | | |
| မြစ်သား(လတ်ချော) | တစ်ပိဿာ | ၄၂၅ | ပန်းတနော် | တစ်ပိဿာ | ၃၁၀၀-၃၂၀၀ |
| **ကြက်သွန်ဖြူ** | | | ဝါးခယ်မ | တစ်ပိဿာ | ၃၁၀၀-၃၂၀၀ |
| ကြူကုတ်(ရှယ်) | တစ်ပိဿာ | ၁၁၀၀ | **မိုးထောင်** | | |
| ကြူကုတ်(လတ်) | တစ်ပိဿာ | ၁၀၅၀ | ကျောက်ဆည် | တစ်ပိဿာ | ၂၆၀၀-၂၈၅၀ |
| တောင်ကြီး(ထူး-၁) | တစ်ပိဿာ | ၉၅၀ | **မန်ကျည်းသီး** | | |
| တောင်ကြီး(ထူး-၂) | တစ်ပိဿာ | ၁၀၅၀ | ဒါးဇင်း | တစ်ပိဿ | ၁၈၀၀ |

## ဟန်းဆက်ဈေးနှုန်းများ(ကျပ်)

| | | | |
|---|---|---|---|
| **CDMA450Mhz** | | **NOKIA** | |
| F818 | ၁၀၅၀၀၀ | N97 | ၃၃၀၀၀၀ |
| U300Plus | ၁၀၅၀၀၀ | **Samsung** | |
| **CDMA8000Mhz** | | Galaxy S | ၃၅၀၀၀၀ |
| C8650 | ၁၂၅၀၀၀ | Galaxy S2 | ၄၅၀၀၀၀ |

## နိုင်ငံတကာငွေကြေးလဲလှယ်မှုနှုန်းများ

(အမေရိကန်တစ်ဒေါ်လာနှင့်ညီမျှသောဈေးနှုန်းဖြစ်သည်)

| နိုင်ငံအမည် | ငွေအမျိုးအစား | ၁၀-၁၂-၂၀၁၁ | ၇-၁-၂၀၁၂ |
|---|---|---|---|
| ဥရောပသမဂ္ဂ | ယူရို | ၀.၇၇၃ | ၀.၇၈၆ |
| ဗြိတိန် | ပေါင် | ၀.၆၄၅ | ၀.၆၄၈ |
| ဩစတြေးလျ | ဒေါ်လာ | ၀.၉၈၃ | ၀.၉၇၈ |
| ကနေဒါ | ဒေါ်လာ | ၁.၀၂၁ | ၁.၀၂၈ |
| တောင်အာဖရိက | ရန်း | ၈.၁၀၉ | ၈.၁၄၃ |
| ဂျပန် | ယန်း | ၇၇.၅၀၄ | ၇၆.၉၅၉ |
| ယူအေအီး | Dirham | ၃.၆၇၃ | ၃.၆၇၃ |
| တရုတ် | ယွမ် | ၆.၂၉၄ | ၆.၃၀၈ |
| ဟောင်ကောင် | ဒေါ်လာ | ၇.၇၆၈ | ၇.၇၆၄ |
| စင်ကာပူ | ဒေါ်လာ | ၁.၃၀၀ | ၁.၂၉၂ |
| မလေးရှား | ရင်းဂစ် | ၃.၁၆၉ | ၃.၁၄၅ |
| အိန္ဒိယ | ရူပီး | ၅၃.၀၆၃ | ၅၂.၇၂၀ |
| ထိုင်း | ဘတ် | ၃၁.၅၇၃ | ၃၁.၇၀၀ |
| တရုတ်(တိုင်ပေ) | ဒေါ်လာ | ၃၀.၂၆၄ | ၃၀.၂၂၅ |
| တောင်ကိုရီးယား | ဝမ် | ၁၁၅၈.၇၀၀ | ၁၁၆၀.၀၀၀ |
| ဖိလစ်ပိုင် | Pesos | ၄၃.၇၈၀ | ၄၄.၁၂၀ |
| ရုရှား | ရူဘယ် | ၃၂.၂၇၅ | ၃၁.၉၇၀ |
| နယူးဇီလန် | ဒေါ်လာ | ၁.၂၉၃ | ၁.၂၈၂ |
| ဘင်္ဂလားဒေ့ရှ် | တာကာ | ၈၁.၈၃၀ | ၈၂.၀၀၀ |

## အသားပျမ်းမျှဈေးနှုန်းများ (ကျပ်)

| | | |
|---|---|---|
| ကြက်သား(စီပီ) | ၁ ပိဿာ | ၄၅၀၀-၅၅၀၀ |
| ကြက်သား(ဗမာ) | ၁ ပိဿာ | ၅၅၀၀-၆၅၀၀ |
| ဘဲသား | ၁ ပိဿာ | ၄၀၀၀-၅၀၀၀ |
| အမဲသား(မိုးခို) | ၁ ပိဿာ | ၄၅၀၀-၅၀၀၀ |
| ဝက်သား(သုံးထပ်သား) | ၁ ပိဿာ | ၄၅၀၀-၅၀၀၀ |
| ဝက်သား(လိုင်းသား) | ၁ ပိဿာ | ၇၀၀၀-၈၀၀၀ |
| ဘဲဥ | ၁ လုံး | ၁၀၀-၁၃၀ |
| ကြက်ဥ | ၁ လုံး | ၁၀၀-၁၃၀ |

SATIRE




MAI မဟာဝိဇ္ဇ ဗုဒ္ဓဂယာ ဘုရားဖူး ရန်ကုန် နှင့် မန္တလေး မှ တိုက်ရိုက်ပို့ပေးမည် UMTA
2012 - Feb - 1,8,10,11,15,22,24,25,29
- Mar - 7,10,14,21,24,28
- Apr - 4,7,11,18,21,25
it Family

Travellers' Paradise Travels & Tours
Jan 2012 Opening Sales with the hottest prices!
Bangkok - Pattaya ~ (၅ ရက်) ၄၈၀ ၀၀၀/
Singapore - Malaysia ~ (၇ ရက်) ၁ ၀၀၀ ၀၀၀/
Vietnam (Hanoi - Halong) ~ (၄ ရက်) ၆၀၀ ၀၀၀/
Cambodia - (Angkor Wat - Phnom Penh) ~ (၅ ရက်) ၅၃၀ ၀၀၀/
Travel with Delight, Travel with us!
Special Tour
Visa/ Online D-form

## တောင်ကုတ်မြို့ ညဈေး လမ်းထိပ်တွင် ဆိုင်ကယ်တိုက်မှုများမကြာခဏဖြစ်ပေါ်

တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက်ပန်းတောင်း – တောင်ကုတ်လမ်းမကြီးညဈေးထိပ်တွင် ဆိုင်ကယ်တိုက်မှုများမကြာခဏ ဖြစ်ပေါ်နေကြောင်း သတင်းရရှိပါသည်။

"ညဈေးလမ်းဝထိပ် လက်ဝဲဘက်သံတိုင်နားမှာ ဈေးဆိုင်တစ်ဆိုင်ရှိတယ်။ နောက်ပြီးလမ်းဆုံဆိုတော့ဆိုင်ကယ်တွေ၊ဆိုက်ကားတွေနဲ့ တခြားယာဉ်တွေလည်းလမ်းထိပ်မှာရပ်ထားကြတယ်။လူလည်းရှုပ်၊ယာဉ်လည်းရှုပ်ဆိုတော့ ဆိုင်ကယ်တွေက ညဈေးလမ်းက ထွက်လာတဲ့သူတွေကိုမမြင်ရဘူး။ မကြာခဏဆိုသလိုလမ်းထိပ်ဝမှာ ဆိုင်ကယ်တိုက်မှုဖြစ်တယ်"ဟုဒေသခံတစ်ဦးကပြောသည်။ ဇန်နဝါရီလ ၁ ရက်နေ့၌ညဈေးတွင်နေထိုင်သူအမျိုးသားတစ်ဦးမှာ ညဈေးလမ်းထဲမှအထွက် လမ်းထိပ်တွင်ဆိုင်ကယ်တိုက်မိပြီး ဆေးရုံ၌သေဆုံးသွားကြောင်း သတင်း ရရှိသည်။

*ဝတီမိုး(သံတွဲ)*

## ထားဝယ်ရေနက်ဆိပ်ကမ်းဧရိယာအတွင်းရှိကျေးရွာများ ရွှေ့ပြောင်းနေရာချထားမှုအတွက် ပြန်လည်ဆွေးနွေးညှိနှိုင်းသွားမည်



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်နှင့်လောင်းလုံမြို့နယ်တို့မှ ရွာခုနစ်ရွာအား ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်နှင့်မလွတ်ကင်း၍ ရွှေ့ပြောင်းပေးမည့်ကိစ္စအတွက် တာဝန်ရှိသူများနှင့် ပြန်လည်ညှိနှိုင်းဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ထားဝယ်ရေနက်ဆိပ်ကမ်းအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌဦးတင်မောင်ဆွေမှ ဒေသခံဆရာတော်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့ကြောင်း သိရသည်။ ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်အတွက် ရွှေ့ပြောင်းပေးရမည့် ထိန်ကြီးလဲရောင်၊ ပရဒတ်၊ မူဒူး၊ မယင်းကြီး၊ ညောင်ပင်ဆိပ်နှင့် ဘဝါကျေးရွာများရှိဒေသခံများမှာ ၎င်းတို့၏ကျေးရွာများမှ ရွှေ့ပြောင်းပေးလိုခြင်းမရှိသည့်အတွက် ပြန်လည်စဉ်းစားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီက လဲရောင်ရွာ၊ သံကိုင်းကျောင်းမှာဒီဇင်ဘာလ ၃၀ ရက်နေ့ကရဟန်းခံရှင်ပြုပွဲလုပ်တယ်။ အဲဒီကိုရေနက်ဆိပ်ကမ်းဥက္ကဋ္ဌ ဦးတင်မောင်ဆွေရောက်လာပြီး ကြွရောက်လာတဲ့ ရေနက်ဆိပ်ကမ်းဧရိယာအတွင်းမှာပါဝင်နေတဲ့ရွာတွေက ဆရာတော်တွေရဲ့ ဆုံးမဩဝါဒကိုခံယူတယ်။ ဆရာတော်ဘုရားတို့လိုအပ်တဲ့ကိစ္စကိုအမိန့်ရှိပါဘုရားလို့ လျှောက်တော့ ပရဒတ်ဆရာတော်က ဒီနယ်မြေခံပုဂ္ဂိုလ်တွေက ဒီနေရာကနေပြီး တခြားကိုပြောင်းမသွားချင်ဘူး။ နဂိုရှိတဲ့ဒီသစ်ပင်တွေကို စိုက်ပျိုးထားတဲ့သစ်ပင်တွေဟာ လူ့ဘဝသက်တမ်းတစ်ဝက်အချိန်ကုန်ခံပြီး တော့ရောက်တဲ့နေရာမှာဘဝသစ်ပြန်စပြီးတော့ပြန်လုပ်ဖို့ရာအချိန်မရှိတော့တဲ့အတွက်ကြောင့် အခုဒီနေရာမှာပဲဆက်ပြီးတော့ နေချင်ပါတယ်လို့အမိန့်ရှိတော့သူကမှန်ပါဘုရားတဲ့။ တပည့်တော် ဝန်ကြီးထံတင်ပြပေးပါ့မယ်ဘုရားလို့ပြောခဲ့တယ်။ပြောပြီးတော့ အခုဒီလိုဆိုရင် ရွာတွေကိုဘယ်လိုလုပ်ပြီးတော့ ဆောင်ရွက်ပေးမလဲဆိုပြီး မေးတယ်။ ဒီတော့ သူက ဒီရွာတွေက ကျယ်ပြန့်နေတဲ့ရွာတွေကို ပြန်ပြီးတော့ ဘေးနှုတ်ခမ်းကိုနည်းနည်းပါးပါးသိမ်းပြီး အိမ်တွေရာတွေနဲ့ လွတ်တဲ့နေရာမှာ တပည့်တော်တို့ကို စက်ရုံတွေတည်ဆောက်ဖို့အတွက် မြေနေရာချထားပေးမယ်ဘုရားတဲ့။ အခုနိုင်ငံတော်အစိုးရက နိုင်ငံခြားကိုတိုက်ရိုက်ပေးတာမဟုတ်ဘူး။တပည့်တော်တို့ကိုချပေးပြီးမှ တပည့်တော်တို့တစ်ဆင့်ကုမ္ပဏီတွေကို နေရာချထားပေးရဖို့ပါဘုရားတဲ့။ ကုမ္ပဏီဆိုရာမှာ ပြည်တွင်းပြည်ပကလာတာဖြစ်ပြီး တပည့်တော်တို့က လိုအပ်တဲ့ မြေကွက်လောက်ပဲချထားပေးတယ်။ ဒါကြောင့် နိုင်ငံခြားသားတွေကို လက်လွှတ်စပယ်ထုတ်ပေးလိုက်တာ မဟုတ်ပါဘူး။ လိုအပ်တဲ့နေရာမှာ တပည့်တော်တို့ကနေရာချထားပေးတာပါ။ တပည့်တော်တို့ဝန်ကြီးကို ဒီမြေနေရာမှာဘယ်လို ချထားပေးမယ်ဆိုတာ တပည့်တော် တင်ပြပေးရမယ်။ ပြန်ကြားလာတဲ့အခါကျမှ အခြေအနေမှန်ကို ပြန်ပြီးတင်ပြပါမယ်။ လောလောဆယ်အားဖြင့် ရွာတွေကို ဒီအတိုင်းထားပြီးတော့ ရွာနဲ့လွတ်တဲ့မြေတွေကိုတပည့်တော်တို့ စက်ရုံမြေနေရာအတွက် ချထားပေးပါ့မယ်ဘုရားလို့တင်လျှောက်သွားတယ်။ ရွာသားတွေက မပြောင်းချင်ဘူး။ ဒီနေရာမှာပဲ နေမယ်လို့ပြောကြတယ်။ အဲဒီအခါ သူကစိတ်မပူကြနဲ့ ရွာသားတွေစိတ်ဆင်းရဲစရာကျွန်တော်လုံးဝမလုပ်ဘူးလို့ပြောသွားတယ်။ အဲဒါကတော့ ဆရာတော်တို့နဲ့တွေ့ဆုံတဲ့အချိန်မှာ သူပြောသွားခဲ့တာတွေပေါ့"ဟု မယင်းကြီးရွာမယင်းကြီးရွာကျောင်းဆရာတော်ဦးဩဘာသကမိန့်ကြားတော်မူခဲ့သည်။

*ဖြိုးဇင်(ထားဝယ်)*

## မိတ္ထီလာခရိုင်အတွင်းအချိန်ခါမဲ့မိုးကြောင့်ကုလားပဲအထွက်လျော့နည်းနိုင်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း၌ ဒီဇင်ဘာလအတွင်းကအချိန်ခါမဲ့မိုးရွာသွန်းခဲ့၍ ကုလားပဲခင်းများပိုးကျခဲ့ကာအထွက်နှုန်းလျော့နည်းနိုင်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"အောက်တိုဘာလကုန်ပိုင်းက ကုလားပဲနှစ်ဧကစိုက်ထားတယ်။ ဗွီတူးကုလားပဲတစ်တင်းကို ကျပ်နှစ်သောင်းခွဲပေးဝယ်ပြီးတော့ စိုက်ခဲ့ရတယ်။ ကုလားပဲစိုက်ပြီး ဆယ်ရက်လောက်အတွင်းမှာ ပထမတစ်ကြိမ်မိုးမိတယ်။ အခုဒီဇင်ဘာလထဲမှာ ဒုတိယတစ်ကြိမ်မိုးမိတော့ အပင်တွေရောဂါကျပြီးဝါကုန်တယ်။တောင်သူအများစုကကုလားပဲကို အောက်တိုဘာလကုန်ပိုင်းမှာစိုက်တယ်။ တချို့တောင်သူတွေကတော့ ဒီဇင်ဘာလကုန်ပိုင်းကျမှရေခမ်းကုလားပဲ စိုက်ကြတယ်။ ဒီဇင်ဘာလထဲမှရေခမ်းစိုက်တဲ့ကုလားပဲကတော့ပင်ပေါက်ကောင်းပြီး သန်သန်စွမ်းစွမ်းရှိတယ်" ဟုရွှေပန်းတိုင်အုပ်စုအတွင်းမှတောင်သူတစ်ဦးက ပြောပြခဲ့သည်။

## ၂၀၁၁ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး၌ လူကုန်ကူးမှုပေါင်း ၁၃၆ မှု၊ လူကုန်ကူးခံရသူဦးရေ ၂၆၅ ဦးရှိခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင်အများဆုံးဖြစ်

၂၀၁၁ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး၌ လူကုန်ကူးမှုပေါင်း ၁၃၆ မှု၊လူကုန်ကူးခံရသူဦးရေ၂၆၅ ဦးရှိခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင်လူကုန်ကူးမှုဖြစ်စဉ်အများဆုံးဖြစ်ခဲ့ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ သတင်းရရှိပါသည်။

ပြီးခဲ့သည့်နှစ်အတွင်းက လူကုန်ကူးမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအနက်ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူကုန်ကူးမှု ၅၇ မှု၊ မန္တလေးတိုင်းဒေသကြီးတွင် လူကုန်ကူးမှု ၁၈ မှု၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူကုန်ကူးမှု ၁၇ မှု၊ ကချင်ပြည်နယ်ဒေသကြီးတွင် လူကုန်ကူးမှု ၁၅ မှု၊ ကရင်ပြည်နယ်တွင် လူကုန်ကူးမှုခြောက်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူကုန်ကူးမှု နှစ်မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူကုန်ကူးမှုသုံးမှု၊ ပဲခူးတိုင်းဒေသကြီးတွင် လူကုန်ကူးမှုခြောက်မှု၊ မွန်ပြည်နယ်တွင် လူကုန်ကူးမှုသုံးမှု၊ ရခိုင်ပြည်နယ်တွင်လူကုန်ကူးမှုတစ်မှု၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် လူကုန်ကူးမှုနှစ်မှု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် လူကုန်ကူးမှုသုံးမှုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် လူကုန်ကူးမှုသုံးမှု စုစုပေါင်းလူကုန်ကူးမှုဖြစ်စဉ် ၁၃၆ မှုဖြစ်ခဲ့ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်က လူကုန်ကူးမှုဖြစ်စဉ်များ ၁၇၃ မှုရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ၁၃၆ မှုဖြစ်ပွားခဲ့သောကြောင့် ၂၀၁၀ ပြည့်နှစ်ကထက်လူကုန်ကူးမှု မှုခင်း ၃၆ မှုလျော့ကျခဲ့သကဲ့သို့လူကုန်ကူးမှု မှုခင်းများ၊ တရားခံနှင့် လူကုန်ကူးခံရသူဦးရေပါလျော့ကျခဲ့ကြောင်းလည်း သိရှိရသည်။

"လူကုန်ကူးမှုဖြစ်စဉ်တွေလျော့ကျလာတာက တားဆီးနှိမ်နင်းရေးတွေ၊ ပညာပေးအစီအစဉ်တွေနဲ့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြင့်ဆောင်ရွက်ခဲ့လို့ပါ။ နောက်ပြီး သံသယရှိတဲ့သူတွေကိုလည်းစောင့်ကြည့်ထားခဲ့ပါတယ်" ဟု လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုမှတာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ်တွင် ကယ်တင်နိုင်ခဲ့သည့် လူကုန်ကူးခံရသူများမှာ ကျား ၈၉ ဦး၊ မ ၂၉၂ ဦး၊ စုစုပေါင်း ၃၈၁ ဦးရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ကျား ၄၅ ဦး၊ မ ၂၂၀ ဦး စုစုပေါင်း ၂၆၅ ဦးရှိခဲ့ကြောင်း သိရသည်။

တရားခံဖော်ထုတ်နိုင်မှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၅၀၂ ဦးနှင့် ၂၀၁၁ ခုနှစ်တွင် ကျား ၁၂၆ ဦး၊ မ ၂၂၅ ဦး၊ စုစုပေါင်း ၃၅၁ ဦးဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

*နေပြည်တော်သတင်းအဖွဲ့*







## ပျဉ်းမနားမြို့နယ် ရတနာပုံထိန်ပြောင်ကျေးရွာအနီး၌ ကျိုက်ထီးရိုးဘုရားသဏ္ဌာန် ထူးခြားကျောက်တုံးကြီးကို လာရောက် လေ့လာသူများဖြင့် စည်ကား



နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ သစ်တွန်အုပ်စု၊ ရတနာပုံထိန်ပြောင်ကျေးရွာအနီး ဇီးရိုင်းချောင်းအထက် ကျောက်တောင်တန်း၌ ကျိုက်ထီးရိုးဘုရားသဏ္ဌာန်ရှိသော ထူးခြားကျောက်တုံးကြီးတစ်လုံးတွေ့ရှိခဲ့ကြောင်းသိရသည်။

ထိုကဲ့သို့ ထူးခြားကျောက်တုံးကြီးတစ်လုံးကို ၂၀၁၁ ခုနှစ်နှစ်လယ်ပိုင်းခန့်က ပျဉ်းမနားမြို့နယ်ကျောက်တစ်လုံးအရပ်၌လည်း တွေ့ရှိခဲ့ဖူးကြောင်းယခုထပ်မံတွေ့ရှိသည့်ကျောက်တုံးကြီးမှာယခင်တွေ့ရှိခဲ့သည့်ကျောက်တုံးကြီးထက်အရွယ်အစားပိုမိုကြီးမားကြောင်းသိရသည်။

အချင်းလုံးပတ် ၂၃ ပေ၊ ၈ လက်မ၊ အမြင့် ၇ ပေ၊ ၂ လက်မ ရှိအဆိုပါကျောက်တုံးကြီးကို ရှာဖွေတွေ့ရှိခဲ့သူ ရတနာပုံရွာသား ကိုလှမင်းက တွေ့ရှိပုံနှင့်ပတ်သက်၍ "ပြာသိုလဆန်းတစ်ရက်နေ့ ဒီဇင်ဘာလ ၂၅ ရက်နေ့ညမှာ အိမ်မက်မက်ပါတယ်။ အိမ်မက်ထဲမှာ တောင်ခြေကနေပြန်လာရင်း ဘုရားနှစ်ဆူပင့်သွားတာမြင်တာနဲ့ နေပါဦးဖူးပါရစေဆိုပြီး ခွင့်တောင်းတာ အိမ်မက်ထဲကပုဂ္ဂိုလ်ကြီးက မင်းတို့မပူနဲ့ ဖူးရအောင် တစ်ဆူထားခဲ့မယ်။ တွေ့အောင်ရှာကြ၊ တစ်ဆူတော့ လမ်းနဲ့မလွတ်လို့ ငါတို့ပြန်ပင့်သွားမယ်လို့ အိမ်မက်မက်ပါတယ်"ဟုဆိုပါသည်။

ပျဉ်းမနားမြို့နယ် ခေမရွှေဘုံကျောင်းတိုက်ဆရာတော် အရှင်ခေမာဝံသဦးဆောင်လျက် ကျောက်တုံးကြီးအားရေသပ္ပာယ်ရောင်တော်ဖွင့်ခြင်း၊ ယာယီတည်းခိုနားနေဆောင်ဆောက်လုပ်ရန်အတွက် မြေနေရာရှင်းလင်းခြင်း၊ လမ်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။*နေပြည်တော်သတင်းအဖွဲ့*

## ပဲခူးရိုးမအတွင်းရှိ မြောက်ဇာမရီသစ်တောကြိုးဝိုင်းနယ်မြေကို မြန်မာနိုင်ငံ၏ တတိယမြောက် ဆင်ဘေးမဲ့တောအဖြစ် တည်ထောင်ရန်စီစဉ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ပဲခူးရိုးမအတွင်းရှိ မြောက်ဇာမရီသစ်တောကြိုးဝိုင်းနယ်မြေကို တောဆင်ရိုင်းများအတွက် ဘေးမဲ့တောအဖြစ်ထိန်းသိမ်းထားရှိရန် စီစဉ်လျက်ရှိကြောင်းသတင်းရရှိသည်။

မြောက်ဇာမရီသစ်တောကြိုးဝိုင်းနယ်မြေကို သစ်တောဦးစီးဌာနမှ၂၀၁၀ ပြည့်နှစ်အတွင်းစတင်ကွင်းဆင်းတိုင်းတာခဲ့ပြီးယင်းကြိုးဝိုင်းသည် ပဲခူးရိုးမအတွင်းတောဆင်အုပ်များအများဆုံးကျန်ရှိကျက်စားနေသည့်နေရာဖြစ်ကြောင်းသိရသည်။ ထို့ပြင် သဘာဝတောကောင်းများပေါက်ရောက်မှုအများဆုံးနှင့် တစ်နှစ်ပတ်လုံးရေရရှိမှု၊ အစာရေစာပေါများမှုတို့ကြောင့် တောဆင်များအတွက် ကျက်စားရန်နေရာကောင်းအဖြစ်ကျန်ရှိနေသေးကြောင်း သိရသည်။

ယခုနှစ် ပွင့်လင်းရာသီတွင် မြောက်ဇာမရီသစ်တောကြိုးဝိုင်းနယ်မြေကို ဆင်ဘေးမဲ့တောအဖြစ်အကောင်အထည်ဖော်ရန် သက်ဆိုင်ရာတာဝန်ရှိသူများထံမှခွင့်ပြုချက်ရယူပြီးဖြစ်သည်ဟုလည်း ဆိုပါသည်။

သာယာဝတီခရိုင်အတွင်းရှိ သစ်တောများတွင် တောဆင်ရိုင်းကောင်ရေ ၆၀ ကျော်ခန့်ရှိပြီး မြောက်ဇာမရီကြိုးဝိုင်းနယ်မြေအတွင်း ယခင်က ဆင်ရိုင်းအုပ်များစွာရှိနေသော်လည်း သစ်ထုတ်လုပ်ငန်းများဝင်ရောက်မှုကြောင့် ဆင်ကောင်ရေများ လျော့နည်းသွားကာ အခြားစားကျက်နေရာများသို့ပြောင်းရွှေ့နေကြကြောင်းသိရသည်။

မြန်မာနိုင်ငံရှိ သဘာဝသစ်တောကြီးများအတွင်း တောဆင်ရိုင်းများကျက်စားကျန်ရှိနေသေးသော်လည်း သစ်ထုတ်လုပ်မှုများ၊ စက်ရုံအလုပ်ရုံနှင့် ဆည်တည်ဆောက်ရေးစီမံကိန်းများ၊ သစ်တောများအတွင်း လူများပြောင်းရွှေ့အခြေချနေထိုင်ခြင်းများ၊ တောင်ယာခုတ်ထွင်မှုများကြောင့် ဆင်စားကျက်နယ်မြေများ တဖြည်းဖြည်းလျော့နည်းလာရခြင်းနှင့် တောဆင်များသွားလာလေ့ရှိသော ဆင်လမ်းကြောင်းများ ပြတ်တောက်ခြင်းတို့ကြောင့် ဆင်များမှာ လူနှင့်အနီးပတ်ဝန်းကျင်များသို့ ရောက်ရှိလာပြီး ဆင်နှင့်လူပဋိပက္ခဖြစ်ပွားရခြင်းဖြစ်ကြောင်းသစ်တောထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေသူများထံမှသိရသည်။

ထို့ပြင် စပါးပေါ်ချိန်နှင့် သစ်ထုတ်ရာသီများတွင် တောဆင်ရိုင်းအုပ်များသည် ကျေးရွာများနှင့် လူနေအိမ်ခြေအနီးထိ ရောက်ရှိကျက်စားလေ့ရှိသောကြောင့် လူနှင့် ဆင်များပဋိပက္ခဖြစ်ပွားရခြင်းများ ဖြစ်ပေါ်လေ့ရှိခဲ့ရာ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်းကလည်းကူးမြို့နယ်တိုက်ကြီးနှင့်ရခိုင်ပြည်နယ် မောင်တောနယ်များတွင်ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း သိရသည်။

"ဆင်ဘေးမဲ့တောအဖြစ်မြန်မာနိုင်ငံမှာ ရွှေဥဒေါင်းနဲ့ ရခိုင်ရိုးမမှာသာရှိပါတယ်။ အခုမြောက်ဇာမရီသစ်တောကြိုးဝိုင်းကိုပါဘေးမဲ့တောအဖြစ်သက်မှတ်ပြီးရင် ဆင်ဘေးမဲ့တောသုံးခုရှိလာမှာပါ။ ဆင်နင်းမှုကြောင့်လူသေဆုံးတာတွေလည်း လျော့ကျလာမှာဖြစ်သလိုတောဆင်ရိုင်းတွေကိုလည်း ထိန်းသိမ်းကာကွယ်လိုက်သလိုဖြစ်လာမှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။



လက်ရှိ မြန်မာနိုင်ငံတွင် ဆင်ဘေးမဲ့တောအဖြစ် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်ရှိ ရွှေဥဒေါင်းဆင်ဘေးမဲ့တောတွင် ဆင်ကောင်ရေ ၃၀ ခန့်၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် ဆင်ကောင်ရေ ၄၀ ခန့်ရှိကြောင်း သိရသည်။

*နေပြည်တော်သတင်းအဖွဲ့*

## မြဝတီမြို့တွင် နိုင်ငံတကာအဆင့်မီ ယာယီနိုင်ငံကူးလက်မှတ်များ ပြောင်းလဲထုတ်ပေးမည်

မြန်မာ–ထိုင်း နှစ်နိုင်ငံအစိုးရများ၏သဘောတူညီချက်အရပြုလုပ်ပေးနေသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(မြဝတီ)တွင် ယခင်ထုတ်ပေးခဲ့သောစာအုပ်များထက်နိုင်ငံတကာအဆင့်မီယာယီနိုင်ငံကူး လက်မှတ်များကို ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ နေ့ချင်းပြီးဆောင်ရွက်ပေးမည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှ ရဲမှူးလင်းဦးက ဇန်နဝါရီလ ၂ ရက်နေ့က ရှင်းပြခဲ့သည်။

နှစ်နိုင်ငံချစ်ကြည်ရေးတံတားနှင့်အတူတစ်နှစ်ခွဲခန့်ယာယီရပ်ဆိုင်းထားခဲ့ရာမှထိုင်းနိုင်ငံအတွင်းသွားရောက်လုပ်ကိုင်နေကြသူများ၊ ယခုမှသွားလုပ်မည့်မြန်မာရွှေ့ပြောင်းလုပ်သားများအားတန်းတူအခွင့်အရေးရရှိစေရေးအတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခဲ့ရာမှ ဇန်နဝါရီလ ၉ ရက်နေ့မှစပြီး ပြောင်းလဲပြုလုပ်ပေးမည့် နိုင်ငံတကာအဆင့်မီ လုံခြုံစိတ်ချရသော C.T.P System အားရှင်းလင်းတင်ပြသည့် အခမ်းအနားတွင်စစ်ဗျူဟာအဖွဲ့ အခြေချ (သဃ်န်းညီနောင်)ဗျူဟာမှူးဗိုလ်မှူးကြီးတင်ဦး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

ယာယီနိုင်ငံကူးလက်မှတ်ကြောင့် ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ခွင့်ရှိပြီး မည်သည့်ဒေသမဆိုသွားရောက်နိုင်ကြောင်း၊ ဗီဇာသက်တမ်းနှစ်နှစ်ရမည်ဖြစ်ပြီး ပတ်စပို့သက်တမ်းခြောက်နှစ်ရှိမည်ဖြစ်ကြောင်း၊ထိုင်းအလုပ်သမားဥပဒေပါ ခံစားခွင့်များကိုတန်းတူရရှိမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခြင်း၊ တားဆီးစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများလုံးဝမရှိကြောင်း၊ ကော့သောင်း၊ တာချီလိတ်မြို့များတွင်လည်း နေ့ချင်းပြီးပြုလုပ်ပေးနေကြောင်း သတင်းရရှိသည်။ *ကိုရွှေသိန်း(မြဝတီ)*

## ၂၀၁၁ ခုနှစ်သည် ရခိုင်ပြည်နယ်အတွင်း မီးလောင်ကျွမ်းသည့် အကြိမ်ရေအများဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရ

၂၀၁၁ ခုနှစ်သည် ရခိုင်ပြည်နယ်အတွင်း မီးလောင်ကျွမ်းသည့် အကြိမ်ရေအများဆုံးနှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလတစ်လတည်း၌ ရခိုင်ပြည်နယ်တစ်ဝန်းမြို့ရွာများတွင် မီးလောင်ကျွမ်းမှု ၁၃ ကြိမ်ခန့် ဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါဖြစ်စဉ်များတွင်နိုဝင်ဘာလ ၁ ရက်နေ့ကကျပ်သိန်း ၁၁၀၀ ကျော် ဆုံးရှုံးခဲ့သည့်ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျေးရွာမီး၊ နိုဝင်ဘာလ ၁၂ ရက်နေ့ကျပ်သိန်း ၆၀၀၀ ကျော် ဆုံးရှုံးခဲ့သည့် မင်းပြားဈေးမီးတို့မှာ ဆုံးရှုံးမှုကြီးမားခဲ့ကာ နိုဝင်ဘာလ ၁၃ ရက်မင်းပြားမီး၊နိုဝင်ဘာလ ၁၆ ရက် ပေါက်တောမြို့နယ် ပြွန်ခေါင်းကျေးရွာမီး၊ နိုဝင်ဘာလ ၁၇ ရက်နေ့ မြောက်ဦးမီး၊နိုဝင်ဘာလ ၁၈ ရက်နေ့ မောင်တောမြို့နယ်တမန်းသားဈေးမီး၊ နိုဝင်ဘာ ၁၈ ရက်နေ့ ရသေ့တောင်မြို့မီး၊ နိုဝင်ဘာ ၁၉ ရက်နေ့ မြေပုံမြို့နယ်၊ ကမ်းထောင့်ကြီးတိုက်နယ် စိတ္တရကျေးရွာမီး၊ နိုဝင်ဘာလ ၂၀ ရက်နေ့ ကျောက်ဖြူမီး၊နိုဝင်ဘာ ၂၃ ရက်နေ့ မောင်တောမြို့နယ် ဝက်ကျိန်းကျေးရွာမီး၊ နိုဝင်ဘာလ ၂၃ ရက်နေ့စစ်တွေမြို့ရှုပမြောက်ရပ်ကွက်တွင် ပစ္စည်းသိုလှောင်ရုံမီး၊ နိုဝင်ဘာ ၂၅ ရက်နေ့မာန်အောင်မြို့နယ်၊ ကွမ်းသီးတောကျေးရွာမီးနှင့် မောင်တောခရိုင်တောင်ပြိုလက်ဝဲမြို့နယ်ခွဲ မဲဒီကျေးရွာတွင်လောင်ကျွမ်းခဲ့သော မီးတို့မှာ ဆုံးရှုံးမှုများပြားခဲ့သော မီးလောင်ကျွမ်းမှုများ ဖြစ်သည်။

ဒီဇင်ဘာလတွင် ဘူးသီးတောင်မြို့၌ မီးလောင်ကျွမ်းမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ဒီနှစ်ဟာ ရခိုင်ပြည်နယ်မှာ မီးလောင်ကျွမ်းမှုအကြိမ်ရေအများဆုံးနှစ်တစ်ခုဖြစ်ခဲ့တယ်။ ဆုံးရှုံးမှုလည်းများတယ်။ မီးလောင်တဲ့အထဲမှာဈေးမီးတွေ၊ ရွာလုံးကျွတ်နီးပါးလောင်ကျွမ်းခဲ့တဲ့မီးက လေးကြိမ်လောက်ရှိခဲ့တယ်။ မီးလောင်သတင်းတွေကိုကြည့်ရင်မီးဘေးအန္တရာယ်ကြိုတင်ပြင်ဆင်တာ မရှိသလောက်တွေ့ရတယ်။ မင်းပြားဈေးမီးဆိုရင်မီးသတ်ကားက ပျက်နေတယ်။ ကျေးရွာမီးတွေဆို ပိုဆိုးတာပေါ့။ မြို့ပေါ်မီးသတ်ကိုမြို့ပေါ်ကလူတွေဝိုင်းကူပြီး မီးသတ်ကားတွေကို ပြင်ဆင်ထားဖို့လိုအပ်ပါတယ်"ဟု မင်းပြားမြို့ခံတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်တွင် မီးဘေးအန္တရာယ်ခံခဲ့ရသော မြို့နယ်များမှာ စစ်တွေ၊မင်းပြား၊မြေပုံ၊ရမ်းဗြဲ၊ ကျောက်ဖြူ၊ မောင်တော၊ မာန်အောင်၊ ဘူးသီးတောင်၊ ရသေ့တောင်၊တောင်ပြို၊ ပေါက်တော၊ မြောက်ဦးမြို့နယ်တို့ဖြစ်သည်။*သားရွှေဦး(ကျွှပ)*

## ရွှေချောင်းတံတား စတင်တည်ဆောက်ရန် ပြင်ဆင်

ပခုက္ကူမြို့နှင့် ချင်းပြည်နယ်၊ ယောနယ်၊ ကဘော်နယ်၊ ဇန့်ကျီနယ်၊ ရွှေဘိုနယ်တို့အတွက်အရေးပါသည့်ရွှေချောင်းအမှတ်(၁)တံတားကိုတံတားအထူးစီမံကိန်းအဖွဲ့ (၃)ဖွဲ့မှစတင်တည်ဆောက်ရန် ပြင်ဆင်နေကြောင်း သိရသည်။

ရွှေချောင်းအမှတ်(၁)တံတားအရှည်မှာ ပေ ၉၀၀ ဖြစ်ပြီး နှစ်လမ်းသွားဖြစ်ပါသည်။ ချဉ်းကပ်ခုံနှစ်ခု၊ တိုင်ပေါင်းကိုးတိုင်နှင့် တည်ဆောက်မည်ဖြစ်သည်။ ကားလမ်းအကျယ် ၂၄ ပေ၊ ပလက်ဖောင်းအကျယ်တစ်ခုလျှင် ၃ ပေ ၃ လက်မရှိကြောင်း၊ မကြာခင်ရက်ပိုင်းတွင် ပန္နက်တင်အခမ်းအနားပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြို့ရွှေချောင်းအမှတ်(၁)တံတားနှင့် မြို့ရှောင်လမ်းတံတား ရွှေချောင်းအမှတ်(၂)တံတားအားပုံစံဒီဇိုင်းကျလျှင်ကျခြင်း အမြန်ဆုံး



အဖွဲ့ခွဲ၍ တည်ဆောက်သွားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

"ရွှေချောင်းအမှတ်(၁) တံတားတည်ဆောက်မယ့်နေရာက ယခင်သစ်သားတံတားဟောင်းနေရာပဲ သံသရာတစ်ပတ်လည်လို့ ပြောရင်ရပါတယ်။ မကြာခင်မှာ လည်း ကျောက်မိကျောင်းတောရမြောက်ဘက်အနီးရွှေချောင်းအမှတ်(၂)တံတားကိုလည်း တည်ဆောက်ဦးမှာဆိုတော့ ပခုက္ကူမြို့ဟာ တံတားတွေနဲ့မြို့လို့တောင်ပြောနေကြပါပြီ"ဟု ဒေသခံတစ်ဦးက ပြောပါသည်။

*နေဦးမောင်(ပခုက္ကူ)*

## ကျိုက်ထီးရိုးတောင်တက်ယာဉ်စီးခနှုန်းထား လျှော့ချပြေးဆွဲမှုကို ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ကြောင်း သိရ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်တက်ယာဉ်အသင်းသည် ယာဉ်စီးခနှုန်းထားလျှော့ချပြေးဆွဲမှုကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ကစတင်ပြေးဆွဲနေကြောင်း တောင်တက်ယာဉ်အသင်းမှ သတင်းရရှိပါသည်။

ကင်မွန်းစခန်းကနေ ရင်ပြင်တော်စခန်းထိယာဉ်စီးခကိုရှေ့ခန်းက ကျပ် ၄၀၀၀၊ နောက်ခန်းခုံတန်းတွေကကျပ် ၃၀၀၀ နဲ့အရင်က ပြေးဆွဲခဲ့ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေသက်သောင့်သက်သာနဲ့စိတ်ချမ်းသာစွာဘုရားဖူးနိုင်ဖို့တောင်တက်ယာဉ်စီးခဈေးနှုန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့ကစပြီး တောင်တက်ကားရှေ့ခန်းကို ကျပ် ၃၀၀၀၊ နောက်တန်းခုံတန်းတွေကို ကျပ် ၂၅၀၀ ထိ၊ လျှော့ချပြေးဆွဲနေပါပြီ။ ကင်မွန်းစခန်းကနေ ရသေ့တောင်ထိကတော့ ရှေ့ခန်းကျပ် ၂၀၀၀၊ နောက်ခုံတန်း ကျပ် ၁၅၀၀၊ အရင်အတိုင်းဖြစ်ပါတယ်”ဟုတောင်တက်ယာဉ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

“ဘုရားဖူးခရီးသည်တွေအတွက် တောင်တက်ယာဉ်အသင်းကယခုလိုမျှတတဲ့ဈေးနှုန်းလျှော့ပြေးဆွဲကုသိုလ်ယူတာမျိုးဟာ ကောင်းတဲ့အစဉ်အလာပါ။ဒါမျိုးအစဉ်လာကောင်းကို အမြန်ယာဉ်လိုင်းကြီးတွေလည်း အတုယူပြီး ခရီးသည်တွေရဲ့ဆန္ဒကို လျစ်လျူမရှုဘဲ ဖြည့်ဆည်းပေးသင့်ပါတယ်”ဟုမော်လမြိုင်မြို့နေ ယာဉ်လုပ်သားတစ်ဦးက ပြောပါသည်။

*မောင်မောင်ရွှေမြိုင်(မော်လမြိုင်)*

## ပဲခူးနယ်တစ်ဝိုက် ဆောင်းသီးနှံစိုက်ခင်းများတွင် အသီးထွက်ချိန်ဖြစ်သော်လည်း ပိုးကျဆင်းမှုများဖြစ်ပေါ်နေ



ပဲခူးနယ်တစ်ဝိုက်ရှိ ဆောင်းသီးနှံစိုက်ခင်းများတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလဆန်းမှ ဇန်နဝါရီလ အသီးထွက်ချိန်ရောက်လာသည့်တိုင် ပိုးကျဆင်းမှုနှင့် ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ကြောင်းသိရသည်။

ဆောင်းသီးနှံစိုက်ခင်းများမှ ပဲတီစိမ်းစိုက်ခင်းများတွင် အဓိကကြုံတွေ့နေရကြရပြီး ငမြှောင်တောင်ပိုးနှင့် သီးလုံးဖောက်ပိုးကျဆင်းမှုများကို အများဆုံးကြုံတွေ့ရကြောင်း သိရသည်။ ထို့ကြောင့် အချို့သီးနှံစိုက်ခင်းများမှာ ပိုးကျဆင်းမှုဒဏ်ကြောင့် ဆုံးရှုံးမှုပမာဏမြင့်မားခဲ့ကြောင်း သိရသည်။ ထို့ပြင် ဆောင်းသီးနှံစိုက်ဧကလျော့ကျလာမှုနှင့်အတူ သီးနှံအထွက်နှုန်းပေါ်တွင် သက်ရောက်မှုရှိလာနိုင်ကြောင်း သိရသည်။

ပိုးကျဆင်းမှုဖြစ်ပေါ်စေသည့် အဓိကအကြောင်းအရင်းများတွင် ညအပူချိန် လျော့ကျမှုအားနည်းနှင့် နှင်းကျဆင်းမှုလျော့နည်းခြင်းများကအဓိကကျကြောင်းသိရသည်။ ပဲခူးနယ်တစ်ဝိုက်တွင် ယခုအချိန်ထိညအပူရှိန်လျော့ကျမှုနှင့်နှင်းကျဆင်းမှုများ လျော့နည်းနေဆဲဖြစ်ကြောင်း သိရသည်။

“ပဲခင်းတွေက အပင်စဖြစ်ကတည်းကပိုးကျတာ။ ပိုးတွေကပိုးသတ်ဆေးဒဏ်ကိုအတော်ခံနိုင်ရည်ရှိကြတယ်။နှင်းကျတာလည်းနည်းတော့ပိုးကျတာပိုဆိုးတာပေါ့။ ကျွန်တော့်ဆို ပဲတီစိမ်းစိုက်ခင်းခုနစ်ဧကလောက်ရှိတယ်။ ပိုးသတ်ဆေးဖိုးကကျပ် ၁၅၀၀၀၀ လောက်ကုန်နေပြီ။ ပဲပေါ်ချိန်ရောက်ရင်တော့ ဈေးနှုန်းကဘယ်လိုနေမလဲမသိဘူး။ အရင်းအနှီးကအတော်ကုန်နေပြီ” ဟုပဲခူးမြို့နယ်အတွင်းမှ တောင်သူတစ်ဦးကပြောကြားသည်။*ထင်ပေါ်*




## မြဝတီမြို့တွင် နိုင်ငံတကာအဆင့်မီ Computerized Temporary Passport များ ဇန်နဝါရီ ၉ ရက်နေ့ပြောင်းလဲထုတ်ပေးမည်

မြန်မာ–ထိုင်း နှစ်နိုင်ငံအစိုးရများ၏သဘောတူညီချက်အရပြုလုပ်ပေးနေသည့် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(မြဝတီ)တွင် ယခင်ထုတ်ပေးခဲ့သော လက်ရေးဖြင့် ရေးသားထားသည့်စာအုပ်များထက် အဆင့်အတန်းပိုရှိသော Computerized Temporary Passport များအားဇန်နဝါရီလ ၉ ရက်နေ့မှစ၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့သတင်းတပ်ဖွဲ့မှုရဲမှူးလင်းဦးက ဇန်နဝါရီလ ၂ ရက်နေ့တွင် ရှင်းပြခဲ့သည်။

ယာယီမြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ခြင်းကြောင့် ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် အလုပ်လုပ်ကိုင်ခွင့်ရှိပြီးမည်သည့်ဒေသမဆိုစစ်ဆေးတားမြစ်မှုမခံရဘဲသွားရောက်နိုင်ကြောင်း၊ နေထိုင်ခွင့် ဗီဇာသက်တမ်း နှစ်နှစ်ရမည်ဖြစ်ပြီးပတ်စ်ပို့သက်တမ်းခြောက်နှစ်ရှိမည်ဖြစ်ကြောင်း၊ ထိုင်းအလုပ်သမားဥပဒေပါခံစားမှုများတန်းတူခံစားခွင့်ရရှိမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံခြင်း၊တားဆီးစစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများ လုံးဝမရှိကြောင်း သိရသည်။

မြဝတီနယ်စပ်မြို့နည်းတူ ကော့သောင်းမြို့၊ တာချီလိတ်မြို့များတွင်လည်း ကွန်ပျူတာစနစ်သုံး ယာယီမြန်မာနိုင်ငံကူးလက်မှတ်များကိုနေ့ချင်းပြီးပြုလုပ်ပေးနေကြောင်း သိရသည်။ *ကိုရွှေသိန်း(မြဝတီ)*

## မော်လမြိုင် ကျောက်တန်းရွာတွင် မီးလောင်မှုကြောင့်အိမ်နှစ်လုံးဆုံးရှုံး



မော်လမြိုင်မြို့ ကျောက်တန်းရွာတွင်လျှပ်စစ်ရေနွေးအိုးအပူလွန်ကဲရာမှ မီးလောင်ရာနေအိမ်နှစ်လုံးပါဝင်လောင်ကျွမ်းပြီး တွက်ချက်မှုနှုန်းထားအရကျပ် ၄၈၇၅၀၀ ခန့်ဆုံးရှုံးခဲ့သည်ဟု သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီလ ၁ ရက်နေ့မွန်းလွဲ ၁ နာရီခန့်တွင် ကျောက်တန်းရွာထိပ်ရပ်ကွက်ရှိ ဦး-----ဆိုသူ၏ နှစ်ထပ်နေအိမ်တွင် လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲကာ အိမ်အပေါ်ထပ်ပျဉ်ကာ သွပ်မိုးလောင်ကျွမ်းပြီး အနီးရှိတဲအိမ်တစ်လုံးလောင်ကျွမ်းခဲ့ကြောင်း၊ အဆိုပါလောင်ကျွမ်းရာသို့ မီးသတ်ကားများအချိန်မီရောက်ရှိငြိမ်းသတ်မှုကြောင့် အိမ်နှစ်လုံးသာလောင်ကျွမ်းပြီး မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်ဟု သိရသည်။ မီးစတင်လောင်ကျွမ်းသည့် အိမ်ရှင်အားသက်ဆိုင်ရဲစခန်း က(ပ)၃/၂၀၁၂၊ ပုဒ်မ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

*မောင်မောင်ရွှေမြိုင်(မော်လမြိုင်)*

# City FM (၁၀) နှစ်ပြည့် အခမ်းအနား



ဦးလှမြင့် (ရန်ကုန်မြို့တော်ဝန်)



City FM ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်နှစ်ပတ်လည်တွင် ဆုရရှိသူများ



သီရိဆွေ



နေခြည်လင်းလဲ့



အောန်ဆိုင်း

ရန်ကုန်မြို့တွင် ထုတ်လွှင့်နေသည့် City FM ၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်နှစ်ပတ်လည်အခမ်းအနားကို ဇန်နဝါရီလ ၇ ရက်နေ့က Myanmar Convention Centre တွင် ကျင်းပခဲ့ပြီး တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ဂီတဆိုင်ရာဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

# ဂုဏ်ထူးဦးသိန်းနိုင်ဘော်ဒါ၏ ဂုဏ်ထူးမြန်မာစာရွှေစင်တံဆိပ် ဆုပေးပွဲ



ဂုဏ်ထူးဦးသိန်းနိုင်(မြန်မာစာ)

ဂုဏ်ထူးဦးသိန်းနိုင်ဘော်ဒါ၏ ၃၃ကြိမ်မြောက် ရွှေစင်တံဆိပ်ဆုပေးပွဲနှင့်အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၃၁ရက်နေ့တွင် Asia Plaza Hotel တွင်ကျင်းပခဲ့ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။



မြန်မာတစ်နိုင်ငံလုံးဘာသာစုံရမှတ်အများဆုံးစာရင်းဝင် မသော်တာစိုးအား ဆုချီးမြှင့်နေစဉ်

# View Sonic New Product Launch



ဦးမျိုးမြင့်ထွန်း (MD, Royal Ayeyarwaddy Co., Ltd)



Ms.Amy Wu(Vice President, View Sonic International Corporation(AsiaPacificRegion)




မော်ဒယ်များ၏ ဖျော်ဖြေမှု

Royal Ayeyarwaddy Co., Ltd မှတင်သွင်းသည့် View Sonic ကွန်ပျူတာဆိုင်ရာပစ္စည်းသစ်များမိတ်ဆက်ပွဲနှင့် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များဆုချီးမြှင့်ပွဲကို ဇန်နဝါရီလ၅ရက်နေ့က Traders Hotel တွင်ကျင်းပခဲ့ရာ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

# Internet Booking Engine ဝက်ဘ်ဆိုက်ဖွင့်လှစ်ခြင်းမိတ်ဆက်ပွဲ



မဆုထက်လှိုင် (Managing Dire ctor) Unique Asia Travels & Tours Co.,ltd



ကိုလင်းဇော်ဝေမန်း (Executive Director) Unique Asia Travels & Tours Co.,ltd

ပြည်တွင်းပြည်ပလေယာဉ် လက်မှတ်များကို အင်တာနက်မှဝယ်ယူနိုင်မည့် Internet Booking Engine ဝက်ဘ်ဆိုက်ဖွင့်လှစ်ခြင်း မိတ်ဆက်ပွဲအား ဇန်နဝါရီ ၅ ရက်နေ့က Park Royal Hotel တွင်ကျင်းပခဲ့သည်။






## Dance Concept ကျင်းပမည်

Life & Dance ၁၀ နှစ်ပြည့်အဖြစ် Dance Concept တစ်ခုကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး မျှော်စင်ကျွန်းတွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလတုန်းက အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မှာရှိတဲ့ Kennedy Center က ပေးတဲ့စကောလားရှစ်ရပြီး သင်တန်းသွားတက်ခဲ့ရသလို ၂၀၁၁ ခုနှစ်မှာလည်း လာအိုကိုသွားခဲ့ရတယ်။ ဒီပွဲက ကျွန်တော်တို့ရဲ့ Life & Dance အဖွဲ့အတွက်ဖြစ်သလို အကကိုနှစ်သက်တဲ့ပရိသတ်တွေအတွက်နဲ့နောက်လာမယ့် Dancer Generation တွေအတွက်လုပ်တဲ့ပွဲပါ "ဟု Life & Dance မှ ကိုမင်းမင်းထွဏ်းက ဆိုပါသည်။

အဆိုပါ Dance Concept တွင် Life & Dance အဖွဲ့အပြင် ရန်ကုန်နှင့် မန္တလေးမြို့တို့မှ Dancer အဖွဲ့ပေါင်း ၁၀ ဖွဲ့ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

## ရန်ကုန်မြို့ရှိနာမည်ကြီးဘုရားပွဲများ၌ သုံးနှစ်တာကာလအတွင်း လေလံကြေးများ ငါးဆခန့်မြင့်တက်ခဲ့ကြောင်းသိရ

ရန်ကုန်မြို့ရှိနာမည်ကြီးဘုရားပွဲများအားကန်ထရိုက်စနစ်ဖြင့်သာကျင်းပလာကြပြီး သုံးနှစ်တာကာလ အတွင်းလေလံကြေးများ ငါးဆခန့် မြင့်တက်ခဲ့ခြင်းကြောင့် ပွဲဈေးသည်များ အခက်အခဲဖြစ်ခဲ့ရကြောင်း သိရသည်။

"ရန်ကုန်မှာက၁၂လပိုင်းကနေ ၄ လပိုင်းအထိက စည်ကားတဲ့ နာမည်ကြီးဘုရားပွဲတွေရှိတယ်။ အခုနောက်ပိုင်း ဘုရားပွဲတွေက ကွင်းကန်ထရိုက်တွေကို လေလံနဲ့ခေါ်ပြီး လုပ်တာများလာတယ်။ နာမည်ကြီးဘုရားပွဲအားလုံးကအဲဒီလိုပဲ။ အခုက ပွဲတွေလုပ်တာ များလာတော့ ကွင်းကန်ထရိုက်တွေလည်းများလာတယ်။ ဒီတော့ အပြိုင်လေလံစနစ်မှာကြေးတွေ အရမ်းမြင့်သွားတယ်။ ကွင်းလေလံကြေးမြင့်တဲ့အတွက် ပွဲဈေးသည်တွေ အခက်ကြုံကြတယ်။ လေလံကြေးမြင့်တော့ ဆိုင်ခန်းဈေးတွေလည်းကြေးမြင့်တယ်။ အချို့ဈေးသည်


၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် မယ်လမုဘုရားပွဲဈေးကို တွေ့ရစဉ်

တွေဆိုရင်ဈေးမထွက်နိုင်တာတွေရှိတယ်"ဟု ရန်ကုန်မြို့မှကွင်းလေလံလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးမြေက ရှင်းပြခဲ့သည်။

ကွင်းလေလံရရှိထားသည့် ကန်ထရိုက်သည် ဇာတ်ရုံနှင့်ပွဲဈေးတန်းဆိုင်ခန်းများတွက်စည်ပင်မှ ကောက်ခံသည့်အခွန်များကိုလည်းပေးဆောင်ရပြီးပွဲဈေးသည်များ၊ ဇာတ်ရုံနှင့်ချား၊ ရဟတ်များအားပွဲတော်ကာလအတွင်း ခင်းကျင်းရောင်းချကပြခြင်းအတွက် ငွေကြေးပြန်လည်ကောက်ခံခြင်းဖြစ်သည်။

ယခင်က ကျင်းပသည့် ဘုရားပွဲများတွင် ဇာတ်ရုံတည်ဆောက်ကပြခွင့်ကိုသာ ဂေါပကအဖွဲ့ထံလေလံဆွဲရခြင်းဖြစ်ပြီး ပွဲဈေးသည်များနှင့်ချားရဟတ်တို့မှာမူပွဲတော်အတွင်းခင်းကျင်းရောင်းချမှုအတွက်ဂေါပကသို့ဘုရားအလှူငွေကိုသာပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကတစ်နိုင်ငံလုံးလှည့်ရောင်းနေတဲ့ ဆယ့်နှစ်ပွဲဈေးသည်မဟုတ်ပေမယ့်ရန်ကုန်မြို့နဲ့အနီးတစ်ဝိုက်ပွဲတွေမှာ လှည့်ရောင်းတဲ့ဈေးသည်တွေပါ။ ရန်ကုန်အနီးတစ်ဝိုက်တွေမှာရောင်းရတာကသွားစရိတ်ပဲရှိပြီး ဆိုင်ခန်းကြေးသိပ်မကုန်ပါဘူး။ အခုနောက်ပိုင်း ရန်ကုန်မြို့ပေါ်ကဘုရားပွဲတွေမှာတော့ ဆိုင်ခန်းကြေးတွေအရမ်းများလာတယ်။ အရင်ကဆိုင်ခန်းကြီးတွေဆိုပွဲတော်ကာလတစ်လျှောက်လုံးမှအများဆုံးနှစ်သောင်းလောက်ပဲပေးရပေမယ့် အခုဆို ငါးသောင်းလောက်ထိပေးရတယ်။ ဆိုင်သေးတွေလည်း သူ့ဈေးနဲ့သူတက်တယ်။ ဒီတော့ဆိုင်မထွက်နိုင်တဲ့သူတွေရှိလာတယ်"ဟု ရန်ကုန်နှင့်အနီးတစ်ဝိုက် ပွဲဈေးများတွင်လှည့်လည်ရောင်းချသည့် ပွဲဈေးသည်တစ်ဦးက ဆိုပါသည်။

## Five Stars အဖွဲ့၏ငါးနှစ်ပြည့်ဖျော်ဖြေပွဲအား ရန်ကုန်မြို့မျှော်စင်ကျွန်းတွင်အခမ်းအနားပြုလုပ်ခဲ့



Five Stars အဖွဲ့၏ငါးနှစ်ပြည့်ဖျော်ဖြေပွဲအား ရန်ကုန်မြို့မျှော်စင်ကျွန်းတွင် ဇန်နဝါရီလ ၅ ရက်နေ့ညနေ ၆ နာရီတွင်အခမ်းအနားကျင်းပပြုလုပ်ခဲ့ရာ လာရောက်အားပေးကြည့်ရှုသူပရိသတ်များနှင့်စည်ကားများပြားခဲ့သည်ဟုသတင်းရရှိသည်။ အဆိုပါအစီအစဉ်တွင်အစီအစဉ်တင်ဆက်သူများအဖြစ်သရုပ်ဆောင်ခင်လှိုင်နှင့် မတင်မိုးလွင်တို့ကပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဖျော်ဖြေပွဲမစတင်မီ Five Stars အဖွဲ့မှ ဆရာသမားများအား ဂါရဝပြုအစီအစဉ်ကိုပြုလုပ်ခဲ့ရာ ရွှာစားကျော် ဦးစိန်ဘ၊ဟာသလူရွှင်တော်ဆရာဦးတိမ်ညွန့်၊ ရေဒီယို ဆရာဦးမန်းကျော်၊ ဟာသလူရွှင်တော်ဆရာဦးပေါက်ကျော်၊ ဦးဝင်းနိုင်(အနုပညာ)၊ ဆရာဦးစိန်ပေါက်၊ဆရာဦးအောင်ကျော်၊ဦးရော၊ကိုကျော်ထူး၊ဂီတစာဆိုတေးရေး မလှိုင်သန်းထွန်း၊ ဦးစိန်ရိုး၊ ဦးစံမိုး၊ဒါရိုက်တာမောင်သီ၊အလင်္ကာဝတ်ရည်တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်အေး၊မန္တလေးမြို့မှဆရာဦးထင်ပေါ်၊ဆရာဦးတင်လှိုင်တို့အား ဂါရဝပြုကန်တော့ခဲ့ကြသည်။ ထို့နောက်အပျိုတော်အကဖြင့်ဖျော်ဖြေပွဲအားစတင်ဖွင့်လှစ်ခဲ့သည်။



ဖျော်ဖြေပွဲတွင် Five Stars လူရွှင်တော်အဖွဲ့ဝင်များဖြစ်သည့်အောင်သော်၊ အောင်မော်၊ မျောက်ရှုံး၊ ကျင်ဝှက်၊ ကြာစီတို့က ပရိသတ်များကိုအဖွင့်မိတ်ဆက်ပြက်လုံးများဖြင့်တင်ဆက်ပေးခဲ့သည်။ ထို့နောက် Champion of Dance အစီအစဉ်တွင် ဗိုလ်စွဲခဲ့သည့် ယူနိုဖိုးအဖွဲ့မှ ကပြတင်ဆက်ခဲ့ကြသည်။ တေးသီချင်းဖျော်ဖြေမှုများဖြင့်တင်ဆက်ခဲ့ရာအဆိုတော်ရတနာမိုင်၊ Wai သျှံ၊ ရဲလေး၊ ဩရသ၊အိမ့်ချစ်စသူတို့က ဖျော်ဖြေပေးခဲ့ကြသည်။

အငြိမ့်ခန်းတင်ဆက်မှုအဖြစ် Five Stars လူရွှင်တော်အဖွဲ့နှင့် အတူမင်းသမီးဝါဝါလှိုင်၊မိုးပြည့်ပြည့်မောင်၊ ရတနာမိုင်တို့က ပါဝင်ကပြပေးခဲ့ကြသည်။

"ကျွန်တော်တို့အဖွဲ့ အခုလိုပရိသတ်အားပေးတဲ့နေရာ တစ်နေရာကိုရောက်လာတာက ကျွန်တော်တို့ကိုမြေတောင်မြှောက်ပေးတဲ့ဆရာတွေကြောင့်၊ အားပေးတဲ့ပရိသတ်တွေကြောင့်ပါ။ ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ဒီပွဲလေးကိုလုပ်ဖြစ်တာပါ"ဟု Five Stars အဖွဲ့မှအောင်သော်က ရှင်းပြခဲ့သည်။

ယခုပွဲမှရရှိလာသည့် အကျိုးအမြတ်များအားလုံးကိုစာသင်ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းသွားရန်ရည်ရွယ်ထားသည်ဟုသိရှိရသည်။

## "ဂီတတံခါးလေးဖွင့်ပါဦး" အထူးအစီအစဉ်ကို ဇန်နဝါရီလလယ်ပိုင်းတွင်ရိုက်ကူးထုတ်လွှင့်မည်

'ဂီတတံခါးလေးဖွင့်ပါဦး'အထူးအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်နေ့တွင်ရန်ကုန်မြို့ လှိုင်တက္ကသိုလ်ဝင်းအတွင်းရှိ Myanmar IntoTech တွင် ရိုက်ကူးသွားမည်ဖြစ်ပြီး ယင်းအစီအစဉ်တွင် ရွှေသော့ဆုရရှိထားသူများ၊ အထူးဆုရရှိထားသည့်ကလေးများ၊ အထူးပြိုင်ပွဲဝင်များအဖြစ် ပါဝင်ခဲ့သည့်အသက် ၄၀ အထက် ပြိုင်ပွဲဝင်များ၊ ဟာသသရုပ်ဆောင် ပြိုင်ပွဲဝင်များ ပါဝင်ရိုက်ကူးကြမည်ဟု သိရသည်။

"အစီအစဉ်ကိုအားပေးကြတဲ့သူတွေအတွက် ထူးထူးခြားခြားကြည့်ခွင့်ရအောင်စီစဉ်ဖြစ်တာပါပဲ။ ပြိုင်ပွဲဝင်တွေထဲကရွှေသော့ရတဲ့သူတွေ၊ အထူးဆုရတဲ့သူတွေ၊ အထူးအစီအစဉ်နဲ့ဝင်ပြိုင်ခဲ့တဲ့သူတွေကို ပြန်လည်ဖိတ်ကြားပါဝင်စေမှာပါ။ နိုင်ငံတကာမှာဆိုရင်တော့အောင်မြင်တဲ့ရုပ်သံအစီအစဉ်တစ်ခုကိုနှစ်နှစ်လောက်တင်ဆက်ပြီးသွားရင် ပုံစံပြောင်းလဲတင်ဆက်လေ့ရှိပါတယ်။ ဒါကြောင့်အခုတင်ဆက်နေတဲ့ဂီတတံခါးလေးအစီအစဉ်ကိုအပြောင်းအလဲလေးတွေနဲ့တင်ဆက်နိုင်အောင်စီစဉ်သွားမှာပါ"ဟုကောင်းဟိန်းမီဒီယာမှ မမြသူဇာကရှင်းပြခဲ့သည်။

'ဂီတတံခါးလေးဖွင့်ပါဦး'အထူးအစီအစဉ်တွင် ရွှေသော့ဆုရထားသည့်ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်လူကြီးများနှင့်အစီအစဉ်တင်ဆက်သူများတွဲဖက်၍တေးသီချင်းသီဆိုဖျော်ဖြေမှု၊ အသက် ၄၀ နှစ်အထက်ပြိုင်ပွဲဝင်များအဖြစ်လာရောက်ယှဉ်ပြိုင်ခဲ့သူများအားအထူးအစီအစဉ်ပြန်လည်သီဆိုဖျော်ဖြေစေခြင်း၊ ဟာသသရုပ်ဆောင်များ၏ကြိုက်နှစ်သက်ရာတေးသီချင်းသီဆိုဖျော်ဖြေခြင်းအစီအစဉ်များကိုပြုလုပ်သွားမည်ဟုသိရသည်။ 'ဂီတတံခါးလေးဖွင့်ပါဦး' အစီအစဉ်သည် မြန်မာ့ရုပ်မြင်သံကြားတွင်အပတ်စဉ်စနေနေ့တိုင်းပြသလျက်ရှိပြီး ပြိုင်ပွဲဝင်ကလေးများ၏သီဆိုယှဉ်ပြိုင်မှုမှအစပြု၍ ပရိသတ်အားပေးမှုများပြားသည့်အစီအစဉ်တစ်ခုအဖြစ်ရပ်တည်လာခဲ့ခြင်းဖြစ်သည်။ 'ဂီတတံခါးလေးဖွင့်ပါဦး' အစီအစဉ်မှဆုရရှိခဲ့သူအချို့နှင့်အထူးဆုရကလေးငယ်အချို့မှာကိုယ်ပိုင်စီးရီးများထုတ်နိုင်သည်အထိပင်ရှိခဲ့သည်။ ယခုအခါယင်းအစီအစဉ်၏နှစ်နှစ်ပြည့်အဖြစ် အထူးအစီအစဉ်ကိုစီစဉ်ရိုက်ကူးခြင်းဖြစ်သည်ဟုသိရသည်။







# စတုတ္ထအကြိမ်မြောက်ရန်ကုန်ဓာတ်ပုံပွဲတော် ဇန်နဝါရီလအတွင်းပြုလုပ်မည်

စတုတ္ထအကြိမ်မြောက် ရန်ကုန်ဓာတ်ပုံပွဲတော်ကို ဇန်နဝါရီလ ၂၅ ရက်မှဖေဖော်ဝါရီလ ၄ ရက်နေ့အထိပြင်သစ်ယဉ်ကျေးမှုဌာနတွင် ပြုလုပ်သွားမည်ဖြစ်ပြီး 'ပတ်ဝန်းကျင်' ခေါင်းစဉ်ဖြင့်ပြုလုပ်ရန်စီစဉ်ထားသည်ဟုသတင်းရရှိသည်။

ရန်ကုန်ဓာတ်ပုံပွဲတော်တွင် ဇန်နဝါရီလ၂၈ရက်နေ့ညနေ ၅ နာရီ၌ ရန်ကုန်ဓာတ်ပုံညကိုပြုလုပ်မည်ဖြစ်ပြီး ဓာတ်ပုံသင်တန်းမှအကောင်းဆုံးဇာတ်လမ်းဓာတ်ပုံများတင်ဆက်ပြသခြင်း၊ တစ်နှစ်တာအကောင်းဆုံးဓာတ်ပုံဆုနှင့် Paris Match ဆုချီးမြှင့်ခြင်းတို့ကိုပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် ဇန်နဝါရီလ ၂၅ ရက်မှ ၂၈ ရက်နေ့အထိပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအကြောင်းဆွေးနွေးပွဲကိုလည်းပြုလုပ်သွားမည်ဖြစ်ပြီး ဓာတ်ပုံပြပွဲကိုမူ ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ပြင်သစ်ယဉ်ကျေးမှုဌာနမြက်ခင်းပြင်တွင်ပြုလုပ်မည်ဖြစ်ကာ 'ပတ်ဝန်းကျင်' ဆိုင်ရာဓာတ်ပုံများအားပြသသွားဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၂ ဓာတ်ပုံပြိုင်ပွဲကို 'မြို့ပြနှင့် သဘာဝပတ်ဝန်းကျင်' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ကာ တစ်ဦးလျှင်ဓာတ်ပုံသုံးပုံဖြင့် ယှဉ်ပြိုင်ခွင့်ရရှိမည်ဟုသိရသည်။ ဓာတ်ပုံများကို 23 x 30 cm အရွယ် Kodakဖလင်များဖြင့်ကူးဆေးပုံထုတ်ရမည်ဖြစ်ပြီး ပုံများ၏နောက်ကျောတွင်အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံရေးသား၍ ဇန်နဝါရီလ ၁၄ ရက်နေ့မတိုင်မီဆက်သွယ်ပေးပို့ရမည်ဟုသိရှိရသည်။ ■

# ၂၀၁၁ ခုနှစ်အတွင်း ဒီဗီဒီဇာတ်ကား ၃၀ ကျော်ရုံတင်ပြသခဲ့ကြောင်းသိရှိရ

၂၀၁၁ ခုနှစ်အတွင်း ဒီဗီဒီဇာတ်ကား ၃၀ ကျော်အားမြို့ပတ်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသခဲ့ပြီးပရိသတ်စိတ်ဝင်စားအားပေးမှုမှာ များပြားလာခြင်းမရှိဘဲပုံမှန်အတိုင်းသာရှိခဲ့သည်ဟု ရုပ်ရှင်ရုံအသိုင်းအဝိုင်းအတွင်းမှစုံစမ်းသိရှိရသည်။

"အခုနှစ်မှာရုံတင်ခဲ့တဲ့ ဒီဗီဒီကားတွေကို စိတ်ဝင်စားအားပေးမှုကပုံမှန်လောက်ပဲရှိတယ်လို့ ဆိုရမှာပါ။ ပရိသတ်စိတ်ဝင်စားတဲ့ဇာတ်ကားအနည်းစုကလွဲရင်ကျန်တဲ့ကားတွေကို သိပ်စိတ်မဝင်စားကြဘူး။ ဒီဗီဒီဇာတ်ကားတွေရဲ့ဈေးကွက်ကအေးတယ်လို့ဆိုလို့ရပါတယ်။ ရုံမှာလာကြည့်တဲ့သူနည်းတယ်ဆိုပေမယ့် ရုံတင်ပြီးသိပ်မကြာခင်အခွေပြန်ထွက်နိုင်တာကြောင့် ဒီဗီဒီရိုက်တဲ့သူကတော့ သိသိသာသာနည်းမသွားပါဘူး။ ဒါကြောင့်ဒီဗီဒီဈေးကွက်အခြေအနေကပုံမှန်အတိုင်းပဲရှိတယ်လို့ဆိုရတာပါ" ဟုရွှေမန်းရုပ်ရှင်ရုံမှဦးသက်လွင်ကရှင်းပြခဲ့သည်။


မနက်ဖြန်အစီအစဉ်ဇာတ်ကားမှ ဇာတ်ဝင်ခန်း

၂၀၁၁ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဒီဗီဒီဇာတ်ကားများမှာ ချောကလက်အချစ်၊ လန်းတယ်ဆိုလာထား၊ တင့်တောင့်တင့်တယ် တူတူတန်တန်၊ ချစ်ချစ်လီဆက်ချစ်၊ မိန်းမယူမယ်ဆိုရင်စဉ်းစားဖို့လိုတယ်၊ မနက်ဖြန်အစီအစဉ်၊ ဂျူးလိယက်တစ်ရေးနိုး၊ စိတ်ကောက်ခြင်းသည် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်ပါသည်၊ သိင်္ဂါရဆောင်းသစ္စာ၊ ဂျက်မ၊ အိုးဆားဗစ်၊ အချစ်+အချစ်အသစ်၊ ယောက္ခမကရှော့ခ်စတား၊ ဒိုင်စားတယ်၊ မဟေသီရဲ့ဂျလေဘီ၊ ပဥ္စလက်နှလုံးသား၊ အသည်းတံခါးလေးဟစိဟစိ၊ အမုန်း၌စတင်ခဲ့သောအချစ်၊ ရုပ်ရှင်လာမရိုက်နဲ့၊ ၁၃–၃၁၊ ညို့ချက်ပြင်းတယ်၊ ပြန်ဆုံခွင့်၊ နှလုံးသားမှာအထာရှိတယ်၊ နှလုံးသားနဲ့ရင်း၍၊ သံယောဇဉ်အချစ် ၂၀၂၈၊ ဒေါ်လန်း၊ မောင့်သဘော၊ ကိုယ့်သမိုင်းကိုယ်ရေးကြသူများ၊ အဖေမတူအမေကွဲ၊ အိုင်အိုဒင်းကိုကိုကြီးနှင့်ဝိတိုရိယဘုရင်မတို့ဖြစ်သည်။




# R ဇာနည်၊ ဟဲလေးနှင့် ချစ်သုဝေတို့ဘန်ကောက်သို့ သွားရောက်ဖျော်ဖြေမည်

Sound Square Band နှင့်အတူ R ဇာနည်၊ဟဲလေးနှင့် ချစ်သုဝေတို့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်သို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ Sound Square Band အနေနဲ့ ထိုင်းနိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ချိတ်ပြီး ဖျော်ဖြေရေးခရီးတွေစီစဉ်ထားတာရှိပါတယ်။ အဲဒီခရီးစဉ်တွေကထိုင်းမှာရေကြီးမှုဖြစ်လို့နောက်ဆုတ်သွားတာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကစပြီး နောက်ဆုတ်ထားတဲ့ ဖျော်ဖြေပွဲကိုပြန်စနေပါပြီ။ Sound Square Band အနေနဲ့ နောက်ထပ်ပွဲတွေလည်းဆက်သွားဖို့ရှိတယ်။ အဆိုတော်တွေကတော့ ထိုင်းဘက်ကကုမ္ပဏီကတောင်းဆိုတဲ့သူနဲ့ ဒီဘက်ကအဆိုတော်တွေရဲ့အားမယ့်ရက်ကိုညှိပြီးသွားတာပါ" ဟု ကိုကျော်ဇေယျက ဆိုပါသည်။

Sound Square Band နှင့်အတူ R ဇာနည်၊ ဟဲလေးနှင့် ချစ်သုဝေတို့သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၁၆ ရက်နေ့ထိဖျော်ဖြေမည်ဖြစ်သည်။ ဖျော်ဖြေရေးခရီးစဉ်အတွက် အနုပညာရှင်များသည် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံမှထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ ■

# အဆိုတော် နေနေ၏ "ဆူးစူးသူ"အယ်လ်ဘမ်သစ် ဇန်နဝါရီလအတွင်း ဖြန့်ချိမည်ဖြစ်ကြောင်း သိရ



အဆိုတော်နေနေ၏ ပထမဆုံးတစ်ကိုယ်တော်တေးစီးရီးသစ်ဖြစ်သော "ဆူးစူးသူ" အမည်ရှိစီဒီတေးစီးရီးအား ဇန်နဝါရီလ ၁၅ရက်နေ့တွင် စန္ဒာတေးထုတ်လုပ်ဖြန့်ချိရေးမှ ဖြန့်ချိသွားမည်ဖြစ်ကြောင်းသိရသည်။

၎င်းတေးစီးရီးတွင် တေးရေးဆရာများအဖြစ် အငဲ၊ ဩရသ၊ ရွှေဂျော်ဂျော်၊ ကနဲ၊ လင်းမြိုင်၊ နေထိုက်စိုး၊ Dလက်တို့ရေးစပ်ထားသောသီချင်းများပါဝင်ပြီး နေနေကိုယ်တိုင်ရေးစပ်ထားသော သီချင်းများပါဝင်မည်ဟု သိရသည်။

"ဒီအခွေကို ၂၀၁၁ ခုနှစ် ဩဂုတ်လလောက်ကစလုပ်ဖြစ်တာပါ။ အကုန်လုံးဝိုင်းပြီးကူညီပေးကြလို့ ငါးလလောက်ပဲကြာပြီးတော့ ဒီလိုအမြန်ပြီးသွားတာပါ။ ဒီခွေထဲမှာ သီချင်းအနှေးကြိုက်တဲ့သူတွေအတွက် အနှေးသီချင်းလေးတွေ၊ အမြန်ကြိုက်တဲ့သူတွေအတွက် အမြန်သီချင်းလေးတွေ၊ အမြူးသီချင်းတွေကိုကြိုက်တဲ့သူတွေအတွက် အမြူးသီချင်းလေးတွေကိုလည်း ဆိုထားပါတယ်"ဟု နေနေကပြောကြားခဲ့သည်။

အဆိုပါတေးစီးရီးထဲတွင် သီချင်းစုစုပေါင်း(၁၂)ပုဒ်ပါဝင်ပြီး နာမည်ကြီးတီးဝိုင်းတစ်ခုဖြစ်သော Lazy Clubအဖွဲ့က တီးခတ်ထားပါသည်။

## ဂျိမ်းစ်ဘွန်းဇာတ်ကား နှစ် ၅၀ ပြည့် ဝက်ဘ်ဆိုက်လွှင့်တင်မည်



ဂျိမ်းစ်ဘွန်းဇာတ်ကားများဖန်တီးခဲ့ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အနေဖြင့် ဝက်ဘ်ဆိုက်သစ်တစ်ခု လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါဝက်ဘ်ဆိုက်၏ အမည်ကို www.007.com ဟု အမည်ပေးထားခဲ့ကြောင်း သိရှိရသည်။ ဝက်ဘ်ဆိုက်အား ဂျိမ်းစ်ဘွန်းဇာတ်ကားများ နှစ်(၅၀) ပြည့် အထိမ်းအမှတ်နှင့်အတူ နိုဝင်ဘာလအတွင်း ထွက်ရှိမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် Skyfall အတွက်ပါ ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံးသော ဂျိမ်းစ်ဘွန်းဇာတ်ကား Dr. No မှာ ၁၉၆၂ ခုနှစ်က ထွက်ရှိခဲ့သည်။

## ဂျိမ်းစ်ဖရန်ကို၏ ဝတ္ထုအတွက် Amazon နှင့် သဘောတူညီမှုရရှိ



ဟောလိဝုဒ်မင်းသား ဂျိမ်းစ်ဖရန်ကို၏ ပထမဆုံးဝတ္ထုအတွက် အွန်လိုင်းစာအုပ်ဝက်ဘ်ဆိုက် ဖြစ်သည့် Amazon နှင့် သဘောတူညီမှုရရှိခဲ့ကြောင်း သိရှိရသည်။ ထိုစာအုပ်ကိုထုတ်ဝေခွင့်ရရှိရန်အတွက် Amazon မှ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဝတ္ထု၏အမည်မှာ Actors Anonymous ဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။ ဖရန်ကို၏ ဝတ္ထုတိုစာအုပ်ဖြစ်သော Palo Alto စာအုပ်မှာလည်း ပြီးခဲ့သည့်နှစ်က ထွက်ရှိခဲ့သည်။

## ၂၀၀၄ခုနှစ်နောက်ပိုင်း ပထမဆုံးအနေဖြင့် အမေရိကန်ဂီတဈေးကွက်၌ တေးအယ်လ်ဘမ် ရောင်းချရမှု ရောင်းအားမြင့်တက်

၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအနေဖြင့် အမေရိကန်ဂီတဈေးကွက်၌ တေးအယ်လ်ဘမ်ရောင်းချရမှု ရောင်းအားမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့မြင့်တက်နိုင်ခဲ့ခြင်းကို ၂၀၁၁ ခုနှစ်အတွက် Billboard မဂ္ဂဇင်းမှ ထုတ်ပြန်ခဲ့သော စာရင်းများကို မူတည်ပြီးတွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

အမေရိကန် ဂီတဈေးကွက်တွင်တေးအယ်လ်ဘမ်များ၏ရောင်းအားမှာ ၂၀၀၄ ခုနှစ်နောက်ပိုင်း ဆက်တိုက်ကျဆင်းနေခဲ့ခြင်းဖြစ်ပြီး ဒီဂျစ်တယ်စနစ်ရောင်းအားများသာ မြင့်တက်နေခဲ့ခြင်းဖြစ်သည်။ ထုတ်ပြန်ခဲ့သော စာရင်းအချို့အရ တေးအယ်လ်ဘမ်ရောင်းချရမှုမှာ ၂၀၁၀ ပြည့်နှစ်ကထက် ၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်သွားခဲ့သည်ဟု သိရသည်။ဝင်ငွေအနေဖြင့်မူတေးအယ်လ်ဘမ်ရောင်းချရမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၃၂၆ သန်းကျော်သာရရှိခဲ့ရာမှ ၂၀၁၁ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၃၃၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ တေးအယ်လ်ဘမ်ရောင်းချရမှု မြင့်တက်ခဲ့သော်လည်း ဒစ်ဂျစ်တယ်စနစ်ဖြင့် ရောင်းချရမှုများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း သိရသည်။ ဒစ်ဂျစ်စနစ်ဖြင့်ရောင်းချခဲ့ရမှုမှာ ၂၀၁၀ ပြည့်နှစ်ကထက် နှိုင်းယှဉ်ပါက ၈ ဒသမ ၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်ဟု ဆိုပါသည်။

၂၀၁၁ ခုနှစ် အမေရိကန်ဂီတဈေးကွက်အတွင်း အရောင်းရဆုံးဖြစ်ခဲ့သည့် တေးအယ်လ်ဘမ်မှာ ဗြိတိန်အဆိုတော်အဒဲလ်၏ 21ဖြစ်ပြီး ချပ်ရေခြောက်သန်းနီးပါး ရောင်းချခဲ့ရသည်။

## ဘာလင်ရုပ်ရှင်ပွဲတော်ကို ပြင်သစ်တော်လှန်ရေးဇာတ်ကားဖြင့် ဖွင့်လှစ်မည်



အော်စကာရာသီနှင့် အပြိုင်ပြုလုပ်မည့် (၆၂) ကြိမ်မြောက်ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ပြင်သစ်တော်လှန်ရေး နောက်ခံပြု ဇာတ်ကားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဘာလင် နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကို စတင်ဖွင့်လှစ်မည့် ဇာတ်ကားမှာ Les Adieux a la reine (Farewell My Queen) ဇာတ်ကားဖြစ်ပါသည်။ ထိုဇာတ်ကားကို ဒါရိုက်တာ Benoît Jacquot က ရိုက်ကူးခဲ့ပြီး စာရေးဆရာ Chantal Thomas ဝတ္ထုကို အခြေခံခဲ့ခြင်းဖြစ်သည်။ ဇာတ်လမ်း၏အဓိကကျောရိုးမှာ ၁၇၈၉ ခုနှစ်မှ ၁၇၉၉ ခုနှစ်အထိ ဖြစ်ပေါ်ခဲ့သော ပြင်သစ်တော်လှန်ရေးကာလ၏ ပထမနေ့အဖြစ်အပျက်နှင့် ဆက်စပ်မှုများကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ ဂျူရီအဖွဲ့ကို ဗြိတိန် ဒါရိုက်တာ Mike Leigh က ဦးဆောင်မည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်တွင်ပေးအပ်မည့် ရွှေဝက်ဝံရုပ်ရှင်ထူးချွန်ဆုအတွက် ပါဝင်ယှဉ်ပြိုင်မည့် ဇာတ်ကားများကို အသေးစိတ်ထုတ်ပြန်ထားခြင်း မရှိသေးပေ။ သို့သော် ပြင်သစ်ဇာတ်ကားနှစ်ကားဖြစ်သည့် Captive ဇာတ်ကားနှင့် Farewell, My Queen ဇာတ်ကား၊ စပိန်ဇာတ်ကားဖြစ်သည့် Childish Games နှင့် အင်ဒိုနီးရှားဇာတ်ကားဖြစ်သည့် Postcards from the Zoo ဇာတ်ကားတို့ပါ ရွှေဝက်ဝံဆုရရှိရန် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်မူ The Iron Lady ဇာတ်ကား၌ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာအဖြစ် သရုပ်ဆောင်ထားသည့် မာရယ်စထရိကို ဂုဏ်ထူးဆောင်ရွှေဝက်ဝံဆုပေးအပ်မည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ပြုလုပ်ခဲ့သော ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို True Grit ဇာတ်ကားဖြင့် ဖွင့်လှစ်ခဲ့သည်။ ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ စတင်ဝင်ရောက်ပြသခဲ့ပြီး နာမည်ကျော်ကြားမှုရှိခဲ့သည့် ဇာတ်ကားအချို့မှာ Kramer vs. Kramer ဇာတ်ကား၊ Sophie's Choice ဇာတ်ကားနှင့် Out of Africa ဇာတ်ကားတို့ဖြစ်ကြသည်။ ■

## ဗြိတိန်ရုပ်ရှင်အကယ်ဒမီအဖွဲ့၏ ဂုဏ်ထူးဆောင်ဆုကို မာတင်စကော့ဆေးဆေး ရရှိ

ဗြိတိန်ရုပ်ရှင်အကယ်ဒမီအဖွဲ့ (BAFTA)၏ဂုဏ်ထူးဆောင်ဆုကို အမေရိကန်ဒါရိုက်တာမာတင်စကော့ဆေးဆေးက ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့သည်။

တစ်သက်တာ ဂုဏ်ထူးဆောင်ဆုအနေဖြင့်ပေးအပ်သော ထိုဆုကို ယခင်က ချာလီချက်ပလင်၊ အယ်လ်ဖရက်ဒ် ဟစ်ချ်ကော့၊ စတီဗင်စပီးဘတ်နှင့် လောရန့်စ် အော်လီဗာတို့က ရရှိခဲ့ဖူးသည်။

"လူငယ်မျိုးဆက် ဒါရိုက်တာတွေအတွက် ဉာဏ်ကွန့်မြူးမှုတွေရရှိစေတဲ့ ဖန်တီးမှုတွေကို စကော့ဆေးဆေးက လုပ်ဆောင်ပေးနိုင်ခဲ့တာဟာ သူ့ဖြတ်သန်းခဲ့တဲ့ ဘဝရဲ့ အထင်ကရပြယုဂ်တစ်ခုပါပဲ"ဟု ဗြိတိန်ရုပ်ရှင်အကယ်ဒမီအဖွဲ့က သတင်းထုတ်ပြန်ချက်တွင်ပြောကြားခဲ့သည်။

မာတင်စကော့ဆေးဆေး သည် Mean Streets၊ Taxi Driver၊ Raging Bull နှင့် Goodfellas အစရှိသော နာမည်ကျော်ဇာတ်ကားများရိုက်ကူးခဲ့သူဖြစ်ကာ The Departed ဇာတ်ကားဖြင့် အော်စကာဆုရရှိခဲ့သည်။ ထို့အပြင်ယခုလများအတွင်း နာမည်ကျော်လျက်ရှိသော Hugo ဇာတ်ကားကိုလည်း ဖန်တီးခဲ့သူဖြစ်သည်။

## ဇာတ်ညွှန်းရေးဆရာများအဖွဲ့မှ ပေးအပ်မည့် ထူးချွန်ဆုများအတွက် ဆန်ခါတင်များထုတ်ပြန်



ဟောလိဝုဒ် ဇာတ်ညွှန်းရေးဆရာများအဖွဲ့နှင့် ထုတ်လုပ်သူများအဖွဲ့မှ ပေးအပ်မည့် ရုပ်ရှင်ထူးချွန်ဆုများအတွက် ဆန်ခါတင်စာရင်းများကို အသီးသီးထုတ်ပြန်ခဲ့ကြသည်။

ထိုသို့ ထုတ်ပြန်ချက်အရ ဇာတ်ညွှန်းရေးဆရာများအဖွဲ့မှ ပေးအပ်မည့်၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးဇာတ်ကားဆုစာရင်းအတွက် နှစ်ပိုင်းခွဲခဲ့ပြီး မူရင်းဇာတ်ညွှန်းဇာတ်ကားဆုနှင့် လိုက်ဖက်အောင် ပြန်လည်ပြင်ဆင်ထားသည့် ဇာတ်ညွှန်းဇာတ်ကားဆုတို့ ဖြစ်ကြသည်။ မူရင်းဇာတ်ညွှန်းဇာတ်ကားဆုအတွက် 50/50 ဇာတ်ကား၊ Bridesmaids ဇာတ်ကား၊ Midnight in Paris ဇာတ်ကား၊ Win Win ဇာတ်ကားနှင့် Young Adult ဇာတ်ကားတို့ဖြစ်ကြသည်။ လိုက်ဖက်အောင် ပြန်လည်ပြင်ဆင်ထားသည့် ဇာတ်ညွှန်းဇာတ်ကားဆုစာရင်းတွင် The Descendants ဇာတ်ကား၊ The Girl with the Dragon Tattoo ဇာတ်ကား၊ The Help ဇာတ်ကား၊ Hugo ဇာတ်ကားနှင့် Moneyball ဇာတ်ကားတို့ဖြစ်ကြသည်။

ယင်းကဲ့သို့ ထုတ်ပြန်ခဲ့သော စာရင်းများအရ ဆန်ခါတင်စာရင်းတွင် The Artist ဇာတ်ကား၊ War Horse ဇာတ်ကား၊ The Iron Lady ဇာတ်ကားနှင့် My Week with Marilyn ဇာတ်ကား အစရှိသော ဇာတ်ကားများမပါဝင်ခဲ့ခြင်းက အံ့အားသင့်စရာဖြစ်ခဲ့ရကြောင်း သိရှိရသည်။

ဟောလိဝုဒ်ရုပ်ရှင်ဇာတ်ညွှန်းရေးသူများအဖွဲ့မှ ပေးအပ်သော ထူးချွန်ဆုများအတွက် အော်စကာဇာတ်ညွှန်းဆုအပေါ် ဩဇာသက်ရောက်မှုရှိပြီး ပြီးခဲ့သည့်နှစ်က Inception နှင့် The Social Network ဇာတ်ကားများက အကောင်းဆုံးဆုရရှိခဲ့သည်။ ယခုနှစ်အတွက် ဇာတ်ညွှန်းရေးသူများ၏ ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။





## လူမျိုးရေးခွဲခြားမှုပြဿနာနှင့် လီဗာပူးလ်ရင်ဆိုင်ရပြန်

လီဗာပူးလ်အသင်းတိုက်စစ်မှူးဖြစ်သူ ဆွာရက်ဇ်သည် မန်ယူအသင်းနောက်ခံလူ အီဗရာအား လူမျိုးရေးခွဲခြားသည့်အသုံးအနှုန်းများဖြင့် ဆက်ဆံခဲ့သောကြောင့် ရှစ်ပွဲပယ်ပြစ်ဒဏ် ကျခံခဲ့ရပြီးနောက် ယခုအခါ ယင်းကဲ့သို့ လူမျိုးရေးခွဲခြားမှုပြဿနာနှင့် လီဗာပူးလ်အသင်း ထပ်မံရင်ဆိုင်နေရကြောင်း သိရသည်။

ပြီးခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးလ်အသင်းသည် အိုဟမ်းအသင်းအား ၅–၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ယင်းပွဲတွင် လီဗာပူးလ်အသင်း၏ ပရိသတ်တစ်ဦးသည် အိုဟမ်းကစားသမားဖြစ်သူ အဒီယီမီကို လူမျိုးရေးခွဲခြားသည့် အသုံးအနှုန်းများဖြင့် ဆက်ဆံခဲ့သောကြောင့် ယခုအခါ ယင်းပရိသတ်ကို အင်္ဂလန်ရဲတပ်ဖွဲ့က စုံစမ်းရှာဖွေနေကြောင်း သိရသည်။

## တီဗက်ဇ်ကိုခေါ်ယူရန် အင်တာအတည်ပြု

အင်တာမီလန်အသင်းသည် အေစီမီလန်အသင်းခေါ်ယူရန်ကြိုးစားနေသော မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ကို ကြားဖြတ်ခေါ်ယူရန် ကြိုးစားနေသူဖြစ်ကြောင်းကို အတည်ပြုခဲ့သည်။

အင်တာမီလန်အသင်းမှ တာဝန်ရှိသူအချို့သည် ပြီးခဲ့သည့်ကြာသပတေးနေ့က တီဗက်ဇ်ကို ခေါ်ယူရန်အတွက် လန်ဒန်မြို့သို့ရောက်ရှိလာပြီး မန်စီးတီးအသင်းမှ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ SunSport သတင်းစာ၏ ဖော်ပြမှုအရ အင်တာမီလန်အသင်းသည် တီဗက်ဇ်ကို ခေါ်ယူရန်အတွက် ပေါင် ၂၅ သန်း သုံးစွဲသွားမည်ဖြစ်ပြီး မန်စီးတီးအသင်းနှင့် သဘောတူညီမှုရရှိရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

## ရွန်နီအား ဖာဂူဆန်မှ ထွက်ခွာခွင့်ပြုခဲ့လျှင်လည်း မန်ယူအသင်းက ရောင်းမည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦး ပြောကြား




တိုက်စစ်မှူး ရွန်နီအားနည်းပြဖြစ်သူဖာဂူဆန်မှ အသင်းမှထွက်ခွာခွင့်ပြုခဲ့လျှင်လည်းမန်ယူအသင်းအနေဖြင့် ရွန်နီအား လုံးဝရောင်းချမည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက Independent သတင်းစာကို ပြောကြားခဲ့သည်။

ရွန်နီနှင့် ဖာဂူဆန်တို့ကြား၌ ဆက်ဆံရေးမပြေလည်၍ ဖာဂူဆန်က ရွန်နီအားရောင်းချတော့မည်ဆိုသည့် သတင်းများထွက်ပေါ်လာခဲ့သောကြောင့် မန်ယူအသင်းက ယခုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းလည်း ဖြစ်သည်။

ကာယကံရှင်ဖြစ်သူ ရွန်နီကိုယ်တိုင်ကလည်း ၎င်း၏ Twitter မှနေ၍ "ကျွန်တော့်ရဲ့အနာဂတ်ဟာ မန်ယူအသင်းမှာပဲ ရှိပါတယ်။ မန်ယူအသင်းနဲ့ ကျွန်တော်ဟာ ခွဲခြားလို့မရပါဘူး။ မန်နေဂျာ(ဖာဂူဆန်)နဲ့ ကျွန်တော့်ကြားမှာ ဘယ်လိုပြဿနာအရပ်မျိုးမှမရှိပါဘူး။ တစ်စုံတစ်ယောက်က အခုကျွန်တော်ပြောတာနဲ့ ကွဲပြားခြားနားပြီး ပြောခဲ့မယ်ဆိုရင် ဒါဟာမဟုတ်မမှန်ပြောခြင်းပါပဲ"ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်း "မန်ယူအသင်းနဲ့ ရွန်နီဟာ လက်တွဲလုပ်ဆောင်သွားစရာတွေ အများကြီးရှိနေပါတယ်။ ထွက်ပေါ်နေတဲ့ကိစ္စရပ်တွေက ပုံပြင်တွေပါ"ဟု ပြောကြားခဲ့သည်။ ယင်းကဲ့သို့ရွန်နီနဲ့ မန်ယူအသင်းမှ တာဝန်ရှိသူတို့ကအသင်းမှ ရွန်နီထွက်ခွာမည်မဟုတ်ဟု ဆိုနေကြသော်လည်း ဖာဂူဆန်ကမူ ရွန်နီနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားခြင်းမရှိကြောင်းသိရသည်။




## Sports News In Brief

**ကေအက်ဖ်အေ** ➢ တောင်ကိုရီးယားဘောလုံးအဖွဲ့ချုပ် (KFA) သည် လက်ထောက်နည်းပြလေးဦးခန့်အပ်ရန် စီစဉ်နေလျက်ရှိသည်။

**လီဗာပူးလ်** ➢ လီဗာပူးလ်အသင်းသည် ကိုလံဘီယာတိုက်စစ်မှူး မာတီနက်ဇ်ကို ပေါင် ၈ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန်ကြိုးစားနေသည်။

**နယူးကာဆယ်** ➢ နယူးကာဆယ်အသင်းသည် တိုက်စစ်မှူးဒမ်ဘာဘာကို ရောင်းချရန်အတွက် ပေါင် ၁၀ သန်းတန်ကြေးသတ်မှတ်လိုက်သည်။

**ဖူလ်ဟမ်** ➢ ဖူလ်ဟမ်အသင်းသည် အေဂျက်စ်ကွင်းလယ်လူ အီနော့ရှ်ကို ပေါင် ၄ သန်းဖြင့် ခေါ်ယူရန်ကြိုးစားနေသည်။

**ချယ်လ်ဆီး** ➢ ချယ်လ်ဆီအသင်းသည် ဘော်လ်တန်နောက်ခံလူ ဂယ်ရီကာဟေးလ်ကို ၄၈ နာရီအတွင်း ခေါ်ယူနိုင်တော့မည်ဟု အတည်ပြုခဲ့သည်။

**အာဆင်နယ်** ➢ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ကစားသမားများအနေဖြင့် ဉာဏ်ရည်သုံးကစားရန်လိုကြောင်း ဆိုခဲ့သည်။

**ဘာစီလိုနာ** ➢ ဘာစီလိုနာအသင်း ဒုဥက္ကဋ္ဌကာဒိုနာက စပိန်ဘုရင့်ဖလားတွင် ရီးယ်ရဲအသင်းနှင့်ဆုံတွေ့လိုကြောင်း ပြောကြားခဲ့သည်။

## ဆနိုက်ဒါကို ရောင်းချမည်ဟု အင်တာမီလန်နည်းပြ ရာနီရေးရီ အတည်ပြုပြောကြား




အင်တာမီလန်အသင်းနည်းပြ ရာနီရေးရီက အသင်း၏အဓိကကွင်းလယ်ကစားသမားဖြစ်သူဆနိုက်ဒါကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဟု အတည်ပြုပြောကြားခဲ့သည်။ သို့သော် ရာနီရေးရီက ဆနိုက်ဒါအနေဖြင့်အသင်းတွင်ဆက်နေရန်ဆန္ဒရှိပါက မိမိကလည်း ၎င်းနှင့်ဆက်လက်လက်တွဲသွားလိုကြောင်း ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်ရှိပြီဖြစ်သော နယ်သာလန် ကွင်းလယ်ကစားသမားဖြစ်သူ ဆနိုက်ဒါကို လွန်ခဲ့သည့်ခြောက်လကတည်းကပင် မန်ယူအသင်းမှခေါ်ယူရန်ကြိုးစားနေလျက်ရှိသလိုလက်ရှိအပြောင်းအရွှေ့ကာလတွင်လည်း ခေါ်ယူရန်ကြိုးစားနေသတင်းများထွက်ပေါ်နေလျက်ရှိသည်။

ပြီးခဲ့သည့် သောကြာနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရာနီရေးရီက "သူ(ဆနိုက်ဒါ)ဟာအင်တာမီလန်အသင်းရဲ့ ကစားသမားတစ်ဦးပါ။ ကျွန်တော်တို့နဲ့အတူ သူဆက်ရှိနေလိမ့်ဦးမယ်လို့ မျှော်လင့်ပါတယ်။ သူဟာ ကစားသမားကောင်းတစ်ဦးပါ။ ကျွန်တော်တို့ သူ့ကိုအချိန်ပေးဖို့ လိုအပ်နေပါတယ်၊ သူ့ရဲ့ဦးနှောက်တွေ အလုပ်လုပ်တာများနေပါပြီ။ ကျွန်တော်ထင်ပါတယ် သူဟာ ငယ်ရွယ်ပါသေးတယ်။ သူ့မှာ ကောင်းမွန်တဲ့ အနာဂတ်တွေရှိပါတယ်"ဟု ပြောကြားခဲ့သည်။ ■

# အားကစားသတင်းအတိုအထွာများ

➢ အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံကာရာတေးဒိုအဖွဲ့ချုပ်မှကြီးမှူးပြီး ဂျပန်သံရုံးမှပံ့ပိုးကူညီ၍ကျင်းပမည့် တတိယအကြိမ် ဂျပန်ဖလား ကရာတေးဒိုပြိုင်ပွဲကို ဇန်နဝါရီလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့များတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယင်းပြိုင်ပွဲမှ အရည်အချင်းရှိသော ပြိုင်ပွဲဝင်များကိုရွေးချယ်ကာ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် လေ့ကျင့်မှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

➢ KBZ အသင်းမှခေါ်ယူလိုက်သည့် တိုက်စစ်မှူးလစ်ပီလစ်ပီသည် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရသည်။ ယခင်နှစ်ဘောလုံးရာသီများက နိုင်ငံခြားသားကစားသမား ခေါ်ယူမှုမရှိခဲ့သော ကမ္ဘောဇအသင်းသည် ၂၀၁၂ ရာသီစခါနီးတွင် နိုင်ငံခြားသားကစားသမားများကိုခေါ်ယူရန်ကြိုးပမ်းခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရန်ကုန်ယူနိုက်တက် အသင်းနောက်ခံလူဆင်မြူရယ်ဟန်ဆန်ကို ခေါ်ယူစာချုပ်ထားခဲ့သည်။ KBZ အသင်းသည် ယခု ၂၀၁၂ ရာသီတွင် နိုင်ငံခြားသားကစားသမားသုံးဦးစလုံး ကိုခေါ်ယူအသုံးပြုသွားမည်ဖြစ်ပြီး လစ်ပီလစ်ပီမှာလည်း အပြီးသတ်စာချုပ်ချုပ်ဆိုရန်သာကျန်ရှိတော့ကြောင်း သိရှိရသည်။

➢ ရက္ခပူရယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဟောင်းနှင့် မကွေးအသင်း၏ နည်းစနစ်ဒါရိုက်တာဟောင်းဦးတင်ဟန်ကို အသင်း CEO အဖြစ်ခန့်အပ်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ ဦးတင်ဟန်သည် ပရိုလိဂ်စတင်သည့် ၂၀၀၉ ခုနှစ်ကတည်းက မကွေးအသင်း၏နည်းစနစ်ဒါရိုက်တာအဖြစ်ဆောင်ရွက်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်ရာသီအစတွင်မကွေးအသင်းနှင့်လမ်းခွဲခဲ့သူလည်းဖြစ်သည်။ ဦးတင်ဟန်သည် ပြီးခဲ့သည့် ရာသီက အခြားအသင်းများကိုကိုင်တွယ်ခဲ့ခြင်းမရှိဘဲ ယခုရာသီအစကမှ ရက္ခပူရအသင်း၏ CEO အဖြစ်ခေါ်ယူခြင်းကိုခံခဲ့ရသူလည်းဖြစ်သည်။

➢ စတုတ္ထအကြိမ်မြောက် Hori-zon Open Table Tennis Cham-pionship 2012 ပြိုင်ပွဲကို ဇန်နဝါရီလ ၂၈၊ ၂၉ ရက်များတွင် ရှုခင်းသာကန်ပတ်လမ်းရှိ Horizon International School တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်းပြိုင်ပွဲ၊ ဒုတိယတန်းပြိုင်ပွဲ၊ အပျော်တမ်းအဆင့်ပြိုင်ပွဲ၊ ယူ– ၁၈ ပြိုင်ပွဲ၊ ယူ–၁၅ ပြိုင်ပွဲ၊ ယူ–၁၂ ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ၊ ယူ–၁၅ ပြိုင်ပွဲ၊ ယူ–၁၂ ပြိုင်ပွဲ၊ တစ်ဦးချင်းပွဲစဉ်များပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင်ဆုကြေးများထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ပြီး ဇန်နဝါရီလ ၂၃ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။




# တောင်ငူမြို့ လွတ်လပ်ရေးနေ့ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ လုံးချော(ညောင်တုန်း)နှင့် မြနန်းတော်(ဘိလပ်မြေစက်ရုံ)တို့ သရေကျ



လုံးချော(ညောင်တုန်း)(ဝဲ) နှင့် မြနန်းတော်(ဘိလပ်မြေစက်ရုံ) (ယာ)တို့ယှဉ်ပြိုင်ထိုးသတ်ကြစဉ်

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ပထမနေ့နှင့် ဒုတိယနေ့ပွဲစဉ်များကို ဇန်နဝါရီလ ၄ ရက်နှင့် ၅ ရက်နေ့များတွင် တောင်ငူမြို့ မိုးလုံလေလုံအားကစားရုံကြီး၌ ကျင်းပသွားခဲ့သည်။

ပထမနေ့ပွဲစဉ်၏အဓိက ငါးချီစိန်ခေါ်ပွဲသုံးပွဲတွင် ပထမဆုံး နေရှုဘီ(တောင်ငူ)နှင့် လေးညို့ရှင် (သာစည်)တို့ယှဉ်ပြိုင်ကြပြီး ပထမအချီအတွင်း၌ပင် နေရှုဘီ (တောင်ငူ)က အလဲထိုးအနိုင်ယူသွားခဲ့သည်။ ဒုတိယပွဲစဉ်ဖြစ်သော စောသဲမင်း(မိုးသောက်ကြယ်)နှင့်စောသားငယ်(တောင်ငူ) တို့၏ပွဲစဉ်တွင်စောသားငယ်(တောင်ငူ)က ငါးချီတွင် အလဲထိုးအနိုင်ရရှိသွားသည်။ ပြိုင်ပွဲ၏နောက်ဆုံးပွဲစဉ်ဖြစ်သော စောဂပရေမှူး (T&T)နှင့် ဒေါနအောင်(ဝါဆို) ပွဲစဉ်မှာအကောင်းဆုံးပွဲတစ်ပွဲဖြစ်ခဲ့ပြီး ငါးချီမြောက်တွင် ဒေါနအောင်က အလဲထိုးအနိုင်ယူသွားခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်နေ့တွင် မိုးလုံလေလုံအားကစားရုံကြီး၌ဆက်လက်ကျင်းပသွားခဲ့ရာပထမနေ့ပွဲစဉ်များအတိုင်း ကြားပွဲ ရိုးရိုးသုံးချီ စိန်ခေါ်ပွဲသုံးပွဲ၊ ကြားပွဲ အထူးသုံးချီ စိန်ခေါ်ပွဲနှစ်ပွဲ၊ အထူးလေးချီစိန်ခေါ်ပွဲနှစ်ပွဲနှင့် အထူး ငါးချီစိန်ခေါ်ပွဲသုံးပွဲ စုစုပေါင်း ၁၀ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

နောက်ဆုံး ငါးချီအထူးစိန်ခေါ်ပွဲတွင်ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)နှင့် ဉာဏ်လင်းအောင် (နတ်ရွာ)တို့၏ပွဲစဉ်မှာ အနိုင်အရှုံးမရှိပူးတွဲသရေရလဒ်ဖြင့်ပြီးဆုံးခဲ့သော်လည်း ငါးချီလုံးအကြိတ်အနယ်ရှိခဲ့သည်။ ဒုတိယပွဲစဉ်တွင် မုန်တိုင်း(အဖြူရောင်သွေးသစ်)ကစလုကာ(မြောင်းမြ)အား ဒုတိယအချီ ၂ မိနစ် ၃ စက္ကန့်တွင်အလဲထိုးအနိုင်ယူသွားခဲ့သည်။ ဒုတိယနေ့နောက်ဆုံးပွဲစဉ်နှင့်အဓိကပွဲစဉ်ဖြစ်သော လုံးချော(ညောင်တုန်း)နှင့် မြနန်းတော် (ဘိလပ်မြေစက်ရုံ)တို့၏ပွဲစဉ်မှာ အတွေ့အကြုံရှိ လက်ဝှေ့သမားများပီပီတစ်ဦးကိုတစ်ဦးလွယ်လွယ်ဖြင့် အရှုံးမပေးရအောင်ထိန်းထိန်းသိမ်းသိမ်းထိုးသတ်သွားခဲ့သောကြောင့်ပူးတွဲသရေရလဒ်ဖြင့်သာပြီးဆုံးသွားခဲ့သည်။



## လမ်းပတ်အားခေါ်ယူမည်ဆိုသည့်သတင်းနှင့် အပြောင်းအရွှေ့ကာလတွင် လူသစ်ခေါ်မည့် သတင်းများကို ဖာဂူဆန် ပယ်ချ

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် ချယ်လ်ဆီးကွင်းလယ်လူလမ်းပတ်အား အံ့အားသင့်ဖွယ်ခေါ်ယူရန်စီစဉ်နေသည်ဆိုသည့်သတင်းများကိုငြင်းဆန်ပယ်ချခဲ့ကြောင်းသိရှိရသည်။

ဖာဂူဆန်သည် လက်ရှိအချိန်တွင်အားနည်းနေသည့် ကွင်းလယ်ဗဟိုနေရာကိုအားဖြည့်ရန်အတွက် ပြိုင်ဘက်ချယ်လ်ဆီးအသင်းမှ ကွင်းလယ်လူလမ်းပတ်အားခေါ်ယူရန်စီစဉ်နေသည်ဆိုသည့်သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် ဖာဂူဆန်ကယခုကဲ့သို့ငြင်းဆန်ပယ်ချခဲ့ခြင်းဖြစ်သည်။ လမ်းပတ်မှာ လက်ရှိဘောလုံးရာသီတွင်ချယ်လ်ဆီးအသင်း၌ပုံမှန်ကစားခွင့်ရရှိတော့ခြင်းမရှိသလို နည်းပြဘိုအက်ရ်နှင့်လည်းဆက်ဆံရေးပြေလည်ခြင်းမရှိကြောင်းသိရှိရသည်။ လမ်းပတ်သည်ပြီးခဲ့သည့်တနင်္လာနေ့ကဝုလ်ဗ်အသင်းနှင့်ယှဉ်ပြိုင်ခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သော်လည်း နည်းပြဘိုအက်ရ်၏အသိအမှတ်ပြုခြင်းကို မခံခဲ့ရချေ။ထို့ကြောင့်အင်္ဂလန်မီဒီယာများက ချယ်လ်ဆီးအသင်းနှင့် လမ်းပတ်တို့လမ်းခွဲဖွယ်ရှိကြောင်းရေးသားခဲ့ကြပြီးနောက် ယခုကဲ့သို့သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနည်းပြ ဖာဂူဆန်မှာလည်း လမ်းပတ်၏ကစားပုံအားနှစ်ခြိုက်သူတစ်ဦးဖြစ်ပြီး လက်ရှိအချိန်တွင်ဒဏ်ရာပြဿနာများကြုံတွေ့နေရပြီး အဓိကကစားသမားအများစုအနားယူနေရသည့်ကွင်းလယ်နေရာကို ရေတိုကုစားရန်အတွက်၎င်းအားခေါ်ယူလိုနေခြင်းဖြစ်ကြောင်း အင်္ဂလန်မီဒီယာများကဖော်ပြခဲ့ကြသည်။

သို့ရာတွင်ဖာဂူဆန်က ယင်းသတင်းများကိုငြင်းဆန်ခဲ့ပြီးချယ်လ်ဆီးကဲ့သို့ပရီးမီးယားလိဂ်ချန်ပီယံဆုအတွက်ပြိုင်ဘက်အသင်းထံမှ အဓိကကစားသမားတစ်ဦးကိုမည်သည့်နည်းနှင့်မျှခေါ်ယူနိုင်မည်မဟုတ်ဟုငြင်းဆန်ခဲ့ခြင်းဖြစ်သည်။ ဖာဂူဆန်က“ချယ်လ်ဆီးအသင်းဟာ ကျွန်တော်တို့အသင်းလိုပါပဲ။ ချန်ပီယံဆုဖလားတွေအတွက်ယှဉ်ပြိုင်မယ့်အသင်းပါ။ ဒီတော့သူတို့ရဲ့အကောင်းဆုံးကစားသမားတွေကိုရောင်းချမယ်လို့ကျွန်တော်မထင်ပါဘူး”ဟုဆိုခဲ့ခြင်းဖြစ်သည်။ ထို့အပြင်ဖာဂူဆန်သည် ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမည်ဆိုသည့်သတင်းများကိုလည်းပယ်ချခဲ့ကြောင်းသိရှိရသည်။





## ၂၀၁၂ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ စတင်ကျင်းပ ပွဲဦးထွက်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းတို့ အနိုင်ရရှိ




၂၀၁၂ ခုနှစ်မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲကို ဇန်နဝါရီလ ၇ ရက်နေ့ကစတင်ကျင်းပခဲ့ရာပွဲဦးထွက်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယမန်နှစ်ဒုတိယဆုရ ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲအသီးသီးရရှိသွားခဲ့ကြကြောင်း သိရသည်။

၂၀၁၂ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧယျာဝတီ... ဧယျာရွှေမြေအသင်းတို့သည် ရန်ကုန်ယူနိုက်တက်အသင်း၏ အိမ်ကွင်းဖြစ်သော YUSCကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက (၁-၀) ဂိုးဖြင့် အနိုင်ရရှိသွားခဲ့ပြီး ပွဲဦးထွက် (၃) မှတ် စတင်ရရှိသွားခဲ့သည်။ယနေ့ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းမှ အသစ်ခေါ်ယူထားသော နိုင်ငံခြားသားကစားသမား သုံးဦးစလုံးနှင့် ခင်မောင်လွင်၊ ကြည်လင်း၊ ဒေးဗစ်တန်၊ အောင်သိုက်၊ ရန်အောင်ကျော်စသည့်အမာခံကစားသမားများကို ပွဲထုတ်ခဲ့ပြီး ဧယျာရွှေမြေအသင်းမှလည်းအသစ်ခေါ်ယူထားသော နိုင်ငံခြားသားကစားသမားသုံးဦးနှင့်အတူ ကျော်ကိုကို၊ ဇော်လင်းထွန်းစသည့် အမာခံကစားသမားများကို ပွဲထုတ်ခဲ့သည်။

နှစ်သင်းစလုံး အနိုင်ရရှိရန်အတွက်အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှ ပိုမို ထိုးဖောက်ကစားနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုပထမပိုင်း မိနစ် ၄၀ တွင် နောက်ခံလူ အောင်သိုက်က ဖရီးကစ်မှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်ကစားခဲ့ပြီး ပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။

ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော အသင်းသစ် မောရဝတီအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့၏ပွဲစဉ်တွင်ရောဝတီယူနိုက်တက်အသင်းက (၃-၀) ဂိုးဖြင့် ပွဲဦးထွက်ဂိုးပြတ်အနိုင်ရရှိကာသုံးမှတ်ရယူနိုင်ခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် ယနေ့ပွဲတွင်အဓိကကစားသမားအချို့ကို အနားပေးခဲ့ပြီး ဂိုးသမားသီဟစည်သူနေရာတွင် ပြည့်ဖြိုးဦးနှင့် အစားထိုးခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ဂျူပီတာ၊ မင်းမင်းသူနှင့် နိုင်နိုင်လင်းတို့က သွင်းယူခဲ့သည်။ ရောဝတီယူနိုက်တက်အသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင်ရန်ကုန်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## အာဆင်နယ်တွင်ပြန်ကစားခွင့်ရခြင်းကို မယုံကြည်မိဟု အွန်နရီ ဝန်ခံ

အာဆင်နယ်အသင်းသို့ နှစ်လအငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သည့် အသင်း၏ဂန္ထဝင်တိုက်စစ်မှူးဟောင်း အွန်နရီက အာဆင်နယ်အသင်းတွင်ပြန်လည်ကစားခွင့်ရရှိခဲ့ခြင်းကိုမယုံကြည်နိုင်အောင်ခံစားရကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အာဆင်နယ်အသင်းသည် ယခုဇန်နဝါရီလအတွင်းကျင်းပမည့် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအတွက် အသင်းမှ တိုက်စစ်မှူးနှစ်ဦးဖြစ်သည့် ဂျာဗင်ဟို (အိုင်ဗရီကို့စ်) နှင့် ချာမက် (မော်ရိုကို) တို့ကိုစေလွှတ်ရမည်ဖြစ်ရာ အားနည်းသွားမည့်ရှေ့တန်းကိုအားဖြည့်ရန်အတွက် အွန်နရီကိုအငှားဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မေဂျာလိဂ်ကလပ်နယူးယောက်ရက်ဒ်ဘူးလ်အသင်းတိုက်စစ်မှူး အွန်နရီမှာလည်းမေဂျာလိဂ်ပြိုင်ပွဲရပ်နားထားချိန်တွင် အာဆင်နယ်အသင်း၌လာရောက်လေ့ကျင့်ခန်းဆင်းနေသူဖြစ်ပြီး ၎င်းက“အာဆင်နယ်အသင်းကိုပြန်လာပြီးလေ့ကျင့်ခန်းဆင်းခွင့်ရတာနဲ့တင်ကျွန်တော်ကျေနပ်နေတာပါ။ အခုလိုအသင်းရဲ့ဝတ်စုံကိုပါ ပြန်လည်ဝတ်ဆင်ပြီးကစားခွင့်ရတော့မယ်ဆိုတာကိုအခုထိမယုံကြည်နိုင်သေးပါဘူး။ ဒါဟာကျွန်တော့်အတွက် အလွန်ဂုဏ်ယူစရာကောင်းတဲ့ချီးမြှောက်မှုတစ်ခုပါပဲ”ဟုပြောကြားခဲ့သည်။

သို့သော်လည်းအွန်နရီက မိမိမှာအသင်းအားအတတ်နိုင်ဆုံးအကူအညီပေးရန်လာရောက်ခြင်းဖြစ်ကြောင်းနှင့် ပွဲထွက်ကစားခွင့်ရရန်ထက် အရန်ကစားသမားအဖြစ်ကစားခွင့်ရရန်ကပိုများကြောင်းလည်းဆိုခဲ့သည်။



Weekly ELEVEN NEWS
No. 13 Vol. 7 December 28 Wednesday 2011
Supplement ကျပ်

## အသိပေးကြေညာခြင်း

**Eleven Media Group** သည် **"Truth, nothing but the truth"** အမှန်တရားမှလွဲ၍ မှန်သည့်အရာဘာမှမရှိဟူသော ခိုင်မာသည့်မူဝါဒဖြင့် မီဒီယာသက်တမ်း ၁၂ နှစ်တာကာလကို ဖြတ်သန်းခဲ့သည်ကို အစိုးရ၊ အတိုက်အခံနှင့်အများပြည်သူအားလုံးသိရှိပြီးဖြစ်ပါသည်။ **Eleven Media Group** ၏ နိုင်ငံနှင့်တိုင်းရင်းသားလူမျိုးများအပေါ်ထားရှိသော စေတနာ၊ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒတို့ဖြင့် လုပ်ဆောင်ခဲ့သည်များကို မျက်ကွယ်ပြုကာ နိုင်ငံ၏အပြောင်းအလဲတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသော သတင်းမီဒီယာစတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို လက်သင့်မခံနိုင်သော သဘောထားသေးသိမ်သူအချို့သည် **Eleven Media Group** နှင့် ဦးဆောင်ပုဂ္ဂိုလ် ဒေါက်တာသန်းထွဋ်အောင်တို့အား ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်မှုများ၊ အကျိုးစီးပွားပျက်စီးအောင် ပြုလုပ်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပါသည်။ အဆိုပါ မသမာသောစိတ်ဓာတ်နိမ့်ကျသူအချို့တို့သည် မကြာသေးမီက သတင်းတစ်ပုဒ်လုပ်ကြံဖန်တီးရေးသားကာ **Yangon Chronicle, transparencymyanmar2010.blogspot.com, www.thithtoolwin.com** တို့မှတစ်ဆင့် "ဒေါ်အောင်ဆန်းစုကြည်၏ အားနည်းချက်များကို စောင့်ကြည့်ရန် ဒေါက်တာ သန်းထွဋ်အောင် ညွှန်ကြား"ဟူသော အခြေအမြစ်မရှိသည့် သတင်းအမှားတစ်ခုအား ရေးသားဝါဒဖြန့်ချိခဲ့ကြသည်။ **Eleven Media Group** အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ရေးသားရန် လုပ်ဆောင်ခဲ့ခြင်းမရှိသလို ယင်းတို့မှာ **Eleven Media Group** ၏ မူဝါဒမဟုတ်ကြောင်း စာဖတ်ပရိသတ်များ သိရှိပြီးဖြစ်ပါသည်။

**Eleven Media Group** ၏ "၂၀၁၁ ထင်ရှားကျော်ကြားကဏ္ဍ"တွင်ပါဝင်သော **"Person of the Year"** သည် သမ္မတဦးသိန်းစိန်အပေါ် **Eleven Media Group** ၏ ရပ်တည်မှုအမြင်ဖြစ်သလို "အမျိုးသားပြန်လည်သင့်မြတ်ရေး၊ **NLD** ပါတီ မှတ်ပုံတင်ခြင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏အခန်းကဏ္ဍ"သည်လည်း ဒေါ်အောင်ဆန်းစုကြည်အပေါ် **Eleven Media Group** ၏ ရပ်တည်ချက်ဖြစ်ပါသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်ချက်များနှင့် ဒေါ်အောင်ဆန်းစုကြည်၏ လုပ်ဆောင်ချက်များအပေါ်၌ **Eleven Media Group** အနေဖြင့် ပုဂ္ဂိုလ်ရေးဝေဖန်တိုက်ခိုက်ရန်အကြောင်းမရှိပါ။ အမြင်သဘောထားကွဲလွဲရန်လည်း အကြောင်းမရှိပါ။ သို့ရာတွင် လွတ်လပ်သော သတင်းမီဒီယာတစ်ခုအနေဖြင့် လုပ်ဆောင်ချက်အကောင်းအဆိုးများ အပေါ်၌ ဝေဖန်ရေးသားပိုင်ခွင့်ရှိသည်ကိုမူ မမေ့လျော့စေလိုပါ။ ထို့ကြောင့် **Eleven Media Group** နှင့် ဦးဆောင်ပုဂ္ဂိုလ် ဒေါက်တာသန်းထွဋ်အောင်တို့အပေါ် အခြေအမြစ်မရှိသောပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုအများ ပြည်သူထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံဖန်တီးရေးသားဖော်ပြသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကိုဥပဒေများအရ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းအပ်ပါသည်။

## လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမျိုးသားအဆင့်လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်ဖွဲ့စည်း

နိုင်ငံတော်၏ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ နိုင်ငံတကာတွင်ရှိသော လူဦးရေဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့်လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် (National Commission on Population and Development) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကော်မရှင်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ပါဝင်ပြီး ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများကအဖွဲ့ဝင်များအဖြစ် ပါဝင်ဖွဲ့စည်းထားကြောင်းသိရသည်။

အမျိုးသားအဆင့်လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်၏လုပ်ငန်းတာဝန်များထဲတွင် လူဦးရေဆိုင်ရာမူဝါဒ (Population Policy) ကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီရေးဆွဲချမှတ်အကောင် အထည်ဖော်ဆောင်ရွက်ရန်၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများရေးဆွဲ ရေးအဆိုပြုတင်ပြရန်၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုး တက်ရေးဆိုင်ရာနှစ်တိုနှစ်ရှည် မြေပြင်လက်တွေ့လုပ်ငန်းစဉ်များဆောင်ရွက်ခြင်း၊ စာရင်းအင်းများကိုဆန်းစစ်လေ့လာခြင်းနှင့် ပြုစုထုတ်ပြန်ခြင်း၊ လူဦးရေသန်းခေါင်စာရင်းနှင့် လူဦးရေစစ်တမ်းများကောက်ယူခြင်းလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ရန်နှင့် ကြီးကြပ်အကြံပြုရန်စသည့်အချက်များပါဝင်ကြောင်း သိရသည်။

အမျိုးသားအဆင့်လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

## ၂၀၁၁ ခုနှစ်အတွင်း မထသ (ဗဟို)အောက်ရှိ ယာဉ်လိုင်းများမှ ထုတ်ပယ်ခဲ့သည့် ယာဉ်လုပ်သား ၂၃၃ ဦး ရှိခဲ့

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း မထသ(ဗဟို)စီမံမှုအောက်ရှိ ခရီးသည်တင်ယာဉ်လိုင်းများမှသတ်မှတ်စည်းကမ်းလိုက်နာမှုမရှိ၍ ထုတ်ပယ်ခဲ့သည့်ယာဉ်လုပ်သား ၂၃၃ ဦးရှိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါထုတ်ပယ်ခဲ့သည့် ယာဉ်လုပ်သားများတွင်အများစုမှာ ခရီးသည်တိုင်ကြားမှုများဖြစ်သည့် ခရီးသည်များအားမချေမငံဆက်ဆံခြင်း၊ ယာဉ်ကိုအန္တရာယ်ဖြစ်အောင် မဆင်မခြင်မောင်းနှင်ခြင်း၊ ခရီးသည်ဆွဲတင်ဆွဲချတို့ဖြစ်ကြပြီး ယာဉ်တိုက်မှုဖြစ်ပွားပြီး ထွက်ပြေးသည့်သူများပါပါဝင်ကြောင်းသိရသည်။

၂၀၁၁ခုနှစ်အတွင်း လအလိုက်ထုတ်ပယ်ခဲ့မှုတွင် ဇန်နဝါရီလက ၂၁ ဦး၊ ဖေဖော်ဝါရီလက ၁၁ ဦး၊ မတ်လက ၁၇ ဦး၊ ဧပြီလက ၂၂ ဦး၊ မေလက ၃၀ဦး၊ ဇွန်လက ၂၂ ဦး၊ ဇူလိုင်လက ၁၈ ဦး၊ ဩဂုတ်လက ၁၉ ဦး၊ စက်တင်ဘာလက၂၄ ဦး၊ အောက်တိုဘာလက ၂၃ ဦး၊နိုဝင်ဘာလက ခုနစ်ဦးနှင့် ဒီဇင်ဘာလက၂၃ဦးရှိခဲ့သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သတ်မှတ်ထားမှုအရယာဉ်တိုက်မှုဖြစ်ပွားပြီးထွက်ပြေးခြင်း၊ခရီးသည်အား ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ယာဉ်တိုက်မှုဖြစ်လျှင်ဒဏ်ရာရသူများအားမကူညီခြင်း၊ တရားမဝင်လိုင်စင်အားအသုံးပြုခြင်း၊ အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးအသုံးပြုခြင်းတို့အား စစ်ဆေးတွေ့ရှိပါကယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အားထုတ်ပယ်သည် အထိအရေးယူလေ့ရှိကြောင်းသိရသည်။

## ၂၀၁၁ ခုနှစ်အတွင်းက တူးဖော်တွေ့ရှိခဲ့သည့် သက်န်းနက်၊ ကျွန်းသစ်ဖြင့် ထွင်းထားသည့် ရှေးဟောင်းလှေတော်နှစ်စင်းအပါအဝင် လှေတော်သုံးစင်းအား နေပြည်တော်ရေပန်းဥယျာဉ်၌ပြသ


နေပြည်တော် ရေပန်းဥယျာဉ်တွင် ပြသထားသော အလျား ၄၀ ပေ၊ ၁၀ လက်မ၊ အနံ ၁ ပေ ၁၀ လက်မအရွယ်ရှိ ရှေးဟောင်းလှေ

၂၀၁၁ ခုနှစ်အတွင်းက နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းမှ တူးဖော်တွေ့ရှိခဲ့သည့် သက်န်းနက် ၊ ကျွန်းသစ်ဖြင့် ထွင်းထားသည့် ရှေးဟောင်းလှေတော်နှစ်စင်းအပါအဝင် စုစုပေါင်း လှေတော်သုံးစင်းအား နေပြည်တော်ရေပန်းဥယျာဉ်တွင် ပြသထားရှိထားကြောင်း သိရသည်။

လှေတော်အလျား ၆၀ ပေ၊ ၉ လက်မ၊အနံ ၃ပေ၂လက်မ၊ လှေတော်လုံးပတ် ၉ ပေ၊ ၉ လက်မရှိ သက်န်းနက်ဖြင့်ထွင်းထားသည့် ရှေးဟောင်းလှေတော်ကို ၂၀၁၁ ခုနှစ်အတွင်းက လယ်ဝေးမြို့နယ်ဆည်ကြီးကျေးရွာအနီးပုလွေးချောင်းအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့ကနောက်ဆုံးတွေ့ရှိခဲ့သည့် ကျွန်းသစ်အမျိုးအစား လှေတော်မှာအလျား ၄၀ ပေ၊ ၁၀ လက်မ၊ အနံ ၁ ပေ ၁၀ လက်မ၊ လှေလုံးပတ် ၅ပေ၁၀လက်မရှိပြီး ဇမ္ဗူသီရိမြို့နယ်၊ ကျောက်စောင်းအိုင်၊ရွာဟောင်းအနီး (ငလိုက်ချောင်းအတွင်း) တွေ့ရှိခဲ့ကြောင်းသိရသည်။

နေပြည်တော်လွှတ်တော်အဆောက်အအုံအနီးငလိုက်ချောင်းနှင့် ချောင်းမကြီးချောင်းဆုံရာ မြေပုံအညွှန်း ဗွီ ၅၄၂၉၈၈၌ ၂၀၀၇ ခုနှစ် မေလ ၂ ရက်နေ့၌ပထမဆုံးတူး ဖော်ရရှိခဲ့သည့်သက်န်းနက်လှေတော်မှာ အလျား ၄၃ ပေ၊ အ နံ ၂ ပေ၆လက်မ၊ လုံးပတ်၁၀ပေရှိကြောင်းသိရသည်။

"၂၀၀၇ ခုနှစ် မေလတုန်းကတော့ သက်န်းနက်လှေတော်ကို ငလိုက်ချောင်းနဲ့ ချောင်းမကြီးချောင်းဆုံတဲ့နေရာမှာတွေ့ရှိခဲ့ပါတယ်။ပြီးခဲ့တဲ့ ၂၀၁၁ခုနှစ်အတွင်းမှာ သက်န်းနက်လှေတော်နဲ့ နိုဝင်ဘာလမှာတော့ အလျား ၄၀ ပေ၊၁၀လက်မ၊အနံ ၁ ပေ ၁၀ လက်မ ရှိတဲ့လှေတော်ကို ထပ်မံတွေ့ရှိခဲ့ပါတယ်။ တွေ့ရှိခဲ့တဲ့ လှေတော်သုံးစင်းလုံးကို ရေပန်းဥယျာဉ်မှာပြထားပါတယ်" ဟု တာဝန်ရှိသူတစ်ဦးကဆိုပါသည်။

၂၀၀၇ ခုနှစ်မေလက တွေ့ရှိခဲ့သော သက်န်းနက်လှေတော်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က ပုဂံမင်း လက်ထက်ပျဉ်းမနားဒေသ၌ စံမြန်းစဉ် အသုံးပြုခဲ့သော လှေတော်ဖြစ်ကြောင်းသမိုင်းအထောက်အထားများအရ သိရသည်။

## ကြည့်မြင်တိုင်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေလွှဲ/ပို့အလုပ်ရုံတစ်ခုမှ ကျပ်သိန်းပေါင်း ၆၆၀၀ ကျော် လိမ်လည်မှုဖြစ်ပွား

ကြည်မြင်တိုင်မြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေလွှဲ/ပို့အလုပ်ရုံတစ်ခုမှ ပြည်ပနိုင်ငံသို့ငွေလွှဲပို့သည့် ငွေကျပ်သိန်းပေါင်း ၆၆၀၀ ကျော်အားလိမ်လည်ခဲ့သည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်မှာ ၂၀၁၁ ခုနှစ်အတွင်းကိုရဲနိုင်(၃၅)နှစ် ဒေါပုံမြို့နယ်နေသူသည် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်ကွမ်းရွဲတန်းလမ်း အမှတ်/၈၂ ရှိ နိုင်ငံခြားငွေလွှဲ/ပို့လုပ်ငန်းသူ ဒေါ်ယဉ်ယဉ်အေး (၄၂) နှစ်၊ ဒေါ်စိုးစိုးသန်း(၄၀)နှစ် (လိပ်စာတူ)နှင့်ဦးပြုံး(၆၀)နှစ် ရွှေကမ္ဘာအိမ်ယာ မင်းဓမ္မလမ်း (၃) ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူတို့သုံးဦး ရုံးခန်းဖွင့်လှစ်လုပ်ကိုင်သည့် နိုင်ငံခြားငွေလွှဲ/ပို့သည့်အလုပ်ရုံးမှ စင်ကာပူနိုင်ငံသို့ ငွေအကြိမ်ကြိမ်လွှဲပို့ခဲ့ရာ ၂၀၁၁ ခုနှစ်ဒီဇင်ဘာလ ၁၅ ရက်နေ့တွင်ငွေကျပ်သိန်း ၁၇၂၀၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ငွေကျပ် ၁၉၈၆၇၅၀၀၀ သိန်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ငွေကျပ် ၂၉၃၀၃၅၀၀၀ သိန်း၊စုစုပေါင်းကျပ် ၆၆၃၇၁၀၀၀၀ သိန်းအား စင်္ကာပူနိုင်ငံရှိ ကိုအောင်မင်းထွန်း(Golden Trade Link Co. Ltd;)၊ အမှတ် ၁၁၁၊ North Bride Road 0815 Peninsula Plaza ထံသို့ငွေလွှဲပို့ပေးရန်ဒေါ်ယဉ်ယဉ်အေးပါသုံးဦးထံသို့ ပေးအပ်ခဲ့ရာ ၎င်းတို့သုံးဦးမှငွေလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့သော်လည်း စင်္ကာပူနိုင်ငံရှိ ကိုအောင်မင်းထွန်းထံသို့ ငွေလွှဲပြောင်းရောက်ရှိခြင်းမရှိသဖြင့် အဆိုပါသုံးဦးထံသို့သွားရောက် စုံစမ်းရာအတွေ့မခံဘဲတိမ်းရှောင်နေကြောင်းသိရသည်။

ယင်းကဲ့သို့အတွေ့မခံဘဲတိမ်းရှောင်နေသည့်၎င်းတို့သုံးဦးအပေါ် အရေးယူပေးရန်တရားလိုပြုတိုင်ကြားမှုအား ကြည့်မြင်တိုင်ရဲစခန်း (ပ)၄/၂၀၁၂၊ ပုဒ်မ–၄၂၀ ဖြင့် ဇန်နဝါရီလ ၂ရက်နေ့တွင်အမှုဖွင့်ပြီး တရားခံများကိုဖမ်းဆီးရမိရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် အမှတ်(၃)သံမဏိစက်ရုံ၌ ဇန်နဝါရီလ ၆ ရက်နေ့တွင် မီးလောင်မှုဖြစ်ပွား



အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း အမှတ်(၃)သံမဏိစက်ရုံ၌ ဇန်နဝါရီလ ၆ ရက်နေ့ ည ၈ နာရီ ၄၅ မိနစ်တွင်မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

မီးလောင်မှုဖြစ်ပွားခဲ့သည့် သံမဏိစက်ရုံမှ ကျောက်စက်ဖြင့် သံများကိုကက်တာဖြတ်ရာမှ မီးပွင့်ပြီး အနီးရှိကူရှင်အဟောင်းများသို့ ကူးစက်ကာမီးလောင်ခဲ့ခြင်းဖြစ်ပြီး ည ၉ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကာ မီးလောင်မှုသို့ မီးသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှု ယာဉ်သုံးစီးလာရောက်ငြိမ်းသတ်ခဲ့ပြီးယင်းမီးလောင်မှုဖြစ်စဉ်အား အင်းစိန်ရဲစခန်း (ပ) ၄၈/၂၀၁၂၊ ပုဒ်မ၂၈၅ဖြင့် အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

## ဒဂုံရွှေအောင်လံချန်ပီယံအဖြစ် စောင်မန်းလေးနှစ်ဆက်ရပ်တည်

၂၀၁၂ ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ဗိုလ်လုပွဲများကိုဇန်နဝါရီလ(၈)ရက်က အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပခဲ့ရာ အလွတ်တန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင် စောင်မန်း(မြန်မာ)က ဒါဗစ်(အာမေးနီးယား)ကိုအနိုင်ယူကာ လေးနှစ်ဆက် ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဇန်နဝါရီလ ၈ ရက်ကကျင်းပသော ပွဲစဉ်များတွင် စုစုပေါင်းပွဲစဉ်ရှစ်ပွဲပါဝင်ခဲ့ပြီး မြန်မာပြည်ချန်ပီယံဟောင်းများဖြစ်သော ရွှေဝါထွန်း(သထုံ)နှင့် ဝမ်ချိုင်း(ဝါဆို)တို့၏ အထူးစိန်ခေပွဲလည်းပါဝင်ခဲ့သည်။ ယင်းစိန်ခေါ်ပွဲတွင်ရွှေဝါထွန်းက ပိုမိုလက်စွမ်းပြနိုင်ခဲ့သော်လည်း ပူးတွဲသရေအဖြစ်သာပြီးဆုံးခဲ့သည်။ ဒုတိယတန်းဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင်ရွှေသိမ်းအောင် (တောင်ကလေး) က သပြေညို(ဘိလပ်မြေစက်ရုံ)ကို လက်ရည်အသာဖြင့်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဒိုင်(၅)ဦး စလုံး၏ အနိုင်ပေးမှုရရှိကာ ဗိုလ်စွဲခဲ့သည်။ အထူးဒဂုံရွှေအောင်လံဗိုလ်လုပွဲအဖြစ် ဝင်းထွန်း(မြန်မာ)နှင့် မာဆွတ်(အီရန်)တို့ယှဉ်ပြိုင်ရာတွင် စတုတ္ထအချီ (၁)မိနစ်၊ (၄)စက္ကန့်၌ မာဆွတ်နှာခေါင်းရိုးကျိုးသွားသောကြောင့်ဆက်လက်ယှဉ်ပြိုင်ခွင့်မရဘဲ ဆေးရှုံးအဖြစ် အရှုံးပေးခဲ့ရသည်။

ပထမတန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင်မူ ရှုရှားလက်ဝှေ့သမား ဆာရီကော့ဗ်က ရန်နိုင်အောင် (မြန်မာ)ကို ပွဲချီတစ်လျှောက်အသာစီးဖြင့်ယှဉ်ပြိုင်ပြီးဗိုလ်စွဲခဲ့သည်။ ဆာရီကော့ဗ်သည် ရန်နိုင်အောင်ထက် အရပ်အမောင်း ပိုမိုမြင့်မားပြီး လက်သီးတွဲလုံးများလည်း ပြင်းထန်အားပါစွာထိုးသတ်နိုင်၍ရန်နိုင်အောင်အထိနာခဲ့သည်။

အလွတ်တန်း ဒဂုံရွှေအောင်လံဗိုလ်လုပွဲတွင် စောင်မန်း(မြန်မာ)နှင့် ဒါဗစ်(အာမေးနီးယား)တို့တစ်ဦးနှင့် တစ်ဦးလက်ရည် မကွာခဲ့ဘဲ အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် စောင်မန်းအနိုင်ရရှိသောကြောင့် (၄)ကြိမ်ဆက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ဒါဗစ် သည် စောင်မန်းထက် အလုံးအထည်ပိုမိုကြီးပြီး ခွန်အားလည်းသာကာစောင်မန်းကို မကြာခဏဖမ်းချုပ်ကိုင်ပေါက်နိုင်ခဲ့သည်။ ထို့အပြင်ဒါဗစ်၏ညာဝိုက်လက်သီးကြောင့် စောင်မန်းဘယ်မျက်လုံး ပိတ်လုနီးပါးဖြစ်ခဲ့ပြီးနောက်အချီများတွင်ပါးပါးနပ်နပ်ဖြင့်ထိန်းနိုင်ခဲ့၍ အမှတ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်သည်။



### အင်္ဂလိပ်အေတတိယအဆင့်ပွဲစဉ်များ

| | | |
|---|---|---|
| လီဗာပူးလ် | ၅-၁ | အိုးလ်ဟမ်း |
| ဘန်စလေ | ၂-၄ | ဆွမ်ဆီး |
| အဲဗာတန် | ၂-၀ | တမ်ဝေါ့သ် |
| ဖူလ်ဟမ် | ၄-၀ | ချာလ်တန် |
| ဂီလင်ဟမ် | ၁-၃ | စတုတ်စီးတီး |
| နယူးကာဆယ် | ၂-၁ | ဘလက်ဘန်း |
| နော့ဝစ်ချ် | ၄-၁ | ဘန်လေ |
| ဆွင်ဒန်တောင်း | ၂-၁ | ဝီဂန် |
| စပါး | ၃-၀ | ချယ်လ်တင်ဟမ် |
| ဝက်စ်ဘရွန်း | ၄-၂ | ကာဒစ်ဖ် |
| ဘရစ္စတိုးလ်ရိုဗာ | ၁-၃ | ဗီလာ |
| ချယ်လ်ဆီး | ၄-၀ | ပို့စ်မောက် |
| မန်စီးတီး | ၂-၃ | မန်ယူ |
| ပီတာဘာရော့ | ၀-၂ | ဆန်းဒါးလန်း |

### စီးရီးအေပွဲစဉ်(၁၇)

| | | |
|---|---|---|
| ဆီနာ | ၄-၀ | လာဇီယို |
| အင်တာ | ၅-၀ | ပါးမား |
| အူဒီးနီးစ် | ၄-၁ | ဆီစီနာ |
| ရိုးမား | ၂-၀ | ချီယေဗို |
| အတ္တလန်တာ | ၀-၂ | အေစီမီလန် |
| ဘိုလော့နာ | ၂-၀ | ကာတားနီးယား |
| ကာဂလီယာရီ | ၃-၀ | ဂျီနိုအာ |
| လက်ချီ | ၀-၁ | ဂျူဗင်တပ် |
| နိုဗာရာ | ၀-၃ | ဖီအိုရင်တီးနား |
| ပါလာမို | - | နာပိုလီ |

### လာလီဂါပွဲစဉ်(၁၈)

| | | |
|---|---|---|
| ရေဆင်း | ၁-၀ | ဇာရာဂိုဇာ |
| ဆိုဆီဒက် | ၀-၀ | အိုဆာဆူနာ |
| လီဗန်တေး | ၀-၀ | မာယော့ကာ |
| မာလာဂါ | ၀-၀ | အက်သလက်တီကို |
| ရီးရဲလ် | ၅-၁ | ဂရန်နာဒါ |
| ဗယ်လက်ကာနို | ၂-၁ | ဆီဗီလာ |
| ဗီလာရီးရဲလ် | ၂-၂ | ဗလင်စီယာ |
| ဘက်တစ် | ၂-၀ | ဂီဂျွန် |

## ဇန်နဝါရီလ ၆ ရက်နေ့က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမပေါ်တွင် ကားသုံးစီးဆင့်တိုက်မှုဖြစ်ပွား



၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ဝန်းကျင်အချိန်က ဗဟန်းမြို့နယ် ဗံဒါပင်မှတ်တိုင်အနီး ရွှေဂုံတိုင်လမ်းမပေါ်တွင် ကားသုံးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရွှေဂုံတိုင်ဘက်မှ တာမွေအဝိုင်းဘက်သို့ ရွှေဂုံတိုင်လမ်းမအတိုင်းမောင်းနှင်လာသော ၁၆၇ (အစိမ်း)ယာဉ်လိုင်းမှ ဟိုင်းလတ်တစ်စီးမှာ ဗံဒါပင်မှတ်အနီးတွင်ဖြတ်ကွေ့သော ပါဂျဲရိုးကိုတိုက်မိပြီး အဆိုပါလမ်းကြောင်းအတိုင်းမောင်းနှင်လာသောဂျစ်ကားတစ်စီးနှင့်ပါ ထပ်မံတိုက်မိပြီး ကားသုံးစီးဆင့်တိုက်မိခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ဟိုင်းလတ်ကားပေါ်လိုက်ပါလာသော ခရီးသည် ၁၀ ဦးအနက်ကျား‌နှစ်ဦး၊ မခြောက်ဦးပေါင်းရှစ်ဦးမှာ ဒဏ်ရရှိပြီးရန်ကုန်ပြည်သူဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

## ကိုရီးယားနိုင်ငံထုတ်ခရီးသည်တင်ယာဉ်အသစ်များ ဖေဖော်ဝါရီလအတွင်းရောက်ရှိမည်

ဘဏ်နှင့်ချိတ်ဆက်၍ အကြွေးစနစ်ဖြင့်ဝယ်ယူမည့် ကိုရီးယားနိုင်ငံထုတ်၂၀၀၀–၂၀၀၁ မော်ဒယ်ခရီးသည်တင်ယာဉ် အသစ်များ ဖေဖော်ဝါရီလအတွင်းရောက်ရှိမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှသိရှိရသည်။

ဘဏ်နှင့်ချိတ်ဆက်ကာ ခရီးသည်တင်ယာဉ်များကိုအကြွေးစနစ်ဖြင့်ဝယ်ယူရန်စီစဉ်မှုတွင် ဧရာဝတီဘဏ်နှင့်ချိတ်ဆက်ကာဆောင်ရွက်ခြင်းဖြစ်ပြီးသက်တမ်းကြာမြင့်ယာဉ်များအားပယ်ဖျက်ရေးနှင့် အစားထိုးယာဉ်တင်သွင်းရေးစီမံချက်အရ မထသလက်အောက်ရှိ နှစ်၄၀ကျော်သက်တမ်းရှိသောယာဉ် ၃၈၂စီးက သက်ဆိုင်ရာဌာနသို့အပ်စေ၍ယာဉ်အသစ်များဖြင့်အစားထိုးယာဉ်ဖြည့်သွင်းနိုင်ရန်စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ယာဉ်အသစ်များကို အကြွေးစနစ်ဖြင့်ဝယ်ယူရန်ယာဉ်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအားမထသသို့ စိတ်ဝင်စားကြေးပေးသွင်းထားသူ ၅၃ ဦးရှိနေကာပထမဆုံးအသုတ်အဖြစ် ဖေဖော်ဝါရီလအတွင်း ယာဉ်စီးရေ ၃၀ စတင်ရောက်ရှိမည်ဖြစ်သည်။

## သုံးလကြာသောင်တင်နေသော နယူးဇီလန်ကုန်သင်္ဘော မုန်တိုင်းကြောင့် နှစ်ပိုင်းကျိုး



Photo:AFP

နယူးဇီလန်ရှိ North Island ကမ်းခြေအပန်းဖြေစခန်း Tauranga အလွန်ရှိ Astrolabe သန္တာကျောက်တန်းကိုတိုက်မိပြီး အောက်တိုဘာလ ၅ ရက်မှစပြီး သောင်တင်နေခဲ့သော ကုန်တင်သင်္ဘောရီနာသည် ဇန်နဝါရီလ ၈ ရက်က မုန်တိုင်းတိုက်ခတ်မှုအတွင်းနှစ်ပိုင်းကျိုးသွားခဲ့ကြောင်း သိရသည်။

ခုနစ်မီတာခန့်မြင့်သော လှိုင်းလုံးများ၏ ရိုက်ခတ်မှုခံရပြီးနောက် နှစ်ပိုင်းကွဲသွားသော ရီနာသင်္ဘောအပိုင်းအစနှစ်ခုသည် မီတာ ၂၀ မှ ၃၀ အထိခွဲထွက်သွားခဲ့ကြောင်းသိရသည်။ ရီနာကုန်တင်သင်္ဘောသောင်တင်နေချိန်တွင် ရေနံတန်ချိန် ၃၅၀ ခန့်သည်ပင်လယ်ထဲသို့ဖိတ်စင်ခဲ့ပြီး အနည်းဆုံးငှက်ကောင်ရေ ၁၃၀၀ ခန့် သေဆုံးခဲ့သည်။ ယင်းသင်္ဘောပေါ်မှ ရေနံတန်ချိန် ၁၀၀၀ ခန့်ကို စုပ်ထုတ်ယူပြီး ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သော်လည်း သင်္ဘောပေါ်တွင် အများအပြားကျန်နေသေးကြောင်း သိရသည်။

ယင်းကဲ့သို့ ရေနံများယိုဖိတ်မှုကြောင့်နယူးဇီလန်တွင်အဆိုးရွားဆုံး ရေထုညစ်ညမ်းမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး မပျက်မစီးရှိနေသေးသော ကမ်းခြေများအထိ ပျံ့နှံ့ခဲ့သောကြောင့် ညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့သည်။

ယင်းသင်္ဘောပေါ်မှ ကုန်သေတ္တာများကိုလည်း ရွှေ့ပြောင်းပေးခဲ့ပြီးမုန်တိုင်းမတိုက်ခတ်မီသင်္ဘောပေါ်တွင် ကုန်သေတ္တာအလုံး ၈၈၀ လုံးကျန်ရှိနေသေးကြောင်း သိရသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ကုန်သေတ္တာအလုံး ၃၀ ခန့်မှာ ရေစီးထဲမျောပါခဲ့ပြီး ပြန်လည်ရရှိဖွယ်မရှိကြောင်း၊ မုန်တိုင်းမှာ သုံးရက်ကြာသည်အထိအားလျော့ဖွယ်မရှိကြောင်း နယူးဇီလန်အဏ္ဏဝါဗေဒထိန်းသိမ်းရေး MNZ မှ အပျက်အစီးများစီမံခန့်ခွဲရေးမန်နေဂျာဒေးဗစ်ဘီလင်တန်က ပြောကြားခဲ့သည်။

ယင်းသင်္ဘောမှ ဖိလစ်ပိုင်နိုင်ငံသားကပ္ပတိန်နှင့်တာဝန်ရှိသူတစ်ဦးတို့ကို မလိုလားအပ်သော ဘေးအန္တရာယ်ဖြစ်ပေါ်စေမှုအပါအဝင် စွဲချက်မျိုးစုံဖြင့် စွဲဆိုထားပြီး ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ခံထားရမှု ပြစ်ဒဏ်ကို ၎င်းတို့က ပြင်ဆင်နိုင်ရန် ကြိုးပမ်းခဲ့သည်ဟု စွဲချက်များလည်း ရင်ဆိုင်နေရသည်။ ၎င်းတို့နှစ်ဦးကိုရန်ပြုမှုရှိလာမည်စိုး၍ လျှို့ဝှက်တစ်နေရာတွင် ထိန်းသိမ်းထားကြောင်း သိရှိရသည်။

Ref:AFP

## လစ်ဗျားကိုကူညီမည်ဟု ဆူဒန်သမ္မတကမ်းလှမ်း

အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုတရားရုံး (ICC)က အလိုရှိနေသော ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှားသည် ကဒါဖီခေတ်အလွန် လစ်ဗျားနိုင်ငံသို့ ဇန်နဝါရီလ ၇ ရက်က သွားရောက်ခဲ့ရာ လူ့အခွင့်အရေးလှုပ်ရှားသည့်အဖွဲ့များအတွက် ဒေါသထွက်စရာဖြစ်ခဲ့သည်။

လစ်ဗျားရှိ တော်လှန်ရေးအဖွဲ့များ လက်နက်ရုပ်သိမ်းရေးကိစ္စများတွင် ကူညီပေးမည်ဟု ဘာရှားက ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ လစ်ဗျားအာဏာရှင်မွမ်မာကဒါဖီသေဆုံးခြင်းမှာ ဆူဒန်ပြည်သူများအတွက် လက်ဆောင်တစ်ခုရလိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဆူဒန်ရှိ ဒါဖာဒေသတွင် လူအစုလိုက်သတ်ဖြတ်မှုစွဲချက်များဖြင့် အိုင်စီစီက အလိုရှိနေသော ဘာရှား၏ခရီးစဉ်ကိုခွင့်ပြုခဲ့သည့်အတွက် လစ်ဗျားအစိုးရသစ်၏ လူ့အခွင့်အရေးနှင့်ဥပဒေလိုက်နာမှုအပေါ် စိန်ခေါ်မှုဖြစ်စေကြောင်း လူ့အခွင့်အရေးလှုပ်ရှားသောအဖွဲ့များက ပြောကြားခဲ့သည်။

လစ်ဗျားအစိုးရသစ်သည် ကဒါဖီအစိုးရကိုတိုက်ခိုက်ခဲ့သော တော်လှန်ရေးသမားတို့ထံမှ လက်နက်များသိမ်းဆည်းရေးလုပ်ဆောင်ရာတွင် အခက်အခဲများကြုံနေရသည်။ မိမိတို့သည် ယင်းကဲ့သို့လက်နက်များသိမ်းဆည်း၍ စစ်တပ်နှင့်ရဲတပ်ဖွဲ့ထဲ ထည့်သွင်းရေးလုပ်ငန်းများတွင် အတွေ့အကြုံကောင်းများရရှိထားကြောင်း ဘာရှားက လစ်ဗျားအသွင်ကူးပြောင်းရေးကောင်စီဥက္ကဋ္ဌမူစတာဖာအဘ်ဒူလ်ဂျာလီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ပြောကြားခဲ့သည်။

ကဒါဖီအစိုးရလက်ထက်တွင် ဒါဖာရှိ သူပုန်များကို ကဒါဖီအစိုးရကထောက်ပံ့ခဲ့သည်ဟုစွပ်စွဲခဲ့သဖြင့် နှစ်နိုင်ငံဆက်ဆံရေးဆိုးရွားခဲ့သည်။

Ref:BBC

## ပြည့်တန်ဆာလုပ်ရန်ငြင်းဆန်သဖြင့် နှိပ်စက်ခံရသောအာဖဂန်မိန်းကလေးကို ဆေးရုံတွင်ကုသပေးနေ

ပြည့်တန်ဆာလုပ်ရန် အတင်းအကျပ်ဖိအားပေးမှုကို ငြင်းဆန်သဖြင့် ခင်ပွန်းမိသားစုဝင်များ၏နှိပ်စက်ညှဉ်းပန်းမှုခံရသည့် အသက် ၁၅ နှစ်အရွယ် အာဖဂန်မိန်းကလေးတစ်ဦးကို ဆေးရုံတွင်ကုသပေးနေပြီးအခြေအနေမှာဆိုးရွားနေကြောင်း အကူအညီပေးရေးလုပ်သားများက ပြောကြားခဲ့သည်။

အသက် ၃၀ နှစ်အရွယ်အမျိုးသားတစ်ဦးကို ပြီးခဲ့သောခုနစ်လခန့်က လက်ထပ်ထားရသောSahar Gul အမည်ရ ယင်းဆယ်ကျော်သက်မှာ ခင်ပွန်းမိသားစုဝင်များ၏အိမ်မြေအောက်ထပ်၌ ပိတ်လှောင်ခံထားရကြောင်း၊အစာအငတ်ထားပြီးလက်သည်းခြေသည်းများ ခွာထုတ်ခံရခဲ့ကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ကပြီးခဲ့သောလတွင် သွားရောက်ကယ်တင်ခဲ့ကြောင်း သိရသည်။

Sahar မှာအသက်ရှင်ပြီဖြစ်သော်လည်း တစ်ကိုယ်လုံးမှာ နှိပ်စက်ခံထားရခြင်းကြောင့် လှုပ်ရှားနိုင်ရန်ပင် မတတ်နိုင်ကြောင်း၊ ရိုက်နှက်ခံရမှုကြောင့် တစ်ကိုယ်လုံးတွင် ညိုမဲနေကြောင်း အာဖဂန်အမျိုးသမီးကွန်ရက်မှ Wazhma Frogh က ပြောကြားခဲ့သည်။

နှိပ်စက်ခံရမှုကြောင့် မျက်လုံးများတွင် ဒဏ်ရာများရခဲ့သလို စကားမပြောနိုင်ကြောင်း၊ ဆံပင်များလည်း ဖြတ်ပစ်ခံရကြောင်း၊ စိတ်ပိုင်းဆိုင်ရာဒဏ်ရာဒဏ်ချက်များလည်း ရရှိခဲ့ကြောင်း၊ မည်သူ့မှ ၎င်းကိုလာထိခြင်းကို မခံတော့ကြောင်း Frogh က ပြောကြားခဲ့သည်။

အာဖဂန်မြောက်ပိုင်းရှိ Baghlan ပြည်နယ်မှ ယင်းဆယ်ကျော်သက်မှာ လက်ထပ်ပြီးနောက် လအတော်ကြာပျောက်နေသည်ကို ၎င်း၏မိဘများက တိုင်ကြားရာမှ ရဲတပ်ဖွဲ့က စုံစမ်းကာ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ Sahar ၏ယောက္ခမနှစ်ဦးနှင့် အခြားတစ်ဦးကို ဖမ်းဆီးထားသော်လည်း ၎င်း၏ယောကျ်ားမှာ ဟယ်လ်မန်ပြည်နယ်တွင် စစ်သားလုပ်နေသည်ဟုသိရပြီးမဖမ်းမိသေးကြောင်း သိရသည်။

Ref:CNN



Photo:AFP



## WHAT'S AHEAD

### ဇန်နဝါရီ ၉ (တနင်္လာနေ့)

**ဗင်နီဇွဲလား** - အီရန်သမ္မတအမာဒီနီဂျက်၏ လက်တင်အမေရိက ငါးရက်ကြာခရီးစဉ် ဒုတိယမြောက်နေ့ဖြစ်သည်။

**ပါကစ္စတန်** - စစ်တပ်ကိုထိန်းချုပ်ရန်အတွက် အမေရိကန်ထံမှ အကူအညီတောင်းခဲ့သည်ဆိုသော အငြင်းပွားဖွယ်မှတ်တမ်းတစ်ခုကို တရားရေးကော်မရှင်တစ်ခုက စစ်ဆေးမှုများ စတင်မည်။

### ဇန်နဝါရီ ၁၀ (အင်္ဂါနေ့)

**အီဂျစ်** - လွှတ်တော်ရွေးကောက်ပွဲ နောက်ဆုံးအဆင့် ဒုတိယအကျော့ ပြုလုပ်မည်။

**ကမ္ဘောဒီးယား** - ခမာနီခေါင်းဆောင်ဟောင်းသုံးဦးကို ကုလနောက်ခံပြု စစ်ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးမှုပြန်လည်ပြုလုပ်မည်။

**ကမ္ဘောဒီးယား** - အာဆီယံနိုင်ငံခြားရေးဝန်ကြီးများဆွေးနွေးပွဲ ပြုလုပ်မည်။

### ဇန်နဝါရီ ၁၁ (ဗုဒ္ဓဟူးနေ့)

**ဂရိ** - ကြွေးမြီအကျပ်အတည်းဖြစ်နေသော ဂရိနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ၏ဖိုရမ် ပြုလုပ်မည်။

**ဒိန်းမတ်** - ဥရောပကော်မရှင်အဖွဲ့ဝင်များ သွားရောက်မည်။

**ဘာရိန်း** - ရှီးဟိုက်အကျဉ်းသားနှစ်ဦး နှိပ်စက်ခံရပြီး သေဆုံးမှုနှင့်ပတ်သက်၍ ရဲငါးဦးကို ရုံးတင်စစ်ဆေးမှုစတင်မည်။

### ဇန်နဝါရီ ၁၂ (ကြာသပတေးနေ့)

**ဩစတြီးယား** - OSCE အဖွဲ့အတွက် စီမံကိန်းများကို အိုင်ယာလန်နိုင်ငံခြားရေးဝန်ကြီးက တင်ပြမည်။

### ဇန်နဝါရီ ၁၃ (သောကြာနေ့)

**ဂျော်ဒန်** - ငြိမ်းချမ်းရေးတိုက်ရိုက်ဆွေးနွေးပွဲပြန်လည်စတင်ရန် အစ္စရေး၊ ပါလက်စတိုင်းစေ့စပ်ဆွေးနွေးသူများ၊ လေးပွင့်ဆိုင်အဖွဲ့ဝင်များ၊ ဂျော်ဒန်နိုင်ငံခြားရေးဝန်ကြီးတို့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးမည်။

**ကွန်ဂို** - လွှတ်တော်ရွေးကောက်ပွဲ၏ ပြည်နယ်ဆိုင်ရာရလဒ်များ ထုတ်ပြန်မည်။

### ဇန်နဝါရီ ၁၄ (စနေနေ့)

**ဒိန်းမတ်** - ဒုတိယမြောက်မာဂရက်ဘုရင်မ ထီးနန်းစိုးစံခဲ့သည့် နှစ် ၄၀ ပြည့် အထိမ်းအမှတ်ကျင်းပမည်။

**ထိုင်ဝမ်** - သမ္မတနှင့် ဥပဒေပြုရွေးကောက်ပွဲများကျင်းပမည်။

**တူနီးရှား** - သမ္မတဘင်အလီ ရာထူးမှဖြုတ်ချခံရသည့် တစ်နှစ်ပြည့်နေ့ ဖြစ်သည်။

### ဇန်နဝါရီ ၁၅ (တနင်္ဂနွေနေ့)

**လက်ဘနွန်** - အာရပ်ကမ္ဘာတွင် ဒီမိုကရေစီနည်းကျပြုပြင်ပြောင်းလဲရေးနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ ကုလကွန်ဖရင့်ပြုလုပ်မည်။

**ဆူဒန်** - ရေနံတွင်း ခြောက်ခုတူးဖော်မှု စတင်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာပါဝင်သော လေလံပွဲပြုလုပ်မည်။

# တောင်အာဖရိကသက်တမ်းအရင့်ဆုံး ANC ပါတီ အနှစ် ၁၀၀ ပြည့်အခမ်းအနား ပြုလုပ်


Photo: AFP

တောင်အာဖရိကတွင် လူဖြူလူမည်းခွဲခြားမှုတိုက်ဖျက်ရေးနှင့် လွတ်လပ်ရေးရရှိရေးအတွက် တိုက်ပွဲဝင်ရာတွင် မှတ်တိုင်တစ်ခုဖြစ်ခဲ့သော အာဖရိကအမျိုးသားကွန်ဂရက် ANCပါတီ အနှစ် ၁၀၀ ပြည့်အခမ်းအနားကို ဇန်နဝါရီလ ၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ANCပါတီကို ၁၉၁၂ ခုနှစ်၊ဇန်နဝါရီလ ၈ ရက်တွင် Bloemfontein မြို့တော်၌စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီးယင်းမြို့တွင်ရာပြည့်အခမ်းအနားပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လူထောင်ပေါင်းများစွာသည် ၎င်းတို့ကို လူဖြူလူမည်းခွဲခြားခံရမှုမှလွတ်မြောက်စေခဲ့သော၊ နေစရာအိမ်များ ရရှိစေခဲ့သော ANCပါတီရာပြည့်ပွဲကို ဆင်နွှဲခဲ့ကြသည်။

Bloemfontein မှာ နိုင်ငံ၏ တရားစီရင်ရေးမြို့တော်ဖြစ်သည်။ ကိတ်ပ်တောင်းမှာ ဥပဒေပြုရေးမြို့တော်နှင့် ပရီတိုရီးယားမှာ အုပ်ချုပ်ရေးမြို့တော်ဖြစ်ပြီးမြို့တော်သုံးခုခွဲခြားထားခြင်းဖြစ်သည်။

ANCပါတီလှုပ်ရှားမှုမှာ ၁၉၆၀ ပြည့်နှစ်တွင် ပိတ်ပင်ခံရပြီး နယ်လ်ဆင်မင်ဒဲလားအပါအဝင် အကြီးတန်းခေါင်းဆောင်များမှာ ထောင်ချခံခဲ့ရသည်။ ဆယ်စုနှစ်သုံးခု လွန်သောအခါ အကျပ်အတည်းဖြစ်နေသော အစိုးရသည် မင်ဒဲလားကို ထောင်မှ ပြန်လွှတ်ပေးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်စီစဉ်ခဲ့သည်။ မင်ဒဲလားသည် ၁၉၉၁ ခုနှစ်တွင် ယင်းလှုပ်ရှားမှုကိုဆက်လက်ဦးဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် လူဖြူလူမည်းအားလုံး ပထမဆုံးအကြိမ်မဲပေးခွင့်ရှိသော ရွေးကောက်ပွဲတွင်အနိုင်ရကာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ANCပါတီမှာလည်းယင်းနောက်ပိုင်း ပြုလုပ်ခဲ့သော ရွေးကောက်ပွဲအားလုံးတွင် အနိုင်ရခဲ့သည်။

ANC ပါတီသည် ယင်းကဲ့သို့ လူကြိုက်များခဲ့သော်လည်း ပါတီတွင်း နိုင်ငံရေးဆိုင်ရာပြိုင်ဆိုင်တိုက်ခိုက်မှုများ၊ ပါတီအကြီးတန်းအဖွဲ့ဝင်များအကြား ခြစားမှုဆိုင်ရာစွပ်စွဲချက်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ဝေဖန်မှုများ ခံခဲ့ရသည်။

ဒေါ်လာဘီလျံများစွာ တန်ဖိုးရှိသော လက်နက်များရောင်းဝယ်မှုနှင့် ပတ်သက်၍ လက်ရှိသမ္မတဂျက်ကော့ဇူးမားမှာ စွဲချက်များတင်ခံခဲ့ရပြီး ရှစ်နှစ်အကြာ စုံစမ်းစစ်ဆေးမှုများအပြီးတွင် ၂၀၀၉ ခုနှစ်၌ စွဲချက်များကို ရုပ်သိမ်းခဲ့သည်။ ယင်းစွဲချက်များ ရုပ်သိမ်းပြီး သီတင်းပတ်အနည်းငယ်အကြာတွင် ပြုလုပ်ခဲ့သော သမ္မတရွေးကောက်ပွဲတွင် ဇူးမားအနိုင်ရခဲ့သည်။

ANC ပါတီ အနှစ် ၁၀၀ ပြည့် အခမ်းအနားမှာ ပါတီပုံရိပ်ကျဆင်းနေမှုကို ပြန်လည်အဖတ်ဆယ်ရန် အသုံးချခွင့်ရရှိမည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ANCပါတီအတွင်း တင်းမာမှုများရှိနေသည်ဆိုခြင်းမှာ အမှန်ဖြစ်ကြောင်း၊ ယင်းကိစ္စကို ဖြေရှင်းကြမည်ဖြစ်ကြောင်း ပါတီအဖွဲ့ဝင် Tokyo Sexwaleကပြောကြားခဲ့သည်။ ပါတီသည် ခြစားမှုတိုက်ဖျက်ရေးကို အဓိကဦးစားပေးလုပ်နေသော်လည်း ဒီမိုကရေစီအတွက် တိုက်ပွဲဝင်မှုကို မျက်ခြည်ပြတ်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ပါတီရာပြည့်အခမ်းအနားကို သုံးရက်ကြာပြုလုပ်မည်ဖြစ်ပြီးနိုင်ငံခေါင်းဆောင် ၄၆ ဦးခန့်တက်ရောက်မည်ဟု မျှော်မှန်းထားကြောင်း ပါတီ၏ထုတ်ပြန်ချက်အရ သိရသည်။ ပါတီအဖွဲ့ဝင်ဟောင်းများနှင့် လက်ရှိအဖွဲ့ဝင်များသည် ယင်းအခမ်းအနားသို့တက်ရောက်မည်ဖြစ်သော်လည်း ယင်းပါတီအောင်မြင်မှု၏သင်္ကေတတစ်ခုဖြစ်သော နယ်လ်ဆင်မင်ဒဲလားမှာမူ မတက်ရောက်ခဲ့ပေ။ မင်ဒဲလားသည် ၂၀၁၀ ပြည့်နှစ် တောင်အာဖရိကကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း အများပြည်သူရှေ့သို့ ထွက်ခဲ့ခြင်းမရှိပေ။ အသက် ၉၃ နှစ်ရှိ မင်ဒဲလားသည် ၎င်း၏မွေးရပ်မြေ Qunu မြို့တွင် နေထိုင်လျက်ရှိကြောင်းသိရသည်။

ယင်းပါတီအနှစ် ၁၀၀ ပြည့်မြောက်ခြင်းနှင့်ပတ်သက်၍ ပြည်သူများမှာအလွန်ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း လက်ရှိသမ္မတဇူးမားက ပြောကြားခဲ့သည်။ *Ref:CNN;AFP*

# ပါကစ္စတန်သမ္မတဟောင်းမူရှာရက်ဖ် နိုင်ငံသို့ပြန်လာမည့်အချိန် ကြေညာမည်

ပါကစ္စတန်သမ္မတဟောင်းပါဗက်ဇ် မူရှာရက်ဖ်သည် ပါကစ္စတန်တောင်ပိုင်း၊ ကရာချီမြို့တွင် ၎င်းကိုထောက်ခံသူများအား ဇန်နဝါရီလ ၈ ရက်တွင် ဗီဒီယိုချိတ်ဆက်မှုမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်ဖြစ်ပြီး နိုင်ငံသို့ပြန်လာမည့်အချိန်ကိုအတိအကျထုတ်ပြန်ဖွယ်ရှိကြောင်း ၎င်း၏ပါတီ APML မှ ပြောခွင့်ရပုဂ္ဂိုလ်ဂျာဝက်ဒ်ဆစ်ဒီကီက ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ရာထူးနုတ်ထွက်ခဲ့သော မူရှာရက်ဖ်သည် အာရပ်စော်ဘွားများပြည်ထောင်စုမှနေ၍ ပါကစ္စတန်သို့ ယခုလကုန်ပိုင်းတွင် ၎င်းကိုထောက်ခံသူ ၅၀၀ ခန့်နှင့်အတူပြန်လာမည်ဟုမျှော်လင့်ရကြောင်း All Pakistan Muslim League ပါတီမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

၂၀၁၃ ခုနှစ်တွင်ပြုလုပ်မည့် ရွေးကောက်ပွဲများကိုဝင်ရောက်ယှဉ်ပြိုင်ရန် ဆန္ဒရှိသော မူရှာရက်ဖ်သည် ဇန်နဝါရီလ ၂၇ ရက်မှ ၃၁ ရက်အကြား ပြန်လာဖွယ်ရှိကြောင်း၊ သို့သော် အတိအကျမသိရသေးကြောင်း ဆစ်ဒီကီက ပြောကြားခဲ့သည်။ သို့သော် ဝန်ကြီးချုပ်ဟောင်းဘနာဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ မူရှာရက်ဖ်မှာ အဖမ်းခံရနိုင်ကြောင်း၊ မူရှာရက်ဖ်ပြန်လာမှုကြောင့် အခြေအနေရှုပ်ထွေးမှုရှိနိုင်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

အဖမ်းခံရနိုင်ခြေရှိသော်လည်း ဘာဆက်ဖြစ်မည်ကိုသိရှိနိုင်ရန်၊ အန္တရာယ်မည်မျှကြီးကြောင်း သိရှိနိုင်ရန် အတွက် ရွေးစရာလမ်းမရှိဟု မူရှာရက်ဖ်က မိမိကို ပြောကြားခဲ့သည်ဟု ဆစ်ဒီကီက ပြောကြားခဲ့သည်။

မူရှာရက်ဖ်အဖမ်းခံရနိုင်မှုနှင့် ပတ်သက်၍ ၎င်း၏ရှေ့နေ Fawad Chaudhry ကိုမေးမြန်းခဲ့ရာ ယင်းခြိမ်းခြောက်မှုမှာ နိုင်ငံရေးလှုံ့ဆော်မှုတစ်ခုဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ မခိုင်မာကြောင်း၊ ဘူတိုလုပ်ကြံခံရမှုနှင့်ပတ်သက်၍ မူရှာရက်ဖ်ကိုဖမ်းဝရမ်းထုတ်ထားမှုမှာ တရားရုံးတွင် ဖြေရှင်းချက်တောင်းခံခဲ့ရကြောင်းဖြေကြားခဲ့သည်။

၂၀၀၇ ခုနှစ်က ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို လုပ်ကြံခံရမှုတွင် ထိုအချိန်က သမ္မတမူရှာရက်ဖ်အစိုးရသည် လုံလောက်သောလုံခြုံရေးအစီအမံများ ပြုလုပ်ပေးခဲ့ခြင်းမရှိကြောင်း ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏စုံစမ်းစစ်ဆေးရေးအဖွဲ့ အစီရင်ခံစာ၌ ဖော်ပြခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ညွန့်ပေါင်းအစိုးရက မူရှာရက်ဖ်ကို တရားစွဲဆိုနိုင်ရန်ပြင်ဆင်နေချိန်တွင် မူရှာရက်ဖ်သည် ရာထူးမှနုတ်ထွက်ခဲ့ပြီး ဇာဒါရီက သမ္မတရာထူး ဆက်ခံခဲ့သည်။

*Ref:CNN*

# အီရန်တံငါသည်များကို အမေရိကန်ကယ်တင်မှုအား အီရန်ကြိုဆို

အီရန်တံငါသည် ၁၃ ဦးကို အမေရိကန်ရေတပ်သင်္ဘောက ကယ်တင်ခဲ့မှုအားအီရန်အစိုးရကကြိုဆိုကြောင်း ဇန်နဝါရီလ ၇ ရက်က ထုတ်ပြန်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ဆောင်မှုဟု ထုတ်ပြန်ခဲ့သည်။

ယင်းတံငါသည်များမှာ ဟော်မုဇ်ရေလက်ကြားအနီး အာရေဘီးယန်းပင်လယ်တွင် ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ အမေရိကန်ဖျက်သင်္ဘော USS Kiddမှ ရဟတ်ယာဉ်တစ်စီးသည် ဇန်နဝါရီလ ၅ ရက်တွင် သံသယဖြစ်ဖွယ်ငါးဖမ်းလှေတစ်စီးကို မြင်တွေ့ခဲ့ကြောင်း အမေရိကန်ရေတပ်က ထုတ်ပြန်ခဲ့သည်။ ရဟတ်ယာဉ်က ယင်းသံသယဖြစ်ဖွယ်လှေကို တွေ့ရှိချိန်တွင် ငါးဖမ်းလှေကပ္ပတိန်က မိမိတို့လှေအား ပင်လယ်ဓားပြများက ဖမ်းဆီးထားသဖြင့် ကယ်တင်ရန် အကူအညီတောင်းမှုကို အမေရိကန်ဖျက်သင်္ဘောကလက်ခံရရှိခဲ့သည်။

အကူအညီတောင်းမှု လက်ခံရရှိပြီးနောက် ဖျက်သင်္ဘော Kidd မှ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့သည် ပြန်ပေးဆွဲခံရသော ငါးဖမ်းလှေပေါ်သို့ တက်ရောက်၍ ပင်လယ်ဓားပြဟုယူဆရသူ ၁၅ ဦးကိုဖမ်းဆီးပြီး အီရန်တံငါသည် ၁၃ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း အမေရိကန်ရေတပ်က ထုတ်ပြန်ခဲ့သည်။ ယင်းဓားပြအများစုမှာ ဆိုမာလီယာနိုင်ငံသားများဟု ယူဆရပြီး အမေရိကန်သင်္ဘောပေါ်သို့ခေါ်ဆောင်လာခဲ့ကာ စစ်ဆေးမေးမြန်းခဲ့သည်။

အီရန်တံငါသည်များကို အမေရိကန်ရေတပ်က ကယ်တင်ခဲ့မှုမှာ လူသားချင်းစာနာထောက်ထားသောလုပ်ရပ်များဖြစ်ကြောင်း၊ အီရန်ရေတပ်သည်လည်း ယင်းကဲ့သို့ကယ်တင်ရေးဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြောင်း၊ ပင်လယ်ဓားပြလက်ထဲရောက်နေသူများကို ကယ်တင်ရန်မှာ မည်သည့်နိုင်ငံကမဆိုလုပ်ဆောင်ရမည့်တာဝန်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးရာမင်မက်ဟ်မန်ပါရက်စ်ကအာရပ်သတင်းကွန်ရက် Al-Alam သို့ ပြောကြားခဲ့သည်။

*Ref:CNN*


Photo: AFP

အမေရိကန်ဖျက်သင်္ဘောမှ ကယ်ဆယ်ရေးအဖွဲ့က အီရန်ငါးဖမ်းလှေထံ သွားရောက်နေစဉ်